
www.burmeseclassic.com

# လရောင်ကျူးရင့်

ဒီဆောင်း ဒီနွေ



www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၉၄၉၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၇၃၉၁၂၀၈

အကြိမ် - ပထမအကြိမ်

၂၀၀၉-ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဖေ (မြဲ-၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




## အခန်း (၁)

ရင်တွေတဒိတ်ဒိတ်ခုန်နေသည်။ ဒူးချောင်သည်ဆိုတာ ခွေကျသွားလောက်အောင်တုန်လာတာကိုပြောတာလားမသိ။ ဒူးမှာတစ်ခုခုဖြစ်နေတာလဲ သေချာသည်။

ရှေ့မှာ ကိုယ့်မျက်နှာကို စူးစူးစိုက်စိုက်ကြီးထိုင်ကြည့်နေသည့်ယောကျ်ားတစ်ယောက်၏မျက်လုံးနှစ်လုံးက လုံးချွန်ကြီးတွေရှေ့ကိုချွန်ထွက်ပြေးစိုက်လာတော့မလောက် လွှန်လွှန်းနေ၏။

"ထိုင်လေ အသက်၊ ဘယ်လိုဖြစ်နေတာလဲ"

အသက် ဆိုပါလား။ ဒူးနှစ်ဖက်မှာ ဆတ်ခနဲခါသွား၏။ မျက်နှာတစ်ပြင်လုံး ပူထူရှိန်းဖိန်းသွားပုံက ဆန်ကောလောက်ကြီးဖြစ်သွားပြီ ထင်သည်။

'ဒီ'တစ်ယောက် ဘယ်လိုတွေပတ်ရှုပ်ထားခဲ့မှန်းမသိ။ 'ဒီဆောင်း' ဆို သည့်နာမည်မှာ 'အသက်' ဆိုတာ တစ်လုံးမှမပါဘဲ အခု 'အသက်' ဖြစ်နေ သည်။ မိန်းကလေးဖြစ်ပြီးတော့များ ရည်းစားပြိုင်တွေထားပြီး



www.burmeseclassic.com

www.burmeseclassic.com



သူမက ပျော်နေသေးသည်။

"ပျော်စရာပေါ့ဟာ၊ ယောက်ျားတွေက ငါ ယောက်ျားပဲဆိုပြီး သူတို့ ရည်းစားတွေထည်လဲတွဲနေတာကျတော့ ကောင်းနေတာပဲ၊ မိန်းကလေး ရည်းစားများတော့ ကဲ့ရဲ့တယ်၊ တမင်တကာကိုထားတာ၊ များကိုများဦး မှာ၊ မေမေ မဆုံးခင်က ခဏခဏပြောနေတတ်တာ နင် မကြားဘူးလား။ နှစ်ဖက်စလုံးကောင်းတယ်ဆိုတာ မရှိဘူးတဲ့၊ အဆိုးနဲ့အကောင်းဆိုတာ အမြဲတွဲလျက်ပဲ၊ အဲဒီတော့ ကိုယ်က သမာသမတ်တွေသိပ်ကျနေရင် သူက ဆိုးလာမှာပဲ၊ ကိုယ်က အဆိုးဘက်ကအရင်နေထားမှ ..."

သူမ လက်ကိုင်ထားသည့်ဒဿနက ဤသို့ဖြစ်သည်။ ရည်းစားထား ရဲတာ မှန်တယ်ထင်ရင်လည်း ထားပေါ့။ သူမနှင့်အမြွှာညီအစ်မဖြစ်နေရ သည့် ကိုယ့်ကိုပါ လိုသလိုဆွဲလွဲတွန်းပို့တတ်တာ ကောင်းလား။

ဒါတွေကိုမြင်လို့ထင်သည်၊ ဒေါ်လေးက ခဏခဏ သတိပေးဖူး၏။

"ဒီဒီနော် မိဒီနဲ့တွဲတာတွေ၊ ပြောသမျှ ခေါင်းညိတ်နေတာတွေ သိပ် မလုပ်နဲ့ အမြွှာညီအစ်မဆိုတော့ လူချင်းကခွဲလို့ရတာမဟုတ်ဘူး။ ပြဿနာ တွေရှုပ်လာရင် ညည်းလေး ဘာရှင်းတတ်လဲ၊ မိဒီ က သိပ်လည်တာ"

တူမချင်းအတူတူပဲပေမယ့် ဒီဆောင်း က လည်လည်ဝယ်ဝယ်ရှိ သည်၊ ဒီနွေ က အပြောအဆိုက မသွက်လက်ပေ။ ဒီဒီ ကိုယ့်ကိုယ်ကို လည်း သိသည်။ အခါအခွင့်သင့်တိုင်း 'ဒို'ကိစ္စတွေပဲကြားညပ်ပါရတတ်ပြီး နလို ရင်တုန်ပန်းတုန်ဖြစ်ရတာတွေ နည်းသလား။

ဒါလည်း ဒီ က ခြေကော လက်ကော ခါ၍ ကဲ့ရဲ့၏။

"ငါနဲ့ အမြွှာညီအစ်မဖြစ်ပြီး အ,ပါ ဒီဒီ ရာ၊ ဒီလိုပါးစပ်မျိုးနဲ့ နင် မေမေ့ လိုသာ ယောက်မခပ်ကဲကဲ မိန်းမလည်နဲ့တွေ့ရင် ကြွက်ကြီးလည်လိမ် ထားသလို အသေအချာကိုခံနေရမှာ"

ဒို မှာခံစားချက်လေးတွေရှိသည်။ မေမေနဲ့ပတ်သက်၍ပါ။ ထိုကြောင့် စကားပြောတိုင်း ဥပမာဆွဲပြောပြီဆို 'မေမေ့လို' ဆိုတာက မပါမပြီ။





စိတ်က ဒို ဆီပြေးလွှားရောက်သွားလိုက် အိမ် သို့မဟုတ် ဒေါ်လေး ဆီသို့ မငြိမ်သက် လွင့်ပါနေဆဲ ထိုပုဂ္ဂိုလ်က စိတ်မရှည်နိုင်စွာ ဆတ်ခနဲ ထရပ်လိုက်၏။

"အသက်"

"ဟင်"

လှုပါတုန်သွားသလားမသိ။ ဒီဒီ အလန့်တကြားဆုတ်ငုံ့ကိုမိ၏။ ချိန်း လိုက်တာက လော်ကားဥယျာဉ်ဆိုသည့်နေရာမှာ၊ ရှုဆိုလို့ ခွေး တစ်ကောင် ကြောင်တစ်မြီးပင် မမြင်။

လှပသောဥယျာဉ်ရှုခင်းများနှင့် လေတဖြူးဖြူး ဒီဒီ ကို မအေးစေဘဲ မီးပူတွေဟပ်နေသလိုပင်။

"အသက် ဘာဖြစ်နေတာလဲကွာ၊ မင်းကိုမေးမလို့၊ ဒီရင်ထဲမှာ လောင် နေလို့"

ထိုပုဂ္ဂိုလ်က သူ့ရင်ဘတ်ကို ဖိကပ်ပြပြီး ရှေ့တိုးပြန်သည်။ ဒီဒီ လည်း နောက်ဆုတ်လိုက်ရပြန်၏။

"ကိုယ်ပြောမယ့်စကားတွေကို မင်း ကြိုသိနေလို့ ဘာမှ ပြဿနာ မရှာရဲအောင် လုပ်နေတာလား"

"ဟို ..."

"ဒီမှာရပ်လိုက်ကတည်းက ကျောက်ချနေလိုက်တာလား"

"မ...မဟုတ်ဘူး"

"ဟုတ်လို့ပေါ့။ ထိုင်ပါဆိုလဲ မထိုင်၊ ဘာစကားမှလဲမပြောဘူး။ ကိုယ် ထင်ပါတယ် မင်း ကိုယ့်ကို နားအေးအောင် ပြီးစလွယ်အဖြေပေးလိုက် ဘာမဟုတ်လား"

"အယ်..."

သူ ထပ်တိုးတော့ ဒီဒီ ထပ်ဆုတ်ချိန်မရှ ုံ့ကဲ့ဘဲ ရင်ဘတ်ချင်း ထပ်မိ တော့မတတ်။ ထိုအခါ ဟန်မဆောင်နိုင်တော့ဘဲ ခြေနှစ်လှမ်းထိ နောက် ဆုတ်ရပ်ပစ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ..."

သွားပြီ စဉ်းစား၊ မြန်မြန်စဉ်းစားစမ်း၊ အဲဒီလူ နာမည် ဘယ်သူလဲ။

ဒီ သေချာပြောပြလိုက်သည်။ 'ဝါက သူ့ကို ... လို့ ခေါ်တာ'ဟု ပြော၍ရယ်ရင်း နားရှက်သလိုဖြစ်နေသည့် ဒီဒီ့ လက်မောင်းကို ဖျန်းခနဲရိုက်ခဲ့သေးသည်။

"ဘာလဲ ဘာပြောမလို့လဲ၊ ကိုယ် ဒီမှာ အသက်နဲ့ပျော်ချင်တယ်ကွာ၊ ရင်ထဲမှာပါလာတာတွေ ဘာမှမမေးတော့ဘူး။ အဲဒီမျက်နှာမော့ပြီး ပြုံးပြုံးလေးနေစမ်းပါ။ ဒီနေ့ ကိုယ့်အတွက် ပေးမယ်မဟုတ်လားဟင်"

ဘုရားရေ ...

ဒီဒီ မျက်လုံးလေးတွေပြူးထွက်တော့မတတ်ဖြစ်ကာ ထိုသူကို မော့ကြည့်လိုက်မိ၏။ အရပ်အနေတော်နှင့် ဖြူဖြူသန့်သန့်ချောချော ဝတ်စားထားပုံနှင့် ခပ်မိမိပါ။

"သူ့ကို စိတ်ဆိုးခံလို့မဖြစ်ဘူး၊ သူက အရမ်းချမ်းသာတာ၊ ပြီးတော့ ချောတယ်၊ ခဏလေးသွားတွေ့ပေးပါ၊ ပြီးတော့ နင် လည်သလို ရှောင်ထွက်ခဲ့ပေါ့၊ နင့်ကိုဆွဲလွဲတားဆီးမယ့်လူမျိုး မဟုတ်ပါဘူး။ ဝါ ဒီမှာ မဖြစ်တဲ့ကိစ္စရှိလို့ပါ" တဲ့။

ဒီ ပြောလိုက်တဲ့ထဲမှာ 'ဒီနေ့ သူ့အတွက်'ဆိုတာ မပါ၊ ခုကျတော့ 'ဒီနေ့ ကိုယ့်အတွက်ပေးပါ'တဲ့။

ဒီဒီ ခြေတစ်လှမ်းဆုတ်မိပြန်သည်။ သူက ဒီဒီ့လက်ကောက်ဝတ်လေးကို လှမ်းဆွဲလိုက်၏။

"ဟင့်အင်း"

ဒီဒီ လက်ကို နောက်လွှဲပစ်လိုက်ပြီး ခေါင်းလည်းခါသည်။

"ဟို... ဟိုက်... ဒီ... အဲ... အသက်..."

စကားတွေမှားကုန်သည်။ ရှက်လိုက်တာ နှစ်ချက်လောက်ထခုန်ပြီး 'လာပါကြပါဦး'လို့ကယ်ပါယူပါ အော်ပစ်လိုက်ချင်၏။

"သူ စိတ်ဆိုးမှာစိုးလို့ လာခဲ့ရတာ၊ လူကြီးတွေ လုံးဝ မလစ်ဘူး"





"ဟင်... ဟာကွာ ကိုယ့်ကျမှ ..."

သူ့မျက်နှာရှုံ့မဲ့သွားပြီး ပြန်ဆွဲယူဖို့ ကမ်းလာသည့်လက်လည်း တွဲလွဲကျသွားသည်။

"အသက် အဲဒါတော့ မတရားဘူး၊ မင်းအတွက် အချိန် အဲဒီလောက်မနည်းဘူးဆိုတာ ကိုယ်သိပါတယ်၊ လာပါကွာ၊ အေးအေးဆေးဆေးထိုင်ပါ"

"အို... မဖြစ်ဘူး"

"နှစ်နာရီလောက်ဖြစ်ဖြစ် ပေးကွာ"

"မရဘူး၊ လုံးဝ မရလို့ပါ၊ ဒီနေ့တော့ ပြန်ပါရစေနော်၊ အပြင်မှာလေဒရိုင်ဘာကို လှည့်ပတ်ခေါ်လာပြီးထားခဲ့ရတာ၊ သူ စိတ်မဆိုးနဲ့နော်၊ ညကျတော့ ဖုန်းဆက်လေ၊ ဒီတစ်ခါ အေးဆေးလာတွေ့နိုင်အောင်ကြိုးစားပေးပါ့မယ်"

ပြောရင်းနောက်ဆုတ်ရင်းနှင့် စကားမဆုံးမီ ခရီးအတော်ပေါက်သွားသည်။ ဒီတစ်ချက်တော့ 'ဒီ' ပြောတာမှန်ပါသည်။ ထိုသူက လှမ်းလည်းမဆွဲ၊ ဘာမှလည်းထပ်မပြောတော့ဘဲ ခပ်နွံ့နွံ့ ခါးထောက်ရင်း နေရာမှာပဲ ရပ်ကျန်ခဲ့၏။

မျက်လုံးထဲမှာ ဘယ်လိုဝေဒနာအစိုင်အခဲတွေနဲ့ဖြစ်ကျန်ခဲ့မည်မသိ၊ ဒီဒီ သူ့အဖြစ်ကို စိတ်မဝင်စားနိုင်ဘဲ ကားပေါ်ပြန်ရောက်တော့ ကိုယ့်ခြေထောက်ကိုပြန်နှိပ်၍ 'သေပါပြီ'ဟု ကြိတ်မှိတ်ညည်းညူမိသည်။

ခြေမကိုပဲ ခလုတ်တိုက်မိတာ နှစ်ခါ။ အဝေးကြီးကို အပြေးတစ်ပိုင်းထွက်ခဲ့ရတာ မောရမှန်းမသိခဲ့ပေမယ့် ကားပေါ်မှာထိုင်လိုက်သည်နှင့် ဒူးနှစ်ဖက်က ညောင်းနေ၏။ ရင်ဘတ်တာ ဖုတ်လိုက်ဖုတ်လိုက်။

ဒီဆောင်း... မိဒီ အစုတ်ပလုတ်မ သူများကို မျက်နှာလွှဲခဲ့ပစ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"အဲဒါ ဘာဖြစ်လဲ၊ ရည်းစားမထားရဘဲ အတွေ့အကြုံတွေ စုဆောင်းမိနေတာ၊ ငါလိုအစ်မ ရှိနေသေးလို့ ကျေးဇူးတင်"

"မတင်ပါဘူး၊ သွား... ဒီမှာသတိတောင်လစ်ချင်တယ်"

"ဟား ဟား"

ဒီ က လက်ခုပ်တီးပြီးမှရယ်တတ်သည့်အကျင့်ရှိသည့်အတိုင်း သူမ ရယ်ပြီဆို မြိုင်မြိုင်ဆိုင်ဆိုင်နှင့်နားထောင်လို့လည်းကောင်းပါသည်။

"ဒီဒီရယ် ငါက နင့်ကို ညီမအရင်းကြီးမို့လို့ ထွတ်နဲ့တွေ့မှ သဘောထားကြီးစွာ လွှတ်လိုက်တာ သိလား၊ ငါ သွားတွေ့ရတဲ့ဘဲက ထွတ်လို မမိုက်ဘူး၊ ဂျွတ်ဆတ်ဆတ်နဲ့ အရမ်းလည်တာ၊ သူများတွေလို အလွယ်တကူ ခါပစ်လို့မရဘူး၊ အဲဒါကြောင့် ငါ ရေရေလည်လည်စားနေတာပေါ့၊ ထွတ်ကို ငါ ရင်ခုန်တယ်"

"ခုန်ရင်လဲ နောက်တစ်ခါ ရှင်ပဲသွားတွေ့၊ မရဘူးနော် ဒီ၊ ငါ နောက်တစ်ခါ အဲဒါမျိုး လုံးဝမပါဘူး၊ ဒေါ် လေးသိရင် ဘယ်လောက်ဆူလိုက်မလဲ"

"မဆူစေချင်ရင် မပြောနဲ့ပေါ့၊ နင်ဟာလေ ဒီညီမလေးနှစ်ယောက်ပဲ ရှိတယ်၊ အားမကိုးရဘူး"





"တော်သေးတာပေါ့ ဒီထက်အားကိုးခံရဖို့တွေ ရှိနေသေးရင် ဟတ်ထိ အတက်စိရပြီး သေနိုင်တယ်"

ညီအစ်မနှစ်ယောက်ပဲရှိတယ်ဆိုပြီး မျက်နှာချင်းဆိုင်မိတိုင်း ပြောဖြစ်ကြသည့်ထဲမှာ မိဘ၊ ဘ၀ ဘယ်အရေးမှမပါ။ ဘယ်ရည်းစားက ဘယ်လို၊ အဲဒီတစ်ယောက် တော်တော်ညစ်တယ် စသော ဒီဇဆောင်း ၏ ပြောသောအချက်တွေကိုပဲ ဒီနွေ နားထောင်ရသည်။

'ဒီ' နဲ့ 'ဒီဒီ'။

ဒီဆောင်း ကျတော့ 'ဒီ'တစ်လုံးပဲခေါ်ကာ ဒီနွေ ကိုတော့ ဒီဒီ ဟု ခေါ်ပြီး နှစ်ယောက်၏နာမည်ကို ခွဲခြားထားခဲ့၏။

"ဆောင်းတို့ နွေးတို့ခေါ်တာတွေရှိနေပါပြီ ဒီဒီ ပဲခေါ်မယ်"လို့ ဖေဖေ ကိုယ်တိုင် ခွဲခြားခေါ်ပေးခဲ့တာလို့ပြောသည်။ မေမေနဲ့ ဖေဖေမှာ မေမေ က လှပုံလည်းရိုးသည်၊ စကားလည်းနည်းပြီး ပြောသမျှမှာလည်း ပရိယာယ်ဝေ့စ်နှင့်ယှဉ်သော အဆင်ပြေမည့်စကားမျိုး သိပ်မသုံးတတ်ပေ။ ဖေဖေ ကတော့ ဟိုတုန်းကတည်းက ခုချိန်ထိ ခေတ်မီမီနေတတ်သည်။ အပြောအဆို အနုတ်အသိမ်းဖြင့် လူယဉ်ကျေးလည်းလုပ်တတ်သလို လူကြမ်းလုပ်ပစ်လိုက်ဖို့လည်း ကျွမ်းကျင်သည်။

ဆန့်ကျင်အောင် အသွင်နှစ်မျိုးနှင့်အိမ်ထောင်ရေးမှာ အဆင်မပြေမှုတွေနှင့်သာ ဖြစ်ခဲ့ရင်း ကိုယ့်ညီမ အိုးတိုးအတကို ဒေါ်ယဉ်ဆင့်က အားမလိုအားမရတွေဖြစ်လာသည်။

သူများအိမ်ထောင်ရေး သူများက ကိုယ့်ညီမအရင်းဖြစ်နေသောကြောင့် ဘယ်လိုမှ ဝင်မပါဘဲမနေနိုင်ပေ။ ယောက်ျားမျက်နှာပဲ အားကိုးရာရှိပြီး ယောက္ခမက မကြည်၊ ယောက်မက နှိမ်ချ၊ ဒါကို ညီမဖြစ်သူက ပေတုံးကြီးလို တုတ်တုတ်မလှုပ်ဘဲခံ၏။

နောက်ဆုံးကျတော့ ကြည့်မနေနိုင်သည့် သူကပဲ သားအမိတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြုံလုံးကို ဆွဲချလာခဲ့တော့သည်။

ဒီ က အဖေတူသမီး ဖြစ်သည်။ ဗီဇကိုက ဒီလိုပဲလားမသိပေမယ့် ညီမဖြစ်သည့် ဒီဒီ နဲ့ လုံးဝမတူပေ။ သတ္တိရှိသည်၊ သွက်သည်။

တစ်ခုရှိတာက အဖေတူသမီးဖြစ်သည်ဆိုလျှင်တောင် ဒီ က အဖေ ကိုတော့ သိပ်အကောင်းမပြောခဲ့ပေ။

"တကယ်ဆိုရင် ဒီဒီ ဆိုတာလေးက ပိုလှတာ၊ ငါ့ကိုကျတော့ ဖေဖေ က 'ဒီ'လို့ တစ်လုံးပဲခေါ်တယ်၊ အဲဒါကြောင့် ငါကလဲ နာမည်တစ်လုံးနဲ့ သတင်းကြီးအောင်နေပြဦးမှာ"

ထိုမှအစပြု၍ ဖအေ့အပေါ် ဝေဖန်လာခဲ့တာဖြစ်၏။

"ဟော့ အထဲမှာ ဘာတွေ ဝေဖန်လေကန်နေတာလဲ၊ အပြင်မှာ ညည်း တို့အဖေ ရောက်နေတယ်"

"ဟင် ..."

အတွေးလေးတွေ ကိုယ်စီကိုယ်ငှနှင့် ခုထာလေးငြိမ်ကျသွားစဉ်မှာ ဒေါ်ယဉ်ဆင့် မျက်နှာကြီးက ခန်းဆီးအပြင်ကနေ ကွက်ကွက်လေး ပေါ် လာ၏။ ပြီးတော့ ခန်းဆီးကိုပြန်ချလိုက်သဖြင့် ပျောက်ကွယ်သွားကာ..

"မြန်မြန်ထွက်ခဲ့ကြ"

ဆိုသည့် အမိန့်ကို အသံအဖြစ် ချန်ရစ်ခဲ့၏။ ဒီဒီ က ဒီ ကို လှမ်းကြည့် ကာ ...

"ဖေဖေ လာတယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ"

"ထလေ"

"နင်သွားပါလား"

ဒီ က ပြောလိုက်ကာမှပဲ အိပ်ရာထဲကို တုံးခနဲလှဲချလိုက်သည်။ ခေါင်း အုံးကို ပိုက်လျက်နှင့် ပုံကျပန်းကျမဟုတ်ဘဲ မွေ့ရာပေါ်မှာ ကန့်လန့်ကြီး





ဖြစ်၏။

"ဒီ ဘာလုပ်တာလဲ၊ ထလေ"

"မလိုက်ချင်ပါဘူး၊ သူ့မဟောသီ ပါချင်ပါလာမှာ၊ ပါမလာလဲ မတွေ့ တာပဲကောင်းပါတယ်၊ ဖေဖေနဲ့ ငါ စကားပြောတိုင်း အဆင်ပြေတာမှ မဟုတ်တာ၊ နင် သွားလိုက်"

ဒီဒီကလည်း ထရပ်လိုက်ပြီဖြစ်သည်။ ဒါပေမယ့် ...

"ကိုယ်က သားသမီးပဲ ဒီ ရယ်၊ ပြီးတော့ ဖေဖေက နောက်အိမ် ထောင်ပြုလိုက်တာပဲရှိတယ်၊ ဖောက်ပြန်ခဲ့တာမှမဟုတ်တာ၊ မေမေ ဆုံး ပြီး သုံးနှစ်ကြာမှ ယူတာ၊ မေမေရှိတုန်းကလဲ မေမေ့အပေါ်မှာ ..."

"နားငြီးလိုက်တာ ဒီဒီ ရာ၊ သွားမှာဖြင့်သွားစမ်းပါ၊ မေမေ့အပေါ် ကောင်းကောင်း မကောင်းကောင်း အဲဒါတွေက မေမေနဲ့ပါသွားပြီ၊ ငါ့ အပေါ်မှာ မကောင်းတာပဲ ငါ သိတယ်၊ အဲဒါကြောင့် မတွေ့ချင်ဘူး"

ဒီက အပြတ်ပြောပြီး ခေါင်းအုံးကို စောင်းထားသည့် နားတစ်ဖက် ပေါ်မှာ ပိပိတ်ပစ်လိုက်၏။ ဆက်ပြောချင်ပေမယ့် မပြောဖြစ်တော့ပါ။

ဒီဒီ အပြင်ထွက်လာခဲ့တော့ ဧည့်ခန်းမှာ ဖေဖေက မတ်တတ်ရပ် စောင့်နေ၏။

"ဒီဒီ သမီးကြီးကော"

ဒီဒီ မျက်နှာလေးပျက်သွားကာ အခန်းကို လက်ညှိုးနောက်ပြန်ထိုး လိုက်မိပြီး စကားက ရုတ်တရက် ချောချောမောမော ထွက်မလာ။

"ဟုတ်ပြီ၊ ဟုတ်ပြီ ထိုင်"

ဖေဖေက အိမ်ရှင်လို ဒီဒီ ကိုထိုင်ဖို့ မေးဆတ်ပြပြီး သူလည်းဝင်ထိုင် သည်။ စားပွဲပေါ်မှာ ကတ္တူဘူးလို အိတ်ကြီးနှစ်လုံးနှင့် စားစရာတွေလည်း ပါသေးသည်။ ဒေါ်ယဉ်ဆင့်က အအေးနှင့် မုန့်တွေ လာချပေးပြီး ပြန်ထွက် သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သမီးတို့အတွက် ဖေဖေ့မိတ်ဆွေ ဂျပန်ကပြန်လာလို့ လက်ဆောင်ပေးတဲ့အထည်နဲ့ အလှပြင်ပစ္စည်းတွေ"

ပြောပြီး အိတ်တွေကို ရှေ့တိုးပေး၏။ အထည်နဲ့အလှပြင်ပစ္စည်းတွေ ပေးကြတာက ဖေဖေ့မိန်းမ ငယ်ငယ်လှလှလေးရှိနေလို့ ပေးကြတာနေမှာပါ။ ဒေါ်သက်နှင်းက ဖေဖေ့ထက် အသက်တော်တော်ငယ်ပြီး ဝတ်စားနေထိုင်ပုံကလည်း ခေတ်မီလွန်း၏။

ဘာပဲဖြစ်ဖြစ် ဖေဖေက သားသမီးလည်း နောက်ထပ်မယူ၊ ဒီဒီ တို့ ညီအစ်မအပေါ်မှာလည်း စောင့်ရှောက်မှုမပျက်ခဲ့ပါ။ ရောက်လာတိုင်း ဖေဖေ မျက်မှောင်ကြုတ်ကြည့်တဲ့သူက ဒီ ပဲဖြစ်သည်။

"သမီးက အကြီးနော်၊ သမီးတို့မှာ အမေလဲရှိတော့တာမဟုတ်ဘူး။ ဖေဖေနဲ့မနေချင်ဘူးဆိုတာလဲ ထားလိုက်တော့၊ ညီအစ်မနှစ်ယောက်ပဲရှိကြတာမှာ သမီးကြီးက ညီမလေးကို နွံနွံညားညားစောင့်ရှောက်နိုင်ရမယ်၊ ပြောချင်တာက အကြီးက အကြီးလိုနေတတ်ဖို့ပဲ"

ဖေဖေ ဒီလိုစကားတွေပြောလွန်းတော့ ဒီ က ကွယ်ရာမှာ စူဆောင့်မဲ့ရွဲ့လျက် ...

"နာရီဝက်ပဲခြားတာကို အကြီးလို ဘယ်လိုနေရမလဲ၊ မိဘရှိနေသားနဲ့ ညီအစ်မချင်း ပြန်ပြီးစောင့်ရှောက်ခိုင်းတာ သဘာဝကျရဲ့လား။ ကိုယ့်ဟာကိုယ်ကျတော့ ပြန်မတွေးဘူး"

ဖေဖေပြန်သွားတာနှင့် ဒီက မကျေနပ်သမျှ ပေါက်ကွဲသည်။ ဒီ့မျက်လုံးထဲမှာ ဘယ်အချိန်ကစပြီး ဖေဖေ့ကို အကောင်းမမြင်ဝါဒတွေ ဖြစ်နေမှန်းတော့မသိပါ၊ ဒီဒီ ကတော့ ဖေဖေ့ကိုချစ်သည်။

ဂျပန်ပြန်ဆီက လက်ဆောင်ဆိုတာတွေကလည်း ဖေဖေ့မိန်းမ အတွက်ချည်းပဲထားလိုက်လို့ရတာပဲ၊ သမီးတွေအတွက် သတိတရ လာပြေးပို့တာ ကျေးဇူးတင်စရာမဟုတ်ဘူးလား။





ဒေါ်လေးလည်းပြောဖူးသည်။ ကိုယ့်မှာ အမေလည်းမရှိတော့ပေ၊ ပြီးတော့ ဖေဖေက နောက်အိမ်ထောင်သစ်ထူခဲ့ပြီဖြစ်သည်။

ပိုဆိုးတာက ဖေဖေနဲ့မနေနိုင်ပါဘူးလို့ခေါင်းခါပြီး မေမေဆုံးသွားတဲ့နောက်မှာ ဒေါ်လေးနဲ့ပဲနေခဲ့ကြတာလည်း ကိုယ့်သဘောနဲ့ကိုယ်။

ဖအေတစ်ယောက်အနေနဲ့ နေမယ်ဆို အနေသာကြီးပင်။

"သမီး"

"ရှင်"

ဖေဖေ့ကိုငေးနေပြီး တွေးချင်ရာတွေးနေတုန်း ခေါ်လိုက်တော့မှ ဖျတ်ခနဲသတိဝင်၏။

"ပြောဖို့လာတာကတော့ သမီးကြီးနဲ့ပဲ၊ ဒါပေမယ့် သူ ဖေဖေ့ကို တွေ့ချင်မှာမဟုတ်ဘူး။ ခု ထွက်မလာတာ မလာချင်လို့လား၊ မလာနိုင်လို့လား ဒါလဲ ထားလိုက်ပါတော့၊ ဖေဖေ သမီးငယ်ကိုပဲ ပြောခဲ့မယ်"

"ဘာလဲဟင် ဖေဖေ"

"အင်း ပြောမယ်"

ထူထဲသည့်မျက်ခုံးနှစ်ဖက်စုကျုံ့နေပုံက ဖေဖေလည်း စိတ်ရှုပ်ထွေးနေခဲ့မှန်းသိသာစေ၏။ သမီးနှစ်ယောက်က အတူနေဖို့သဘောမတူတာ၊ သမီးအကြီးက အမြင်စောင်းနေတာ၊ ဒီအဖြစ်တွေအပေါ်မှာ မချိတရိခံစားနေရပြီး သမီးတွေနဲ့ နွေးထွေးနိုင်ဖို့အတွက် မျှော်လင့်တကြီး ဆွေးမြေ့ကြေကွဲနေတာမျိုးနှင့်တော့မတူပေ။

ထိုအဖြစ်အားလုံးနှင့် ပတ်သက်၍ တုန်လှုပ်ကြေကွဲနေသည်မဟုတ်သော်လည်း ဖခင်တစ်ယောက်အနေနှင့် သူ ဝတ္တရားကျေချင်သည်၊ အမိမဲ့လေးတွေမို့ မတော်တရော်တွေဖြစ်ကုန်မှာ ပို၍စိုးရိမ်၏။ သူတို့အမေတုန်းက ကိုယ့်အပေါ်မှာ နားမလည်ခဲ့ပေ။

"ဒို့အသိုင်းအဝိုင်း မွေးချင်းမောင်နှမတွေက ဘယ်လိုသဘောရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါ ဂရုစိုက်နေတာပဲ၊ ငါ့ရဲ့ယုယကြင်နာမှုကို ရနေတဲ့နောက်မှာ ဒီအဏ်တွေကို မင်း ခံနိုင်ရမှာပေါ့၊ မေမေက လွန်တာတွေရှိတယ်၊ ဒါပေမယ့် သွေးတို့၊ နှလုံး သူ့မှာ အကုန်စုဖြစ်နေတာ၊ မောင်နှမအားလုံး မေမေ့ကို ဂရုစိုက်အလိုလိုက်နေကြတဲ့အချိန်မှာ ဒါကတော်တယ်၊ ဒီလိုပြောတာ မတော်ဘူးလို့ မင်းအတွက် ငါကဝေဖန်ပြီး တာကွယ်ပေးလိုက်ရင် ငါ ဘာဖြစ်သွားမလဲ"

"မင်းကို ငါ တောင်းပန်တာပါ။ ဘယ်သူမှားနေနေ သည်းခံပေးလိုက်ပါကွာ၊ တစ်နေ့ကျရင် သည်းခံခဲ့တဲ့အကျိုးကျေးဇူး မင်း ရမှာပါ၊ ငါတို့မှာ သမီးလေးနှစ်ယောက်လဲရှိနေပြီ၊ မင်းအစ်မ ရောက်လာတိုင်း မင်းမျက်နှာ တစ်မျိုးဖြစ်ဖြစ်မသွားပါနဲ့၊ သူကတော့ ဘေးလူအမြင်နဲ့ ဘေးကကြည့်ပြီး ပြောမှာပဲ၊ မင်းက ဒီတိုင်းလိုက်ကြည့်လို့ ဖြစ်မလား"

သူ အမျိုးမျိုးချော့မော့ပြောပြခဲ့တာလည်း နားမဝင်၊ ယောက္ခမ ယောက်မနဲ့ ခွန်းကြီးခွန်းငယ် အော်ကျယ် အော်ကျယ် မဖြစ်ခဲ့ပေမယ့် အစ်မဖြစ်သူ ခေါ် ချသွားတဲ့နောက်ကို လိုက်သွားခဲ့ဝ၊၊ကျတော့ နောက်ကို တစ်ချက်မှ ပြန်မကြည့်တော့ပေ။

အတွင်းလှိုက်၍ဒဏ်ရာထင်နေခဲ့သောအိမ်ထောင်ရေးက ကွဲရှသွားပြီ ဆိုတော့ ပြတ်ရွေ့ကြောင်းတစ်ခုလိုပင်။

ခုလည်း သမီးကြီးပုံစံက တစ်မျိုးတစ်ဘာသာဖြစ်နေပေမယ့် သူ့ အပေါ်မှာ အမြင်လွဲနေတာကတော့ အမေတူသမီးလို့ ပြောရမည်လား။

ဖအေ နောက်အိမ်ထောင်ပြုလို့ ခံစားနေရတာမျိုးလည်းမဟုတ်၊ သူ့ အမေ ခံစားအထင်လွဲခဲ့တာကို သံယောင်လိုက်ပြီး မေမေ့ကို မကြင်နာခဲ့ တဲ့သူ ဆိုတာမျိုး၊ အမေကြောင့် အဖေကို မကြည်လင်တာမျိုးနဲ့လည်း မဆိုင်။

အပြင်မှာ ရွယ်တူကောင်လေးတွေနဲ့ အမြင်မတော်အောင် တွဲသွား





လည်ပတ်နေသမျှ သူ့နဲ့ မကြာခဏတိုးသည်။ ဦးမိုးနှင်း ကိုယ်တိုင် သွားပြီး 'ဘယ်ကိုသွားမှာလဲ' 'ဒီကိုဘာလာလုပ်တာလဲ' စသဖြင့် မေးခဲ့ဖူးတာ လည်းရှိ၏။

ထိုအခါ မလေးစား၊ မနှာခံချင်သည့်မျက်နှာနှင့် ဂျစ်ကန်ကန်ဖြေပုံ တွေက ဟိုလိုလို၊ ဒီလိုလို ဝေလည်ကြောင်ပတ်။

တွေးကြည့်တော့ အမြွှာညီအစ်မဖြစ်ပြီး သူမကိုကျမှ ဆူရပြောရ ကောင်းလားဟု ကြေးနိုင်းလာတာပဲဖြစ်သည်။ အဖေတစ်ယောက်အနေနဲ့ က သမီးတွေကို မိခင်တစ်ယောက်လို မျက်လုံးဒေါက်ထောက်ကြည့်နေ တာမျိုး မဟုတ်ခဲ့ပါ။

ကြည့်နေတာမဟုတ်ဘဲ ခဏခဏ မျက်စိရှေ့မှာ အမြင်မတော်နေ တာကို မဆုံးရဘူးလား၊ ဆုံးမစရာမလိုတဲ့သူကိုထားမည်၊ ဆုံးမဖို့လိုနေ တဲ့သူကို ထားလိုက်လို့မရ။

ဒေါ်ယဉ်ဆင့်တစ်ယောက်လည်း ခုကျမှ ဆုံးမပါ၊ ပြောပေးပါနှင့် ဖြစ် လာ၏။ ညီမဖြစ်သူ ဆုံးသွားကာမှ မတ်ဖြစ်သည့် ဦးမိုးနှင်း၏ တည်ကြည် ဖြောင့်မတ်ပုံတွေကို ကြားသိလာခဲ့သည်။

သမီးတွေထံသို့ ထောက်ပံ့စောင့်ရှောက်မှု ဝတ္တရားမပျက်ရှိခဲ့သော ဖအေလက်ထဲကို ပြန်အပ်နေသည်။ လူတွေကို ပြန်ခေါ်ထားဖို့မဟုတ်ပါ၊ ဖခင်တစ်ယောက်အနေဖြင့် ထိန်းမတ်ပေးဖို့ဖြစ်သည်။

ဦးမိုးနှင်း ကိုယ်ပြောမည့်စကားနှင့် အစီအစဉ်တွေကို တိတ်ဆိတ်စွာ တွေးနေပြီးမှ ...

"သမီးတို့ဒေါ်လေးကိုလဲ ဖေဖေ ပြောပြပြီးပြီ၊ အကြောင်းကတော့ သမီးရဲ့အစ်မကို အိမ်ထောင်ချပေးလိုက်ဖို့"

"ဟင်... ဒီကို ..."

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မလွှဲသာလို့ပြောရသည့်မျက်ဝန်းများနှင့် ဖေဖေ့မျက်နှာ မကောင်းတာကို ဒီဒီ မြင်နေရ၏။

"သမီးတို့လဲ ကျောင်းပြီးတော့မှာပဲ၊ အိမ်ထောင်ပြုဖို့ကျတော့ စောနေသေးတာ မှန်ပေမယ့် သမီးအစ်မ နေထိုင်သွားလာပုံနဲ့ ဒီတိုင်း ကြာကြာလွှတ်လပ်ခွင့်ပေးထားလို့ မရတော့ဘူး"

"ဒီ က လက်ခံပါ့မလား ဖေဖေ"

"လက်မခံလဲ စီစဉ်ရမှာပဲ၊ သူ့ပုံစံနဲ့သင့်တော်မယ့်သူ ဖေဖေ တွေ့ထားတယ်၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်းဆိုတာမှာ ကိုယ့်သမီးက ဆယ်တဲ့ကန်သင်းဖြစ်ဖို့မရှိဘူး၊ အဲဒီတော့ သူ့ကို ထိန်းကွပ်ပဲ့ပြင်နိုင်မယ့် ယောကျ်ားကောင်းလိုတယ်"

ဖေဖေက ဤသို့ပြောလာတော့ ဒီ ပြောတာတွေကို ကြားယောင်မိသေးသည်။

"ဟိုနေ့က အိမ်ရှေ့မှာ နှစ်ခေါက်၊ သုံးခေါက် run သွားတဲ့ ခပ်တုံးတုံး ဒီဇိုင်းနဲ့ပုဂ္ဂိုလ်လေ၊ သူ့ကို ငါက ဆောရီးလုပ်တော့ မျက်ရည်တွေလည်၊ အံတွေကြိတ်လို့ သိလား၊ နင်ပဲ စဉ်းစားကြည့်ပါဦး၊ အသက်ကငယ်ငယ်နဲ့ ဒီဇိုင်းက အသက်လေးဆယ်လောက်ပုံထွက်နေတာ ဘယ်လိုလုပ်ရင်ခုန်မလဲ၊ ငါက စမတ်ကျတာကိုကြိုက်ပေမယ့် ခုခေတ်ပုံ လျှော့ရိလျှော့ရဲလေးတွေမှ ကြိုက်တာ၊ ယောကျ်ားပီပီသသ ပုံတုံးကြီး ဘာလုပ်ဖို့လဲ"

ကဲ့ရဲ့နေလိုက်တာ မွဲမွဲရွှဲရွှဲ။ ဖေဖေ ပေးစားမယ့် ဒီ ကို ထိန်းကွပ်ပဲ့ပြင်နိုင်မယ့်ယောကျ်ားဆိုတာ ဘယ်လိုပုံမျိုးရှိမလဲ။

"ဒီ နဲ့စီစဉ်ပေးမယ့်သူက ဖေဖေ့မိတ်ဆွေပဲ"

"ဟင်..."

တွေးလိုက်မိတာကိုဖြေပေးလိုက်သလို ဖေဖေ ကောက်ခနဲပြောလိုက်သဖြင့် ဒီဒီ မျက်လုံးလေးဝိုင်းသွားသည်။ ဖေဖေ့မိတ်ဆွေလား၊





မိတ်ဆွေရဲ့သားလား။ နောက်ထပ် သိချင်တာတစ်ခု တိုးလာပြန်သည်။

"ဒီလို သမီးရယ်၊ ဖေဖေနဲ့ လုပ်ငန်းချင်း နည်းနည်းပတ်သက်နေတော့ မိတ်ဆွေပေါ့၊ ဒါပေမယ့် ဖေဖေတို့အရွယ်တော့ ဘယ်ဟုတ်မလဲ၊ သမီးကြီးနဲ့ဆိုရင်တော့ လူကြီးပေါ့"

"သွားပြီ"

ရင်ထဲမှစိတ်ပျက်သံကို ပါးစပ်ကမထွက်အောင် ထိန်းလိုက်နိုင်သော်လည်း ခေါင်းခါလိုက်မိတာကို ဖေဖေ မြင်သွား၏။

"ဘာဖြစ်လို့လဲ သမီး၊ သမီးအစ်မပုံစံနဲ့ လူကြီးသူကြီးလိုနေတဲ့ ယောကျ်ားနဲ့မှ ဖြစ်မှာ"

"မဟုတ်ပါဘူး ဖေဖေ၊ ဒီဒီ က ဒီ လက်မခံမှာစိုးလို့ပါ၊ ပြီးတော့ ..."

"အမယ်လေး အားကိုးပါတယ်ဆိုမှ ဂေါ်တမိ ရထားဦးရောက်နေပြီဆိုတဲ့အတိုင်းပဲ သူက တတ်နေပြန်ပြီ"

စကားသံနှင့်အတူ ဒေါ်ယဉ်ဆင့်က ဒီဒီ ဘေးမှာ ဝင်ထိုင်သည်။ ပြီးတော့ ဦးမိုးနှင်းကိုကြည့်ပြီး...

"စီစဉ်လိုက်တော့ မိုးနှင်း၊ ဒီ ကို ငါလဲလန့်လာပြီ၊ ပြောရင် မနာခံဘူး၊ ကွယ်ရာမှာ ထင်သလိုလုပ်တာ၊ တစ်ခုခုမှားယွင်းသွားရင် ငါ ရင်ကျိုးမှာသိလား။ သူ့အမေရှိနေရင် အကြောင်းလား၊ ကိုယ်ပဲထိန်းကျောင်းလာခဲ့ပြီး မဆုံးမနိုင်တဲ့အခေါ်ဖြစ်ရတော့မယ်"

ဦးမိုးနှင်း က ပင့်သက်ရှည်ကြီးချရင်းခေါင်းခါသည်။ သောက်ဖို့မပြောနှင့် အားနာပါးနာ ကိုင်ကြည့်ဖို့တောင် စိတ်ကူးမရှိခဲ့သော မျက်စိရှေ့က အအေးနှင့် စားစရာတွေကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်ရင်း ...

"ဆုံးမပဲ့ပြင်မှုက အဓိက ဆိုပေမယ့် နာခံမယ့်သူရဲ့စိတ်ဓာတ်ဗီဇလဲ လိုပါတယ်၊ ကျွန်တော် ဒါကိုနားလည်လို့ သမီးအတွက် ပူမိတာ"

ဦးမိုးနှင်း အပိုပြောတာမဟုတ်ပါ။ ဒေါ်ယဉ်ဆင့် က နယ်မှာတုန်းက



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျောင်းအုပ်ဆရာမကြီးဖြစ်သည်။ ရန်ကုန်ကိုပြောင်းလာကာမှ စီးပွားရေးဘက်ကို ကူးလာခဲ့တာဖြစ်၏။

ဒေါ်ယဉ်မြင့်ထက် အသက်တစ်ဆယ့်နှစ်နှစ်တိတိကြီးသည်။ ဒေါ်ယဉ်မြင့်နဲ့ ဦးမိုးနှင်း ရန်ကုန်မှာ အိမ်ထောင်ကျတော့ သူက နယ်မှာပဲဖြစ်၏။

ကလေးတွေ ရှစ်နှစ်သမီးကျမှ ခဏအလည်ရောက်လာရင်း ညီမဖြစ်သူ၏အိမ်ထောင်ရေးကို မခံမရပ်နိုင်ဖြစ်ကာ ရန်ကုန်မှာ အခြေချဖို့ စီးပွားရေးတစ်ခု ထူထောင်သည်။

ဒေါ်ယဉ်မြင့်ကို သူမနဲ့ပါအောင် ဆွဲထုတ်သွားခဲ့ခြင်းဖြစ်သည်။

ပြောရမည်ဆို စီးပွားရေးအရတော့ ဦးမိုးနှင်းထို့နှင့် မယှဉ်သာပါ။ မိဘ အမွေအနှစ်လေးအနည်းငယ်ရှိကာ ဆန်စက်လုပ်ငန်းလည်းရှိတော့ ညီမငယ်ကို သူမက ဂရုစိုက်ပြုစုနိုင်ခဲ့၏။

ရန်ကုန်မှာ ခဏလာရင်း ဒေါ်ယဉ်မြင့် အိမ်ထောင်ကျသွားသော်လည်း သူမက ဒီနေ့ထိ အပျိုကြီးပဲဖြစ်၏။

နပျိုငယ်ရွယ်စဉ်ကတောင်မှ ကိုယ့်ကိုယ်ကိုကော ညီမဖြစ်သူ့ကိုပါ ဂုဏ်ရှိန်သိက္ခာမပျက် တည်တံ့နိုင်ကြည့်စွာ စောင့်ရှောက်နိုင်ခဲ့သည့် ဒေါ်ယဉ်ဆင့်ကို ဦးမိုးနှင်းဘက်က လက်ညှိုးထိုးဖို့မရှိပါ။

ဒီအသက်၊ ဒီလိုအရွယ်မှာ ကလေးတွေအတွက် မိဘလို၊ ဆရာမလို၊ ဘိုးဘွားအုပ်ထိန်းသူနေရာမှာ သူမ တာဝန်ကျေစွာ ရပ်တည်နေခဲ့တာလည်း မှန်၏။

မမှန်တာက 'ဒီ'ပဲဖြစ်သည်။ မနာခံတတ်တဲ့သူကို ဆုံးမဖို့က မလွယ်။ ဒါကို ဦးမိုးနှင်းက နားလည်နေသည်ဆိုတော့မှ ဒေါ်ယဉ်ဆင့် စိတ်သက်သာရာ ရသွားသည့် သက်ပြင်းချသံနှင့် ...

"အဲဒါ မှန်တယ် မိုးနှင်း၊ ဒီ တော်တော်ဆိုးတယ်၊ ဖအေကို မပြော





သင့်ပေမယ့် မင်းလဲသိနေတာပဲ၊ မိန်းကလေးတစ်ယောက်အတွက် တစ်သက်တာ လက်တွဲအားကိုးဖို့ ယောကျ်ားကောင်းတစ်ယောက်ဆိုတာ တစ်ချိန်ချိန်မှာ ရှာမှာပဲ၊ အဲဒီအခါ ရွှေနဲ့ကြေး ရောလို့မရဘူး၊ ကျောက်သံ ပတ္တမြား ဘယ်လောက် အရည်အသွေးကောင်းနေနေ သ[illegible] ဝတ်ရတာနာ ဖြစ်ချင်ရင် ရွှေနဲ့ကွင်းမှ ရတာမျိုး၊ ယောကျ်ားကောင်းလိုချင်ရင် ကိုယ်လဲ မိန်းမကောင်းဖြစ်ဖို့လိုတယ်"

ဒေါ်ယဉ်ဆင့်က ပြောနေရင်း ဒီဒီ ကိုလည်းကြည့်[illegible]၏။ ဒီ[illegible] က သူမကို စိတ်ဝင်တစား ငေးနေခဲ့သည်။

"အိမ်ထောင်ဘက်ကောင်းတစ်ယောက်မတွေ့မီ [illegible] တစ်[illegible]ခု ရလိုက်လွဲသွားမှာ ငါ စိုးရိမ်တယ်၊ သူ့အတွက် ဂရုစိုက်ရမယ့်လူ [illegible] ကိုလိုတယ်၊ အဲဒါကြောင့် မင်းပြောကတည်းက ငါ သဘောတူခဲ့တာပေါ့ [illegible] လက်ခံချင်မခံချင်ချင် စီစဉ်ပေးရမှာပဲ၊ အိမ်ထောင်ပြုဖို့ကျတော့ စောသေး[illegible]ဘယ်ဆိုပြီး ရည်းစားတွေသောက်သောက်လဲထားနေတာ ဘယ်ယော[illegible]အန္တရာယ်ကြီးသလဲ"

ဦးမိုးနှင်းက ခေါင်းညိတ်၍ ဒီဒီ ကိုကြည့်သည်။

"ဟုတ်တယ်၊ အဲဒီတော့ သမီးက သမီးအစ်မကို ပြောပြရမယ်၊ သူ့သဘောထားကို တီးခေါက်ကြည့်ပြီး ဒေါ်လေးကို ပြန်မပြောပါ"

"ဟုတ်"

"မဆင့်က သူတို့ညီအစ်မချင်း ပြောဆိုကြတဲ့စကားကို နားထောင်ပြီးမှ လိုအပ်သလို ပြောဆိုသွားပေါ့၊ ကျွန်တော့်ကိုလဲ ဖုန်းဆက်ပါ"

ဒေါ်ယဉ်ဆင့် က ခေါင်းညိတ်သည်။ ဦးမိုးနှင်း က ပြန်[illegible]တာ့မည့်ပုံနှင့် ခါးမတ်မတ်ပြုပြင်၍ ကိုယ်ကို ရှေ့ထပ်ကိုင်းကာ ...

"သမီး တစ်ခါတည်းပြောလိုက်၊ ဒါကိုကြားပြီး တလွဲအာချော်တွေမဖြစ်ဖို့ ကြိုးစားရင်တော့ အဖေ့ဘက်တစ်ထည် ကိုယ်တစ်ခုနဲ့ ကိုယ့်ဘာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖို့ စဉ်းစားလို့ ဖေဖေကတော့ မိဘကို ဒီထက်မက အရှက်ခွဲလာရင် အမွေပြတ်မယ်၊ တစ်သက်လုံး လှည့်မကြည့်ဘူး၊ လက်တွေ့သိချင်ရင် စမ်းကြည့်လိုက်လို့ ...”





## အခန်း (၃)

အပြင်ကိုသွားလာမိတိုင်း ယောကျ်ားလေးတွေ မူးစိုးဝဲလိုက်ကြည့်ပြီ ဆို ဒီဒီ ခြေလှမ်းတွေ မှားတော့သည်။ တစ်ခါတလေ ဒီ နဲ့ အမြွှာညီအစ်မ လာဖြစ်နေရသည့်အတွက် နောင်တရချင်မိသည်။ ဒုက္ခကြီးတစ်ခု ထမ်းပိုးထားရသလိုလည်း ခံစားရ၏။

ထို့ပြင် တချို့ အမြွှာညီအစ်မတွေမှာ ခပ်ဆင်ဆင်ဖြစ်သွားတာပဲရှိပြီး ချွတ်စွတ်မတူ။ အဲဒီလိုဖြစ်ခဲ့ရင်လည်း အကောင်းသား။

ကားမှတ်တိုင်ထဲမှာ ဝင်ရပ်မလို့ပြင်ပြီးမှ မျက်လုံးများစွာကြောင့် ဒီတိုင်းပဲ ဆက်လျှောက်ရုံမက ခြေလှမ်းကိုပါ ပို၍သွက်အောင် လှမ်းခဲ့၏။

ဘုရား ... ဘုရား၊ နောက်က ပါမလာပါစေနဲ့။

“ဒီလေး”

“အမေ့ရေ့”

လှရှင်းသည့်နေရာရောက်လို့ နောက်လှည့်ကြည့်မှ ို့ ခိုးချောင်ခိုးဝှက် ကြိုးစားတုန်း အနီးကပ်ကြီးခေါ် လိုက်သံကြောင့် ဒီ ်တစ်ကိုယ်လုံး တုန်ခါသွား၏။

“ဘယ်လိုဖြစ်သွားတာလဲ၊ တို့ကို အဲဒီလောက်တောင် လန့်နေပုံ ထောက်ရင် မင်း တစ်ခုခုမဟုတ်တာ လုပ်ထားတာ သေချာပြီတော်တယ်”

www.burmeseclassic.com



"ဟင်..."

"ခဏလောက်ရပ်ဦး"

"ဘာလို့ရပ်ရမှာလဲ"

ကြောက်ကန်ကန်သည့်အသံလေးက တုန်နေသည်။ မျက်နှာစောင်းကြည့်လိုက်တော့ ဒီဒီ နောက်မှာ တစ်ယောက်၊ ရှေ့တိုးလာပြီး ပိတ်ရပ်လိုက်တာ တစ်ယောက်။

"ဒီလေး ..."

"ဒီမှာ ရှင် ဘယ်လိုလုပ်တာလဲ၊ လမ်းမလယ်ကောင်မှာနော်၊ ဖယ်ပေး"

"ဘာဖြစ်လဲ၊ ဘယ်မှာဖြစ်ဖြစ် စကားပြောခွင့် မရှိဘူးလား"

"ကျွန်မ ဒီ မဟုတ်ဘူး"

"ဘာ ..."

"ကျွန်မက ဒီဒီ၊ ဒီ နဲ့ အမြွှာညီအစ်မ"

"ဘယ်လို"

ဒီဒီ ခြေလှမ်းရှေ့၍ပြေးပေါက်ရှာသည်။ သူမ ခြေလှမ်းအတိုင်း သူတို့က လိုက်ပိတ်၍ ...

"တစ်ခါမှ ဒီ မပြောဖူးဘူး။ စကျမှကွာ၊ ဟား ဟား ဟား"

"တောက်"

ဒီဒီ ရက်တာနှင့် ဒေါသတွေလုံးထွေးကာ ထိုမျက်နှာကို စေ့စေ့ကြည့်၍ တောက်ခေါက်၏။ ထိုအခါကျမှ သူက အရယ်ရပ်ကာ ...

"စိတ်ထိန်းပါဦး၊ မင်း တော်တော်လှလွန်းတာ မှန်တယ်၊ ဒါပေမယ့် ရုပ်ရှင်မင်းသမီးမဟုတ်ဘူးနော်၊ အမူအရာတွေလုပ်မနေနဲ့"

"မျိုးကို လိုရင်းပြောကွာ၊ ဝေ့လည်ကြောင်ပတ်တွေ လျှောက်ပြောနေဦးမယ်"





နောက်ကတစ်ယောက်က ထောင်ပေးသည်။ မျိုးကို ဆိုသူက နှုတ်ခမ်းမဲ့မဲ့နှင့် ဒီဒီ ကိုစိုက်ကြည့်လိုက်ပြီး ...

"မင်း တို့ချိန်းတာကိုတော့မလာဘဲ ဟိုနေ့က 'အထွာ'နဲ့ သွားတွေ့တာ ဘာလဲ"

"ဟင် ..."

ဒီဒီ ဟင်တွေ ခဏခဏဖြစ်ရတိုင်းသာ အသက်ဟိုမ ည်ဆိုလျှင် 'ဒီ' ကြောင့် သေဖို့ရက်နီးလာတာတော့ သေချာပါပြီ။ ဘာတွေမှန်းမသိ၊ ဘာမှလည်း မပြောတတ်။

"ငါနဲ့တွေ့တာ ငါချစ်သူမို့လို့ပေါ့"

လာပြန်ပြီ နောက်တစ်ယောက်။ ထိတ်လန့်စွာ ပြေးလွှားရောက်သွားသည့် ဒီဒီ့မျက်လုံးတွေက နောက်တစ်ယောက်ကိုမြင်လိုက်မှ သေချင်စော်နံသွားခဲ့၏။

ဒီတစ်ခါ ထိုနာမည်ကို သူမ မှတ်မိနေပြီဖြစ်၏။ 'ဒီ' ပြောတဲ့ ထွတ်ဆိုသည့်လူ။ သူတို့ သုံးပွင့်ဆိုင်ဖြစ်သွားကြတော့ ဒီဒီ ထွက်ပြေးဖို့ ခြေလှမ်းပြင်မိသည်။ သို့သော် ထွတ် က ဒီဒီ့ လက်ကလေးကို ဖျတ်ခနဲ ဖမ်းဆွဲကာ..

"နေဦး ဒီဒီ၊ ဒီကိစ္စ သူတို့ယုံမှဖြစ်မှာ"

ဟု ပြောလိုက်ပြီး ရှေ့ကနှစ်ယောက်ကိုပဲကြည့်၍ ...

"တကယ်ပြောနေတာ မယုံဘူးလား။ မင်းရဲ့ဂျင်မလေး 'ဒီ'က သူ့အစ်မပါ၊ ကျောင်းချင်းလဲမတူဘူး၊ သူ့နာမည်က ဒီဒီ၊ စီးပွားစီမံက"

"မယုံဘူး"

"မတတ်နိုင်ဘူးလေ၊ မင်းရဲ့ ဂျင်မလေး ထပ်လှည့်ဘာခံချင်ရင်တော့ ဒီတိုင်း မျက်စိပိတ် နားပိတ်နဲ့ ထပ်နေလိုက်ဦးပေါ့"

"ဟိတ်"



www.burmeseclassic.com

www.burmeseclassic.com



ထွတ် က ဒီဒီ့လက်ကိုဆွဲ၍ ထွက်ပြေးဖို့ပြင်သည်။ နှစ်ယောက်က ရှေ့က ပိတ်ထားလိုက်၏။

"မင်းက ..."

"အထွတ် ဆိုတာ ငါပဲ၊ ဆက်ပြော"

"တောက်"

ဘေးကိုတော့ မျက်လုံးတစ်ချက်ဝေ့သည်။ သို့သော် ထိုးကြိတ်ရန်ရှာ ချင်နေသည့် မျက်လုံးတွေက မီးတောက်မတတ်ဖြစ်ကာ လက်သီးဆုပ် ထားတာကို အထွတ် မြင်အောင်ပြ၏။

အထွတ် က ဂရုမစိုက်သည့် မဲ့ပြုံးနှင့် နှစ်ယောက်စလုံးကိုကြည့် ကာ...

"မဖြစ်ချင်သေးဘူး၊ ငါ့ချစ်သူ သိက္ခာကျမှာစိုးလို့"

ဟု ပြောပြီး ထိုသူနှင့် ပခုံးချင်းတိုက်၍ ဘေးစောင်းရပ်လိုက်သည်။

"မင်း စုံစမ်းကြည့်လိုက်လေ၊ ဒီဆောင်းက မင်းရဲ့ ဂျင်မလေး။ သူက ဒီနွေ၊ မင်း သေချာမှရှင်းမယ်၊ ဟုတ်ပြီနော်"

ထွတ် က နောက်ထပ် ပခုံးချင်းတိုက်၍ပြောသည်။ ပြီးမှ ဒီဒီ့လက်ကို ဆွဲ၍ ထိုနေရာမှ ထွက်လာခဲ့၏။

"လွှတ်ပါ"

ဒီဒီ က မြင်ကွင်းကွယ်သွားသည်နှင့် လက်ကို ဆောင့်ခါပစ်လိုက်၏။ အထွတ် မျက်နှာက အဓိပ္ပာယ်များစွာနှင့်အပြုံးကို ဒီဒီ ဖျတ်ခနဲကြည့်ပြီး မျက်နှာပြန်လွှဲလိုက်မိသည်။

ကိုင်ထားသည့်အထည်ထုပ်ကို ရင်ခွင်ထဲမှာ ထည့်ပိုက်လိုက်ပြီး နောက်ထပ် သူ လက်ဆွဲလို့မရတော့အောင် လက်တွေကို ချိုင်းအောက် ရောက်အောင် ကျပ်ကျပ်ပိုက်သည်။

"ရှင့်ကို ကျေးဇူးတင်ပါတယ်"





"ဘာဖြစ်လို့လဲ"

"ဟိုလူတွေက နှောင့်ယှက်နေကြတာ"

"မင်းကလဲ မင်းအစ်မခိုင်းတာတွေ ပုံမှားရိုက်ပြီး သရုပ်ဆောင်မှုး တာကိုး"

"ဟင် ..."

ဒီဒီ တအံ့တသြမော့ကြည့်မိသည်။ သူက ရယ်ကျဲကျဲပုံတွေပျောက်ပြီ ကာ တည်ကြည်သွားသည့်မျက်နှာနှင့် ခပ်လှမ်းလှမ်းကို ငေးနေလျက်။

"ဘာမှမဆိုင်တာကတော့ သိသာပါတယ်"

"ရှင်က... ရှင်ကကော ဘယ်လိုလုပ်သိတာလဲဟင်"

"ခံစားမိတာပေါ့"

သူနှင့်ဒီဒီ ခြေလှမ်းညီညီနှင့် လျှောက်ခဲ့မိကြသည်။ ညခင်းနေရောင် ဖျော့ဖျော့မှာ စက်မှု(၁)၏ဝင်းကြီးဘေးက သစ်ပင်ရိပ်များနှင့် အေးမြနေ သည်။

လူသူကင်းရှင်းကာ လမ်းလျှောက်ရင်းစကားပြောရတာလည်း အဆင်ပြေနေသည်။ ထို့ပြင် ဒီနွေ့နှင့် ဒီဒီ ၏ ဘယ်သူမှမရိပ်မိသောအဖြေ တစ်ခုကို ခုမှ သေချာသိနေသော အထွတ် ကလည်း စိတ်ဝင်စားဖို့ကောင်း နေသည်။

ဒီဒီ သူ့ကိုတော့ ကြောက်လန့်စိတ်တွေမရှိတော့ဘဲ စိတ်ဝင်တစား ဖြစ်သွားခဲ့၏။

"ဒါဆို ရှင်နဲ့ ဟိုတစ်ခါလာတွေ့တာ ဒီဒီမှန်း ရှင် သိတာပေါ့"

"ပြန်သွားမှ သိသယဖြစ်သွားတာ"

"ဟင်..."

အထွတ် က ဒီဒီ့မျက်နှာလေးကို လမ်းလျှောက်နေရင်းကနေ ကြည့် ပြီး ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တူပေမယ့် မင်းက ဒီလောက်မလှဘူး"

"ဟုတ်တယ်၊ ဒီဒီ က ဒို့ လို မပြင်ဆင်တတ်ဘူး"

ဒီဒီ အမူအရာ ဘယ်လိုမှပြောင်းမသွားဘဲ ချက်ချင်းနှခေါင်းညိတ်လိုက်တာကို အထွတ် က ပြုံးသည်။

"ဆောရီး၊ ကိုယ်က မင်းကို နှိမ်ချင်လို့ပြောတာမဟုတ်ဘူး၊ ကိုယ် ပထမဆုံး ရှာဖွေတွေ့ရှိခဲ့တဲ့ မင်းရဲ့ရိုးသားမှုကို ပြောချင်တာ"

ဒီဒီ က ငြိမ်နေလိုက်သည်။

"တစ်ခုမေးချင်တယ်၊ ဖြေမလား"

"မေးလေ"

"ဘယ်မှာနေတာလဲ"

"တာမွေမှာ"

အထွတ် က ခေါင်းညိတ်ပြီးပြုံးလိုက်ပြန်သည်။

"ဒို့ ပြောတုန်းက အင်းလျားလမ်းမှာ တဲ့"

"အဲဒါ ဟုတ်ပါတယ်၊ ဒီ ညာတာမဟုတ်ဘူး၊ အဲဒီမှာ ဒီဒီတို့ရဲ့..."

ဒီဒီ စကားရပ်သွားသည်။ ဖေဖေ့အရှိန်အဝါ၊ ပကာသနတွေကို ထည့်ပြောချင်ပေမယ့် ဘာလို့ အတူတူမနေကြတာလဲလို့မေးလျှင် ဘယ်လိုဖြေမလဲ။

မိသားစုအကြောင်းတွေကို မရှင်းဘဲ ဒီမေးခွန်းကို ဖြေလို့မရနိုင်။ သို့သော် ဒီဒီ ရင်ထဲမှာ ဖော်ပြချက်မဲ့ခဲ့သောအကြောင်းအရာများကိုလည်း အထွတ် က သိနေပြန်ကာ ...

"မင်းတို့ရဲ့အဖေ အဲဒီမှာရှိနေတာ တို့ သိတယ်"

"ဟင်... ရှင် တကယ်သိတယ်"

"ဟုတ်တယ်"

အထွတ် က ခေါင်းညိတ်၍ မျက်လွှာချရင်း ခြေလှမ်းတွေကို ပို၍





နှေးချပစ်လိုက်၏။ သူ့ပုံစံသည် အားလုံးကို သိရှိပြီးဖြစ်နေတာကို ဂုဏ်ယူဝင့်ကြွားလိုဟန်မရှိဘဲ တစ်ခုခုကြောင့် ကြေကွဲနေတာမျိုးရှိကာ ရှက်နေတာလား၊ နာကျင်နေတာမျိုးလား ဒီဒီ သေချာမှောင်နေဆဲ သူ့မျက်နှာပြန်လှည့်လာ၏။

"ဘာမှမခဲယဉ်းဘူး၊ သူ့ကို ကိုယ် တကယ်စိတ်ဝင်စားခဲ့တာ၊ အဲဒါကြောင့် မင်းရောက်လာတဲ့နောက်မှာ သေချာစုံစမ်းကြည့်လိုက်တာပေါ့။ ဒို့ ဘက်က မရိုးသားမှုတွေ အများကြီးပဲ၊ ဘယ်မှာနေတယ်ဆိုတာက အစပဲ၊ ရေစက်မကုန်လို့ထင်တယ်၊ ဦးမိုးနှင်း ဆိုတာကို ကိုယ့်ဒက်ဒီက သိနေတယ်၊ အဲဒီတော့ အိမ်တွင်းရေးကိစ္စတချို့ကိုလည်း သိလိုက်ရတယ် ဆိုပါတော့"

ဒီဒီ နားလည်သွားခဲ့သည်။ ဒါပေမယ့် မရှင်းတာ ကျန်ပါသေးသည်။ စိတ်ဝင်စားတယ်ဆိုတာ ချစ်တာနဲ့ မဆိုင်ဘူးလား၊ ဆိုင်သလား၊ မဆိုင်ဘူးဆိုရင် အသက် လို့ ခေါ်ခဲ့တာ ဘာလဲ။

"အမြွှာညီအစ်မရှိတယ်ဆိုတာကို လူသိမခံတဲ့အကြောင်းကျတော့ ကိုယ် စဉ်းစားလို့မရဘူး။ ဥပမာ ကျောင်းချင်းမတူတာက အစပေါ့၊ ဒါတွေက သူ့သဘောတစ်ခုတည်းနဲ့ ခွဲခြားပစ်လို့ရတာမဟုတ်ဘူး၊ တစ်ယောက်တည်းရှိသလိုမျိုး ပတ်ရှုပ်ဖို့ သူ့အတွက် အခွင့်အရေးက အလိုလိုဖြစ်နေတာမျိုး"

ပတ်ရှုပ်သည်ဆိုသောစကားကြောင့် ဒီဒီ မျက်မှောင်ကြုတ်သွားသဖြင့် အထွတ် ပျာပျာသလဲ ဖြစ်သွားကာ ...

"ဆောရီးနော်၊ ကိုယ်တိုင်ခံလိုက်ရတော့ အဲဒီကိစ္စကို တော်တော်တင်းခဲ့တာ၊ ဒါပေမယ့် မင်းမျက်နှာလေးကိုမြင်လိုက်ရတဲ့အချိန်က စပြီးဖြစ်ခဲ့သမျှကို ကိုယ် မေ့လိုက်နိုင်တယ်"

ဘာစကားလဲ။ ဒီဒီ ခြေလှမ်းလေးတုံ့သွားသည်။ အထွတ် ကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ထပ်တူ နေးကျသွားခဲ့ပြီး ...

"မင်းက ဝတ်စားထားပုံလဲ ယဉ်တယ်၊ ဒီ က ရိုင်းတယ်။ ဒီ က စကား ပြောရင် ကျောတယ်၊ မင်းကျတော့ ကြောက်လန့်နေတာပဲ"

"အဲဒါက ..."

"ကိုယ် သိတယ်၊ မင်းက ဒီ မှမဟုတ်တာ၊ ဒီက သတ္တိရှိတယ်။ ကိုယ် သိရသလောက် သူ့မှာ အမှန်တရားမှမရှိတာ၊ ညာရဲတဲ့သူက သတ္တိရှိရမှာ ပေါ့"

"ကိုထွတ် ရှင်ပြောနေတာ ဒီဒီ့ အစ်မနော်"

ဒီဒီ ဒေါသဖြစ်သွားသည့်မျက်နှာလေးကို အထွတ် က ငုံ့ကြည့်ပြီး ရယ်သည်။

"ခင်းနဲ့ သူ လုံးဝ ခြားနားနေတာကို ပြောချင်တာပါ။ ဆောရီး"

"ရှင် ဆောရီးတာ သုံးခါရှိပြီ"

"ဟုတ်လား၊ လေးခါမှတ်လို့ကွာ၊ ဆောရီး"

ဒီဒီ မျက်နှာ မှုန်ကုပ်ကုပ်လေးနှင့် ခြေလှမ်းကိုတင်ပိုက်၏။ ကား စီးသွားရမည့်ဟာ ဟိုလူတွေကြောင့် ခြေလှမ်းခရီးဖြစ်သွားခဲ့သည်။ ဒီဘက် မှာ ကားမှတ်တိုင်တွေက တစ်ခုနဲ့တစ်ခု ကွဲလွန်းသည်။ တချို့ကားတွေ ကျတော့လည်း ဆင်းမည့်သူ မပါ၊ တက်မည့်သူ မမြင်လျှင် မရပ်တော့ပေ။

သိပ်တော့မဝေးဘူးမို့ဂို့ လမ်းလျှောက်လို့လည်းကောင်းတာနှင့် လျှောက်ဖြစ်ခဲ့သည်။ ဒေါသဖြစ်စရာတွေပြောလာတော့ ဒီလူနဲ့ လမ်းဆက် လျှောက်ချင်စိတ်လည်း ကုန်သွား၏။

"ဒီဒီ"

သူက ဒီဒီ ဘေးက်ဆတ်ဆတ်လေးလျှောက်ရင်း တိတ်ကျသွားသော ကို စိုးရိမ်ဟန်နှင့် ငုံ့ကြည့်၏။

"စိတ်ဆိုးသွားတာလား၊ ကိုယ်က သူများကို ပုတ်ခတ်ပြောချင်တာ





မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ် ခံလိုက်ရတာလဲ မရှုမလှလေ၊ သူများတွေ ကတော့ တက်ခေါက်ရပ်ကျန်ခဲ့နိုင်တယ်၊ ကိုယ်က မခံနိုင်တဲ့အထိ ဖြစ်ခဲ့ ရတာ၊ အဲဒါကြောင့် စုံစမ်းမိတာပေါ့၊ ငါးကြိမ်မြောက် ဆောရီးကွာ၊ မင်း အစ်မဖြစ်နေတာကို ကိုယ် မေ့မေ့သွားလို့"

"ခြောက်ခါမြောက်ထပ်မလာရအောင် ရှင် ဒီမှာပဲနေခဲ့လိုက်တော ကိုထွတ်"

"အဲဒီလိုတော့မလုပ်ပါနဲ့၊ ရောက်ဖို့ အဝေးကြီးလိုသေးတဲ့ဥစ္စာ၊ ရှေ့ မှတ်တိုင်မှာ ကားက မရပ်တာများတယ်"

"ရှင့်ကိုပဲ နေခဲ့စေချင်တာ"

"မင်းအတွက် အန္တရာယ်ရှိတယ်၊ ကိုယ် လိုက်ပို့ပါရစေကွာ၊ မင်းအစ်မ အကြောင်း မကောင်းတာ မပါအောင် ကိုယ် ကြိုးစားမယ်"

"ရှင်နဲ့ ဒီဒီ ဘာမှမှပြောစရာမရှိတာ"

"ကိုယ့်မှာရှိတယ်"

မျက်ဝန်းချင်း ဖျတ်ခနဲဆုံသွား၏။ ခြေလှမ်းရပ်တော့မလို ဖြစ်သွား ကြတာလည်း ပြိုင်တူပဲဖြစ်၏။ အထွတ် က ရှေ့နည်းနည်းတိုး၍ ခါးကိုင်း သွားသည်အထိ ဒီဒီ့ မျက်နှာကို ငုံ့ကြည့်သည်။

"ဒီဒီ ...၊ တစ်ခုတော့ပြောဖို့ကျန်သေးတယ်၊ အဲဒါက ကိုယ့်ပြောချင် တဲ့စကားအတွက် ဒီအကြောင်းက မပါဘဲမရလို့ ပြောရမှာ၊ ထပ်ပြီး ဆောရီးမလုပ်တော့ဘူးနော်၊ နည်းနည်းသည်းခံပြီးနားထောင်ပေး"

"ဒီ့ အကြောင်းပဲလား"

"သည်းခံပါလို့ ပြောပြီးပြီလေ"

ဒီဒီ အောင့်သက်သက်နှင့်ပဲ ငြိမ်နေလိုက်ရသည်။

"ဒီ က ယောက်ျားလေးတစ်ယောက်ကို နာမည်တစ်မျိုးနဲ့တဲ့တာ"

ဒီဒီ့မျက်နှာ ဆားပက်ခံလိုက်ရသည့် တီတစ်ကောင်လို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရှက်သည့်စိတ်က ဘယ်ကထွက်သွားမှန်းမသိပေမယ့် မျက်နှာပြင်ကို နောက်ဆုံးခြေကန်ထွက်တာကတော့ သေချာ၏။

"ကိုယ့်ကို သူ့နာမည်က 'အသက်'လို့ပဲ ပြောတာ၊ ကိုယ်က သူ့ပတ်ဝန်းကျင်ကလူမဟုတ်တော့ နာမည်ကို တကယ်မသိဘူးလေ"

"ရှင်က ဘယ်ကလဲ"

"ဆေး(၁)က၊ ကိုယ်တော်လို့တော့မဟုတ်ပါဘူး၊ ဆယ်တန်းကို နှစ်နှစ်ဖြေလိုက်ရတယ်၊ ဆေးဝင်ဖို့အမှတ်က မီသွားတာနဲ့ ..."

"ကြွားတာလား"

"မကြွားပါဘူး၊ ကိုယ် သိပ်ဝါသနာမပါတာကို အပတ်တကုတ် ကြိုးစားနေရတော့ စိတ်တောင်ကျဉ်းကျပ်သေးတယ်၊ ကိုယ်ပြောချင်တာက ဒို့ ကို ကိုယ်က အသက် လို့ခေါ်တဲ့ရင်းနှီးမှုနဲ့တွက်ပြီး မင်းတစ်မျိုးထင်သွားတာကို သိလို့ပါ"

"ဘာထင်စရာရှိလို့လဲ၊ ဒို့ ရည်းစားတွေ ..."

"မဟုတ်ဘူး၊ ဒီ နဲ့ ကိုယ် ချစ်သူတွေမဖြစ်သေးဘူး"

"ဟင် ..."

ချစ်သူတွေမဟုတ်ဘဲနဲ့ နှစ်ယောက်တည်းတွေ့ဖို့ လက်ခံခဲ့သလား။ ဒီ...၊ ဒီ ဒီလိုပဲ တခြားလူတွေကိုလည်း ရင်းနှီးခဲ့သလား။ မျက်နှာမှာ မှုရှိန်းသွားပြန်သည်။

"ဒီနဲ့ပတ်သက်ပြီး ကိုယ် ကြားခဲ့တာတွေ အများကြီးပဲ၊ ဒါပေမယ့် သူက အရမ်းလှတယ်၊ စကားပြောတာကို နားထောင်လိုက်မိတာနဲ့ သူ့ဘေးမှာ ပျော်ကျဝပ်စင်းသွားရလောက်အောင် ညှို့နိုင်စွမ်းရှိတယ်၊ ကိုယ် သူ့ကို တကယ်စိတ်ဝင်စားခဲ့မိတာ"

ပြောပြီး သူက သက်ပြင်းချလိုက်သေးသည်။

"ကိုယ်လဲ တခြားယောက်ျားလေးတွေလိုပဲ စွဲလမ်းတတ်တယ်၊ ဒါပေ





မယ့် သူများနဲ့မဘူချင်တဲ့မာနလဲရှိတာ အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ချစ်သူမရှိခဲ့ဘူး၊ သူ့မှာ ချစ်သူတွေများခဲ့တယ် အဲဒီ မညီမျှမှုကို ကိုယ် လက်ခံပေးဖို့အတွက် ကိုယ်နဲ့ ဆုံမိပြီးတဲ့နောက်မှာ သူ့အတွက် ကိုယ်က အရေးကြီးဆုံး ကိုယ်သာ အဓိကဖြစ်ခွင့်ရချင်တယ်"

ဒို့ မှာ အချစ်မှ မရှိတာဟု စိတ်ထဲမှာ ပြောလိုက်မိသည်။

"ရည်းစားထားတာ ပျော်ဖို့ကောင်းမှန်းသိတယ်၊ ချစ်တာနဲ့ဘာဆိုင်လဲ၊ အချစ်ကို မွေးမြူးပြီးရင် ဖယားတွေအရမ်းရှုပ်ဟာ နင်မှမသိဘဲ၊ ပြီးတော့ ကိုယ်ကချစ်မိရင် ကိုယ်ပဲ အရှုံးပေးချင်လာတာ အချစ်တော့ ... ကို ချစ်ပြနေသမျှကို ရယ်နိုင်တယ်" တဲ့။

ဒီစကားတွေကိုပြန်ပြောလိုက်လျှင် အထွတ် ဆိုသည့်လူ ပုလဲ... ရွဲတွေ ခသွားနိုင်သည်။ ယောက်ျားတွေဟာ ဒီလောက် ... အလှ... ကြိုက်ကြသလား။

"တကယ့်အလှ ဆိုတာကို ခုမှ ကိုယ်တွေ့ပဲ"

"ဟင် ..."

တွေးနေတုန်းမို့ ဒီဒီ လန့်သွား၏။ သူက ခြေလှမ်းတွေကို ပို၍ နှေး... ပစ်ကာ ...

"မင်းကိုတွေ့လိုက်တဲ့နေ့မှာ ကိုယ့်ရင်ထဲက ... ခံစားချက်အားလုံး ပျော်ကျပျက်စီးသွားတယ်၊ တစ်ပြိုင်တည်းမှာပဲ အသစ်ပြန်ပြီး မွေးဖွားခဲ့တယ်"

"ရှင် နေခဲ့တော့၊ ဟိုမှာ ကားလာပြီ"

မှတ်တိုင်ကိုရောက်လာတာနှင့် ကားလာတာ အချိန်ကိုက်ဖြစ်က ဒီဒီ လက်ပြတားလိုက်၏။

အထွတ် ဘာမှတားဆီးပြင်ဆင်ချိန်မရလိုက်ဘဲ မျက်စိမျက်နှာပျက်လျက် ကျန်ခဲ့ရင်း ...

"ကိုယ် ဖုန်းဆက်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှာလိုက်သေးသည်။ ဒီဒီ ကားပေါ် ခြေချမိသည်နှင့် ရှေ့ကိုပဲ တိုးဝင်ကာ သူ့ကို တစ်ချက်မှ ပြန်မကြည့်ခဲ့တော့ပေ။

ဒီဒီ မအေပါ။

မိဒီ အစုတ်အပုပ်ကောင်၊ သူ့ကြောင့် မသိတဲ့လူတစ်ယောက်က ချိတ်တိတ်တိတ်လုပ်လိုက်၊ စော်ကားမော်ကား လက်ဆွဲခံလိုခံရ ဘာကောင်လဲ။





## အခန်း (၄)

ညီအစ်မနှစ်ယောက်မှာ လက်ကိုင်ဖုန်းတစ်လုံးစီ ဖေဖေ ဝယ်ပေးထားသည်။ အိမ်မှာ ကြိုးဖုန်းလည်းရှိပါသည်။ ဒါပေမယ့် ဒီလောက်သိနေတဲ့လူဟာ ကိုယ့်ဖုန်းနံပါတ်ကိုလည်း သိနိုင်တာမို့ ဒီဒီ ဖုန်းပိတ်ထားလိုက်သည်။

ညအိပ်ရာဝင်ချိန် ဒီ က ပိုစောသည်။ အခန်းတံခါးပိတ်ပြီး ဖုန်းပြောသည့်အလုပ်အတွက် ဒီ တ ညဦးပိုင်းတစ်ချိန်လုံးကို ပေးထားတာဖြစ်သည်။

ဒီဒီ ကတော့ ဖုန်းကိုင်ထားပေမယ့် ခေါ်မယ့်သူလည်းရှားပါသည်။ ကိုယ်တခေါ် ဝုန်လာတ်အောင် ရင်းနှီးတဲ့လူလည်း မရှိ၊ အရေးတကြီးကိစ္စဆိုတာလည်း သိပ်မရှိတတ်ပေ။ ထို့ကြောင့် ...

"ဟိတ် ဒီဒီ"

"ဟင်"

ခေါ်ဝံ့ကလည်း ညင်ညင်သာသာပေဟုတ်ပေ။ စည့်ခန်းမှာ အတူရှိနေကြသည့် ခေါ်ယဉ်ဆင့်နဲ့ဒီဒီတို့ ပြိုင်တူနောက်လှည့်ကြည့်မိကြသည်။ ဒီ တ အခန်းတံခါးဟလိုက်ပြီး ခေါင်းတစ်လုံးပဲ အပြင်ကိုပြူထွက်နေကာ ခေါ်ဝံ့က စိတ်လက်မရှည်ပုံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဖုန်းလာနေတယ်"

"ဖုန်း"

ခေါင်းထဲမှာ ဒိန်းခနဲတက်ဆောင့်၏။ လူကလည်း လန့်ဖျပ်ရပ်လိုက်ပြီးသားဖြစ်သွားသည်။

"ဟွန်း... ကိုယ့်ဖုန်းရှိသားနဲ့ပိတ်ထားပြီးတော့ မြန်မြန်လာကိုင်"

ဟု မကျေမနပ်ပြောပြီး ခေါင်းလည်းပြန်ဝင်သွားကာ တံခါးကို ဂျိမ်းခနဲ ပိတ်ပစ်လိုက်၏။

ဒေါ်ယဉ်ဆင့်က ညီအစ်မနှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်ပေမယ့် ဘာမှမမေးဘဲ စာရင်းစာအုပ်တွေပေါ်မှာ အာရုံပြန်နှစ်၏။

ဒီဒီ ကိုင်လျက်ရှိသေးသည့် တိုင်းရင်းဆေးပညာစာအုပ်ကို ကမန်းကတန်းချထားခဲ့ပြီး အခန်းထဲဝင်လာခဲ့မိသည်။

"ဒီ ဘယ်ကဖုန်းလဲဟင်"

"ဘာဖြစ်လာတာလဲ၊ ခုမှ ပြူးပြူးပြဲပြဲနဲ့၊ ရော့ မြန်မြန်ပြော၊ ငါချိန်းထားတာဟွေ့ရှိသေးတယ်"

ဒွိ ရဲ့ ဒေါသအရှိန်ကလည်း မြင့်နေသည်မို့ ဒီဒီ ဆက်မမေးရဲတော့ဘဲ ဖုန်းကို လှမ်းယူလိုက်ရ၏။

"ဟဲလို"

"ဒီဒီလား၊ အမယ်လေး ကြာလိုက်တာဟယ်၊ ငါဆက်တာ နင့်အစ်မက သိပ်မကြည်ဘူးထင်တယ်၊ နင့်ဖုန်းက ဆက်လို့မှမရတာ"

"သဲမြတ်"

"ဟုတ်ပါတယ် ငါပါ၊ မနက်ကလေ ကိုဇေ နဲ့ ငါ ချိန်းထားပြီး မသွားဖြစ်လိုက်ဘူး၊ အဲဒါ နင့်ကို သူမေးရင် ငါ ကျူရှင်ကိုတောင်မလာနိုင်ဘူးလို့ နည်းနည်းညာပေးနော်၊ သူငယ်ချင်းက လိမ္မာပါတယ်"

ဖြစ်ရမယ် ဒီဒီရယ်၊ ကိုယ့်ခေါင်းကိုယ်သာ လက်နှစ်ဖက်နှင့် ထုချပစ်





ချင်တော့သည်။ ဒွိ မျက်နှာ ရှုပုပ်နေပြီမို့ 'အင်းပါ' ပြောပြီး ဖုန်း ချပစ်လိုက်ရပေမယ့် ဒီနှစ်ထဲမှာ မြားနတ်မောင်ပြဿဒါးဖြစ်နေရသည့် ကိုယ့်ကိုယ်ကိုလည်း ငိုချင်သွား၏။

ဘာဖြစ်လို့ ဒီလိုကိစ္စတွေမှာပဲ ဒီဒီ ကြားညပ်ပါနေရတာလဲ။

"ဟဲလို ထွတ် လား"

ဘုရား ...

အခန်းပြင်ရောက်နေကာမှ အထဲက ဒီ့အသံကြောင့် ဒီဒီ ကိုယ်လုံးကြွခနဲဖြစ်သွား၏။ မဟုတ်ပါစေနဲ့ သူ လိုက်ခဲ့ကြိုက်ခဲ့ဖူးတဲ့ [illegible]နှံကလေးတစ်ယောက်ထံမှာ ကိုယ့်အကြောင်း ထည့်ပြောရလောက်အောင်တော့ ဖြစ်တန်ကောင်းဘူးဟု ဖြေသိမ့်ရင်း ကျပ်ခဲခဲကြီးဖြစ်လာသည့် လည်ချောင်းကို လက်တစ်ဖက်နဲ့ကိုင်၍ တံတွေးမျိုချသည်။

လွတ်ရာလွတ်ကြောင်းရှာသည့် ခြေထောက်တွေက ဒေါ်လေးဘေးမှာ ပြန်ထိုင်မလို့ရပ်လိုက်စဉ် ...

"ဒီဒီ မယ်မင်းကြီးမ ..."

"အမယ်လေး"

နောက်ကအသံကို တိတ်တခိုးလန့်နေတုန်း ဒွိ အသံပြဲကြီးကြောင့် ထိတ်လန့်ပြီး[illegible] လန့်ဖျပ်ထွက်သွားသည်။

"ဒီတစ်ခါ မရတော့ဘူး၊ ဒီမှာ ဖုန်းလာဖွင့်လိုက်၊ ဘယ်မှာလဲ နင့်ဖုန်းဟွန့် ..."

နောက်ထပ် လှမ်းအော်ကာ တံခါးပိတ်သံ ဂျိမ်းခနဲထပ်ဖြစ်လျက် ဒေါ်ယဉ်ဆင့် မျက်လုံးတို့မှာ ရှုးစမ်းဟန်တွေဖြစ်လာ၏။

"ဘယ်ကဖုန်းလဲ ဒီဒီ၊ ဘာဖြစ်လို့ ဖုန်းပိတ်ထားတာလဲ"

"ဟို သဲမြတ် ဆက်တာ၊ အခုဟာတော့ မသိဘူး"

ဒေါ်လေးက ဘာမှမမေးတော့ပါ။ သို့သော် အခန်းထဲဝင်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် အိပ်ရာထက်မှာ ညဝတ်အင်္ကျီပွပွဖားဖားကြီးနှင့် မျက်နှာပုပ်ကြီးချကာ ပုံဆိုးပန်းဆိုးထိုင်နေသည့် ဒီမျက်လုံးများက တဝင်းဝင်းဖြစ်လျက် ...

"ပြောစရာမှန်းကတော့ ဘာမသိညာမသိရုပ်လေးနဲ့ ဘယ်လိုငြိအောင် လုပ်လိုက်တာလဲ"

"ဟင် ..."

ရည်းစားစကား အပြောမခံရဖူးပေမယ့် အပြောခံရလျှင်တောင် ဒီ လောက်ရက်မိမှာမဟုတ်ပေ။

ဒီ ရှေ့မှာ ဒီဒီတစ်ကိုယ်လုံး ကြုံလှီသေးဝင်သွားသလိုပင် မဟုတ်တာ ကို ရှင်းပြချင်သည်၊ ရှင်းလည်း မရှင်းတတ်ပေ။

"ထွတ် နဲ့ ဘယ်မှာ ထပ်တွေ့တာလဲ"

ဒီလေသံက ညစဉ်ညတိုင်း သူမအကြောင်းတွေပြောပြရင်း ဒီဒီ ကို တွန်းထိုး၊ နှိမ့်ချလှောင်ပြောင်ရင်းရယ်ခဲ့သော တက်ကြွရွှင်မြူးခြင်းတွေ ဘာမှမပါ၊ စိမ်းသက်သည့်မျက်ဝန်းများမှ အကြည့်တွေက ဒီဒီ ကို စားဝါး ပစ်တော့မလိုပင်။

"ဖြေလေဟာ၊ အဲဒီမျက်လုံးတွေနဲ့ ထပ်ပြီး လုပ်စားဦးမလို့လား"

"ဘာတွေပြောနေတာလဲ ဒီ၊ ငါနဲ့ အဲဒီလူ ဘာမှမဆိုင်ဘူး"

"ဆိုင်လို့ ဖုန်းဆက်တာပေါ့ ဟွန့် ... မျက်နှာတာလဲပြောင်ပါ၊ ငါ့ကိုမရ ရင်အဲ သေတော့မလို၊ ထဘီစဆွဲပြီးတော့ပဲ ဒူးထောက်တော့မလိုနဲ့ အခု ဖြစ်သွားပြန်ပြီ တစ်ယောက်"

ဒီက တမင်တကာ သာသာထိုးထိုးနှိမ်ချပြော၍ အသားယူနေတာ ဖြစ်သည်။ ရင်ထဲမှာ ခံပြင်းနေတာလည်းရှိသည်၊ ပြီးတော့ မကျေနပ်။

အထွတ် က ဆေးကျောင်းသားဖြစ်သည်။ ချောလွန်းလို့မဟုတ်သော် လည်း သူမမှာ ရှိထားသည့်စာရင်းထဲမှာတော့ ပန်းရင့်ရောင်ပုံနှင့် ကွင်း ခတ်ထားသည့် အထူးနံပါတ်နှင့်ထားခဲ့သူဖြစ်သည်။ ဘယ်သူတွေနဲ့ပဲငြိမိ





ငြိမိ ဂရုမစိုက်စွာ ရှင်းပစ်နိုင်သည်၊ ထားခဲ့လို့ရသည်။

အထွတ် ကိုတော့ ကိုယ့်စည်းဝိုင်းထဲ အတင်းဆွဲမသွင်းခဲ့တာသာရှိ သည်၊ လက်လွှတ်လည်းမခံနိုင်။ ဂရုမစိုက်သလိုထားခဲ့တာကိုက မာယာ သုံးထားတာဖြစ်၏။ ဒါကို ညီအစ်မချင်းမို့ ရင်ဖွင့်ထားခဲ့တာလည်းရှိသည်မို့ ခံပြင်းချက်က ပိုဆိုးသည်။

ဖုန်းရှာသလိုလုပ်လိုက်၊ သူမကိုပြန်ကြည့်၍ တစ်ခုခုပြောတော့မလို ဖြစ်လိုက်နှင့် အမူအရာတွေပျက်နေသော ဒီဒီ ကိုကြည့်နေရင်း ဒေါသတွေ အထပ်ထပ်လျက် ...

"ဘာလဲ...၊ ငါ့ရှေ့မှာမပြောရဲတော့ဘူးလား၊ ဖုန်းက ဘယ်ပစ္စေသကြီ မှာ သွားဝှက်ထားလို့ ဒီလောက်တောင်ရှာနေရတာလဲ"

"မဟုတ်ပါဘူး ဒီရယ်၊ သူနဲ့ငါ ပြောစရာ ဘာအကြောင်းမှမရှိတာ"

"ရှိရှိ မရှိရှိ သူ နင့်ကိုခေါ်နိုင်းနေတာ၊ နင့်နံပါတ် ငါပေးလိုက်တယ်၊ သူ ခေါ်မှာပဲ ဖွင့်လိုက်"

ဒီဒီ က အဝတ်ဗီရိုအံဆွဲထဲထည့်ထားသည့်ဖုန်းကို သွားထုတ်ယူ သည်။ ပြီးတော့ မဖွင့်ဘဲ ခေါင်းအုံးအောက်ကို ဒိတိုင်းထည့်ထားလိုက်၏။ မျက်နှာလေးကိုလည်း အားယူတင်းထားကာ ...

"ငါ မပြောဘူး၊ သူနဲ့ငါ ဘာမှမဆိုင်ဘူး။ ဗုဒ္ဓဟူးနေ့က ဒေါ်လေး အင်္ကျီ ချုပ်ခိုင်းလိုက်လို့သွားရင်းနဲ့ လမ်းမှာ သူ စကားလာပြောတာ"

"သြော်... သူကလာပြောတာဆိုတာကိုထည့်ကြွားတာလား။ ဟွန်း... ပြောမှာပေါ့၊ ငါကမှ သူ့ကိုမရွေးခဲ့တာ၊ ငါနဲ့တူလို့ နင့်ဘက်ကိုလှည့်သွား တာ အသိသာကြီး၊ ခွဲနေပဲနဲ့ တော်တော်ချစ်ကြီးရှာသားနော်၊ တစ်ယောက် ရတော့ တစ်ယောက်ကို ပြောင်းသွားတာ မျက်ချင်း"

"တော်ပါတော့ ဒီ ရာ၊ သူ့ဟာသူ ဘာသဘောရှိရှိ ငါ မကြိုက်ဘူး"

"လုပ်မနေစမ်းပါနဲ့၊ ကြိုက်လို့ နင် ငြိမ်နေတာပေါ့၊ ငါကတော့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှ ပြောစရာမရှိရင်တောင် ငှါးရည်းစားတွေကို ရယ်စရာလုပ်ပြီး ညတိုင်း နင်နဲ့ပြောရတယ်၊ နင်က မြို့စီ ...”

“ဒီနော် ... နင် ...”

ဒီဒီ ငြင်းလို့မရတာကို ဒေါသဖြစ်ဖြစ်နှင့် အော်ပစ်လိုက်မိသည်။ သို့သော် ဘာမှဆက်မပြောရသေးဘဲ ဖုန်းသံက နောက်ထပ် နှိပ်စက်လေသည်။

ဒီ က ဒီဒီ့ ထံမှ မျက်လုံးမလွှဲဘဲ ဖုန်းကို နောက်ပြန်ကောက်ယူလိုက်၏။

“ဘယ်နှယ်လဲ”ဆိုသည့် မျက်လုံးစူးစူးများက ဖုန်းကိုင်ပြီးတဲ့အထိ ဒီဒီ့ ခေါ်မှာပဲ စူးစူးဝါးဝါးဖြစ်နေပြီးမှ ...

“ဟွန့် ...”

ဖုန်းကို မျက်လွှာစိုက်ခနဲစင်းကြည့်ပြီး ပခုံးတွန့်မဲ့သည်။ ဆူညံနေသည့် ဖုန်းကို မဖွင့်ဘေးဘဲ နေရာမှ ခုန်ထလာကာ ခေါင်းအုံးအောက်က ဒီဒီ့ ဖုန်းကို ယူဖွင့်လိုက်၏။

ပြီးမှ မြည်နေသည့် သူမဖုန်းကို ဖွင့်လိုက်ပြီး ...

“ရပြီ၊ သူ့ ဖုန်းကိုပဲ ခေါ်လိုက်တော့”

ဟု ပြော၍ သူမဖုန်းကို ပိတ်ပစ်လိုက်၏။ မွေ့ရာပေါ်ကို ပစ်ချလိုက်ပြီး ဒီဒီ့ ဖုန်းကိုကိုင်၍ မျက်နှာချင်းဆိုင်ရပ်လိုက်ရင်း ...

“ရဲရဲပြောပါ၊ သူနဲ့ငါ ချစ်သူတွေမဟုတ်သေးဘူး၊ တော်သေးတာပေါ့ ဒီတစ်ခါ ငါရဲ့ ပယ်စာရင်းက မှန်သွားလို့၊ ရတာယူဆိုတဲ့ ပုဂ္ဂိုလ်ကြီးလေ၊ ဟား ဟား”

ဒီဒီ ဘာမှပြန်မပြောတတ်ပါ။ သို့သော် ကိုယ့်ကို ပက်ပက်စက်စက် ချိုးဖဲ့ပြောနေတာမှန်း ~~သော~~ သိနေသည်။ ပြောသူက ကိုယ့်အစ်မအရင်းဖြစ်နေသည်မို့ အံကြိတ်တင်းနေရ၏။





မျက်ဝန်းမှာ မျက်ရည်တွေဝေ့လည်လာခဲ့ရင်း ဖုန်းလာ လျှင် ပြောချလိုက်ဖို့ စကားလုံး အစုအဝေးတွေ ပါးစပ်ထဲမှာ ပြည့်သိပ်နေအောင် စုဆောင်းထားလိုက်၏။ သို့သော် ...

ဖုန်းသည် တစ်ညလုံး နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့၏။ ဒို့ နှုတ်ခမ်းမှ မဲ့ပြုံးကြောင့် ဒီဒီ ကတော့ ထိုညမှာ ငိုခဲ့ရလေသည်။ အချစ်ဆိုတာကို ကိုယ်က မဟုတ်ဘဲ သူက စလို့ ငိုခဲ့ရပြီ၊ ဘုရားရူး ကျိန်ရင်အောင် ယုံမှယုံ သူ ရှိပါ့မလား။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

"ရှင် မလိုက်လာနဲ့နော်၊ ရှင့်ကို ကျွန်မ ရိုးရိုးလဲမခင်ဘူး၊ ဆန်းဆန်းလဲ စိတ်မကူးဘူး၊ လုံးဝ ဆက်မလိုက်နဲ့"

ဒေါသကြောင့် ကိုယ့်အသံကိုထိန်းရမှန်းလည်းမသိတော့ပေ။ ကိုယ့်အကြောင်း အားလုံးသိထားသဖြင့် ကျောင်းကို လာနိုင်သည်ကို တွေးမိသည်။ ထို့ကြောင့် အကြောင်းအမျိုးမျိုးပြပြီး ဒီဒီ ကျောင်းပျက်ရက်တွေလည်း များခဲ့သည်။

ဒီနေ့ စာမေးပွဲဖြေရမည့်နေ့မို့ လာခဲ့သည်။ စာမေးပွဲချိန်ပြီးတာနှင့် သူ့ကို မြင်လိုက်ရ၏။

ဂွင်းဘောင်းဘီနှင့်စပို့ရှပ်အဖြူပေါ်မှာ အပြာရောင်လယ်သာကျာကင်က လွှင်နေသည်။ အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ်မို့ ထွတ် ပုံစံက ထင်းနေ၏။ ဒီဒီ မျက်လုံးထဲမှာတော့ ဒီ့ ကိုပဲမြင်သည်။ ဒီ ပြောခဲ့တာတွေကို မေ့လို့မရ။

"ရတာယူ ဆိုတဲ့ ပုဂ္ဂိုလ်ကြီး"

"ငါနဲ့တူလို့ နင့်ကို လှည့်သွားတာ"

"နင်က မြူစီ"





ခြေလှမ်းက ပိုသွက်လာသည်။ သဲမြတ်လည်း အပြေးတစ်ပိုင်း လိုက်နေရင်းကနေ ကျန်ခဲ့တော့သည်။ ထွတ် ကတော့ ကျောင်းရှေ့ရောက်လာတဲ့အထိ ခွဲနှပဲနှင့်ပါလာကာ ...

"အဲဒီညက ဖုန်းဆက်မိတာကို ကိုယ် တောင်းပန်ပါတယ်၊ နှစ်ခါဆက်မိပြီးမှ ဒီ့ လေသံကို အကဲခတ်မိတယ်"

"သြော်... အကဲခတ်မိတယ် ဟုတ်လား၊ ဒီ အဲဒီလောက် ကောင်းကောင်းပြောတာ နည်းသေးတယ် သိလား၊ ရှင်က ဘာလဲ၊ အကြီးကိုကြီးစားလိုက်၊ အငယ်ဘက်လှည့်လိုက်နဲ့ လူတွေကို ဘာအောက်မေ့နေသလဲ"

ကိုယ့်ဒေါသနှင့်ကိုယ် လက်သီးလေးနှစ်ဖက်ဆုပ်၍ ကက်ကက်လန်အောင်ပြောပစ်လိုက်မိသည်။ အထွတ် မျက်နှာက အံ့သြနေတာကောခယတောင်းပန်ခြင်းများနှင့် စိတ်ပျက်စွာရှိနေ၏။

ထိုစဉ် ဘေးမှာ မာစီးဒီးအနက်ရောင်လေး ထိုးရပ်သွားကာ ...

"သမီးငယ်"

"ဖေဖေ"

ဒီဒီ ခေါင်းကြီးသွား၏။ ဖေဖေ့မျက်စိရှေ့မှာ ဒီလူနဲ့တွဲလျက်ကြီးဖြစ်နေသည့်မြင်ကွင်းကြောင့် မျက်လုံးလေးဝိုင်းနေရင်း ...

"ဖေဖေ ..."

ဟု ထပ်ခေါ်မိတော့ ဦးမိုးနှင်း က မျက်မှောင်ကြုတ်လျက်နှင့် အထွတ် ကို စေ့ကြည့်ကာ ...

"ကားပေါ်တက်"

ဘေးတံခါးကိုဖွင့်ပေးသည်။ ဒီဒီ စွေ့ခနဲဝင်ထိုင်လိုက်ရင်း မျက်ဝန်းမှာ မျက်ရည်ဥတွေလည်း ခိုတွဲလာကြ၏။ ဖေဖေ ပြန်လှည့်ကြည့်တာကို သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီ မျက်နှာလေးငုံ့ထားရင်း ပါးပြင်ပေါ်သို့ လျှောဆင်းခွင့်မရသော မျက်ရည်တွေက ဆုပ်ယုပ်ထားသည့်လက်ခုံနှစ်ဖက်ပေါ်သို့ ပေါက်ခနဲ ဖွေးခနဲ။

လှရှင်းသည့်နေရာကျမှ ဦးမိုးနှင်း က အရှိန်လျှော့၍ ခပ်ဖြည်းဖြည်း လှမ်းမောင်းရင်း ..

"သမီးကြီးနဲ့မှားပြီး စကားလိုက်ပြောတာလား"

"ရှင် ... ဟုတ်"

ဖေဖေ သိနေတာကို အံ့ဩဝမ်းသာသွားသည်။ သို့သော် အထွတ်က လူမှားခဲ့တာ မှန်ပေမယ့် ...

"ဒီလိုတွေဖြစ်နေတာကို ဖေဖေ သိတယ်၊ အလုပ်ကလဲ မအားဘူး၊ ပြီးတော့ ဒီကလေးနဲ့ စကားပြောဖို့အတွက်ကို ဖေဖေ ဝန်လေးနေလို့ မပြောဖြစ်ခဲ့ဘူး၊ မိဘနေရာကနေ ဝတ္တရားချို့ယွင်းမှု တချို့တလေ ရှိခဲ့တယ်လို့ ယူဆပြီး ဖေဖေ အစွမ်းကုန် လိုက်လျောခဲ့တာ၊ ဒါပေမယ့် ကိုယ့်သားမယားကတောင် ကိုယ့်ကို နားမလည်နိုင်တဲ့အဖြစ်က အကျည်းတန်လွန်းတယ်"

ဦးမိုးနှင်း ရင်ထဲမှာလည်း ခံစားချက်တွေ အပြည့်နှင့်ပါ။ ယဉ်ယဉ်မြင့် ဆိုသည့် မိန်းမကို သူ အမှန်တကယ်မြတ်နိုးခဲ့သည်။ မိသားစုအရှုပ်အထွေးထဲကနေ လွတ်မြောက်အောင် ရုန်းထွက်ဖို့လည်း သူ ကြိုးစားနေခဲ့၏။

ဒါကို ဘယ်လိုပြောပြော နားမလည်။ သူမက ဆင် ... ရှိမ်သည်၊ အပြင်မှာရှုပ်ပွေပြီး သူမကိုတော့ ချောင်ထိုးထားသည် ဆိုသော အမြင်စောင်းမှုတွေက တစ်စတစ်စ ကြီးထွားခဲ့ပြီး နောက်ဆုံးမှာ အိမ်ထောင်ရေး ပြိုကွဲသွားခဲ့သည်။

မိန်းမ ထွက်သွားတာကို သူ လိုက်မခေါ်ခဲ့တာ အပြစ်တဲ့လား။ လိုက်သွားခဲ့တာကို ပြန်ခေါ်ခဲ့သည်၊ မလိုက်နိုင်ဘူးဆိုတာကို နောက်ထပ် ဒူး





ထောက်ခေါ်ဖို့ထိ မာနက ဦးမကျိုးဘဲဖြစ်နေ၏။

ကိုယ်ကမှားခဲ့တာမဟုတ်၊ ဒီမိန်းမနဲ့ ကလေးတွေအတွက် သူ ရည်ရွယ်ခဲ့တာတွေ၊ ကြိုးစားနေတာတွေ ဘယ်သူသိသိမသိ သိ လင်နဲ့မယားကတော့ သိရမည်၊ နားလည်ရမည်။

ဒါကို နားမလည်ခဲ့တာ သူ ဘယ်လိုစည်းရုံးရဦးမှာလဲ၊ ဒါပေမယ့် သူမတို့သားအမိတွေ ဆင်းရဲသွားခဲ့တာတော့ မှန်သည်။ ထိုအဖြစ်အတွက် သူ မာနထားခဲ့မိတာကိုလည်း အပြစ်ရှိသည်ဟု ကိုယ့်ကိုယ်ကိုယူဆခဲ့မိသည်။

မြင့် ဆုံးသွားခဲ့ပြီးနောက်မှာတော့ ကလေးတွေအပေါ်မှာ သူ အများကြီးကြည့်ရှုခဲ့သည်။ ဒီကလေးနှစ်ယောက်အတွက် လစဉ် အသုံးစရိတ်ဘဏ်မှာ ထည့်ထားပေးခဲ့သည်။ စီးဖို့ကားက အစ၊ အိမ်ကို ပျဉ်ထောင်အိမ်သေးသေးလေးကနေ တစ်ထပ်တိုက်လှလှပပလေးဖြစ်စေခဲ့၏။

ဒီကြားထဲမှာ ဘာမှ လိုလေသေးမရှိအောင် သူ အစစအရာရာ စီစဉ်ပေးခဲ့တာပဲဖြစ်သည်။ ဘယ်လောက်ထိလဲဆိုရင် နောက်ထပ် လက်ထပ်ခဲ့သည့်မိန်းကိုတောင် ကလေး ထပ်မယူချင်တဲ့အကြောင်း ကိုယ့်ဆန္ဒကို ပြောပြထားခဲ့သည်။

ကိုယ့်ဘက်ကျတော့ မိန်းမကလည်း နားမလည်စွာ ပစ်ခဲ့သည်၊ သမီးတစ်ယောက်ကလည်း ကလန်ကဆန်၊ ဒီအမေလို ဒီပုံစံ ချိုးလာတာကို ရင်ထဲမှာတော့ နာကျင်နေပြီဖြစ်၏။ အစကတည်းက 'ကိုယ့်မှာအပြစ်မရှိ' ဟု ခံယူထားပြီးသား။

ဒီ ကို သူ ရှင်းပြဖို့ ကိုယ့်စေတနာကို နားလည်အောင်ဆွဲဆောင်စည်းရုံးဖို့ ဘယ်တော့မှမလုပ်ဖို့ ဆုံးဖြတ်ခဲ့တာလည်း ရှိခဲ့ပြီးသည့် ဝေဒနာအနှင့်ဖြစ်၏။

စိတ်ကူးထဲမှာ နစ်မျောသွားသည့် ဦးမိုးနှင်း မျက်နှာက ကားမောင်းနေရင်း အိပ်ပျော်သွားသူနှင့်တူ၏။ မျက်လုံးဖွင့်လျက်နှင့် သတိလစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သူလို ကြာရှည်စွာ တိတ်ကျသွားသည်။ ပြီးမှ ဒီဒီ ကို ငုံ့ကြည့်ကာ ...

"အဲဒါ သူတို့တွေက လူမှားကြတာမဟုတ်ဘူး သမီးအစ်မက အဲဒီလို ဖြစ်ဖို့ ဖန်တီးနေတာ"

ဟု စကားကို ပြန်ဆက်သည်။

"ကျောင်းချင်းမတူအောင်ခွဲတက်တယ်၊ အမွှာညီအစ်မရှိတယ် ဆိုတာကို ဖုံးထားတယ်၊ ရည်းစားနှစ်ယောက် ပြိုင်ထားပြီး ပြိုင်တူချိန်းမိတော့ သမီးကို တစ်ယောက်နဲ့တွေ့ဖို့မလွှတ်ဘူးလား"

"ဟင် ..."

ဝမ်းနည်းဖို့ပင် မေ့သွားသည်။ ဟန်ဆောင်သည့်ပညာကို မကျွမ်းကျင်သည့် ဒီဒီ မျက်နှာလေးကို ဦးမိုးနှင်း က မှန်ထဲကနေကြည့်ပြီး ခေါင်းညိတ်၏။

"တနေ့တတ်တာ ကောင်းတယ် သမီး၊ အားနာတတ်တာမကောင်းဘူး။ မသိလို့အလိမ်ခံရတာထက် သိရက်နဲ့ ခံနေတာကျတော့ နုံတာ၊ သည်းခံတာမဟုတ်ဘူး။ အဲဒါ ကြောက်တတ်တာ၊ သမီးတို့ညီအစ်မကို ဖေဖေက တို့ထောင်ပေးတာမဟုတ်ဘူး။ ကိုယ်ရည်ကိုယ်သွေးဆိုတာ ကိုယ်တော်ဖို့အတွက် ကိုယ် ကြိုးစားရမှာကိုပြောတာ၊ ကိုယ်ကောင်းဖို့ မပါဘဲ သူများအကျိုးတွက် ဖြစ်မယ်ဆိုရင်လဲ မာယာသိကြားမင်း လှူဘဝမှာ ကြိုးစားသွားသလိုလုပ်"

ကားလေးက အင်းယားကန်ပေါင်ကြီးဘေးမှာ ရပ်တန့်သွားလေသည်။ ဦးမိုးနှင်း က စတီယာရင်ပေါ်မှာ လက်တစ်ဖက်တင်လျက် ဒီဒီ ဘက်ကို ကိုယ်တစ်ခြမ်းစောင်းလှည့်၍ထိုင်လိုက်သည်။

"ဖေဖေ လူပျိုပေါက်အရွယ်က ရွှေတိဂုံဘုရားကိုသွားတော့ ပန်းဝယ်သွားတဲ့မိန်းမကြီးတစ်ယောက်က ပန်းသည်ဆီက ပြန်အမ်းဖို့ရှိတဲ့ပိုက်ဆံကို 'မအမ်းနဲ့တော့သမီး' ဆိုပြီး ထားခဲ့တယ်၊ နောက်က ဘာပြောလိုက်ခဲ့





တယ်ထင်လဲ"

ဒီဒီ က ခေါင်းလေးခါပြီး ဖေဖေ ဆက်ပြောမှာကို စေ့နေခဲ့သည်။ ဖေဖေက ဒီဒီ ကို သနားကြင်နာသည့်မျက်ဝန်းများဖြင့် ကြည့်၍ ...

"'အဲဒီလို ပိုက်ဆံမှန်းမသိတဲ့ဟာတွေ များများလာပါစေ' လို့ ပြောပြီး ရယ်နေကြတာ"

"ရှိင်းလိုက်တာ"

"ပြောတဲ့လူက ရှိင်းပေမယ့် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကဲ့ရဲ့ခံရအောင် လုပ်မိသလိုဖြစ်တော့ ကိုယ်မှားသွားတာပဲမဟုတ်ဘူးလား၊ ဘုရားပေါ်မှာ ဝန်အတူကပ်ဖြစ်လို့ 'အဒေါ် ဘာဖြစ်လို့ ပန်းသည်ဆီမှာ ပိုက်ဆံပိုပေးခဲ့တာလဲ' လို့ ဖေဖေ မေးသေးတယ်"

"ဘာပြောလဲဟင်"

"ပိုပေးခဲ့တာမဟုတ်ပါဘူး ဒေါ်တူရယ်၊ ဘုရားပန်းဆိုတော့ ကပ်ကပ်သပ်သပ်လဲ မဆစ်ချင်ဘူး၊ ပြီးတော့ ပြန်အမ်းဖို့ပိုက်ဆံရှာနေတာကိုလဲ ရပ်စောင့်မနေချင်လို့ တဲ့"

"ဒါလဲဟုတ်မှာပေါ့ ဖေဖေ"

"ဟုတ်တယ်လေ၊ သူလဲ သူ့အတွက်နဲ့သူ မှန်တာပဲ၊ ဒါပေမယ့် လှူဖို့ထ ဘုရားကိုလှူမှာပဲ၊ ပန်းသည်ကိုလှူဖို့မှမဟုတ်တာ"

ဒီဒီ ခေါင်းညိတ်မိသည်။ ဦးမိုးနှင်းက ကျေနပ်သွားကာ လိုရင်းကို ဆက်ပြော၏။

"လှူဖို့ထည့်တာကို တစ်ဝဲခြောက်ပြားလေးနဲ့ ကပ်သပ်ဆစ်နေတာကျတော့လဲ ကဲ့ရဲ့ခံရမှာပဲ။ ဖေဖေ ဆိုလိုတာက မရှိမပင်ပဒါရဲ့ သဘောကို သိလို့ရတာ။ ဘယ်အရာပဲဖြစ်ဖြစ် အစွန်းမရောက်အောင် မှတမြင်တတ်ရမယ်။ ကိုယ့်အတွက်နဲ့ကိုယ်နေတာက ခဏတော့ အေးချမ်းသလိုပဲ။ ဒါပေမယ့် ဝတ်ဝန်းကျင်အသိုင်းအဝိုင်းဆိုတာ ရှိနေတဲ့အတွက် ရေရှည်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး"

"ဖေဖေ... ဖေဖေ ဘာကိုဆိုလိုတာလဲဟင်"

"ပြောမယ်"

ဦးမိုးနှင်းက ပင့်သက်တစ်ချက်ရှိုက်သွင်း၍ ခဏနားသည်။ ပြောရမှာက နှစ်ယောက်စလုံး ကိုယ့်သမီးတွေပဲဖြစ်နေ၏။ သို့သော် ကြည့်နေတော့လည်း အမြင်မတော်ပေ။

"ကိုယ့်ကို အသုံးချနေတာလား၊ အကူအညီတောင်းနေတာလား သမီး သိရမယ်၊ ရည်းစားထားတာ သမီးတို့အရွယ်မှာ အပြစ်တင်လို့တော့ မရဘူး၊ ဒါပေမယ့် ပွေရှုပ်လာတာ အပြစ်ရှိတယ်၊ သမီး ဒါကို သိတယ် မဟုတ်လား"

ဒီဒီ ခေါင်းညိတ်လိုက်ရပေမယ့် နောက်ဆက်တွဲ ပြောလာမည့် ဖေဖေ့စကားတွေကို မကြားရဲသလိုဖြစ်နေမိသည်။

"သမီးအစ်မ အသွားမတော်၊ အနေမတော်တွေ လုပ်နေတာသိရဲ့ သားနဲ့ သူ့ တွန်းလှတ်တိုင်း သမီးက သွားနေတာ ကိုယ့်ကိုယ်ကို ဂာယ်တင် ရှင်ကြီးလို့မြင်နေတာလား၊ ဒါမှမဟုတ် ရည်းစားထားတဲ့လူကို စာနာပေး နေတာလား"

"မဟုတ်ဘူး ဖေဖေ"

"ဒါဆို ကိုယ့်အတွက်နဲ့ကိုယ် မှန်တယ်ထင်လို့ပေါ့"

"ဟင့်အင်း"

မေးနေပေမယ့် နားလည်နေသည့် ဦးမိုးနှင်းမျက်ဝန်းများက သမီး ငယ်အတွက် စိတ်မကောင်းခြင်းများနှင့်ဖြစ်၏။ ထို့ကြောင့် ခေါင်းတခေါ က်ဆက်ညိတ်လျက် ...

"ကိုယ့်အစ်မ ဆိုတာက မှန်တယ်၊ ဒါပေမယ့် ဒါ စာနာရမယ့်ကိစ္စ မဟုတ်ဘူး၊ ကိုယ့်အတွက်နဲ့ကိုယ် သမီး ဘယ်လိုစိတ်ကူးနဲ့ပဲကူညီပေး





နေ သမီးကြီး ဒါမှမဟုတ် ဘေးလူတစ်ယောက်ယောက်ရဲ့ အမြင်မှာ သမီး ညံ့လို့ အသုံးချခံနေတာပဲ"

ဒီဒီ မျက်ရည်တွေ နောက်ထပ်တစ်ခါ ဝေ့သီလာပြန်သည်။ သမီး နှစ်ယောက်စပ်ကြားမှာ ဖေဖေ ဘယ်လိုစေတနာမျိုးနှင့် ဖြစ်မနေ ဝင် ပြောလာရသည်ကိုလည်း သိပါသည်။

ထို့ပြင် သူမ တကယ် ညံ့ခဲ့သည့်အဖြစ်ကလည်း အမှန်ပဲဖြစ်သည်။ မတော်မှန်းသိပေမယ့် ဒို ဒကား၊ ဒို့ ရဲ့ လွှမ်းမိုးမှုအောက်မှာ သူမ မလွန် ဆန်နိုင်။

ဖေဖေ ပြောသလို သည်းခံတာမဟုတ်ဘဲ ကြောက်ပ ဘမျိုးလား။

"နောက်ထပ် သမီးအစ်မနဲ့သမီး ရှုပ်ထွေးလာဖို့တွေ အများကြီးရှိ သေးတယ်၊ သမီးပဲ နစ်နာမှာကို ဖေဖေ မြင်နေလို့ ခုလို သတိပေးနေတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးတို့က ရုပ်ချင်း ခွဲမရအောင်တူနေတဲ့ အမြွှာ ညီအစ်မ ဖြစ်နေလို့"

ဒီဒီ ခေါင်းလေးညိတ်ရင်း မျက်ရည်တွေကို စီးမျောခွင့်ပေးလိုက်သည်။ မျက်တောင်များတို့ကို ဖိပိတ်လိုက်ပြီး နည်းနည်းလေးငုံ့လိုက်တာနှင့် မျက်ရည်တွေ ပွေးနွေးစွာစီးကျကုန်၏။

"ဘုရားရှင် ဟောထားခဲ့တာရှိတယ် သမီး၊ လူဆိုတာ ကိုယ့်ကိုယ်ကို သာ အချစ်ဆုံးတဲ့၊ ဒါကြောင့် ကမ္ဘာမီးလောင် သားကောင်ချနင်းလို့ ဆိုရိုး စကား ရှိခဲ့တာပေါ့၊ အခု သမီး နစ်နာနေတာက လွန်ခဲ့နေပြီ၊ ကိုယ်တိုင် အနစ်နာခံနေတာဖြစ်ဖြစ်၊ မသိလို့ခံရတာဆိုဆို သမီး ညံ့တာပဲ၊ မှားမှန်း သိရင် နောက်ပြန်ဆုတ်လိုက်၊ တစ်ကိုယ်ကောင်းမဆန်မိအောင် နည်းနည်း လေးပဲထိန်းထားရင် ရပြီ၊ ဆိုလိုတာက သမီး မ အ ပါနဲ့"

ဦးမိုးနှင်း က စကားကို အဆုံးသတ်ပြီး ခဏကြာမှ ကား ကို စက်ပြန် နှိုးလိုက်သည်။ ကားလေးသည် ဗျူးတီးစလွန်းတစ်ခုရှေ့မှာ ရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



လျက်...

"ဖေဖေ ဘာလုပ်မလို့လဲ"

"သမီးဆံပင်တွေကို ဖြတ်ပေးမလို့"

ဦးမိုးနှင်း က ကားကိုသော့ခတ်ခဲ့လိုက်ပြီး ...

"ဆံပင်ရှည်ကြီးတဝဲဝဲနဲ့ သမီးကြီးက သိပ်လှတာ၊ သူ့ဆံပင်ကို ဘယ်တော့မှဖြတ်ပစ်မှာမဟုတ်တာ သေချာတယ်လေ၊ အဲဒီတော့ သူနဲ့ကွဲပြားသွားအောင် သမီး ဆံပင်တိုသွားမှဖြစ်မယ်"

"ဟင် ..."

ဒီဒီ ကိုယ့်ဆံပင်တွေကို ကယောင်ကတမ်း စမ်းကိုင်မိ၏။ ဒီ ကတော့ ရုပ်ရှင်မင်းသမီးတွေမှဝင်နိုင်သည့် တကယ့်နာမည်ကြီးဆိုင်တွေမှာ ဆံပင်ကို လှလှပပဖြောင့်၍ဆေးဆိုးထားသေးသည်။ ထို့ကြောင့် ဒီ ဆံပင်တွေဟာ ရွှေအိုရောင်လိုလို၊ ပန်းရင့်ရောင်လိုလို ဆံနွယ်တွေကို ယိမ်းခါလိုက်တိုင်း ရောင်စဉ်တွေ ပြိုးပြက်လက်နေတတ်၏။

ဒီ တော်တော်လှနေတာ ဆံပင်တွေကြောင့် ဆိုတာ မှန်လေသည်။

ဆံပင်ရှည်တာချင်းတူသော်လည်း သူမကတော့ ဘာမှ ပြုပြင်မထားခဲ့ပေ။ ကျစ်ဆံမြီးကျစ်မိလိုက်၊ လက်ကိုင်ပဝါနဲ့စည်းလိုက်၊ တစ်ခါတလေ အော်တိုမစ်တစ်ကလစ်နဲ့ စုသိမ်းညှပ်ထားလိုက်တာလည်းရှိသည်။

ဦးမိုးနှင်းက တစ်ဖက်ကနေသွား၍ တံခါးဖွင့်လိုက်ပြီး ဒီဒီ ကို လက်ဆွဲခေါ်သည်။

"သမီးကို ပုံဆိုးသွားအောင် ဖေဖေ လုပ်မပေးပါဘူး၊ ပထမအဆင့်အနေနဲ့ သမီး စိတ်ပြောင်းကြည့်လို့ရအောင်ပေါ့၊ သမီးရဲ့ပြောင်းလဲမှုကို သမီး ရုတ်တရက် ပြောဖို့မလိုဘဲ သမီးကြီးလဲသိသွားလိမ့်မယ်၊ နည်းနည်းကြေကွဲစာတော့ရှိမှာပေါ့၊ သည်းခံလိုက်ပါ"

သည်းခံဖို့ဆုံးဖြတ်ထားလိုက်သော်လည်း ရင်ခွင်ထဲကို ပြို့ဆင်းပြတ်





ကျလာသည့်ဆံနွယ်တွေကို လက်ဖဝါးထဲမှာဆုပ်မိတော့ မျက်ရည်တွေ ဖိုးပိုးပေါက်ပေါက်ကျလေသည်။

ဒါဆိုရင် ဒီ နဲ့ ကွဲပြားခွင့် တကယ်ရပြီလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဟား ဟား ဟား"

ခါးတစ်ဖက်ထောက်၍ ပခုံးတွေလှုပ်အောင်ရယ်သည်။ မျက်နှာမော့၍ အသံတွေပိုကျယ်အောင်များ တမင်ရယ်သလားမသိ၊ စာမေးပွဲ နောက်ဆုံးနေ့လည်းဖြစ်၊ ဒီနှစ်က ဖိုင်နယ်မို့ အနားမှာ သူငယ်ချင်းတွေလည်း ရှိနေကြ၏။

လျှောက်လည်ကြမည်၊ ဓာတ်ပုံစုရိုက်ကြမည်၊ စားသောက်ပျော်ပါးရင်း နှုတ်ဆက်လက်ဆုံဖြစ်ကြဖို့ အားလုံးက အိမ်ကလူကြီးမိဘတွေဆီ ကြို တင်ခွင့်တောင်းလာခဲ့ကြတာဖြစ်သည်။

ထို့အတူ ဒီ ဘေးက သူငယ်ချင်းအုပ်စုက ပိုများသေးသည်။ ဒီဒီ နှင့် အလားတူသော ပြုံးစစ မျက်နှာပေးများနှင့် လက်ပိုက်တဲ့သူက ပိုက်လို့ အုပ်စုနှစ်စု မျက်နှာချင်းဆိုင်ရပ်နေကြသော်လည်း ဒီဒီ တို့ဘက်က မျက်နှာ ငယ်ရသည့်ဘက်ဖြစ်သည်။

"နင့်ကို ငါ စကားပြောရမှာစိတ်ကုန်လို့ ဟိုနေ့ကတည်းက [illegible] ပိတ်နေခဲ့တာ၊ ခုလဲ နင့်ဆီ တမင်လာတာမဟုတ်ပါဘူး၊ ကြုံလို့ ..."





ဟု ပြောကာ စောစောကလောက်မကျယ်သော်လည်း ပခုံးတွေလှုပ်အောင်ရယ်ပြန်သည်။ လူကို စေ့စေ့စပ်စပ်ကြည့်ကာ ...

"တော်သွားပဲနော်"

ဟု ပြောရင်း နောက်က သူ့သူငယ်ချင်းတွေကို လှည့်၍ မေးဆတ်၏။ အားလုံးကလည်း ထောက်ခံကြသည်။

"အစက ဆံပင်တွေရှည်တာ တူပေမယ့် သူက မလှတော့ သိသာပါတယ်"

"ခုကော ..."

သူတို့ပဲမေး၍ သူတို့ချင်းပဲ ဖြေနေကြ၏။

"ခုကျတော့ ဆံပင်ပုံကွဲသွားပေမယ့် သူလဲ အရမ်းလှလာတာပေါ့"

"အဟွန်း... ပုစွန်ဆိတ်လေးဘယ်လိုငယ် ပင်လယ်ကူးတတ်တယ် ဆိုတာလေ၊ နင် သတိရပေါ့"

"ဟား ဟား ဟား"

"လာပါဟာ၊ ဘယ်လိုပြင်ပြင် နင့်လောက်မလှပါဘူး၊ အချိန်ကုန်တယ်၊ သွားမယ်"

ပြောလို့ဆိုလို့ အားရကြတော့ ဒီ လက်ကို ဆွဲခေါ်ကြ၏။ ဒီ က နှုတ်ပြုံ့ဆိုက်တော့မတတ် ဒီဒီ ကို စိုက်ကြည့်ကာ ...

"နင် ဘယ်ခြေလှမ်းမယ်ဆိုတာ ငါ သိတယ် ဒီဒီ တူမယ်ထင်ရင် တု ကြည့်လိုက်ပါ။ ဟွန်း... နင်က ငါနဲ့တူနေတာကိုး"

ဒီ ဘာပြောသွားတာမှန်း ဒီဒီ ကတော့ သိသည်။ အထွတ် ကို ဒီ အချိန်ထိ မျှော်လင့်နေခဲ့မှန်း ကြာလာလေ ပိုသိလာခဲ့ရလေ။ အထွတ် နှင့် ပတ်သက်မှန်းသိခဲ့သည့်နောက်ပိုင်းမှာ ညီအစ်မဆိုသည့် ရင်းနှီးမှု ချစ်ခင်မှု လေးနဲ့တောင် မကြည့်တော့ပေ။

မျက်လုံးစိမ်းနဲ့ကြည့်သည်၊ ရင့်သီးသောစကားတွေပြော၏၊ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



တွေဖြတ်ပစ်လိုက်တာကိုလည်း ဒီဒီ က အထွတ် နဲ့ ပတ်သက်လာမှ လှသထက်လှအောင် ပြင်ဆင်နေသည်ဟု ထင်သွားခဲ့တာဖြစ်၏။

သူငယ်ချင်းတွေကတော့ ဘာမှသေချာမသိကြပါ။

“နှင့်အစ်မကလဲ ကိုယ့်ညီမကို ပြောသွားလိုက်တာ ညီအစ်မနဲ့မတူဘူး”

“အေးလေ၊ ရှည်းစားလုဘက်ကျနေတာပဲ”

“ညီအစ်မတွေဖြစ်နေလို့ပေါ့၊ မဟုတ်ရင် ငါ တစ်ခုခု ဝင်ပြောပစ်လိုက်မိမှာ။ ကြားနေရတာ အသည်းယားဖို့ကောင်းလိုက်တာ”

သူငယ်ချင်းတွေက တစ်ယောက်တစ်ခွန်းနှင့် ဒေါသသံတွေထွက်လာသည်။ ကားမှတ်တိုင်ထိ တစ်အုပ်စုလုံး အတူထွက်လာခဲ့ကြစဉ် လွယ်အိတ်ထဲက ဖုန်းမြည်လာ၏။ ဒီဒီ ထုတ်ကြည့်လိုက်တော့ မသိတဲ့နံပါတ်ဖြစ်နေ၏။

“ဟဲလို”

“ဒီဒီ ကိုယ်ပါ”

“ဟင် ...”

ဖုန်းတွေ ဘယ်နှစ်လုံးလောက် ပြောင်းဆက်နေသည်မသိ။ သူ့ဖုန်းနံပါတ်မှန်းသိလျှင် မကိုင်ဘူးဆိုတာ ကြိုသိနေပုံရ၏။ သူ့ကြောင့်ပဲ ကိုယ့်မောင်နှမ ဇာတ်လမ်းဒေါသကတွေတိုးပွားနေရသဖြင့် ဒီဒီ သူ့အသံကြားတာနှင့် အံကြိတ်သွား ဖြစ်နေခဲ့၏။

“ဒီဒီ ... မင်းမကြိုက်မှန်းသိလို့ မင်းရှေ့ကို ကိုယ် မလာပါဘူး။ ဒါပေမယ့် မင်းကို အခု ကိုယ် ဖေးနေတာယ်”

ဟင်...၊ ဒီဒီ ဖုန်းကိုင်ရင်း ဟိုကြည့်ဒီကြည့် ဖြစ်သွား၏။ သူငယ်ချင်းတွေကလည်း ခြေလှမ်းတွေ နှေးပစ်လိုက်ကြပြီး ဘယ်ကဖုန်းလာသည်ဆိုတာကို မမေးပေမယ့် နားစွင့်နေကြသည်။





“သိပ်လှတာပဲ ဒီဒီ၊ အဲဒီဆံပင်လေးနဲ့ မင်း လှတယ်၊ ဝင်းသားတဲ့ ကြက်သွေးရောင်လေးနဲ့ ကြွေရုပ်လေးလိုပဲ၊ ကိုယ်လေ မင်းရဲ့ သန့်စင်တဲ့နှလုံးသားကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ...”

“တောက် ...”

ဒီဒီ ဖုန်းပိတ်ပစ်လိုက်၏။ ဘယ်ကိုကြည့်ကြည့် မမြင်ပေမယ့် ကားတွေ ထည်လဲစီးနေသည့် ဒီလူဟာ အနီးအနားမှာပဲရှိနေတာကို ယုံသည်။

ဘယ်လိုပြောပြော နောက်မဆုတ်။ မျှော်လင့်ချက်မပေးခဲ့ဘဲ တငင်ငင်တကောက်ကောက်လိုက်နေသည်။

တစ်သက်လုံးက ဒီလိုပဲနေလာခဲ့တာ မရိုးမသား စနောက်မယ့်သူပင်မရှိခဲ့ပါ။ ဒီ အဖြစ်နဲ့ သွားမိကာမှ ဒီလိုတွေဖြစ်ခဲ့ရသည်။ တွေးမိလေ ဒေါသဖြစ်မိလေ။

နေ့စဉ်ရက်ဆက် ဒီ ပြုမူတာခံနေရတာလည်း သူ့ကြောင့်...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

စာမေးပွဲပြီးပြီမို့ ဝတ္ထုစာအုပ်တစ်အုပ်နှင့်ငြိမ်နေရင်း အိပ်ပျော်သွားခဲ့သည်။ နိုးလာတော့ နေလယ်နှစ်နာရီခွဲနေပြီဖြစ်၏။

နွေခင်း မအိပ်ဖူးသဖြင့် ခေါင်းထဲမှာ မကြည်မလင်ကြီးဖြစ်ကာ အခန်းထဲကထွက်ဖို့ တံခါးနားရောက်လျှင် ...

"ဟာ... အဲဒီကိစ္စ ဒီ လက်မခံပါဘူးလို့ပြောထားခဲ့တဲ့ဥစ္စာ ဒေါ်လေးကလဲ"

"လက်ခံသလား၊ မခံဘူးလား မေးနေတာမဟုတ်ဘူး မိဒီ၊ ညည်းနာခံရမှာကိုပြောပြတာ၊ ပြန်ထိုင်စမ်း"

"နောက်မှပြော ဒေါ်လေးရာ၊ ဒီ ချိန်းထားတာရှိလို့"

"ရည်းစားနဲ့လား"

ဒေါ်လေးအသံက မာထန်နေသလို ဒီ ကလည်း အကြောက်အလန့်မရှိ။

"ဒေါ်လေးတို့က ဒီ့ ကိုဆို အဲဒီလိုထင်ကြတာပဲ၊ အရွယ်ရောက်လို့ ယောက်ျားပေးစားတာတောင် ဒီ အနေအထိုင်မတတ်လို့ ပေးစားရတာမျိုး ခေါင်းစဉ်တပ်တယ်၊ အဲဒါကြောင့်ကို လက်မခံနိုင်တာ"

"ဒါကတော့ ကိုယ့်သမိုင်းမကောင်းလို့ပဲ မှတ်ပေါ့၊ ရည်းစားထားတာ





များတာ ညည်း မဟုတ်လို့လား"

"ဟုတ်တော့ကော ဒီ ဘာဖြစ်ခဲ့လို့လဲ၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်တယ်"

"အေး မထိန်းနိုင်တာကို သိရကာမှ နွားမရှုံ့ ပိတ်ထုတ်တော့ ဘယ်ယောက်ျားကောင်းက လိုချင်မှာလဲ"

"ဒေါ်လေး အဲဒီလို ရင့်ရင့်သီးသီး မပြောပါနဲ့"

"ပြောမှသိမှာမို့လို့ ပြောရတာ"

ဒေါ်ယဉ်ဆင့် ဖျတ်ခနဲထရပ်လိုက်သည်။ ဒီစကားတွေမပြောချင်လို့ ဆုံးမစကားပြောခဲ့တာတောင် လိုရင်းတိုရှင်းနဲ့ပဲ ပြီးခဲ့တာပါ။

မေတ္တာရေး၊ အိမ်ထောင်ရေးတွေကို ကိုယ်လည်း စိတ်မဝင်စားခဲ့သလို ပြောလည်းမပြောချင်။ ပြီးတော့ 'ဒေါ်လေးကကော ဘယ်လောက်နားလည်လို့လဲ' ဟု အပျိုကြီးဖြစ်ရသည့် ဂုဏ်ပုဒ်ကို ရိုက်ပုတ်ချခံရဖို့လည်းရှိ၏။ ဒီကောင်မလေးကို မပြောဘဲနေလို့ ရကိုမရတော့ပေ။ လျှော့ပေးနေလေ ကဲလာလေ၊ သည်းခံလေ ရိုင်းစိုင်းလေ။

"နောက်တစ်ခု ညည်း သိထားဖို့က ဒီအိမ်၊ ဒီခြံ ညည်းတစ်ယောက်တည်း အပိုင်သိမ်းထားပြီး စီးနေတဲ့ကား၊ အားလုံးက ညည်းအဖေရဲ့ အထောက်အပံ့တွေ"

"အဲဒါတွေ ပြန်သိမ်းမယ်လို့ ခြိမ်းခြောက်လိုက်တာနဲ့ ဒေါ်လေး ဖျားနေတာမဟုတ်လား"

"ဖျားရပါသကောအေ။ ငါ့အသက်အရွယ်ကြီးနဲ့ ဒီအခြေအနေပြန်ဖြစ်အောင် ကြိုးစားဖို့က ဖြစ်မှမဖြစ်နိုင်တော့တာ၊ ငါပြောချင်တာက ငါကိုယ်တိုင် မပိုင်တာကိုဘဲ၊ အဲဒီတော့ ညည်း ထင်ရာတွေလုပ်သွားမယ်ဆိုရင် ညည်းအဖေက ညည်းကို အမွေတစ်ပြားတစ်ချပ်မှ ပေးမှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဒီလိုခြိမ်းခြောက်တာတွေက ခေတ်ပြားဟောင်းကြီးတွေပါ"

ဒီ က ကျောပေါ်မှာ ဝဲဖြာနေသည့်ဆံပင်တွေကို မျက်နှာတစ်ခြမ်း ဝင့်လှန်ခါထုတ်လိုက်ပြီး ရယ်၏။ တစ်ကိုယ်လုံးရဲတောက်နေသည့်ထဲမှာ ဆန့်ကျင်အောင် အဖြူရောင်ဆလင်းဘက်ခ်အိတ်လေးကို ပခုံးပေါ်ပြန်တင်လိုက်၊ ရှေ့မှာပိုက်ပြီး မဲ့လိုက်။

တောင်းဆိုးပလုံးဆိုး၊ သားဆိုးသမီးဆိုး ဆိုသည့် စွန့်ပစ်နိုင်ခြင်း၊ မပစ်နိုင်ခြင်းကို နိုင်းနှိုင်းသည့် ဆိုရိုးစကားအတိုင်း တစ်ထစ်ချ တုက်ထားပုံလည်း ရှိသည်။

"ဒါကတော့ ညည်းက ဆူးချုံနင်းချင်တယ်ဆိုရင် သဘောပဲ၊ စေတနာကို စေတနာမှန်းမသိတဲ့လူကို ပြောရတာ ကျွဲပါးစောင်းတီးပဲ မီဒီ၊ လူကြီးတွေက ဒီ နဲ့ ဒီဒီ ကို ခွဲခြားချစ်နေကြတယ်လို့ထင်ပြီး ညည်းက ထွေလိုက်ပေါ်လိုက် လုပ်နေတာ။ တကယ်က ညည်းကိုယ်ညည်း ခွဲခြားနေတာပါ။ လူမှန်းသိတတ်ပြီဆိုကတည်းက ပေးနေ၊ ကျွေးနေတဲ့ ဖအေကို ဘက်တိုက်တယ်"

"ဘက်တိုက်တာမဟုတ်ဘူး၊ ဒီ က အမှန်ကိုသိနေတာ၊ အစကတော့ ဒေါ်လေးတို့ မေမေတို့လဲ ဖေဖေ့ကို အကောင်းပြောခဲ့လို့လား၊ မေမေ သေသွားမှ ဟွန်း ..."

ခပ်ထေ့ထေ့မျက်ကြောစင်းကြည့်ပြီး မဲ့ပစ်လိုက်တော့ ဒေါ်ယဉ်ဆင့် တစ်ကိုယ်လုံး ဖြန်းခနဲပူထူသွား၏။

"မိ... မီဒီ ညည်း ဘာပြောလိုက်တယ်"

"ဘာမှမပြောပါဘူး၊ ဒေါ်လေး အမျိုးမျိုးပြောင်းလဲနေတာကိုပြောပြတာ၊ ဒီ ကတော့ မလိုချင်ပါဘူးဆိုတာကို ဇွတ်ပေးစားရင် အမွေလည်း အဆုံးမခံဘူး။ အဲဒီလူကြီးကိုယူပြီး ထင်သလိုလုပ်ပြမယ် ကြည့်"

"မီဒီ ..."





"အပြန်မှပဲပြောမယ်"

ဒီ က ဇွတ်ပဲပြေးဆင်းထွက်သွားသည်။

"မိုက်ရိုင်းလိုက်တဲ့ကောင်မလေး"

ဒေါ်ယဉ်ဆင့် မချိတရိ မျက်ရည်ဝဲနေဆဲမှာ ဒီဒီ ရောက်သွားခဲ့၏။

"ဒေါ်လေးရယ် ဖေဖေက ကျောင်းပြီးတာနဲ့ ဘာကြောင့် ချက်ချင်း စီစဉ်ရတာလဲ ဟင်၊ ကျောင်းပြီးသွားပြီဆိုရင် ဒီ စုလိုသွားလာတတ်တာတွေ လျှော့သွားမှာပါ"

"လာပြန်ပြီ တစ်ယောက်"

ဒေါ်ယဉ်ဆင့်၏ မချိတရိများက ဒီဒီ မျက်နှာလေးပေါ် ရောက်လာ၏။ ဒီဒီ က ဒေါ်ယဉ်ဆင့်လက်မောင်းကို ဖွဖွလေးဆုပ်ကိုင်ထားလိုက်ကာ...

"ဒီဒီ ... ဒေါ်လေးတို့ ဖေဖေတို့နဲ့ ဒီ အဆင်မပြေဖြစ်နေကြတာကို ပြေလည်သွားအောင်ပြောတာပါ"

"မလိုဘူး၊ ဒါ လုပ်ကိုလုပ်ရမယ့်ကိစ္စ"

'ဒေါ်ယဉ်ဆင့် က ဒီဒီ့ လက်ကလေးကို ပုတ်ထုတ်ခါပစ်လိုက်ပြီးမှ မျက်နှာကို ဒေါကြည့်သည်။ မျက်ဝန်းထဲမှာ 'နားမလည်တတ်ရန်ကော' လို့ အပြစ်တင်နေသည့်နှယ် ချက်ချင်း ရီဝေဖျော့ကျသွားကာ ...

"တွင်းတူးမိုက်နေတဲ့သူကို ပြန်ဆွဲတင်ဖို့ဆိုတာ မလွယ်တော့ဘူး၊ ဒီ မိန်းကလေးမှာ ရိုသေကိုင်းရှိုင်းမှုဆိုတာလဲ လျော့ရိလျော့ရဲ၊ နာခံတတ်တဲ့ အကျင့်လဲ မရှိဘူး။ မကောင်းတာကို မကောင်းမှန်းသိရက်နဲ့ ဇွတ်လုပ်တာ၊ ဘာတိုပြေလည်ဖို့ကြိုးစားရမှာလဲ"

ဆိုဖာထက်မှာ ဖြည်းလေးစွာထိုင်ချလိုက်ပြီး ကျောကပ်မှီလိုက်၏။

"ဝါ သိပ်ရင်နာတယ်၊ ဝါ သိပ်ချစ်တဲ့ညီမလေးက မွေးခဲ့တဲ့သမီးက ဒီလို မရိုသေတာ၊ မခင်တွယ်တာ၊ နားလဲမလည်နိုင်ဘူး၊ ငါ့ဘက်က ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေချို့ယွင်းခဲ့လို့လဲဆိုတာလဲ တွေးလို့မရဘူး ညည်းတို့လေးတွေအတွက် နဲ့ ဇာတဝတစ်ခုလုံးကို ငါ ပစ်ချပေးထားခဲ့တာ"

"ဟုတ်ပါတယ် ဒေါ်လေးရယ်၊ ဒီ လဲ ဒေါ်လေးကို ချစ်ပါတယ်၊ ဖေဖေ ဒီကိစ္စကိုစီစဉ်လိုက်လို့ ခုလိုပုံစံတွေဖြစ်သွားတာပါ"

"ညည်းအပေါ်မှာကော ကောင်းလို့လား"

ဒေါ်ယဉ်ဆင့် ကောက်မေးလိုက်တော့ ဒီဒီ မဖြေနိုင်။ ဟိုတုန်းကကို မေးတာလား၊ ခုလား။ ခု ပုံစံတွေပြောင်းလဲသွားခဲ့တာမှန်မည်ဆိုလျှင် ဟိုတုန်းကကော ဒီ နဲ့ ဒီဒီ ဘယ်သူက ပိုချစ်တာလဲ၊ ဒါလည်း သူမ သေချာ မတွေးတတ်ပါ။ သို့သော် ဟိုတုန်းက လွတ်လပ်ပျော်ရွှင်ခဲ့ရသည်၊ ခုကျ တော့ အားလုံး ပျောက်ဆုံးကုန်ပြီဖြစ်၏။ ဒေါ်ယဉ်ဆင့် က မျက်လုံးလေး တွန့်၍ ဒီဒီ တွေးနေတာကို စိုက်ကြည့်ကာ ...

"ဒီကောင်မလေးကိုက သွေးဆိုးတာ၊ သူ့ကို အိမ်ထောင်ချပေးဖို့ မဖြစ်မနေ စီစဉ်နေရတာကော ဘာဖြစ်လို့လို့ထင်သလဲ၊ အဲဒါ ညည်း အတွက်လဲ အများကြီးပါတယ် သိရဲ့လား"

"ဟင်... ဒီဒီ့ အတွက် ..."

"ဟုတ်တယ်၊ သူ့အတွက် အနေအထိုင်ပြောင်းလဲသွားစေချင်တာ ရယ်၊ သူနဲ့ပတ်သက်ပြီး ညည်းလေး ဒုက္ခရောက်ဦးမှာတွေကို ကြိုမြင်နေ တာရယ်၊ ဒါတွေဟာ ဒီ အိမ်ထောင်ကျမှုကိုဖြစ်မယ့်အကြောင်းတွေပဲ။ မိုးနှင်း ကအားလုံးစီစဉ်ပြီးနေပြီ၊ သူ ကလန်ကဆန်လုပ်ရင်တော့ ကံတရား ပဲ၊ ငါကလဲ ဒီလောက်ထိ မသိတတ် နားမလည်တဲ့ သားသမီးမျိုးကို အဆုံး စွန်ထိ သည်းခံလိုက်လျောခဲ့ပြီးမှ ချောက်ထဲကို အသေခံပြီး ခုန်ချပြဖို့ထိ တော့ မစွန့်စားနိုင်ဘူး"

ကြေကွဲနေသည့်မျက်နှာထက်မှာ အနည်းငယ် တင်းမာစပြုလာ၏။ ဒီဒီ အံ့သြနေခဲ့မိသည်။ ဒီ နဲ့ သူမ ပေါ့ပါးစွာဖြတ်သန်းခဲ့သော ထိတ်သန့်





ရင်ခုန်ခြင်း၊ ပျော်ရွှင်ရယ်မောခြင်း အားလုံးမှာ ဘယ်လိုအန္တရာယ်အငွေ့ အသက်တွေရှိနေခဲ့သည်လဲ။

လူကြီးတွေ ဤမျှထိ စိုးရိမ်ပူပန်နေကြသလို ဒီ နဲ့ ဒီဒီ နှစ်ယောက်၏ အနာဂတ်က တကယ်ပဲ ဆိုးရွားနိုင်သလား။

အတိတ်နှင့်ပစ္စုပ္ပန်သည် တွဲစပ်တည်ရှိခဲ့သည်ဆိုလျှင် အနာဂတ်က တော့ ဘာကြောင့်မမြင်မစမ်းဝေးကွာနေခဲ့တာလဲ။

သိချင်တာက ကိုယ့်အတွက်မဟုတ်ဘဲ ဒီ့ အနာဂတ်ကိုပဲဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီ့ ကို ဒီဒီ မေတ္တာမပျက်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ကြည့် ဒီမှာ"

မျက်နှာရှေ့ကို ရွရွလေးကျလာသည်က ဓာတ်ပုံတစ်ပုံဖြစ်သည်။ ညဘက်မှာ နုတင်နှစ်လုံးကပ်လျက်ကနေ မျက်နှာချင်းဆိုင် စကားပြောနေကျအကျင့်ကလေးတွေ ပျောက်နေခဲ့တာကြာပြီဖြစ်၏။

ဒီညကျမှ 'နင့်ကို ငါ ပြောစရာရှိတယ်' ဟု စကားစလာကာ သူမဘက်က စားပွဲအံဆွဲကိုဖွင့်၍ တစ်ခုခုထုတ်ယူနေသည်။

ဒီဒီ က ခေါင်းချင်နေတဲ့သူမို့ ဘာပြောပြော နားထောင်ဖို့ လည်ပင်းရှည်၍စောင့်နေခဲ့၏။ ဒီဘက်ပြန်လှည့်လာပြီး ရှေ့မှာပစ်ချလိုက်တော့ ဓာတ်ပုံဖြစ်နေသည်။

ကြည့်လိုက်တော့လည်း ခပ်ရင့်ရင့်ယောကျ်ားတစ်ယောက်၏ဓာတ်ပုံတစ်ပုံမှလွဲ၍ ဘာမှထူးခြားသည်မထင်ပါ။ ဒီ့ မျက်နှာကို ဒီဒီ ပြန်မော့ကြည့်မိ၏။

ဒီပုံကို ဘာကြောင့်ပြတာလဲ။ ချစ်ခင်စုံမက်ဖွယ်ရုပ်ရည် မဟုတ်၊ ငယ်ရွယ်နုပျိုသည့်ယောကျ်ားတစ်ယောက်လည်းမဟုတ်သည်မို့ စိတ်ဝင်စားသည့်အကြောင်းတွေ ရင်ဖွင့်မလို့လာပြတာတော့မဖြစ်နိုင်။





"ဘာမော့ကြည့်တာလဲ၊ ငါ့ကိုမကြည့်နဲ့၊ အဲဒီပုံကိုကြည့်ခိုင်းနေတာ၊ သေချာကြည့်"

မေးခွန်းတွေ၊ အမိန့်တွေထဲမှာ 'ကြည့်' ဖို့ချည်းပဲဖြစ်၏။ ဒီ့ မျက်နှာကသူမနှင့် စိတ်လိုလက်ရ စကားတွေပြောတော့မည်ဆိုပြီး ပြင်ဆင်လာတာမဟုတ်မှန်း ဒီဒီ နားလည်သွား၏။

ထို့ကြောင့် ဒီ့ ဘက်က နှစ်လိုဖော်ရွေမှုကို မမျှော်လင့်တော့ဘဲ ဓာတ်ပုံဆီမှာပဲ မျက်ဝန်းတွေက ပြန်လည်ငေးစိုက်သွားခဲ့၏။

အသက်သုံးဆယ်ကျော်ကျော်တော့ ရှိလိမ့်မည်ထင်သည်။ အသားညည်းညိုနိုင်သည်။ မျက်ခုံးထူထူနှင့် နှာတံကထင်းနေ၏။ ဟိုးရှေးခေတ်က ယောကျ်ားကြီးတွေထားသည့်ဆံပင်လို တိုတိုရှင်းရှင်း၊ အုန်းဆီရွှဲရွှဲမှာတော့ ခရင်မ်တွေလိမ်းထားတာဖြစ်နိုင်သည်။

နှုတ်ခမ်းကလည်း ပိပိရိရိရှိပေမယ့် အပေါ်အောက် အထူအပါးညီ၍ ပိတ်နေပုံက အံကြိတ်ထားတာနှင့်တူကာ မျက်နှာတစ်ပြင်လုံးမှာ နူးညံ့ပျော့ပျောင်းတာ ဘယ်နေရာမှမရှိ။ ထို့ပြင် နှုတ်ခမ်းမွေးတွေကမည်းနေသည်၊ မေးဖျားမှာလည်း ပါးမြိုင်းမွေးရာတွေကိုမြင်နေရသည်။

"မြင်လား၊ တွေ့ပြီလား၊ အဲဒါ ဘယ်သူလို့ထင်လဲ နင်"

"ဘယ်သူလဲ"

ဓာတ်ပုံကိုကိုင်ထားလိုက်ပြီး ဒီ့ ကိုမော့ကြည့်မိပြန်သည်။ ဒီ က ဒီဒီ့ခေါင်းသေးစွန်းကို တင်ပါးနှင့်မှီ၍ လက်ပိုက်ထားလိုက်ကာ ...

"နင့်ကို ငါ မေးချင်တယ်၊ အဲဒါကို အရင်ဖြေစမ်းပါ၊ နင့်ကို အဲဒီလူကြီးနဲ့ပေးမယ်ဆို နင် လက်ခံမလား"

"ဟင် ..."

ဒီဒီ နှုတ်ခမ်းတွေပွင့်သွား၏။ ဓာတ်ပုံကိုပြန်ငုံ့ကြည့်ပြီး နားလည်သွားသည်။ ဒီလူကြီးက ဒီ နဲ့ပေးစားမည့်သူ။



www.burmeseclassic.com

www.burmeseclassic.com



"အသားမည်းမည်း၊ မုတ်ဆိတ်ကျင်စွယ်ဗလပွနဲ့ အသက်က လေးဆယ်လောက်၊ ဒီလိုကုလားနက်ခြောက်ရုပ်ကြီးနဲ့ ငါ့ကို ယူရမယ်တဲ့၊ ငါက ခါးခါးသီးသီးငြင်းတော့ မိုက်ရိုင်းတယ်၊ မနာခံဘူးလို့ နင်တို့က ကွယ်ရာမှာ အတင်းတုပ်တယ်"

"မဟုတ်တာ ဒီရယ်၊ နင်ကလဲ"

"ဘာမဟုတ်ရမှာလဲ၊ ငါ့အကြောင်း နင်နဲ့ဖေဖေ၊ ဖေဖေနဲ့ဒေါ်လေး၊ ဟွန်း... လှည့်ပတ်ပြီး အတင်းတုပ်နေတာ ငါကမသိဘူးမှတ်လို့လား၊ ထပ်ပြောရင် ထပ်ရိုင်းရာကျဦးမယ်၊ ဒီလိုအရွယ် ဒီပုံစံကြီးကို သူ ယူပါလား၊ သူလဲ အပျိုကြီးပဲ"

"အယ်.. နင် တိုးတိုးပြောလေ၊ ဒေါ်လေး ကြားသွားတော့မှာပဲ"

"မကြားဘူး၊ ဓမ္မာရုံကိုသွားတယ်၊ အားရပါးရပြောချင်လွန်းလို့ အဲဒီတစ်ယောက် အပြင်သွားမှာကို သေလောက်အောင် မျှော်သိပ်စောင့်နေရတယ်၊ တကယ်ဆို သူနဲ့မှရွယ်တူဖြစ်မှာ၊ သမီးနဲ့အဖေလောက်ကို မစာ... နော"

က ဗ. "ဒီရယ်... နင်ပြောသလောက်ကြီးတော့ မဆိုးရွားပါဘူး၊ တချို့တ... ဒ်တ်ပုံထဲမှာ ပုံဆိုးပြီး အပြင်မှာ ..."

ၡ "အဲဒါဆို နင်ယူလိုက်မှာလား၊ ဘယ်လိုပဲကြားကောင်းအောင်ပြောပြော ငါ့ကို သက်သက်ချောက်တွန်းတာ အရမ်းသိသာတာပဲ"

'မဟုတ်ပါဘူး ဒီရယ်'လို့ ပါးစပ်ကနေ ဒီဒီ မပြောရတော့ပါ။ သူ... ဝင်ပြောလိုက်သမျှ ကိုယ့်ဘက်ကိုပဲ မြားဦးလှည့်လာသဖြင့် ဒီ ပြောတာ... ပဲ နားထောင်နေရတော့သည်။

ဒီ့ ခံယူချက်၊ ယူဆချက်များက ပြင်းထန်လွန်းကာ သူမမျက်လုံးထဲ... ဘယ်သူမှ သူမအပေါ် မကောင်း။

"ဒီလူကြီးကိုမယူရင် ငါ့ကို အမွေဖြတ်မယ်တဲ့၊ ရမလား ဦးမိုးနှင်...





ဒီသမီးနှစ်ယောက်ပဲရှိတာ ငါ့ကိုမပေးဘဲ တစ်ယောက်တည်းပုံချပေးလိုက်ရင် ငါကကော ခံနေမှာမို့လို့လား"

ဒီ မျက်နှာကိုငေးနေရင်း ဒီဒီ တံတွေးမျိုချမိ၏။ သူမရင်ထဲက ဖျတ်လတ်သွက်လက်မှုတွေဟာ နလို လူကြီးမိဘ ပြောသမျှကို တော်လှန်ပယ်ယ်ချမှုတွေလား။

သူမ သတ္တိရှိတယ်ဆိုတာ ဒီလိုသတ္တိမျိုးတွေလား။ အံ့လည်းအံ့ဩမိသည်။ ဒီ ကိုကြည့်ရင်း ပိုျပီထိတ်လန့်လာမိတာလည်း ရင်ခုန်သံတွေပင် မြန်လာ၏။

"ငါကတော့ ဥပဒေတွေ ဘယ်လိုရှိရှိ သားသမီးနဲ့မိဘရဲ့ ရယူပိုင်ဆိုင်ခွင့်ကနေ မဖြစ်မနေ ကြိုးစားမှာပဲ၊ အဲဒီကျမှ သူ ငါ့ကို သမီးလို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့တာတွေလဲ လူသိရှင်ကြား ဖြစ်သွားရော"

ဒီစကားမှာတော့ ဘယ်လိုမှ မျိုသိပ်မနေနိုင်တော့ပါ။ ဒီဒီ သူမဘက်ကို သေချာလှည့်ထိုင်ရင်း ...

"သမီးလို့ မသတ်မှတ်ဘူးဆိုတာ အဓိပ္ပာယ်မရှိတာ ဒီရယ်၊ ဖေဖေ..."

"တော်ပါ၊ နင်ကတော့ လူကြီးနှစ်ယောက်ကြားမှာ အထက်ဖား... ...တယ်ပီလုပ်စားပြီး ချောင်လည်နေတာကိုး၊ နံ့တယ်နံ့တယ်နဲ့ နင် တော်... ...ဘ်လည်တယ် သိလား၊ ဖေဖေနဲ့ ဒေါ်လေးကလဲ အစကတော့ မတည့်... ...တာမှ ရျက်နှာချင်းဆိုင်လို့မရခဲ့ဘူးတဲ့၊ ခုကျတော့ ငါ့ကိုတိုက်ထုတ်... ...တွေ ညီညွတ်နေလိုက်ကြတာ"

"နင်က လူကြီးတွေကို နည်းနည်းမှအကောင်းမမြင်တာ"

"ကောင်းမှအကောင်းတာ မြင်ရမှလား၊ နင်က ပြောအားရှိမှာပေါ့... ...ခံရတာမှမဟုတ်တာ၊ ပြောစမ်းပါ ကဲ... နင့်ကိုပေးစားရင် နင် ယူ... ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီ ခေါင်းညိတ်လိုက်၏။

"ယူတယ်၊ လူကြီးတွေက မဖြစ်မနေစီစဉ်ပေးတော့မယ်ဆိုမှတော့ ငါ ခေါင်းညိတ်လိုက်မှာပဲ၊ ဖေဖေက ကိုယ့်သမီးကို ဖအေလောက်အရွယ် ကြီးနဲ့ တွဲသွားလို့မှမတော်တာကြီးကို မျက်နှာလွှဲခဲပစ်ပေးစားမှာမဟုတ် ဘူး၊ အဲဒါ ငါက မိဘကို အကောင်းမြင်ပေးလိုက်တာပဲ"

"ဒါဆို ပြီးတာပဲ၊ အဲဒီလူကြီးကို နင် ယူလိုက်"

"ဖေဖေက နင်နဲ့စီစဉ်တာမို့လို့ ..."

"ဟား ဟား ဟား"

ဒီဒီ စကားမဆုံးခင် ဒီ က ဟားတိုက်ရယ်ပစ်လိုက်၏။

"ဒါပဲလေ၊ အားလုံးရဲ့ ရိုက်ချက်တွေက ငါ့ အပြင်ရောက်သွားဖို့ပဲ၊ ဟွန်း.. စိတ်ချ၊ ငါကလဲ ခေါင်းမခါဘူး၊ ဘယ်လိုလုပ်မလဲဆိုတာ စောင့် ကြည့်နေလိုက်"

ပြောပြီး ဓာတ်ပုံကို မျက်စောင်းတစ်ချက်ထိုးကာ ချာခနဲလှည့်ထွက် သွား၏။ တံခါးနားရောက်ကာမှ ပြန်လှည့်ကြည့်လိုက်ပြီး ...

"ငါပြောတာတွေကို သွားထောင်ဖို့ စိတ်ကူးနေပြီလား၊ ထောင်လိုက် လေ၊ ငါက ဂရုမစိုက်ပါဘူး၊ ငါ့ကို အိမ်ထောင်ချပေးဖို့ ဖယောင်းခွဲလိုက် ကတည်းက အားလုံးရင်ထဲကိုနားလည်ပြီးသား၊ ပုတ်ထုတ်တိုင်းလှုပ်သွား ရအောင် ငါက ဒေါသလုံးတစ်လုံးမဟုတ်ဘူးဆိုတာ သိအောင်ပြဦးမှာ"

* * *





## အခန်း (၄)

မင်္ဂလာကိစ္စအတွက် စီစဉ်ဖို့ ဖေဖေ ရောက်လာတော့ ဒီ က မတည် ငြိမ်းမျက်နှာနှင့် ငုတ်တုတ်ထိုင်နေ၏။ ဒေါ်လေးက ဖေဖေ့ကိုကြည့်လိုက်၊ ဒီ ကို အကဲခတ်လိုက်ရှိကာ ဖေဖေကတော့ အားလုံးပြီးစီးအောင် စီစဉ်ဖို့ အားတွေရှိပြီးသားပုံစံနှင့် ပြောစရာရှိတာတိုပဲ ပြောပြနေခဲ့သည်။

"သူက ဖေဖေ့မိတ်ဆွေဆိုလို့လဲ့မမှားဘူး၊ တူသားနောင်မယ်လိုရင်းနှီး ကြည်ရတဲ့လူဆိုလဲ မှန်တာပဲ၊ အသက်က သုံးဆယ်လေးနှစ်ရှိပြီ၊ ဒါပေ မယ့် ခံ့ညားရည်မွန်တဲ့သူပါ"

ဒီ မျက်နှာမှာ သိသာစွာ ပုံပေါ်မြဲဖြစ်သည့် နှုတ်ခမ်းအစုံက လွန့်ခနဲ သွားသည်။ ဖေဖေကတော့ မမြင်တာလား၊ မမြင်သလိုနေလိုက်တာလား စကားပြော မပျက်ခဲ့ပေ။

"သူ့မှာ မိဘ မရှိတော့ဘူး၊ ကိုယ့်ဒူးကိုယ်ချွန်သမားပေါ့၊ ဖေဖေက ဒါကို သိပ်သဘောကျတာ၊ ရှိသင့်တဲ့ ပညာ၊ ဥစ္စာ၊ အရည်အချင်းအားလုံး ပြည့်စုံတယ်၊ တကယ်တော့ ယောက်ျားကောင်းတစ်ယောက်အတွက် ငွေ့နဲ့ပေါ် ထိုင်ပြီးသားဖြစ်နေဖို့က အဓိကမဟုတ်ဘူး၊ ယောက်ျားပီသပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားချင်စိတ်ရှိဖို့ပဲ၊ အသေးစိတ်က သူ့ရဲ့ စည်းကမ်း၊ တရိုတ္တ အားလုံးက သမီးကြီးနဲ့ အိမ်ထောင်ဖက်ဖြစ်ဖို့ သင့်တော်ဆုံးပဲ၊ ယောကျ်ားပီသမှု ဦးဆောင်နိုင်တာ၊ နားလည်ခွင့်လွှတ်နိုင်တာ၊ ပြီးတော့ ဒီသူငယ်လေး မှာ စိတ်ရင်းကောင်းလေးရှိတယ်၊ နူးညံ့တယ်"

"ဟုတ်လို့လား ဖေဖေ၊ တတ်ပုံကြည့်ရတာ ဖေဖေနဲ့ အသက် သိပ် မကွာသလိုဘဲ"

နှုတ်ခမ်းတွေမှာ ခပ်လွန့်လွန့်လှောင်ပြုံးနှင့် ဒီ မေးလိုက်တော့ ဦးမိုးနှင်း မျက်နှာကွက်ခနဲပျက်သွား၏။ သို့သော် ချက်ချင်းပြေကျသွားကာ ဒီ့ မျက်နှာလေးကို စိုက်ကြည့်လျက် ...

"ဖေဖေနဲ့မယှဉ်ပါနဲ့ သမီးနဲ့စာရင် သူ အသက်ကြီးတာ မှန်တယ်၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်ရဲ့ ရင့်ရော်ခြင်းက မိန်းမလောက် မမြန်ဘူး၊ ယောကျ်ားပဥ္စင်း၊ မိန်းမ ပုဆက်တွင်းဆိုတဲ့ စကား ရှိခဲ့တာ အဲဒါကြောင့်ပဲ၊ မိဘမေတ္တာကို နားလည်ယုံကြည်တယ်ဆိုရင် သမီး နာခံလိုက်ပါ၊ ဖေဖေ က သမီး ဒုက္ခရောက်အောင် လုပ်မယ့်သူမဟုတ်ဘူး"

"မေတ္တာနဲ့ဆိုပေမယ့် အသက်ကြီးကြီး ပုံဆိုးပန်းဆိုးကြီးကို တစ်သက် လုံး ပေါင်းသွားရမှာက ဖေဖေမှမဟုတ်တာ"

"ဒီ ..."

ဒေါ်ယဉ်ဆင့် ဝင်တားလိုက်တော့ ဒီ စကားသံ ရပ်တန့်သွား၏။ ဒါပေမယ့် ဒီ က ဒေါ်ယဉ်ဆင့်ကိုလှည့်မကြည့်ဘဲ မဲ့လိုက်၏။

"ဒီ သိပါတယ်၊ အဲဒီလိုချောင်ပိတ်တုပ်နှောင်ပြီး ပြောကြမလို့ ဒေါ်လေးက ဒီမှာထိုင်နေတာမဟုတ်လား။ ဟုတ်ပါတယ်၊ သားသမီး ဆိုတာ မိဘစီစဉ်တာကို နာခံရမှာပေါ့၊ ဖေဖေတို့ အားလုံးစီစဉ်ပြီးနေပြီဆို ဘာမှလာမပြောပါနဲ့ အဲဒီသတို့သားကြီးရောက်လာရင်သာ ပြောပါ"

"ပြောဖို့မဟုတ်ဘူး။ ဒီမှာ မင်္ဂလာရက် သတ်မှတ်ပြီးပြီ၊ ဟိုတယ်မှာ





ဒိတ်လုပ်ပြီးမှ နယ်ကနေ သူ ပြန်လာရမှာ၊ သူနဲ့သမီးတွေ့ရတဲ့နေ့က လက်ထပ်တဲ့နေ့ပဲ၊ ဖေဖေက သမီးကို အခု အစီရင်ခံနေတာမဟုတ်ဘူး၊ သမီး လက်ထပ်ရမှာမို့လို့ ပြောပြနေတာ၊ ရွေးချယ်ခွင့်မဟုတ်ဘူး၊ အဲဒါ ကို နားလည်"

ဦးမိုးနှင်းကလည်း ပြတ်ပြတ်ပဲပြော၏။ ဒီ က ဂရုမစိုက်ဘဲ မျက်နှာ တစ်ဖက်လှည့်ပစ်သည်။ ဒီ နာခံမှာမဟုတ်ဘူးဆိုတာကို သိနေတာက ဒီဒီ ပဲဖြစ်၏။

သူမမှာ ဒီ နှုတ်ခမ်းမှဲ့ပြုံးနှင့် မျက်ဝန်းက အေးစက်သော ရိပ်ဝေမှုများ ကြောင့် ဒီ ရင်ထဲက မရိုးသားမှုကို ဘယ်လိုမှလည်း မထုတ်ဖော်နိုင်။

လိုရင်းတိုရှင်းပြောပြီး ဒေါ်လေးကို တိုင်ပင်ပြောဖို့က ဒီ ဘယ်လိုစိတ် တူးတွေဖြစ်နေမှန်း သူမကိုယ်တိုင် မသိခဲ့ပေ။ အမိကက ဖေဖေ့ကို ဒီ အမြင်စောင်းနေခြင်းသာ။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မနက်ငါးနာရီ ရထားက ထွက်တော့မည်ဖြစ်သည်။ နာရီကိုကြည့်၍ ဘက္ကာစီပေါ်ကနေ ပြေးလွှားဆင်းခဲ့သည်။ ဘောင်းဘီရှည်အနက်၊ ဂျာကင်အနက်ရောင်နှင့် ဆံပင်ရှည်တွေဖြန့်ချထားသည့် သူမပုံစံက ဖရိုဖရဲ ဗိုးရိုးဖားလျားဖြစ်နေမှာပင်။

မတတ်နိုင်ပါ၊ ဒီရထားမီမှဖြစ်မည်။ မိုးလင်းတာနှင့် ရန်ကုန်မှာ ဒီ မရှိတော့သည့်အဖြစ်ကို သူတို့အားလုံး သိကြဖို့လိုသည်။ လွယ်အိတ်ကားကားကြီးကို ပခုံးမှာချိတ်ထားရသဖြင့် ရထားပေါ်ကို နောက်ဆုံးတက်ရောက်သူအဖြစ် ပြေးလွှားခုန်တက်လိုက်မိ၏။

"ဟာ"

"အား"

ပခုံးတစ်ဖက်ကို ဖြတ်ရိုက်ခံလိုက်ရသလိုဖြစ်ကာ လှမ်းတက်လိုက်ပြီးသည့် ခြေထောက်က နောက်ပြန်ကျသွား၏။ တကယ်တော့ အရိုက်ခံလိုက်ရတာမဟုတ်၊ ရထားပေါ်ကဆင်းလာသူနှင့် ပစ်စလက်ခတ် တိုက်မိလိုက်ခြင်းဖြစ်၏။





"တောက်"

"အံမာ"

ကိုယ်လည်း နာတာပဲ။ သူ့ကိုရန်မတွေ့အားဘဲ ရထားပေါ်ကို အရောက်လှတက်လိုက်ပြီးမှ တက်ခေါက်သံကြောင့် အောက်ကို ဒီ ပြန်ငုံ့ကြည့်မိ၏။

ဆံပင်ရှည်ခပ်ပွပွနှင့် ကြံ့ခိုင်ကျစ်လျစ်သည့်ယောက်ျားတစ်ယောက်ဖြစ်သည်။ ဒီလိုပဲ ဘောင်းဘီရှည်အနက်၊ ဂျာကင်အနက်နှင့်ဖြစ်ကာ အတွင်းက ရှပ်အင်္ကျီအနီရဲရဲ၏ကော်လံကို ဖြူဝင်းသော မေးရိုးအောက်နားမှာ မြင်ရ၏။

သူက တက်ခေါက်လိုက်ပေမယ့် မော့မကြည့်ပါ။ ပြန့်ကျဲသွားသည့် စာအုပ်နှင့် ပစ္စည်းတချို့ကို ငုံ့ကောက်နေ၏။ ငုံ့နေပေမယ့် အရပ်တော်တော်မြင့်မှာက သေချာသည်။

ကိုယ်လုံးဖြောင့်၍ ဖျတ်ခနဲလှမ်းမြင်လိုက်တာနှင့် ဒီလူ တော်တော်မိုက်မယ့်ပုံပဲဟု အာရုံမှာဖြစ်ပေါ်လာအောင် ဆွဲဆောင်သွားသည်။

"ဒီမှာ ရှူး"

ရထားဘီးတွေ ရွေ့လျားနေပါပြီ။ ဒီ ကိုယ့်နေရာကိုယ် ရှာဖွေအနားယူဖို့ မေ့သွား၏။ ဒါမျိုးဆိုမြင်တတ်လွန်းသည့် မျက်လုံးတွေက အဲဒီမျက်နှာ ဒီဘက်လှည့်အောင် လှုပ်ရှားဖို့ ဆန္ဒတွေဖြစ်လာသဖြင့် တမင်လှမ်းခေါ်လိုက်တာဖြစ်၏။

စာအုပ်ထူကြီးကိုကုန်းကောက်နေသည့် သူ့မျက်နှာ ဖျတ်ခနဲစောင်းလှည့်လာသည်။

"ဘိုင် ..."

ဒီ နှုတ်ခမ်းလေးရှုံ့၍ လက်ခုံနဲ့ကပ်သည်။ ပြီးတော့ တာ့တာလုပ်ဖြစ်အောင် ခဏလေးအတွင်းမှာ လှုပ်ရှားပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ကုပ်ကုပ်မျက်နှာ ဆတ်ခနဲ ပြန်လှည့်သွားတော့ နှမြောသွားမိသည်။ အရှိန်မြင့်နေပြီဖြစ်သည့် ရထားပေါ်မှာ ဒီ က ရန်ကုန်ကို ချန်ထားခဲ့မယ့်သူပါ။

လွန်ခဲ့သောမိနစ်ပိုင်းတုန်းကတော့ သွားချင်လွန်းလို့ အပြေးတစ်ပိုင်းနဲ့ကျတော့ နှမြောသလိုလို ဟာတာတာ။

ကိုယ့်ဘေးမှာ သပ်ခါချနေရအောင်များလွန်းသည့် အများကြီးထဲမှာ ဒီလိုဖြောင့်သည့်ပုံစံမျိုးမရှိခဲ့လို့လား၊ ဖျတ်ခနဲမြင်လိုက်ရပြီး ရင်ဘတ်ထဲ တိုက်ရိုက်ရောက်သွားသည်။

တကယ်ဆို ဒါ သဘာဝမကျ။





## အခန်း (၁၁)

မြို့ထဲမှာဆိုပေမယ့် ထိုင်စရာခုံတွေရှိနေသည့်နေရာလည်း မဟုတ်ပါ။ ရှိနေရင်လည်း ထိုင်ဖြစ်ကြမှာမဟုတ်ပေ။ ဦးမိုးနှင်း၏မျက်နှာက နီရဲညိုတက်နေသည်။ လက်တစ်ဖက်က သရက်ပင်ကြီး၏ပင်စည်ကို ထောက်ထားပြီး တစ်ဖက်က ခါးမှာ လျော့ရိလျော့ရဲထောက်လျက် ...

"အဲဒါပဲ တည်မြဲ၊ ငါ့ဘက်ကတော့ ချို့ယွင်းချက်တွေဖြစ်သွားပြီ၊ During ဟိုတယ်မှာ ဒိတ်လုပ်လိုက်တဲ့နေ့ပဲ ငါ့သမီး ထွက်သွားတယ်၊ မင်းနဲ့ နှစ်ရက်ပဲကွာတယ်၊ ငါ ဒီလိုဖြစ်သွားနိုင်မယ်လို့ တွေးမိခဲ့ဖူးပေမယ့် တကယ်ဖြစ်မယ်လို့မထင်ခဲ့ဘူး။ ဒါကို ဖုံးကွယ်လိမ်ညာလို့လဲ ဖြစ်မှမဖြစ်နိုင်တာ၊ အခြေအနေတွေ လွန်ကျွံကုန်မှ ဒီလိုဖြစ်ရတာ ငါ့ဘက်က မှားပါတယ်၊ မင်း ဖြစ်ချင်တာကိုပြောပါ"

"ကျွန်တော်လဲ ရန်ကုန်ကိုရောက်နေတာ နှစ်ရက်ရှိပါပြီ၊ ကိစ္စလေးတွေပြေတ်လို့ ဖုန်းတောင်မဆက်ဖြစ်ခဲ့ဘူး"

သူက ကိုင်ထားသည့်ကျာကင်ကို ပခုံးပေါ် တင်လိုက်ပြီး ဦးမိုးနှင်းဘက်ကို ကျောခိုင်းရပ်လိုက်၏။ ပန်းရောင်စုံတို့နှင့်အလှမ်းဝေးသောနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရပ်နေကြတာပေမယ့် ပန်းရန့်တွေကို လတ်ဆတ်စွာ ခံစားမိနေသည်။ တည်သည်၊ ပြုံးသည် မမည်သော သူ့မေးရိုးနှစ်ဖက်ကတော့ တစ်ချက်တစ်ချက်မှာ တင်းခနဲဖြစ်သွားတာကို မြင်နေရ၏။

"ကျွန်တော်က ဘာကိုဖြစ်ချင်ရမှာလဲ၊ မင်္ဂလာကိစ္စကြောင့် လာခဲ့တာမှန်ပေမယ့် ကျွန်တော့်ဘက်က မိတ်ဆွေအသိုင်းအဝိုင်းလဲ ရန်ကုန်မှာ ဒီလောက်မရှိပါဘူး၊ ပြီးတော့ မင်္ဂလာကိစ္စ ကျွန်တော့်ဘက်မှာ ကျွန်တော်ကြေညာမထားခဲ့ဘူး"

သူ ဒီဘက်ကိုလှည့်လိုက်တော့ စူးစိုက်ကြည့်နေသည့် ဦးမိုးနှင်းမျက်ဝန်းတွေကို ရင်ဆိုင်မိ၏။

"အဲဒီ ဘာသဘောနဲ့မှတော့မဟုတ်ဘူး ကျွန်တော်ကိုယ်တိုင် ဦးနဲ့ကြပ်မတ်လုံးပမ်းကြတဲ့အနေအထားမျိုးမဟုတ်သေးလို့ မသိစိတ်ထဲမှာကိုက မသေချာခဲ့တာထင်တယ်၊ မင်္ဂလာကိစ္စကို ကိုယ်တိုင်ကြေညာဖို့ထိ ထက်သန်မှုမရှိဘူး၊ ဒါပေမယ့် လက်ထပ်ဖို့သတ်မှတ်တဲ့ကာလက ဦးနဲ့ချိန်းဆက်ထားတဲ့အတိုင်း ခေါင်းထဲမှာရှိတယ်၊ ဒီစကားတွေပြောပြနေတာကျွန်တော့်ဘက်က စိုးကျော့တဲ့သဘောနဲ့မဟုတ်ဘူး၊ ဦးကို ဖြေသိမ့်ချင်တာမျိုးလဲမဟုတ်ဘူး၊ တကယ်ပါ၊ ဟိုတယ်လ်မှာ ဒိတ်လုပ်ပြီးတာဖြစ်ဖြစ် တစ်ပြည်လုံးကိုကြေညာပြီးသည်ဖြစ်စေ ကာယကံရှင်တွေရဲ့ ကိုယ်နေကိုယ်ထားအကြောင်းက အဓိက၊ ကာယကံရှင်တွေ ကျေနပ်ကြဖို့လိုတာ"

"တည်မြဲ မင်းပြောတာကို ငါ နားမလည်သလိုဘဲ"

ဦးမိုးနှင်းက တည်မြဲ၏ဘေးကိုရောက်လာသည်။ စိမ်းညို့သောပါးမြိုင်းမွေးရှာတွေရှိသည့် မေးရိုးများကို စိုက်ကြည့်ရင်း မြန်မြန်ပြောလာတာကို စောင့်၏။

ဤလူငယ်ကို သူ စတင်ဆုံစည်းစဉ်က နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး



တွေကော ကျောထက်မှာစည်းနှောင်ထားသည့် ဆံပင်ရှည်ဖရိုဖရဲနှင့် နိုင်ငံခြားအကျင်္ကဗတ်ကားတွေထဲက ဗီလိန်ရုပ်မျိုး အပီအပြင်ရှိနေ၏။

ပြီးတော့ ပြဿနာတွေရှုပ်လျက် ဗရုတ်သုတ်ခ။

ဒါကို သူ စိတ်မပျက်မိခဲ့ဘဲ ကူညီခဲ့သေးသည်။ နောက်ပိုင်းမှာ ခင်မင်ခဲ့ကြသေး၏။ ကိုယ့်လုပ်ငန်းတွေကို လေ့လာမယ်ဆိုပြီး အတူတူသွားလာရင်းနှီးခဲ့ကြတာကတော့ တည်မြဲကလည်း သူ့ကို ခင်မင်ခဲ့၍ဖြစ်မည်။

"ကျွန်တော့်မှာ မိဘတွေ မရှိတော့ဘူး" လို့ သူပြောပြီးနောက်ပိုင်းမှာ ကိုယ့်ကို ဦးလေးသားချင်းတစ်ယောက်လို ပွင့်လင်းရင်းနှီးကာတွေအပေါ်မှာ ဦးမိုးနှင်း ယုံကြည်ခဲ့မိသည်။ ပို၍နွေးထွေးစွာဆက်ဆံခဲ့မိ၏။ ဒီနေ့ထိတော့ ကုမ္ပဏီလုပ်ငန်းနှင့်ပတ်သက်ပြီး တည်မြဲ ခြေလှမ်းပြင်တာမမြင်သေးပါ။

ဒါဆို ကိုယ့်သမီးနဲ့လက်ထပ်ပေးလိုခြင်းထိ ယုံကြည်ခဲ့တာ ဘာကြောင့်လဲ၊ အကြောင်းကတော့ မခိုင်လုံပါ။ ယုံကြည်တာက ယုံကြည်မိလို့ပဲဖြစ်သည်။

ဦးမိုးနှင်း၏အတွေးများက တည်မြဲ ၏စူးရဲသည့်မျက်ဝန်းများမှာ အဆုံးသတ်သွားခဲ့ပြီး ...

"ဒီထက်ရှင်းရှင်းပြောပါ၊ ဒီကိစ္စကို ငါတို့ရဲ့ ရင်းနှီးမှုနဲ့နှိုင်းယှဉ်ပြီး ငါကပြောခဲ့တာ၊ ခုလဲ ငါကြောင့်ပျက်သွားခဲ့ပြီ မင်းဘက်မှာ မကြေညာရသေးဘူးဆိုပေမယ့် မင်းလို စနစ်တကျရှိတတ်တဲ့လူတစ်ယောက်အတွက် ဒီအစီအစဉ်အတွက် ခေါင်းထဲမှာ နေရာထားပြီးဖြစ်လိမ့်မယ်လို့တော့ ငါထင်တယ်"

"ထားခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော် ရန်ကုန်ကိုဆင်းလာခဲ့တာပါ၊ ဒါပေမယ့် ဦးရဲ့ သမီးကိုလဲ ကျွန်တော် မြင်ဖူးခဲ့တာမဟုတ်ဘူး၊ ဦးဘက်က အတော်အတန် လူသိရှင်ကြားဖြစ်သွားပြီဆိုရင်တောင်မှ တည်မြဲ ဆိုတာ

www.burmeseclassic.com



ဘယ်တောင်မှန်း ဘယ်သူမှမသိဘူးလေ၊ ဒီအခြေအနေအတွက် မင်္ဂလာ ကိစ္စမဖြစ်တော့တာပဲရှိတယ်၊ ပြီးကွဲပျက်စီးသွားတာမဟုတ်ပါဘူး။ ဦး စိတ် မဆင်းရဲဖို့ပြောချင်တာ"

တည်မြဲ စကားဆုံးသွားသည်နှင့် ဦးမိုးနှင်း သက်ပြင်းရှည်ကြီး ချလေ သည်။

"မရဘူး၊ စိတ်ကတော့ ဆင်းရဲရမှာပဲ တည်မြဲ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘက်မှာ ဒီမင်္ဂလာကိစ္စက အကျယ်တဝင့်ရှိပြီးနေပြီ"

'မတတ်နိုင်ဘူး'ဆိုသည့်မျက်လုံးနဲ့ကြည့်တာလား။ ပြောပြီး ဦးမိုးနှင်း က တည်မြဲ ၏မျက်ဝန်းတွေကို တစ်ချက်ကြည့်သည်။ အချိန်ပြည့်လိုလို မျက်ခုံးထူထူနှစ်ဖက်ကို ခပ်တွန့်တွန့်နှင့် မျက်တောင်များတွေ မှေးစင်း ကြည့်တတ်တာ တည်မြဲ ပဲဖြစ်သည်။

ထိုမျက်ဝန်းတွေမှာ အထက်စီးဆန်ခြင်းတွေရှိသည်။ ဖူးရှထွင်းဖောက် နိုင်သည့် သိမြင်ခြင်းတွေရှိ၏။ ပြီးတော့ အပြစ်ပြုမိသူတစ်ယောက်ဘက် ကကြည့်တော့ ကိုယ့်ကို တရားခံကြည့်ကြည့်နေတာမျိုး။ ဦးမိုးနှင်း မသိ မသာ ပင့်သက်ရှိုက်၍ မျက်ဝန်းတွေကို လွှဲပစ်လိုက်သည်။

"ငါ့သမီးတွေနဲ့ ငါ့ရဲ့ အနေအထားကို မင်းကို ငါ ပြောခဲ့ဖူးပါတယ်၊ မိန်းကလေး ခုလိုလုပ်သွားမယ်လို့ တကယ်ကိုမထင်ခဲ့တာ"

"ခု လုပ်သွားပြီဆိုတော့ ဆုပ်ဖမ်းထားလို့မရတော့တာကို ခဏခဏ ရေရွတ်ညည်းညူနေလဲမရတော့တာက သေချာနေပြီ ဦး။ ဦး ဘာဆက် လုပ်ချင်တာလဲ၊ ကျွန်တော့်ကို တစ်ခုခုပြောဖို့ရှိနေသေးတယ်လို့ထင်တယ် အဲဒါ ဟုတ်တယ်ဆိုရင် ပြောပါ။ ကျွန်တော်ကတော့ ကျန်ခဲ့တာကို စိတ် မဝင်စားဘူး၊ ရှိနေသေးတာကို အကောင်းဆုံးဖြစ်စေချင်တယ်"

ဦးမိုးနှင်း ခပ်အမ်းအမ်းဖြစ်သွား၏။ တည်မြဲ ဆိုသည့်လူငယ် အထက်ကြီးလေးစားမိသော မျက်ဝန်းတစ်ချက်ငေးသွားကာ ...





"ရှိတယ်၊ ဒါပေမယ့် အခွင့်အရေးယူသလိုဖြစ်လာမှာလဲစိုးတော့ ပြော ရခက်နေလို့ပါ"

တည်မြဲ နှုတ်ခမ်းမှာ အပြုံးတစ်ချက်ဖြစ်သွား၏။ ရှားစေးအနက် ရောင်ဆောင်းဘီရှည်၏အိတ်တစ်ဖက်ထဲမှာ လက်ထည့်လိုက်ပြီး ခပ်စောင်း စောင်းရပ်သည်။

သို့သော် ဦးမိုးနှင်း၏စကားထဲမှာ တစ်ခွန်းမှ ဝင်မမေးဘဲနေခဲ့၏။

"ဝထမဝန်ခံချင်တာက မင်းအပေါ်မှာ ငါ့ဘက်က မရိုးသားသလိုဖြစ် ခဲ့တယ်၊ ဒါကလဲ မိဘစေတနာလဲပါသလို မင်းကို ယုံကြည်လေးစားခဲ့တာ တွေပါ၊ နောက်တစ်ခုက ဒီအခြေအနေရောက်နေပြီးမှ ဘာမှမဟုတ်တော့ ဘူးလို့ ဖျက်လိုက်ရမှာ ဦးဘက်က သိပ်ကိုခက်ခဲနေတယ်၊ တကယ်တော့ ဦးဘက်က နောက်ထပ် မရိုးသားလို့ရပါသေးတယ်၊ ဒါပေမယ့် မင်းလဲ ရှုည့်မှမဟုတ်ဘဲ ငါ့လို ငါ့ကိုယုံကြည်လို့ ခေါင်းညိတ်လိုက်ရင်လဲ နောင် မှာ အားလုံး ရှုပ်ကုန်မှာပဲ"

"ဦးဘက်က ငဲ့နေရတာတွေ တော်တော်များတော့ ပြောရခက်လိမ့် မယ်၊ အဲဒီတော့ ကျွန်တော် ဆက်ပြောချင်ပါတယ်"

"ပြောပါ"

"ဦးမှာ အမြွှာသမီးနှစ်ယောက်ရှိတယ်၊ အကြီးမလေးက နည်းနည်း ဆိုးတယ်၊ အဲဒီကောင်မလေးအတွက် အုပ်ထိန်းသူရှာတော့ ကျွန်တော့်ကို ရွေးမိတာပါတယ်"

တည်မြဲ စကားရပ်ပြီး မျက်နှာငုံ့လိုက်သည်။ မည်းနက်နေသည့် ရှူး ဖိနပ်၏အောက်မှ မြက်ခင်းစိမ်းစိမ်းကို ခြေဦးထိပ်နှင့် ခပ်ရှုပ်ရှုပ်လှဲ့တိုက် နေရင်း ...

"ခုလိုစီစဉ်ပြီးနေမှ ကောင်မလေး ထွက်သွားတော့ ကျွန်တော့်နာမယ် ဂုဏ်သတင်းနဲ့ ပွဲမပျက်အောင် ဆက်ပြီးစီစဉ်လိုက်ချင်တဲ့ဦးကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြန်ငဲ့ပြီး ပြောရခက်နေတယ်၊ အဲဒါတွေ မှန်တယ်မဟုတ်လား ဦး”

ဦးမိုးနှင်း မျက်နှာငုံ့တာလည်းမဟုတ်၊ မော့လည်းမနေတော့ဘဲ မျက်လွှာချလိုက်ပြီး ခပ်လှမ်းလှမ်းဆီ ငေးနေခဲ့သည်။ မျက်နှာပြင်မှာတော့ သွေးရောင်ရင့်နေပါပြီ။

“ကျွန်တော်က ဦးကိုယုံပါတယ်၊ ခင်လဲခင်တယ်၊ ဒါပေမယ့် ကျွန်တော့် အိမ်ထောင်ရေးက ဘဝပဲလေ၊ ဘဝကို ဘာမှန်းမသိ ပုံချပေးဖို့ထိတော့ လှည့်မကြည့်စတမ်း မဆုံးဖြတ်ဘူး၊ ဒီဆောင်း နဲ့ ဒီနှင်း ကို မမြင်ဖူးခဲ့ပေမယ့် ကျွန်တော် အားလုံးသိပါတယ်”

ဦးမိုးနှင်း တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားသည်။ အားလုံးသိပါတယ်ဆိုသည့်စကားမှာ ဒီ့ ရဲ့စရိုက်၊ အနေအထိုင်တွေ ပါမှာပါ၊ ဒါကိုကျတော့ ယုံကြည်မှုနဲ့ လက်ခံပေးတာပဲလား။

ရင်ထဲမှာ မေးခွန်းတစ်ခု ဖြစ်သွားစဉ် ...

“ရည်းစားများတဲ့မိန်းကလေးတိုင်း မပျက်စီးဘူးဆိုတာ ကျွန်တော် သိတယ်၊ အထူးသဖြင့် ယောကျ်ားလေးတွေပါးစပ်ထဲမှာ မကျေမနပ်ကျန်ခဲ့ရင် ဒီအဲမိန်းကလေး တော်လို့ပဲ၊ ဒါ ကျွန်တော့်အယူအဆပါ၊ အေးစက်စက် စတ္တုရားဆန်တဲ့အိမ်ထောင်ရေးမျိုးကို ကျွန်တော်က မလိုချင်တာ၊ ဒီဆောင်း ရဲ့စရိုက်ကို သတင်းကြားတာနဲ့ ကျွန်တော် စိတ်ဝင်စားသွားတယ်၊ ရည်းစားများတဲ့လူတွေ တကယ်မချစ်တတ်ဘူးဆိုတဲ့စကားမှန်ရင် ကျွန်တော်ကလဲ ချစ်လို့လက်ထပ်မှာမဟုတ်တော့ ကျွန်တော့်အိမ်ထောင်ရေးက စိတ်ဝင်စားဖို့ကောင်းမှာသေချာတယ်၊ သူ အနေအထိုင်မဟုတ်လို့ ထင်ရာလျှောက်ဆိုးနေလို့ စတဲ့ နောက်ပိုင်းမှာ အိမ်ထောင်ရေးခိုင်မြဲဖို့ ဖေးထွေးဖို့က ကျွန်တော်နဲ့မဆိုင်ဘူး၊ သူ နားလည်ရင် သူ ကြိုးစားပေါ့၊ ငါ ယောကျ်ားပဲဆိုတဲ့မာန ကျွန်တော့်မှာရှိတယ်”





ဦးမိုးနှင်း မျက်မှောင်ကြုတ်သွားခဲ့၏။ သူ့ကိုစူးစိုက်ကြည့်လာတော့ မှခေါင်းညိတ်ကာ ...

“ဒါ ကျွန်တော့်အကျင့် ဝန်ခံတာပါ၊ ကိုယ့်အသက်အရွယ်နဲ့ ရည်းစားထားပြီး လှေလာနေဖို့လဲ မသင့်တော့ဘူး၊ သင့်တယ်ဆိုရင်လဲ ကျွန်တော်က အချိန်မပေးနိုင်ဘူး၊ အချိန်တွေပိုနေရင်တောင် မိန်းမယူဖို့အတွက် အဲဒီလောက် စိုက်ထုတ်ကြိုးပမ်းဖို့ ကျွန်တော် စိတ်မကူးဘူး၊ ရည်းစားတွေထားပြီး တစ်ယောက်မကောင်းတစ်ယောက်ပြောင်းကြိုက်ရင် အချိန်ကုန်ငယ့်စာရိတ္တမျိုး ရင်ထဲမှာ မမွေးမြူခဲ့ပေမယ့် အိမ်ထောင်ဦးစီးကောင်းဆိုတဲ့ ဂုဏ်ကို ကျွန်တော် မမက်ဘူး၊ ဆိုလိုတာက ကိုယ်က ရိုက်ချိုးတာမဟုတ်ဘဲ သူ့အလိုလို ကျိုးပေါက်ထွက်သွားတယ်ဆိုရင် အိမ်ထောင်ရေးပြိုပြိုပြိုပြို ဘာဖြစ်ဖြစ် ကျွန်တော်က ဂရုစိုက်နေမှာမဟုတ်ဘူးဆိုတာပါ”

တည်မြဲ က ဦးမိုးနှင်းဘက်ကို တည့်တည့်လှည့်ရပ်လိုက်ပြီး တွန့်ထားသည့်မျက်လုံးနှစ်ဖက်ကို ပြန်ဖြေလိုက်၏။ တောင်းပန်သလိုအခ်ချက်ကြည့်၍ မျက်လွှာချကာ ...

“ဆိုးတယ်ဆိုတဲ့မိန်းကလေးကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာက ကျွန်တော်လဲ လိမ္မာမယ့်သူမဟုတ်လို့ပါ၊ ကိုယ့်ရဲ့ဝေယျာဝစ္စတွေကို သူ ထိုင်ပေးမယ်၊ ဇနီးမယားတစ်ယောက်အဖြစ် ကိုယ့်ဘေးမှာရှိနေမယ်၊ လောဆယ် ကျွန်တော့်လိုအပ်ချက်က အဲဒါပဲ၊ အဲဒါကြောင့် လိမ္မာ ဆိုးတာကို ကျွန်တော် စိတ်မဝင်စားခဲ့တာ၊ တကယ်လို့ ဒီဆောင်း ကျွန်တော် လက်ထပ်ဖြစ်ခဲ့ရင်လဲ ဦးကို မလေးစားဖော်ကားသလို အခြေအပြုအမူတွေ ဖြစ်လာနိုင်တာပဲ”

“မင်း ဘာကိုပြောချင်တာလဲ”

“ဦးနဲ့ကျွန်တော် ဘယ်သူကမှ အားနာဖို့မလိုတော့တာကို သိစေချင် ဦးဘက်က အပြစ်မကင်းသလို ဖြစ်ခဲ့တယ်လို့ ဦး ဝန်ခံသလို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လူကောင်းမဟုတ်တာကို ဝန်ခံတာ၊ အဲဒါကြောင့် ဆက်ပြောမယ့် ဦးရဲ့ စိတ်ကူးကို ပြောလို့ရပါပြီ”

ဦးမိုးနှင်း နားလည်သွားခဲ့သည်။ တည်မြဲ ကို သူ အကဲမခတ်နိုင်ခဲ့တာတွေ အများကြီးရှိနေသေးမှန်း ခုမှသိသည်။

ဒီလိုသဘောတွေနဲ့ လက်ခံခဲ့သည်။ နောက်ထပ် ဒီသဘောနဲ့ပဲ လက်ခံဖို့ အသင့်ရှိနေသည်။ ပြောရဲရင် ပြောလိုက်ပါ ဆိုတော့ ...။





## အခန်း (၁၂)

ညွှန်ခန်းကိုလှမ်းမြင်လိုက်ရသည့်နေရာ ထွက်လိုက်လာတည်းက ...ဖေ့ဘေးမှာထိုင်နေသည့်လူထံ မျက်လုံးက အလိုလိုရောက်သွား၏။ ...တ်သေးဘူး။

နောက်ထပ် ဘေးဘီကိုငေ့ကြည့်လိုက်မိသည်။ ဖေဖေ့အပြင် အနား... ဒီလူပဲရှိနေတာ သေချာ၏။ ဒေါ်လေးလက်ကို ဖိဆုပ်လိုက်မိပေမယ့် ...ရလောက်အောင် အချိန်မရတော့ပါ။

“လာ သမီး ထိုင်”

ဦးမိုးနှင်းက လှမ်းပြုံးပြပြီး ရှေ့မှာထိုင်ဖို့ မေးဆတ်ပြသည်။ ဒေါ်လေး... ဒီ အတူတွဲထိုင်လိုက်ပြီးတော့ မျက်လုံးက ထိုသူ့ဆီကို ထပ်ရောက်...မိ၏။ စူးစူးရဲရဲစိုက်ကြည့်နေသည့်မျက်လုံးတွေနှင့် ဆုံမိလိုက်တော့ ...တ်လုံးလေးတွေ တွန့်သွား၏။

...မိုင်းလိုက်တာဟု စိတ်ထဲမှာဖြစ်ခြင်းက မျက်နှာလေးမှာ အရောင် ...တာ ဒီဒီ ထိုသူ့ဘက်ကို လုံးဝမကြည့်တော့ဖို့ ဆုံးဖြတ်၏။ ဦးမိုးနှင်း ...ဒေါ် ယဉ်ဆင့်တို့ကလည်း သူတို့နှစ်ယောက်ကို မသိမသာ ငေ့ကြည့် ...ပြီးမှ ဦးမိုးနှင်း စကားဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာကိစ္စကတော့ စီစဉ်ထားပြီးတဲ့အတိုင်းပဲ၊ ဒါပေမယ့် ဖိတ်စာကိုတော့ ပြင်ရတာပေါ့။ သမီးကိုလဲ ဖေဖေ သေချာပြောပြပြီးပြီနော်"

စကား ခဏရပ်ပြီး တည်မြဲ ကို ပြန်ကြည့်ကာ ...

"တည်မြဲ နဲ့ ဖေဖေ ဒီကိစ္စကို ပွင့်ပွင့်လင်းလင်းပြောပြီးပြီ သမီးငယ် နဲ့ တည်မြဲ ပြောဆိုဆွေးနွေးဖို့တော့လိုမှာပေါ့၊ အဲဒီအတွက် အချိန်ယူလို့ ရပါသေးတယ်၊ ဖေဖေပြောချင်တာက ဒီမင်္ဂလာကိစ္စနဲ့ပတ်သက်ပြီး နှစ်ဖက်စလုံးမှာ ဖုံးကွယ်လိမ်ညာတာ ဘာမှမပါဘူးဆိုတော့ ဆွေးနွေးကြတဲ့နေရာမှာလဲ ပွင့်လင်းကြဖို့ပါပဲ"

"ကျွန်တော်ကတော့ ဆွေးနွေးဖို့ မလိုတော့ဘူးလို့ထင်ပါတယ်"

"ဟင် ..."

ဒီဒီ ဖျတ်ခနဲလှည့်ကြည့်မိသည်။ သူကလည်း ဒီဒီ ကိုပဲကြည့်ကာ ...

"ဟုတ်တယ်လေ၊ အားလုံး စီစဉ်ပြီးနေတဲ့ကိစ္စကို အဖျက်မခံနိုင်လို့ ဒီလိုထပ်ဖြစ်ကြတာမဟုတ်လား။ လက်ထပ်ကြရမှာက သေချာပြီးပြီပဲ တစ်ခုပဲမေးခွင့်ပြုပါ"

ခွင့်ပြုပါဆိုတာကို ဦးမိုးနှင်းဘက်ကို လှည့်ပြောသလိုမျိုး မျက်နှာအနည်းငယ်လှည့်၍ အသံပဲပို့၏။ မျက်ဝန်းတွေက ဒီဒီ မျက်နှာလေးထက်မှာပဲ စူးစိုက်ကာ ...

"လက်ထပ်မှုကို မင်းကိုယ်တိုင် သဘောတူလိုက်တာမဟုတ်လား"

ဒီဒီ့ မျက်ဝန်းလေးတွေ ဝိုင်းသွား၏။ ဦးမိုးနှင်းလည်း အံ့အားသင့်သလိုဖြစ်သွားသည်။

"ဒါက မေးသင့်လို့မေးတာပါ ဒီဆောင်း က ကျွန်တော်နဲ့လက်မထပ်နိုင်လို့ ထွက်သွားတာ အခုသိရပြီး တမင်ရှောင်သွားတာလား ချစ်သူနဲ့ပါသွားတာလားဆိုတာ မသေချာဘူး၊ အဲဒီတော့ မိဘစကားနားထောင်ပြီး ချစ်သူနဲ့ကွေကွင်းရတဲ့ခုက္ခကို ထမ်းပိုးလာတာဆိုရင် ..."





"ဒါကြောင့် မင်းတို့ချင်း ဆွေးနွေးဖို့လိုတယ်လို့ ဦးက ပြောတာ၊ မင်း ဒီမေးခွန်းကို နှစ်ယောက်အေးအေးဆေးဆေးတွေ့ပြီး မေးမြန်းဆွေးနွေးလို့ ရပါတယ်"

"ကျွန်တော် အဲဒီလောက်ထိလဲ အချိန်မယူချင်လို့ပါ၊ အခု ကျွန်တော်မေးတာ လွန်သွားတယ်ဆိုရင် ဒီမေးခွန်းကို ပြန်ရုပ်သိမ်းပြီး နောက်တစ်ခု မေးချင်တယ်"

ဒီဒီ နဲ့ သူ စိုက်ကြည့်မိကြပြန်သည်။ ဓာတ်ပုံထဲမှာ မှတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေနဲ့မို့ ဒီမျက်နှာကို ရုတ်တရက် မဖမ်းမိဘဲဖြစ်သွားခဲ့၏။ ကြမ်းရှသည့်ပါးမြိုင်းမွေးတို့ကို ရိတ်သင်ထားသဖြင့် နားသယ်စပ်က မေးဖျားထိ ပါးရိုးတွေမှာ စိမ်းမှောင်နေသည်။ နှုတ်ခမ်းဖျားတို့အထက်မှာလည်း မလင်းပေ။

အသားရောင်က ခပ်လတ်လတ်ပဲမို့ မျက်ခုံးတွေ ထူတန်းနေပုံနှင့် သူ့က တုလားရုပ်ပေါက်နေ၏။ ဓာတ်ပုံထဲကလောက် ရင့်ထော်မနေပါ လည်း ဒီလောက်တော့ခေါ်းပေ။

ဒါပေမယ့် မရှော။

"မင်းကို ထပ်မေးချင်တယ်"

ဟု သူက ပြောလိုက်ပြီး ဒီဒီ ခေါင်းညိတ်၊ ခေါင်းခါ ဘာမှမလုပ်ရသေးခင် ဆက်ပြော၏။

"မင်းမှာ ချစ်သူရှိလား"

ဒီဒီ က ဦးမိုးနှင်း ကို လှမ်းကြည့်လိုက်ပြီး ...

"မရှိပါဘူး"

ဟု ပြောပေမယ့် ပါးပြင်လေးတွေရဲတွတ်နေရှာသည်။ ခေါ် ယဉ်ဆင့် တည်မြဲ ကို သေချာအကဲခတ်နေရင်း သူ့မှ ပါးသင့်ပြီထင်တာမှ ...

"ဒါဆိုရင် လူလေးကတော့ ချစ်သူမရှိဘူးလို့ပဲ သတ်မှတ်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ဒီလိုလေ၊ ဒီမေးခွန်းမျိုးမေးတဲ့လူဟာ ကိုယ့်လိုပဲ ကိုယ့်ရဲ့အိမ်ထောင်ဖက်က သန့်စင်စေချင်တဲ့ဆန္ဒမျိုး ရှိတတ်ကြတယ်"

တည်မြ ခေါင်းညိတ်သည်။

"မှန်ပါတယ်၊ ကျွန်တော်က ကိုယ့်ဘဝကိုလဲ မဲ့တစ်ပေါက်အစွန်းမခံခဲ့ဘူး၊ သူများဘဝကို စွန်းစေ ထင်းစေဖို့လဲ မကျူးလွန်ခဲ့ဘူး။ အဲဒါကို ရှင်းချင်လို့ မေးတာပါ၊ ဘာပဲဖြစ်ဖြစ် သန့်စင်နေကြဖို့ပဲလိုတာ"

ဦးမိုးနှင်း မျက်နှာပျက်သွားလေသည်။ ရင်ထဲမှာ တစ်စုံတစ်ခု ထိရှသွားတာသေချာ၏။

ဘာမှန်းတော့မသိပေ။ တည်မြ ၏စကားတွေက ရိုးသားဖွာကောက်ကွေ့နေသည်ဟု သူ ထင်မိသည်။

သို့သော် ...





## အခန်း (၁၃)

မောင်တည်မြ (B.Sc) Maths

နှင့်

မဒီနွေ (ခေါ်) ဒီဒီ (Eco)

သတင်းစာထဲမှာ မြင်လိုက်တော့ ရုတ်တရက် မျက်လုံးတွေ ပြူးကျွန်သည်အထိ အံ့သြ၏။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိလေသည်။

"ဘာတွေသဘောကျနေတာလဲ မိန်းမ"

မေသော် က ဝယ်လာသည့် ပုရစ်ကြော်တွေကို ပန်းကန်ပြားလေးထဲမှာ အိတ်နဲ့အတိုင်း ပက်လက်ကလေးဖြေထားလိုက်ပြီး စားပွဲပေါ်မှာ ချသည်။

ပြီးတော့ ဘေးမှာဝင်ထိုင်လိုက်ပြီး သတင်းစာကို ငုံ့ကြည့်၏။ ဒီကလည်း သတင်းစာကို မေသော့် လက်ထဲထည့်လိုက်ပြီး အရယ်မပျက်နှင့် ...

"သွားပြီလေ၊ မဒီဒီ သမီးအလိမ္မာလေး၊ ဟား ဟား... အဘိုးကြီးနဲ့ညားပြီ သူများတွေက သွားမပါရင်နေ ကားပါရင်ပြီးရောတဲ့၊ ငါ့သမီး ခများတော့ ဘာမှကိုမပါတာကြီးနဲ့ ညားသွားရှာပြီ ရယ်ရတယ်ကွာ ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ တကယ်လား"

"ကြည့်... ဒီနွေ ခေါ် ဒီဒီ ဆိုတာ နာမည်က နှစ်လုံးစလုံးတူနိုင်တာ ရှိပါမလား၊ ဆက်ကြည့်လိုက်၊ ငါတို့ရဲ့မွေးသဖခင်ကြီးနာမည်နဲ့ ..."

ခုမှ မေသော် က တွေ့သွားပုံပေါ်ကာ သတင်းစာကို သဲမဲဖတ်၏ ပြီးတော့ အံ့ဩဟန်နှင့် ပြန်မော့လာသည်။

"ဟုတ်တယ်နော်၊ နင်ပြောတော့ နင့်အဖေက နင့်ကို မလိုလို့ တမင် ချောက်တွန်းတာဆို၊ အဲဒါဆိုရင် ဒီဒီ နဲ့ ခုလို ဆက်ပြီး စိစဉ်ပါ့မလား"

"ဒါလဲ ရှင်းနေတာပဲ မေသော် ရဲ့၊ ဦးတည်မြ ဆိုတဲ့အဘိုးကြီးနဲ့ ဖေဖေ ရှင်းမရအောင်ငြိထားတာရှိလို့ဖြစ်မှာပေါ့၊ ငါ့ကို အမွေနဲ့ခြိမ်းခြောက်ပြီ မင်္ဂလာကိစ္စကို အပိုင်လုပ်ပစ်လိုက်တာလေ၊ အဲဒါကိုသိလို့ ငါ အနီးကပ် ကျမှ လစ်ထွက်လာတာ၊ ဟွန်း... မရှူနိုင် မကယ်နိုင်ဖြစ်ပြီး ဒီဒီ နဲ့ စိစဉ် ပေးလိုက်ရတာဖြစ်မှာပေါ့၊ အားရလိုက်တာ၊ ဘယ်လိုအားရမှန်းကို မသိ ဘူး"

ပြောရင်းရယ်ရင်းနှင့် ဒို မျက်နှာလှလှလေးမှာ အနီရောင်ပင်သမ်းလာ ခဲ့သည်။ ဒါကို မေသော် က လိုက်ရယ်မလို၊ ဒီတိုင်းပဲကြည့်နေရမလိုနှင့် ဒို ကိုပဲ ထိုင်ငေးနေ၏။

"ဒါပေမယ့် ငါထင်တာက ဖေဖေ မျက်နှာပျက် အရှက်ရကျန်ခဲ့မှာ နှလောက်ပါပဲ၊ ဒီဒီ နဲ့ စိစဉ်ပစ်လိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး၊ စိတ်မကောင်း စရာပဲ၊ ဒီအဘိုးကြီးမှာ ဘာတွေများမက်စရာရှိနေလို့လဲမသိပါဘူး၊ ပြောတဲ့ ပုံကတော့ အားလုံး အသင့်အတင့်လောက်ချည်းပဲ"

"နင်က မမြင်ရဘဲနဲ့ ပြောနေပြန်ပြီ၊ နင့်အဖေကိုယ်တိုင်က သူဌေးကြီး တစ်ယောက်ဖြစ်နေတဲ့ဟာ၊ သူ့မိတ်ဆွေဆိုတဲ့လူက တော်ရုံလူ ဖြစ် မလား"

"နင် မသိပါဘူး မေသော်ရယ်"





"ဘာလို့မသိရမှာလဲ၊ မိဘက သားသမီးကို မကျေနပ်ချက်နဲ့ ချောက် တွန်းတယ်ဆိုတာ မရှိဘူး၊ ဝါလဲ မိဘမဲ့ပဲ၊ နင်ကမှ အဖေရှိသေးတယ် ငါက အဒေါ် အထောက်အပံ့နဲ့ ခုလိုလေးနေရတာ၊ မိဘ မပြောနဲ့ ငါ့အဒေါ် တောင်မှ သူ ယောက်ျားယူလိုက်လို့ အတူမနေနိုင်ပါဘူးဆိုပြီး အဘွားနဲ့ လာနေတာကို အခု အဘွားမရှိတော့တဲ့အထိ ဂရုစိုက်တုန်း၊ ထောက်ပံ့ တုန်းပဲ၊ တစ်ယောက်တည်းနေလို့ဆိုပြီး ပိုတောင်ဂရုစိုက်လာသေးတယ်"

"ဒါက အဒေါ် ကိုဟဲ့၊ ဦးလေးတို့ အဖေတို့ ဖြစ်ကြည့်ပါလား ဟွန်း..."

ဒီ က နည်းနည်းလေးမှ တရားချလို့ကျမည့်ပုံမပေါ်ပါ။ မေသော် က နာခေါင်းရှော၊ နှုတ်ခမ်းပါရွဲ့မဲ့လျက် ပုရစ်ကြော်ဘက်ကို မျက်နှာပြန်လှည့် ၏။

"ဖေဖေက ငါ့ကို ငယ်ငယ်ကတည်းက မကြည့်တာ၊ ငါက ငါ့မိဖနဲ့ ပြောရဲဆိုရဲတာ၊ သွက်လက်တာတွေကို မနှစ်သက်ဘူးလို့ခေါင်းစဉ်တပ် တယ်၊ ပြီးတော့ သူ့ကိုနားမလည်တတ်တဲ့ အမေတူသမီးတဲ့လေ၊ ဘာဆိုင် လို့လဲ၊ သူ့ကို နားမလည်ရုံတင်မကဘူး အတိုက်အခံလုပ်ပြီး မေမေနဲ့ကွဲ အောင်ခွဲလိုက်တာက ဒေါ်လေးရယ်၊ ခုကျတော့ ဒေါ်လေးနဲ့ အကြောင်း ပေါင်းသင့်လို့ ငါ့ကိုတော့ ရန်သူကျနေတာပဲ"

"နင်က အထင်လွဲနေတာပါဟာ၊ ငါထင်သလိုပြောရရင် နင့်ရဲ့ ဟို ယင်ငယ် အစကတည်းက နင်ပဲ အယူလွဲလာတာ"

"မေသော်"

"ဘာတုံး"

"နင်က ငါ့ကို ငြူငြင်နေပြီလား"

"ဘာဆိုင်လို့လဲ"

"ငါမှားတယ်လို့ပဲ ဘာဖြစ်လို့ ပြောနေတာလဲ"

"မမှန်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြောသည်။ ဒီ ပေါက်ကွဲတော့မှာကိုလည်း သိလိုက်သဖြင့် မေသော် က ပုရစ်ကြော်တစ်ကောင်ကို ဘာမှ ဖြုတ်ထုတ်ဖယ်ရှားမပစ်တော့ဘဲ ပါးစပ်ထဲကို ဖြစ်သလိုထိုးကြိဝ်ထည့်လိုက်ပြီး ကမန်းကတန်း လှည့်သည်။

"ငါပြောတာ... အ... ဒီလိုလေ ..."

ပုရစ်၏ခြေထောက်တွေနှင့် ပါးစောင်ငြိမိကာ မျက်နှာလည်းမဲ့သွားလျက် ရှင်းလည်းပြရှာ၏။

"ကြားသုံးကြားမဝင်ချင်လို့ နင်တို့ပြေလည်အောင်ပြောတာ။ ပြီးတော့ မိဘဲ ဆိုတာ မစော်ကားကောင်းဘူးဟ၊ ကံကြီးထိုက်တတ်တယ်"

"ထိုက်ထိုက်၊ ဘာဖြစ်ဖြစ် ငါ့ကို မဝေဖန်နဲ့"

"မဝေဖန်ဘူးဟာ၊ ကဲ... ဒီမှာ ပုရစ်ကြော်စား"

စူပုပ်ပုပ်မျက်နှာနှင့် ပုရစ်ကြော်ကိုလှမ်းကိုက်တော့ မေသော် ပြုံးလိုက်၏။ ညတိုင်း စောင့်ကြည့်ဖြစ်သည့် ကိုရီးယားဇာတ်လမ်းတွဲတွေကို သတိရမိလို့ပါ။

စိတ်ညစ်လေ များများမျိုလေ။ ဒီစိတ်မချမ်းသာတဲ့အတွက်ကြောင့် အသက်သေကြတဲ့လူတွေတောင် အများကြီးရှိတဲ့ဟာ စိတ်ညစ်ပြီး မျက်ရည်ပေါက်ပေါက်ကျနေတာကို ဘယ်လိုလုပ်မျိုချမလဲ။

ငိုပြီ ဆိုကတည်းက လည်ချောင်းထဲမှာကျပ်ခဲဆို့နင့်နေပြီး ခေါက်ဆွဲတွေ၊ ပီဇာတွေ သုံးလေးပွဲ၊ သုံး၊ လေးခွက်ကို စားငြနေသည်။

"ဘာပြုံးနေတာလဲ"

ဒီ က ပုရစ်ကြော်ကို ကျကျနန ဖွဲ့ထွင်နေရင်း မေးဆက်မေးသည်။

"ဘာမှမဟုတ်ပါဘူး။ ငါ ပြောစရာရှိလို့"

"ဘာလဲ"

"လှမ်းမိုးနိုင်လေ"





"လှမ်းမိုး ဘာဖြစ်လို့လဲ၊ အဲဒီကောင်နဲ့ ငါ ပြတ်သွားပြီ"

ကိုယ်က မစရသေးဘဲ သူပဲ ပိတ်ပြောနေသဖြင့် မေသော် က မျက်စောင်းထိုးသည်။

"နင်ကတော့ ပြတ်နေတာပါပဲ၊ ဘယ်သူ့ကိုဖြစ်ဖြစ် ဟိုကဖြတ်သွားခဲ့တာရှိဖူးလို့လား"

"ရှိစရာလားဟ၊ ဒီ ဆိုတဲ့ ငါက ဘယ်တော့မှ သူများ လက်ပြနှုတ်ဆက်သွားတာကို ရပ်ကြည့်ကျန်ခဲ့မှာမဟုတ်ဘူး၊ ငါကပဲ ဆောရီးလုပ်မှာ"

"အဲဒါကြောင့်ပြောတာ၊ လှမ်းမိုးနိုင် က နင့်ကို အသေ အလဲပိုးပန်းခဲ့တဲ့သူ၊ နင်က ခဏလေးတွဲပြီး ဖြတ်ချခဲ့တော့ သူ ဖျတ်ဖျတ်လူးကျန်ခဲ့တာ"

"သေပေါ့"

"မသေဘူး ဆရာမရေ၊ ရှင် ဒီမှာရှိနေတာကို သူ သိ သွားပြီ၊ ငါ့ဆီမှာ ရှိနေမှန်းသာမသိတာ"

"ဟင် ဟုတ်တယ်"

"ဟွန့် ..."

ဒီ မျက်လုံးပြူးသွားတော့မှ 'ခုတော့လန့်သွားပြီလား' ခပ်သည့် မျက်လုံးနှင့်ကြည့်ကာ မေသော် က ဆက်ပြော၏။

"ပြည်မြို့က အကျယ်ကြီးမဟုတ်ဘူး ဆရာမ၊ သွားတာလာတာ ဆင်ခြင်၊ လှမ်းမိုးတို့က သူတို့မိသားစုပဲ ရန်ကုန်ကိုရောက်သွားကြတာ၊ ပြည်မှာ သူတို့အမျိုးတွေချည်းပဲ"

"ဖြစ်ရလေ၊ အဲဒီကောင် တကယ်ခွဲကြီးတာ၊ ငါ နည်းနည်းတော့ လန့်သလိုပဲ"

"အများကြီးလန့်ထားလိုက်၊ တကယ်လို့တွေ့သွားခဲ့ရင်လဲ ရန်ကုန်မှာလို မာရေကျောရေ သိပ်မပြောနဲ့ပေါ့ဟာ၊ သူ့ပုံစံကိုကြည့်ပြီး ရေလိုက်ငါးလိုက် ဆက်ဆံပေါ့၊ သူ့ရင်ထဲမှာ နင့်ကို မြေးတေားမထားဘူးလို့ မပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး”

မှန်လေစွပဟု ရင်ထဲမှာ ရေရွတ်လိုက်မိသည်။ လွှမ်းမိုးနိုင်က ရုပ်လည်း ဖြောင့်သည်။ သူမလိုပဲ သူလည်း ကျောင်းမှာ ပေါ်ပြူလာဖြစ်သည်။ လွှမ်းမိုးနိုင် ဒီဆောင်း နဲ့ကျမှ မလွှမ်းမိုးနိုင်တော့ဘူးဆိုသည့် ရယ်မောသံ တွေကြားမှ မရိုတရိုကျွန်ခဲ့တာမို့ ပြန်တွေးမိတော့ ဒီပုဂ္ဂိုလ်ကို လျှော့တွက် လို့မရ။





## အခန်း (၁၄)

တိုက်ကလေးက သေးသေးဝပ်ဝပ်လေးဖြစ်၏။ အခန်းတွေလည်း အထိုက်အလျောက်တော့စုံသည်။ ဖွဲ့စည်းပုံလည်း စနစ်ကျ၏။ ဘေးကားပုံစံဖြစ်ကာ အပေါ်ထပ်ကျတော့ ထပ်ခိုးသာသာလေးပဲရှိသည်။

ဧည့်ခန်းကျတော့ အိမ်ရှေ့မှာတစ်ခု၊ နောက်ဖေးမှာတစ်ခု။ နောက်ဖေးမှာ ဧည့်ခန်းရှိနေသည့်အိမ်မျိုး၊ ဒီဒီ ခုတစ်ခါမှမြင်ဖူးသေးသည်။

အခန်းတိုင်းမှာ ပရိဘောဂပစ္စည်းအစုံရှိသည်။ ခေတ်မီ အဖိုးတန် အသုံးအဆောင်ပစ္စည်းတွေချည်းပဲဖြစ်၏။ တစ်တိုက်လုံး မီးတွေမွေးနေသဖြင့် တစ်ယောက်တည်း စိမ်ပြေနပြေလိုက်ကြည့်နေမိသည်။

သူမကိုယ်မှာ မင်္ဂလာဝတ်စုံတော့လဲပြီးပါပြီ၊ ဒါပေမယ့် မင်္ဂလာဝတ်စုံ၏အောက်ခံပိုးပျော့သား လက်ပြတ်တိုနံ့နံ့လေးနဲ့ပဲဖြစ်သည်။

ညဝတ်အင်္ကျီလဲဖို့က ဗီရိုတွေမှာ သော့ခတ်လျက်သားဖြစ်နေ၏။ သော့ပိတ်လျက်ရှိသည့်အခန်း၊ ဗီရိုအားလုံးကို ဘာမှဖွင့်မကြည့်ခဲ့ရပါ။ မင်္ဂလာပွဲပြီးလို့ ဒီကိုခေါ် လာခဲ့ပေမယ့် ဒီဒီ ကိုထားခဲ့ပြီး သူ့မိတ်ဆွေတချို့နှင့် ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြံဝမှာ ခြံစောင့်အဘိုးကြီးရှိတယ်၊ အကြောင်းရှိရင် အိမ်ရှေ့တံခါး နောက်က အနီရောင်ဘဲလ်ကို နှိပ်လိုက်" တဲ့။

သူ မှာခဲ့တာ ဒါပဲဖြစ်၏။ အိမ်ထောင်တစ်ခုကို ဒီနေ့ သူမ စတင်ထူ ထောင်ရတော့မှာဖြစ်သော်လည်း ခုချိန်ထိတော့ လှုပ်ရှားရင်ခုန်မှုယ် ဘာမှ မရှိခဲ့ပေ။ သူကလည်း ခပ်တည်တည်၊ ဒီဒီ ကလည်း ဘာပြောရမလဲ။

ကိုယ့်ကိုခေါ် ပြောလာမလား၊ တစ်ခုခု ရယ်မောမေးမြန်းလာမလား ဟု ခဏခဏ သူ့ကို မော့ကြည့်နေခဲ့သည်။ သူကတော့ ဒီဒီ နဲ့မျက်လုံးချင်း ဆုံမိလောက်အောင်ကိုပဲ တစ်ချက်လေးမှ ငုံ့မိုးကြည့်လာခဲ့တာမရှိ။

ဘယ်လိုကြီးမှန်းမသိသော်လည်း နှစ်ယောက်အိပ်ခုတင် အပြာရောင် နုနုမွေ့ရာအပွင့်ခက်ကြီးများနှင့် မင်္ဂလာအိပ်ခန်းကြီးထဲကို သူမ ရောက်နေ ပြီဖြစ်သည်။

မှန်တင်ခုံရှေ့မှာ အသာလေးဝင်ထိုင်လိုက်ရင်း မိတ်ကပ်တွေ ဒီတိုင်း ရှိနေသေးသည့်မျက်နှာကို ပြန်ကြည့်မိသည်။ ပြီးတော့ ကကြီးပုံမဟာနဖူး လေး အစကတည်းကရှိတာမို့ ကကြီးပုံဆံမြိတ်အလန်လေးတွေနှင့် ပခုံး ထောက် အထပ်ဆံပင်လေးကို ပွတ်သပ်လိုက်သည်။

ဒီ နဲ့ ဒီဒီ ကွဲပြားသွားအောင်လို့ တဲ့၊ ဖေဖေကိုယ်တိုင်ပဲ ကွဲပြားစေခဲ့ ပြီး ဖေဖေပဲ ဒီ့ နေရာမှာ ဒီဒီ ဖြစ်စေခဲ့တာ။

ဒီ့ လိုမျိုး ဆံပင်ကို အရောင်အမျိုးမျိုးတင်ပြီး ပျော့အောင်နဲ့ အောင် နေ့တိုင်း ပြုပြင်အလှဆင်မနေခဲ့ပေမယ့် ဆံပင်ရှည်တွေကို ဒီဒီ မြတ်နိုးပါ သည်။

ခုတော့ ဒါကို စွန့်လွှတ်ခဲ့ရတာပဲရှိသည်၊ ဘာမှမထူးခဲ့။

မှန်ကိုငေးနေရာမှ ကားသံသဲ့သဲ့ကြောင့် ဒီဒီ နားစွင့်လိုက်မိ၏။ ဘာဂျာတံခါးဖွင့်သံလည်းကြားသဖြင့် သူ ပြန်လာပြီမှန်း သိလိုက်သည်။ သိပ်မကြာခင်မှာပဲ တည်မြဲ ၏ပုံရိပ်က မှန်ထဲမှာ ပေါ်လာ၏။





"မင်း ရေမိုးမချိုးဘဲ ဘာထိုင်လုပ်နေတာလဲ"

"ရေချိုးပြီးရင် အဝတ်လဲဖို့မှမရှိတာ"

"ဘာပြောတယ်"

အသံကြီးက လူကို ဆောင့်တွန်းပစ်လိုက်တာထက်ဆိုး၏။ ဒီဒီ မှန် ကိုတစောင်းလေးထိုင်လျက် သူ့ကိုမော့ကြည့်ရင်း လန့်ဖျပ်သွားသည်။

"မင်း အဲဒီလောက် အသုံးမကျတဲ့မိန်းကလေးလား"

ဟုပြောရင်း တည်မြဲ က မှန်တင်ခုံရှေ့ကိုလျှောက်လာသည်။ ပြီး တော့ အပေါ် အံဆွဲသုံးခုတန်း၏ အောက်အလယ်တည့်တည့်က အံဆွဲကို လျှောခနဲဆွဲဖွင့်လိုက်၏။

အရှိန်ကြောင့် ချိုးချိုးချွတ်ချွတ်သံတွေလည်း မြည်သွားသည်။ ငုံ့ ကြည့်လိုက်တော့ အထဲမှာ သော့တွဲနှစ်တွဲ၊ တည်မြဲ က နှစ်ခုစလုံးကို ကောက်ယူပြီး မှန်တင်ခုံပေါ် မှာ ရှူမ်းခနဲဆောင့်ချ၏။

"နည်းနည်းမှ ရှာဖွေမကြည့်ဘဲထိုင်နေသေးလား"

"ဒီဒီ က ..."

"အသုံးမကျတာကို ဆင်ခြေမပေးနဲ့၊ ဒီသော့တွဲတွေကို ငါက သွား လေရာ သယ်ပိုးစောင့်ရှောက်ပြီး ဘာလုပ်ရမှာလဲ၊ ငါ ယူသွားတယ်ထင်လို့ ထိုင်စောင့်နေတာပေ့ါ ဟုတ်လား"

"ဦးကလဲ ,..."

ဒီဒီ ငိုမဲ့မဲ့လေးဖြစ်သွား၏။ ဒီလိုအော်ငေါက်အဆူခံခဲ့ရတာ မရှိဖူး သဖြင့် မျက်ရည်တွေချက်ချင်းဝေ့လာသည်။ ဒါပေမယ့် ငိုလည်းမငိုဖြစ်။

"ငါထင်သားပဲ၊ တစ်ယောက်ကဆိုးမယ်၊ တစ်ယောက်က မလိမ္မာ နိုင်ဘူးဆိုတာ၊ ဒီမှာ ..."

သူက ဒီဒီ့ မျက်နှာကို ငုံ့ကြည့်လိုက်ပြီး သနားကြင်နာရမှန်းလည်း မသိဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"တည်မြဲ ဆိုတဲ့ကောင်ကလဲ သချိုင်းဘဲ့ကို လက်မှတ်တစ်ခုအဖြစ်ပဲ ယူခဲ့တာမဟုတ်ဘူး။ မင်းအဖေလိုပဲ ငါ့ခေါင်းထဲမှာ သချိုင်းတွေရှိတယ်"

သူ့နားထင်ကို လက်ညှိုးနှင့် သေနတ်နဲ့ထောက်သလို ထောက်ပြရင်း ဟွန့်ခနဲမဲ့သည်။

"ငါ့ဘက်က ရှုံးသွားမှုကို မင်းအဖေက အခွင့်အရေးယူခဲ့တာ"

သူက မှန်တင်ခုံပေါ် တပစ္စည်းတွေကို ဖြစ်သလိုရှသိမ်းတွန်းပစ်လိုက်ပြီး တင်ပါးတစ်ခြမ်းနှင့် ခပ်ရှုရှုထိုင်လိုက်သည်။

မျက်နှာကလည်း နီနေသည်။ အရက်နံ့လည်းရနေပေမယ့် သူ့လေသံ၊ သူ့စကားလုံးတွေမှာ မူးမောနေတာ ဘာမှမရှိ။ အပေါ် စီးကနေ မျက်ရည်တွေပြည့်အိုင်လျက် မော့ငေးနေသည့် ဒီဒီ မျက်နှာလေးကို ညှာတာခြင်းကင်းစွာ ငုံ့ကြည့်၍ ...

"ငါ ရန်ကုန်မှာ အမှတ်တမဲ့ ခုကျရောက်နေတုန်း မင်းအဖေက တွေ့ချင်တယ်ပြောတယ်၊ ပြီးတော့ ငါ ဘာကောင်မှန်းမသိပေမယ့် ငါ့ကို တလေးတစားရှိတယ်၊ ယုံကြည်တယ်၊ အဲဒါတွေမှာ ငါ အရည်ပျော်သွားတာ၊ ဒီအသက်အရွယ်နဲ့ အိမ်ထောင်ဖက်ကောင်းကောင်းရှာဖွေဖို့ လိုအပ်နေပြီဆိုတဲ့ အကြောင်း ၈၊နောက်ပြောဖြစ်ကြရင်း ဒီဆောင်း နဲ့လက်ထပ်ပေးဖို့တွေ သူက ပြောလာတာ"

ဒီဒီ မျက်လွှာလေးချလိုက်မိသည်။ ပြည့်သိပ်နေသည့်မျက်ရည်တွေ က မျက်တောင်တွေလှုပ်ရှားသည့်အတိုင်း လှုပ်လီလှုပ်လဲ့ဖြစ်တုန်တာ တောင် ပြိုဆင်းမသွားသေးဘဲရှိကြ၏။

ဖေဖေက သမီးတေးတဲ့အကြောင်းတွေပြောပြီ ဒီလူ အသားလှုနေ တာလား။ တစ်ယောက်နဲ့မဖြစ်တော့လို့ တစ်ယောက်နဲ့ ထပ်စီစဉ်ခဲ့တာ တွေလည်း ပါလာဦးမည်ထင်သည်။

ဒီဒီ မျက်တောင်တွေကို မှိတ်ပစ်လိုက်ပြီး မျက်ရည်တွေကို ကျစေ





လိုက်သည်။

မြင်ကွင်းထဲမှာ ကြည်လင်သွားကာမှ နေရာမှ ထလိုက်၏။

"မရဘူး ပြန်ထိုင်"

တည်မြဲ က လက်မောင်းကို လှမ်းဆုပ်လိုက်ပြီး ပြန်ဖိချသည်။

"မင်းကို စကားမပြောနိုင်မှာစိုးလို့ ငါ လျှောသောက်လာခဲ့တာ အလကားအဖြစ်မခံနိုင်ဘူး။ ငါပြောပြီးမှ မင်း အိပ်ရမယ်"

"ဒီဒီ နဲ့ဘာဆိုင်လို့လဲ၊ ဦးနဲ့ဖေဖေ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒီဒီ က ..."

"ဦးမိုးနှင်းရဲ့ သမီးလေ၊ မင်းနဲ့ တိုက်ရိုက်သက်ဆိုင်တာပဲ၊ ပါးစပ်ပိတ်ထားလိုက်၊ ငါပြောတာကို မင်း နားထောင်"

ဒီဒီ ပြန်ထိုင်လိုက်ရပေမယ့် သူ့လက်ကိုတော့ ဖယ်ချပစ်လိုက်သည်။ နောက်ထပ် စီးကျလာသည့်မျက်ရည်တွေကိုရော၊ ပါးပေါ် ကမျက်ရည် တွေကိုပါ လက်ခုံနဲ့ ဘယ်ညာ ပွတ်ဆွဲပစ်၏။ တည်မြဲ က စိုက်ကြည့်နေပျက် ...

"ငါ ရန်ကုန်ကိုရောက်လာတာ မင်းအဖေနဲ့ချိန်းထားတဲ့ရက်ထက် စောတယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

မေးပြီး ဒီဒီ က မဖြေဘဲ သူပဲ ဆက်ပြောသွားသည်။

"ဒီဆောင်း ဆိုတဲ့ မိန်းကလေးက သတင်းကြီးတဲ့မင်းသမီးဖြစ်နေလို့ ညီးစားများတဲ့မိန်းကလေး၊ သန့်စင်စင် ဘယ်သူသိမှာလဲ"

"ဒီ က ညီးစားမရှိပါဘူး"

"ဘာညည်းစားမရှိလဲ၊ ဘာကိုကြည့်ပြီး ပြောတာလဲ"

ဒီဒီ ပါးစပ်ပိတ်ထားလိုက်ရသည်။ ထိုအခါ တည်မြဲ က နှုတ်ခမ်းမှုန့်ဘဲ လှောင်ရယ်ခြင်းပြုလျက် ...

"ငါပြောပြီးသားနော်၊ ငါ့မှာလဲ သချိုင်းတွေရှိတယ်ဆိုတာ၊ ဘာသမီး အကြောင်းကိုသိလို့ဖြစ်စေ၊ မသိလို့ဖြစ်စေ ဘာမှမဟုတ်ဘဲ ငါ့လက်ထဲထည့်ဖို့

www.burmeseclassic.com



သူ ဖွင့်ပြောတယ်၊ ဒါက ငါ့ကို သဘောကျတဲ့စိတ်နဲ့ပဲထားလိုက်ပါ၊ ယောကျ်ားကောင်းတစ်ယောက်ဟာ ဓနီးကောင်းတစ်ယောက်ကိုပဲ လိုချင်ကြတဲ့ ယောကျ်ားမာနကို ထည့်မတွက်ခဲ့တာ သူ တစ်ကိုယ်ကောင်း ဆန်တဲ့ ပထမတစ်ချက်"

တစ်ယောက်တည်းပြော၊ တစ်ယောက်တည်းမဲ့လိုက်၊ ပြုံးလိုက်နှင့် ဒီလူ ရူးနေသလား။ ဒါမှမဟုတ် သတ္တိမရှိတာလား၊ ဖေဖေ့ကို မကျေနပ်ရင် ဖေဖေ စီစဉ်တာကို ခေါင်းခါလိုက်ရုံနဲ့ပြီးသွားမှာမဟုတ်ဘူးလား၊ ကွယ်ရာ ကျမှ ...

"တုံ့ပြန်တာက လွယ်ပေမယ့် ချက်ကောင်းကိုထိဖို့ ခက်တယ်"

တည်မြဲက တစ်လုံးချင်း ဆက်ပြောသည်။

"သူနဲ့ငါရဲ့ ချည်နှောင်မှုကို မင်းအစ်မနဲ့လက်ထပ်တဲ့နေ့က စပြီး ပြတ်ပြီလို့ ငါ သတ်မှတ်ထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လက်ထပ်ပြီးမှ ငါက ယုတ်မာမှာလေ၊ သူက ငါ့ကို လှည့်ထင်ပြီး သမီးထိုးပေးတယ်၊ ငါက လက်ထပ်ပြီး ထားခဲ့လိုက်တာနဲ့ သူ နားလည်သွားပြီပေါ့"

"မဟုတ်ဘူး၊ ဖေဖေ့စိတ်ထဲမှာ ဒီလောက်ထိမရှိဘူး၊ ဒီ ကလေ ရည်းစားများလို့ နာမည်ပျက်ခဲ့တာ၊ ဘာချို့ယွင်းချက်မှမရှိဘူး"

"ဟွန်း..."

"ဟုတ်ပါပြီ ဆက်ပြောပါဦး၊ အခု ဒီ နဲ့မဟုတ်ဘူး၊ ဦးက ဒီဒီ ကို ဘယ်လိုစီရင်ဖို့ စိတ်ကူးထားပြီလဲ"

"ဟား ဟား ဟား"

ရယ်သံက ပက်ပက်စက်စက်ကျယ်လောင်တာမျိုးမဟုတ်ဘဲ အဖျားခတ်နဲ့သွား၏။ မျက်နှာမော့ရယ်ပြီး ဆံပင်တွေကို လက်တစ်ဖက်နဲ့ နဖူးကနေ ထိုးသိပ်တင်လိုက်သည့်ဟန်က အရက်ခိုးတွေ ပြန်လာသည်။ ပြီးတော့ မျက်တောင်ဖျားတို့မှေးစင်းကြည့်လာသဖြင့် ဒီဒီ ဆတ်ခနဲ တုန်





သွား၏။

လူကမဟုတ်ပါ။ ဝိဘက်ရင်အုံမှဖြစ်၏။ ဝုန်းဒိုင်းကြမ်းနှောက်နေသည့်ဆင်ရိုင်းအုပ်ကြီးနောက်မှ စောင်းကြိုးခတ်နေသလိုမျိုး၊ ဒီလူကြီး ပြောနေတဲ့စကားတွေနဲ့ ရင်ခုန်သံ ဘာဆိုင်လဲ။

"မင်းကိုယ်မင်း ဒီဆောင်း လို့မဟုတ်တဲ့မိန်းမလို့ယူဆပြီး မာန်တက်နေတာလား။ ဒီမှာ မင်းနဲ့နောက်ထပ် လက်ဆက်ပေးဖို့ သူ ကြံစည်ခဲ့တာက ပိုအပြစ်ကြီးတယ်၊ ငါ လက်ခံခဲ့တာလဲ မကျေနပ်လို့ဘဲ၊ အဲဒီအတွက် ငါ မင်းအဖေကို ကြေညာပြီးသားပဲ၊ တည်မြဲ ဆိုတာ ကိုယ့်အပေါ် မကောင်းရင် တုံ့ပြန်ဖို့ ဝန်မလေးတဲ့သူဆိုတာ ..."

"တုံ့ပြန်ပါ၊ ဒီဒီ မသိဘူး၊ ယောကျ်ားတွေ ဘယ်လောက်ထိယုတ်မာတတ်သလဲဆိုတာ ရှေ့မှာ ဥပမာမမြင်ဘူးလို့မသိတာ၊ ဦးပြောနေတဲ့ မင်းအဖေရဲ့ လုပ်ရပ်တွေဆိုတာလဲ အဲဒါ ဦးဘက်က မြင်တာတွေပဲ၊ ဖေဖေ က လူယုတ်မာမဟုတ်ဘူး"

"အဲဒါ စောသွားသေးတယ် ဒီဒီ၊ မင်းအစ်မ ဘာလုပ်သွားသလဲဆိုတဲ့ အသံကို နားထောင်လိုက်ဦး၊ မင်းကြားပြီးမှ ပြော၊ ငါကလဲ မိစ္ဆာမဝေဘဲ ခြေတစ်ဖက်ရှုပ်ဖို့ မကြိုးစားဘူး၊ ဒီဆောင်း ဘယ်လိုမိန်းကလေး ဆိုတာ မင်းအဖေကို သိစေပြီးမှ နောက်ကျန်တဲ့တစ်ဆစ်ချိုးက အလှည့်"

ဒီဒီ မျက်ရည်တွေတဖြိုင်ဖြိုင်ကျလာကြသည်။ မင်္ဂလာဦးည မင်္ဂလာအပေါင်းနှင့် ခညောင်းပါပေ၏။ သူပြောချင်တာပြောပြီးသွားတော့ နောက်ထပ် အမိန့်တစ်ခုထပ်ကျသည်။

"မိတ်ကပ်၊ နှုတ်ခမ်းနီနဲ့တွေ ငါ မခံနိုင်ဘူး၊ မင်း အပြင်ထွက်အိပ်"

"ဟင် ..."

ဒီဒီ ကြောင်တက်တက်လေးဖြစ်သွားသည်။ ငိုနေသည့် လက်[illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



စ ဖန်းမယားအပေါ် ဤသို့ ကြင်နာလိမ့်မည်ဟု စိတ်ကူးမိပါ့မလား။

"ရော့… အပြင်မှာ အိပ်လဲ မင်းကိုခြင်ကိုက်မှာမဟုတ်ဘူး ခြင်ဆန်ခါ ရှိတယ်"

ခေါင်းအုံးနဲ့စောင်ကို လက်တစ်ဖက်တည်းနှင့် ဖရိုဖရဲဆွဲယူပြီး ဒီဒီ ဆီကို လွှဲပစ်လိုက်၏။ ဖမ်းယူမထားမိသောကြောင့် စောင်နဲ့ခေါင်းအုံးတ ကြမ်းပေါ်သို့ ပြုတ်ကျကုန်သည်။ ကိုယ့်ခြေဖျားရှေ့မှာ ပုံကျနေသည့် စောင်တွေကို ငုံ့ကြည့်ပြီး ဒီဒီ က ဆံပင်တိုတိုလေးတွေခါထွက်သွားအောင် မျက်နှာမော့ပစ်လိုက်၏။

"ပြီးရော၊ ဘယ်တော့မှလာမခေါ်နဲ့"

လ၊

စားများ

"ဟု

"ပူ





## အခန်း (၁၅)

တစ်နေကုန် ဘာအလုပ်မှလည်းမရှိ၊ ဟိုနားဒီနားသွားဖို့ကျတော့ ည်း ကားက မရှိ၊ အပြင်ကို လှမ်းကြည့်လိုက်တိုင်း လူနေအိမ်ခြေ ရဘဲ စိမ်းစိုဖြောင့်ဖြူးနေသည့် လမ်းကြားကလေးကပဲ ဒီဒီ ကို လှျာ ပြနေ၏။

ရန်ကုန်မှာပဲဆိုတာသိလျက်နှင့် ကိုယ့်ကိုယ်ကို တောကြို့ချုံကြား ပ်နေသလို ခံစားနေရသည်။ နားစွင့်ကြည့်လိုက်တော့လည်း လေတိုး တောင် ကြားနေရသည့်အဖြစ်။

အိမ်ကြီး ကြီးလျှင်လည်း အပေါ်ထပ်တက်ပြီး ဝရန်တာကွေ ဘာ ှာ ထိုင်ကြည့်နေလို့ရဦးမည်။ ဒီဒီ စိတ်ပျက်ခြင်းအပေါင်းခညောင်း ည့်မျက်နှာလေးနှင့် အပြင်ထွက်လာခဲ့စဉ် တံခါးဖွင့်နေသည့် တည်မြဲ င်လိုက်သဖြင့် ဝမ်းသာအားရပြေးသွားမိ၏။

ဦး ပြန်လာပြီ"

ခင်ဗျားက ဘယ်ကိုသွားနေတာလဲ၊ ကားတစ်စီးလုံးပင်လာတာ အောင်"

မြင်လိုက်တာနှင့် ကိုယ့်အတွက် သူ့မျက်နှာကြီးက မှုန်ကုပ်ထားပြီး ဝမ်းသာရွှင်မြူးသွားသည့် ဒီဒီ မျက်နှာလေးက ဖျတ်ခနဲပြန်သည်

www.burmeseclassic.com



"ဘယ်မှလဲသွားစရာမရှိဘဲနဲ့ ဘယ်ကိုသွားရမှာလဲ၊ နောက်ဖေး ခ... ထွက်ကြည့်နေတာ"

သူ ဝင်လာတော့ လက်ထဲမှာ ဆွဲလာတာတွေကော၊ ပွေ့လာတာ... တွေကော မနိုင်မနင်းမို့ ဒီဒီ က ကူသယ်ပေးသည်။

"ဦး ကားက ဘယ်မှာလဲ"

အိမ်ရှေ့ကို လည်ပင်းလေးရှည်ကြည့်ပြီးမေးတော့ တည်မြဲ က ရှ... မကြည့်ဘဲဖြေ၏။

"တက္ကစီနဲ့ ပြန်လာတာ၊ ပြန်သွားပြီပေါ့"

"ဟင် ..."

ဒီဒီ ပစ္စည်းတွေကို သူ ချထားသည့် စားပွဲခြေရင်းမှာပဲ လိုက်တ... ရင်း တည်မြဲ မျက်နှာကို မျက်လုံးပြူးလေးနှင့်ကြည့်၏။ မသိမသာမဟုတ်... မျက်နှာရှေ့ကနေ လာမော့ကြည့်တာမို့ တည်မြဲ စိတ်မရှည်တော့...

"ဘာကြည့်တာလဲ"

"ဦးမှာ ကားမရှိဘူးလား"

"မရှိဘူး"

ဒီဒီ မျက်နှာလေး ရှုံ့မဲ့သွား၏။ လက်ဖနောင့်လေးနှင့် နဖူးကို ... နေရင်း စဉ်းစားသလိုလုပ်ကာ ...

"အဲဒါကြောင့် အိမ်မှာ ကားမမြင်တာကိုး၊ ဒါဆို...ဒါဆိုရင် ဒီဒီ ... ဆီမှာ ကားတောင်းလိုက်မယ်လေ၊ ဖေဖေက သမီးကြိုက်တဲ့လ... တောင်း တဲ့၊ သပ်သပ်ပေးမှာ တဲ့"

တည်မြဲ ဆိုဖာပေါ်မှာ ပက်ခနဲထိုင်ချလိုက်ပြီး ဒီဒီ ကိုစိုက်ကြည့်... ဒီဒီ မျက်နှာမှာ အဆောင်အယောင်မရှိပါလား ဆိုပြီး သူ့ကိုပုတ်ခ... သည့် အရိပ်အယောင်မျိုးမရှိပါ၊ မရှိတာကို လိုချင်တာမျိုးသာဖြစ်...

"ပြီးတော့ ဖေဖေ့ဆီမှာ ..."





"ဘာမှမတောင်းရဘူး၊ မင်းကို ငါ ယူထားတာ၊ ငါထားသလိုပဲနေ"

"ဦးကလဲ ဒီဒီ က ဦးဆီမှာပူဆာနေလို့လား"

"မင်း ..."

ဒီဒီ က သူ့ကိုစိတ်ပျက်သည့်နှုတ်ခမ်းမဲ့မဲ့လေးနှင့်ကြည့်ကာ ဘေးမှာ ...ဝင်ထိုင်လိုက်၏။ ပြီးတော့ တစ်ယောက်တည်းညည်းညူနေသလို ပွစိပွစိ ရေရွတ်လျက် ...

"ဟိုတုန်းကလဲ ဖေဖေက ကားပေးထားတာကို ဒီပဲ စီးတယ်၊ အတူ ...တူသွားရင် လူများပြီး ဖယောင်းတွေရှုပ်ကုန်မယ်တဲ့၊ ဒေါ်လေးကြောင့် ဒီဒီ ...ယ်ရီစီးရတာ၊ ခု တစ်ယောက်တည်း လူများမယ့်လူမရှိတော့လဲ မစီးရ ...ဘူး၊ အဲဒါ ဦး မတရားတာ၊ ဒီဒီက ကိုယ့်အဖေ့ဆီမှာ ..."

"ဒီဒီ ..."

သူ ဒီဒီ လက်မောင်းလေးတစ်ဖက်ကို ဆွဲခါလိုက်၏။

"မတရားနိုင်ချင်လို့ ယူခဲ့တာပါလို့ မင်းကို ငါ ပြောပြီးပြီနော်၊ ငါ့ကို ...င်း တရားတာ၊ မတရားတာ နောက်ထပ် မဝေဖန်နဲ့၊ ပြီးတော့ ငါက ...င်းနဲ့ရှယ်တူမဟုတ်ဘူး၊ တော်ဆိုရင် တစ်ခွန်းမှမပြောနဲ့ မကြိုက်ဘူး"

ဒီဒီ တကယ်ပါးစပ်ပိတ်ပြီး တောင့်တောင့်လေးထိုင်နေသည်။ စူး ...ောက်သောမျက်ဝန်းလေးတွေကတော့ မကျေမနပ်ကြည့်ဆဲပါ။

"စားပွဲပေါ် တင်ထားတဲ့အထုပ်တွေ ယူသွား၊ အဲဒါ မင်းအတွက် အဝတ်အစားတွေ"

"ဟင် ..."

ဒီဒီ ကိုယ် မတ်ခနဲဖြစ်သွား၏။ ဇီရိုနဲ့အကျီအဝတ်အစားတွေထားပေး ...ပြီး တစ်ခုမှ အဆင်မပြေလို့ ဝယ်ချင်တယ်လို့ပြောမိတာက ဒီဒီ။

"ဦးက ဒီဒီ အတွက် ဝယ်လာတာယ်"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦး ဝယ်ထားတာတွေ ဝတ်လို့မရလို့ မဝတ်ရတဲ့ဥစ္စာ၊ ဦးပဲ ထပ်ဝယ်လာတော့..."

"အဲဒါတွေ ငါဝယ်ထားတာမဟုတ်ဘူး၊ မိန်းမယူဖို့အတွက် အဲဒီလောက်ထိ လုံးပမ်းနေရအောင်လဲ အားနေတာမဟုတ်ဘူး၊ မင်းရဲ့ မိတ္တေ တော် ဝယ်ခြမ်းထည့်ထားတာ"

"ဟင်..."

ဒီဒီ ခုမှသိရပါသည်။ ဖေဖေ့ဖနိုးကို သိပ်အမြင်မကြည်ပေမယ့် ဒီ လို တော့ အရွဲ့တိုက်ဆက်ဆံခဲ့တာမျိုး ဒီဒီ မလုပ်ခဲ့ဖူးပါ၊ ထို့ကြောင့် မချစ်နိုင်ပေမယ့် မုန်းခဲ့တာလည်း မရှိပေ။

မင်္ဂလာပွဲမှာလည်း ဒီဒီ ကို နွေးထွေးစွာဆက်ဆံသည်၊ လက်ဝတ် လက်စား၊ မိတ်ကပ်က အစ သူမပဲ စီစဉ်ပေးသွားတာဖြစ်သည်။ ဒီမှာ အင်္ကျီတွေဝယ်ထည့်ပေးသွားတာကိုတော့ ခုမှ သိခဲ့တာပါ။ သူမဝတ်သလို မျိုး လည်ပင်းကျယ်ကျယ်၊ ပခုံးမကျတကျတွေကော၊ ရင်ဘတ်မှာ ဇာကပ်ပြီး ဒီတိုင်း ဟိုက်ချထားတာမျိုးတွေ၊ စကတ်အကျပ်၊ အတိုတွေ ကိုင်ကြည့်လိုက်တာနှင့် ဒီဒီ ခေါင်းတခါခါဖြစ်ကုန်တော့ တည်မြဲ လည်း မြင်သွား၏။ ဒါတွေကိုတော့ သူကိုယ်တိုင်လည်းဝတ်တာမကြိုက်၍ ခုလို ဝယ်လာတာဖြစ်မှာပါ။

ဒီဒီ ဟိုဟာမလိုချင်၍ ဒါ ဝယ်ပေးရတာမျိုး လိုက်လျှောရလောက် အောင် ဘယ်တုန်းက ဒီလူကြီး အချိုးပြေခဲ့လို့လဲ။

စိတ်ကူးထဲမှာ မျက်စောင်းထိုးဖြစ်တော့ ခပ်စောင်းစောင်းအကြည့်က သူ့ထံ ဖျတ်ခနဲရောက်သွားသည်။ ထိုအခါ သူ့ မျက်လုံးတွေနှင့် ဆုံမိလိုက် သဖြင့် မျက်စောင်းကို သိမ်းချိန်မရခင် ဟွန်းခနဲရယ်လိုက်သည်။

သေလိုက်...။

❧ ❧ ❧

မြွေသမင်ဓါးပေ



အခန်း (၁၆)

"ဒီနေ့ ဝင်မှာလား၊ ဝန် ဘယ်လောက်ပါမလဲ"

"....."

"ဟား.. အဲဒါ များတာပေါ့ကွ၊ ဒီအချိန် ရေကြောင်းကျပ်တယ်၊ ဝန် လေးကြီးနဲ့ သောင်တင်လိုက်ရင် အလကားအချိန်ကုန်ဦးမှာ၊ ကျွတ် မင်း ရေကြောင်းပြလုပ်မစားနဲ့တော့"

"....."

"တော်ပြီ၊ ညအိပ်စခန်း စောစောဝင်၊ အချိန်လုပြီး ဗွတ်မမောင်းနဲ့"

ဖုန်းကို ဂွပ်ခနဲချပြီး ခါးထောက်သည်။ တက်ခေါက်ခြင်း၊ လက်ဖျောက်ခြင်းကို ပြိုင်တူလုပ်ရင်း ပြန်ကောက်ဆက်၏။

သူ့ကို နောက်ကနေကြည့်ရင်း အိပ်ငိုက်နေသည့်မျက်လုံးတောင် ကျယ်သွား၏။ ညညဆို ဒီဒီ အပြင်မှာပဲအိပ်သည်။ ကြောက်တတ်တာ မဟုတ်သော်လည်း တစ်ယောက်တည်း မအိပ်ဖူးတော့ မပျော်နိုင်။ ထို့ကြောင့် ဝတ္ထုစာအုပ်တွေဖတ်၊ မဂ္ဂဇင်းတွေလှန်လှောက်လုပ်နှင့် ညဉ့်နက်မှ အိပ်ခဲ့တာဖြစ်၏။

ညဉ့်နက်တဲ့အထိ အလုပ်လုပ်သည့် သူ့ စားပွဲကလည်း အိမ်ရှေ့မှာ

www.burmeseclassic.com



ဝဲရို့ မမြင်လည်းမြင်၊ မကြားချင်လည်းကြားနေရသည်။ နာရီလှမ်းကြည့်တော့ ဆယ်နှစ်နာရီထိုးပါပြီ။

ဒီအချိန်ထိ မှန်းဆက်ပြီး ကြိမ်းမောင်းဖို့တွေရှိနေသေးသည်။ လှကြည့်တော့ ကိုယ်ပိုင်ကားတောင် မစီးနိုင်ဘဲနဲ့၊ ဟွန့်...။

ပုံချထားခဲ့သည့်စောင်ကို ကောက်ဖြန့်ကာ လှက အရင်လှဲလိုက်သည်။ စောင်ကို ကိုယ်ပေါ် လွှားတင်လိုက်သည်နှင့် ...

"ဟိတ် ဖြန့်ထ၊ အဆာပြေ တစ်ခုခု သွားလုပ်ခဲ့"

"ဟင် ..."

ဒီဒီ လှကလှဲပြီးဖြစ်လျှက် ခေါင်းလေးတစောင်းထောင်လာ၏။

"ဒီဒီ့ ကို ခိုင်းတာလား"

"မင်းကိုမခိုင်းလို့ ဒီမှာ လူ ဘယ်နှစ်ယောက်ရှိနေလို့လဲ"

"ဒီဒီ သိပါတယ် ဦးရဲ့၊ ဘာမှမှ သိုလှောင်ဝယ်ခြမ်းထားတာမရှိတဲ့ဟာ ဘာလုပ်ရမှန်းမသိတော့ အံ့ဩသွားတာပေါ့၊ ဦးပဲ ဈေးကို တစ်ခါလောက် လိုက်ပို့ပြီး ပြထားပါဆိုလဲ မပြ၊ ဟိုနားဒီနားလဲ မခေါ် ..."

"ကဲ တော်ပါပြီ၊ ခင်ဗျား လျှောလျှောလျူလျူ အိပ်ပါတော့"

ဒေါသဖြစ်ရတဲ့အထိ အဲဒီ အကြောင်းကျားလေးက တစ်မျိုး၊ သူ ကြားခဲ့သည့် ဒီဆောင်း ဆိုတာ မိန်းမလှမာယာက ရင်သိမ့်တုန်လောက်သည်။

ဒီနွေ ဆိုတဲ့တစ်ယောက်ဟာ ဒီဆောင်း နဲ့ အမြွှာညီအစ်မဖြစ်လျှက်နှင့် ဒီလောက်တောင် ခြားနားနေတာ အံ့ဩထိုက်နေပြီဖြစ်သည်။

"ရော့... ဦး ကော်ဖီပဲသောက်လိုက်နော်၊ ဒီမှာ မုန့်စိမ်းပေါင်း"

"ဘာ ..."

သူ ကြည့်လိုက်တော့ မုန့်စိမ်းပေါင်းရဲ့ အဖြစ်က အပေါ် မှာ ရေခဲမှုန်တွေနှင့်ဖွေးနေပါ၏။

"နေ့လယ်က ဈေးသည်လာလို့ ဝယ်စားလိုက်တာ၊ ဒါက ညဘက်



ဆာရင်စားဖို့ သန့်သန့်လေးချန်ထားတာပါ၊ ရေခဲသေတ္တာထဲမှာထည့်ထားတာ၊ ဘာမှမဖြစ်ဘူး စားကြည့်"

"ဒီဒီ"

"ရှင်"

"မင်း ငါ့ကို ရွဲ့နေတာလား"

ဒေါသဖြစ်ဖြစ်နှင့် စားပွဲကို လက်သီးဆုပ်နှင့်ထုချလိုက်မိကာ ထလည်း ရပ်ရင်း ခုံကို ခြေထောက်နဲ့ကန်ထုတ်ပစ်လိုက်၏။

ခဏအတွင်းမှာ ဝုန်းဒိုင်းဆူသံတွေ ညံသွားသည်။ ဒီဒီ နောက်ကို ယောင်ယမ်းဆုတ်လိုက်ရင်း လည်ပင်းလေးမှာ လက်တစ်ဖက်ကပ်၍ လက်ပိုက်သည်။

မျက်ဝန်းမှာ မျက်ရည်တွေလည်း ပြိုးပြက်လက်လာကြ၏။ ဒါပေမယ့် အရှုံးပေးသည့်မျက်ရည်တွေ မဟုတ်ပါ။

"ဒီဒီ က ဦးကို ဘာဖြစ်လို့ရွဲ့ရမှာလဲ၊ ဒီဒီ့ မှာ အဲဒီလိုအတိုက်အခံစိတ်မျိုး ဘယ်တုန်းကမှမရှိခဲ့ဘူး။ မရှိခဲ့လို့ ဒီ ကို ဒီဒီ အမြဲတမ်းအရှုံးပေးခဲ့ရတယ်၊ ခုလဲ သူ့ကြောင့် ဦးကို ဒီဒီ အရှုံးပေးထားခဲ့တာပဲ"

တည်ငြိမ် ၏ ရွှန်းရွှန်းရဲရဲမျက်ဝန်းတွေမှာ တစ်ဝက်ခန့်ထိ မှေးကျသွားခဲ့သည်။ ဆံပင်တစ်ချက်ဖွပစ်ပြီး ဆတ်ခနဲမျက်နှာလွှဲ၏။ ဒီဒီ့ ထံမှ ရှိုက်သံလေး ပွင့်ထွက်လာကာ ...

"ဒီအိမ်ထဲမှာ ဦးလာခဲ့သလို ဒီဒီ နေရတာ၊ ကိုယ့်စိတ်ကြိုက် ဘာလုပ်ခဲ့တာရှိလို့လဲဟင်၊ လုပ်ခွင့်ကော ဦးက ပေးလို့လား၊ ဒီမုန့်ကို ဒီဒီ စားဖို့ချန်ထားတာ၊ ကြိုက်လို့တော့မဟုတ်ပါဘူး၊ ဒါပေမယ့် ညညဆို ဒီဒီ တစ်ရေးနိုး ထစားတတ်လို့ စားလို့ရတာကို ဝယ်ထည့်ထားရတာ"

"တော်ပြီ၊ မင်း သွားအိပ်တော့... သွား"

"သွားဆို သွားမှာပါ၊ ဒါပေမယ့် ဖေဖေရယ်၊ ဒီရယ်၊ ဦးရယ် ဒီ လူသုံး

www.burmeseclassic.com



ယောက်ထဲမှာ ဘယ်လိုရှိုတ်ဆက်တွေရှိနေနေ ဦးကို ဒီဒီ လက်ထပ်ခဲ့တာ လုံးဝ ရိုးသားပါတယ်၊ အဲဒါကို ဦး ယုံပါ။ ဒီ ကြောင့် ဖေဖေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတာကို မကြည့်ရက်တာ၊ ဦးအပေါ်မှာ ဘယ်လိုဆက် ဆံဖို့ တုံ့ပြန်ဖို့ ဒီဒီ မှာ ဘာရည်ရွယ်ချက်မှမရှိဘူး။ ဦး ကြိုက်သလိုတုံ့ပြန်ပါ။ ကလဲ့စားချေချင်ချေပါ၊ ဒီဒီ ကို မစွပ်စွဲပါနဲ့"

ရှိုက်ကြီးတငင်ငိုချပစ်လိုက်ရင်း ဒီဒီ သူမအိပ်ရာလေးပေါ်မှာ ပြေး ထိုင်သည်။ တည်မြဲ သက်ပြင်းရှည်ကြီးချကာ စိတ်ညစ်ညူးခြင်းက ဆံပင် တွေကိုပဲ စိတ်ရှိလက်ရှိ ထိုးချေမွှေနှောက်၍ အနိုင်ကျင့်မိ၏။

ပန်းကန်ကို ခေါက်ခနဲမြည်အောင်ပြန်ချကာ စီးကရက်မီးညှိလိုက်ပြီး အချိန်ဖြုန်းနေလိုက်မိတာ မနက်သုံးနာရီထိုးမှ စားပွဲကနေ ထဖြစ်၏။

ပက်လက် လက်ပိုက်လေးဖြစ်နေသည့် ဒီဒီ ကိုယ်ပေါ် ကို စောင်လေး ဆွဲတင်ပေးခဲ့ပြီး မျက်နှာသစ်လိုက်သည်။ ရန်ကုန်ကိုဆင်းလာတာက မလိမ္မာတဲ့သမီးကို ခြေငြိမ်အောင် သူနဲ့ထိုးသိပ်ပေးစားဖို့ကြံစည်သည့် ဦးမိုး နှင်း ကို တုံ့ပြန်ဖို့ဖြစ်သည်။

လက်ထပ်ပြီးတာနှင့် ဒီဆောင်း ကိုခေါ်သွားမည်။ ဒါက ယုယကြင် နာစွာပေါင်းသင်းဖို့မဟုတ်ဘဲ မကြာခင်သောကာလနောက်မှာ ဦးမိုးနှင်း ရင်ဘတ်စည်တီးဖြစ်သွားအောင် ထားခဲ့လိုက်ဖို့ပဲဖြစ်၏။ လူယုတ်မာ ဖြစ် သွားတော့ကော ဘာဖြစ်လဲ၊ သူညစ်လို့ ကိုယ်ညစ်ပတ်တာ။

သူ့ဘက်က လက်မထောင်နိုင်သည်။ တည်မြဲ ဆိုတာ ဘာကောင် မှန်း ဦးမိုးနှင်း မစုံစမ်းဘဲ ဈေးပေါင်ကျူးချိန်မှာ ထိုးသိပ်ရောင်းဖို့ကြံ့စား သည့် ငါးစိမ်းသည်လို ကြံစည်ရဲသည်။

ထို့ကြောင့် ဦးမိုးနှင်းကို သူ စိတ်နာမိသည်။ ကိုယ်က ရိုးသားစွာ ခင်တွယ်ခဲ့သည်မို့ နာကြည်းတာက သာမန်ထက်ပို၏။ သူက သူ့သမီး ကောင်းစားဖို့လို့ ခေါင်းစဉ်တပ်စရာရှိသည်။ ကိုယ်က မိဘမဲ့မို့ မိဘလို



သဘောထားခဲ့မိတာကျတော့ သိမ်ငယ်စွာ။

မှောင်မိုက်နေသည့်လောကကို မြင်ကွင်းထဲမှာ မြင်သမျှမှောကြည့် ရင်း ရင်ထဲကနာကျင်နေသော သိပ်သည်းမှုနှင့် နှိုင်းဆကြည့်မိသည်။

သူများတွေက 'ဒါလေးနဲ့များ' လို့ ပြောကြလိမ့်မည်။ သူ့အတွက်က တော့ ဘဝပျက်တာပဲဖြစ်သည်။ သစ္စာမရှိ စည်းကမ်းမရှိသော ရမ္မက်ကြီး သည့်မိန်းမမျိုးနဲ့လက်ထပ်ခဲ့ရင် သူ့ဘဝ ဘာဖြစ်သွားမလဲ။

ရင်ထဲမှာ ပူလောင်နေသည်။ ဒီဒီ ရှိုက်သံတွေနှင့် ရင်ထဲမှာ ပိုကျပ် နေ၏။

နံနက် အရက်ဦး၏နွေးသစ်က စတော့မှာဖြစ်သည်၊ ဒါပေမယ့် အရက် ကိုကြိုနေသည့်လောကကြီးတစ်ခုလုံးကတော့ မှောင်နှင့်မည်းမည်းပါလား။

အိမ်ထောင်ပြုလိုက်ခဲ့သော သူ့ဘဝတစ်ဆစ်ချိုးကကော ဘာလဲ၊ ရှေ့ဆက်ဖို့လား၊ နောက်ဆုတ်မှာလား၊ ပထမ သမီးကြီးနဲ့ထိုးကျွေးသည်၊ လွဲသွားတော့ နောက်တစ်ယောက်တဲ့။

မိုးပြုံးနဲ့ခေါင်းညိတ်ခဲ့တုန်းက သူ့လက်ထဲမှာ မနက်ဖြန်များစွာအတွက် လက်နက်ကြီးငယ်တွေအပြည့်။

'ခင်ဗျားသမီးကို တည်မြဲ ဘယ်လိုယုတ်မာသွားမလဲဆိုတာ နား ထောင်ပေတော့'ဟု အပြတ်အသတ်ကြိမ်းဝါးခဲ့၏။

တကယ်ရင်ဆိုင်လာရတော့ ဒီဆောင်း က တခြား၊ ဒီနွေ က တစ်မျိုး။ သူ့အဖြစ်က အသက်လုရတော့မည်၊ ရန်သူလာနေပြီဟု မိရာလက်နက် ဆွဲပြီး ပြေးထွက်ခဲ့သည်။

ရင်ဆိုင်မိကြတော့ ရန်သူ ဆိုတာက ကိုယ့်ရှေ့မှာ ဒူးထောက်လည် စင်းပေးနေ၏။ တစ်ခါတည်း ဖက်ပိုးကိုပိုင်းချလိုက်ရမှာလား၊ ဓားလှည့်ချ လိုက်ရတော့မှာလား။

လောလောဆယ်မှာတော့ ဘာမှမလုပ်ဖြစ်ခဲ့ဘဲ ဓားကိုင်လျက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ တွေဝေစွာရပ်နေဆဲဖြစ်သည်။

မိုးအုံ့သောမနက်ဖြန်များကို သူ မဖြတ်သန်းချင်။

ပူသော၊ အေးသော ခြားနားခြင်းကို လက်ခံခဲ့ပေမယ့် နွေးနေတာကို သူ ရုန်းသည်။ ထို့ကြောင့် မနက်ဖြန်တိုင်းမှာ မွန်းတည့်နေကို မြင်ချင်သည်။





## အခန်း (၁၇)

"ဦး ငါးစားလားဟင်"

"မင်းစားချင်တာကိုဝယ်၊ မြန်မြန်လုပ်၊ ငါ့မှာ အချိန်မရဘူး"

ဟင်းချက်စရာဝယ်ခြမ်းဖို့တော့ လိုက်ပို့သည်။ ဒါပေမယ့် ဈေးမဟုတ်၊ **Kitchen Mart** တစ်ခုကိုဖြစ်၏။ အားလုံးချက်ပြုတ်ရန်အသင့်တွေကိုပဲ ဆွဲယူထည့်ရင်း အလွယ်ရှိသည့်ငါးတွေကိုပဲ ဝယ်ရသည်။ ထို့ပြင် ဆိတ်သားခြောက်၊ ငါးခြောက်နှင့် ရယ်ဒီငါးသေတ္တာဘူးတွေကော၊ အသားဘူးတွေကော၊ စားစရာတွေကိုပဲ ဦးစားပေးဝယ်သည်။

တည်မြဲ ကိုလိုက်ရှာတော့ ဘယ်ရောက်သွားမှန်းမသိ။ ငွေရှင်းဖို့ ကောင်တာကနေ စောင့်နေမှာပဲဟုတွက်၍ တွန်းလှည်းလေးနဲ့ လျှောက်လာခဲ့သည်။ ဝက်ဝံရုပ်ကြီးတစ်ရုပ်ကိုမြင်တော့ မော့ငေးနေမိ၏။ ဒီဘက်မှာ ကလေးဝတ်အကျီအမျိုးမျိုးနှင့် အရုပ်တွေ တော်တော်စုံ၏။

အားလုံးက အကြီးအသေး ဆိုက်စုံရှိသည်။ အရုပ်တွေကိုလိုက်ငေးရင်း ဒီ့ကိုလည်း သတိရ၏။ သူမကတော့ မွေးနေ့ရောက်တိုင်း ရည်းစားတွေက မွေးနေ့လက်ဆောင်တွေပေးကြတာ ပစ္စည်းတွေမျိုးစုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီထဲမှာ ဝက်ဝံရုပ်ကြီးတစ်ရုပ်ကိုတော့ ဒီဒီ တောင်းခဲ့ဖူး၏။ အရုပ်က ကိုယ့်လောက်ရှိသည်မို့ ဖက်တုံးလိုမျိုး ဖက်အိပ်ချင်လို့ဖြစ်သည်။ ဒါပေမယ့် ဒီ က ပေးတော့ပေးပြီး တန်အောင်ပြော၏။

"ဒီဒီ ရယ် သူများရည်းစားကပေးတာကို တောင်းရသလား၊ သူက ဒီအရုပ်ကို ငါဖက်ထားမယ့်အချိန်မှာ သူ ဖြစ်ချင်ဖြစ်နေမှာ၊ သူ့မို နင်က ဖက်ထားသလိုကြီးဖြစ်နေမှာပေါ့၊ အဟွန်း... ရော့ ဖက်အိပ်ချင်သေးတယ်ဆိုရင် ယူ၊ အရုပ်ကိုပဲ တောင်းတာဆိုတော့ ငါ ပေးနိုင်ပါတယ်" တဲ့။

ပြောရက်ပါပေ့ မိဒီ။

စိတ်ကူးကို ချက်ချင်းဖျောက်ပစ်ကာ လှည်းကို ဆက်တွန်းလာခဲ့၏။ တွေ့ပြန်ပြီ ခွေးရုပ်လေး၊ တကယ့်ခွေးလေးလိုပဲ မျက်လုံးလေးတွေက ရဲတောက်နေ၏။

အမွေးဖားဖား၊ ဖြူဖြူလေးတွေက ရွှန်းလက်နေ၏။

"လှလိုက်တာ"

ဘယ်လိုမှစိတ်မထိန်းနိုင်ဘဲ လည်ပတ်လေးမှာပါသည့်တန်ဖိုးကို သွားဖတ်ကြည့်တော့ နှစ်သောင်းနှစ်ထောင်။

"ကြာလိုက်တာကွာ၊ ဘာလုပ်နေတာလဲ"

အသံကြားလို့ လှည့်ကြည့်လိုက်တော့ တည်မြဲ က မုန့်ထုပ်တွေပိုက်လျက် တွန်းလှည်းလေးနားကို ရောက်လာသည်။ အထုပ်တွေကိုထည့်ရင်း ဒီဒီ ကို လှမ်းကြည့်ကာ ...

"သွားမယ်"

ခွေးရုပ်လေးကိုတစ်ချက်တော့ သမင်လည်ပြန်ကြည့်မိ၏။ သူ့ကို ဝယ်ပေးပါဟု မပူဆာချင်၊ လိုချင်တာမရဘဲ ဝမ်းနည်းစရာတွေဖြစ်ဖို့ပဲ ရှိသည်။

အိမ်ရောက်မှ ဒေါ်လေးကို ဖုန်းဆက်မည်၊ ဒီခွေးလေးကို ဝယ်ပေး





ဖို့ သူများမဝယ်ပါစေနဲ့ဟုတွေးဖြစ်ကာ အရုပ်ကို မမြင်ကွယ်ရာထိုးထည့်ဝှက်ခဲ့ရကောင်းမလားဟု ကြံမိသည်။ ကိုယ့်စိတ်ကူးနဲ့ကိုယ် အရုပ်ကိုပြန်လှည့်ကြည့်မိတော့ တစ်ယောက်နှင့် အင့်ခနဲပစ်တိုက်၏။

"အား"

"ဟာ ဆောရီး"

ဒီဒီ နဖူးကိုအုပ်၍ နောက်ဆုတ်လိုက်မိသည်။ တိုက်မိသူကလည်း တောင်းပန်ရင်းပြန်ကြည့်၏။

"ဟင် ဒီလေး..."

အသားဖြူဖြူ၊ ဆံပင်အလယ်ခွဲနှင့် နုခေတ် ရော့်ပါတွေလို သောင်းဘီညိနဲ့ စပို့ရှပ်ရှည်ရှည်ပွပွကြီးဝတ်ထားသည့်လူရွယ်က ဝမ်းသာအားရ။

"ဒီလေး ကိုယ့်ကိုတော့ မမေ့ပါဘူးနော်"

"အို... ကျွန်မ ဒီလေး မဟုတ်ဘူး"

"ဟုတ်ပါတယ်ကွာ၊ ဆံပင်တိုသွားရုံနဲ့ မင်း လုံးဝ ပြောင်းလဲမသွားပါဘူး ကိုယ်က ..."

ထိုစဉ် ဒီဒီ ဘေးမှာ တည်မြဲ ရောက်လာပြီး လူရွယ်ကို စိုက်ကြည့်သည်။

"ငိုချင်းချရအောင် သနားမယ့်လူရှိမှာမဟုတ်ဘူးကွ၊ မင်း သေချာချင်ရင်တော့ အမေရိကန်ပီးရှင်းကို တစ်ခေါက်လောက်သွားလိုက်"

"ခင်ဗျား ..."

လူရွယ်က ဒီဒီ နဲ့ တည်မြဲ ကို တအံ့တသြကြီးကြည့်ကာ ထွက်သွားသည့်နောက်သို့ ကိုယ်တစ်ပတ်လည်အောင်လိုက်ကြည့်၏။ မြင်ကွင်းထဲမှ ကွယ်သွားမှ ခပ်ကြိတ်ကြိတ်တက်ခေါက်ကာ ...

"ငါ သိတယ် ဒီလေး၊ မင်း ဒီလိုလုပ်နေကျ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ဆိုပြန်ဟင်းတစ်ခွက်ချက်ဖို့အတွက် မီးဖိုချောင်မှာ ရှိသမျှ ဆီ၊ ဆား အချိုမှုန့် လိုသမျှအားလုံးကို တန်းစီထုတ်ထားပြီး ဘယ်ကဘယ်လို စလုပ်ရမှန်းမသိ။

ထိုစဉ် နောက်က လှုပ်ရှားသံကြားသဖြင့် လှည့်ကြည့်လိုက်တော့ တည်မြဲ က ကုတ်အင်္ကျီအညိုကို တစ်ဖက်ကကိုင်လျက် တစ်ဖက်မှာ လက်ဆွဲအိတ်လေးတစ်လုံးနှင့် ...

"ငါ အပြင်ထွက်မလို့၊ မင်း ဘာလိုသေးလဲ"

"ဦး ..."

တည်မြဲ ကိုမြင်လိုက်သဖြင့် ဒီဒီ ဝမ်းသာအားရဖြစ်သွားကာ ...

"ဦး ဆိတ်ကလီစာ ချက်တတ်လားဟင်"

"ဘာလုပ်မလို့လဲ"

"ဟို ..."

ဒီဒီ က ရေစိုနေသည့်လက်ကို တင်ပါးလေးမှာပွတ်ရင်း တစ်မျိုး ဖြန့်ခင်းထားသည့် ဟင်းချက်စရာတွေကို မေးဆတ်ပြ၏။





"ဟို... ဒီဒီ က အဲဒီဆိတ်သားကို မွှေးအောင်မချက်တတ်ဘူး"

"မွှေးမွှေး မမွှေးမွှေး ချက်လိုက်"

"ဟာ ဦးကလဲ"

ပြောပြီး နောက်ပြန်လှည့်သွားသဖြင့် ဒီဒီ က တည်မြဲလက်ကို လိုက်ဆွဲ၏။

"ဟာ မကိုင်နဲ့လေ"

တည်မြဲ က လက်ကိုမြှောက်ပစ်လိုက်ပြီး အော်လည်းအော်ကာ ...

"မင်းလက် အညှီအဟောက်တွေနဲ့ကွာ၊ နောက်ဆုတ်"

"မညှီပါဘူး ဦးကလဲ၊ ရေဆေးထားတဲ့ဟာကို"

ဒီဒီ နောက်ပြန်တွန့်သွားပြီး နှာခေါင်းလေးရှုံ့၏။ ဒီလူကြီးလောက် အနံ့အသက်ကြောက်တာ ရှိပါဦးမလား။ မိတ်ကပ်နံ့ကိုလည်းနံလို့၊ ရေမွှေးပြောနဲ့ ဆပ်ပြာမွှေးသုံးတာတောင် အနံ့ပြင်းရင် မကြိုက်၊ ကိုယ်မှာစွဲနေ၍လည်း အဲဒီဆပ်ပြာကို နောက် မသုံးတော့ဘူး တဲ့။

ဒါ အကျင့်လား၊ တမင်ကြီးကျယ်တာလား။ တည်မြဲ ကတော့ အိတ်ကို စားပွဲပေါ်မှာချကာ ကုတ်အင်္ကျီထပ်ဝတ်သည်။ ပြီးတော့ အိတ်ကို ပြန်ကောက်ကိုင်လိုက်ကာ ...

"မိန်းကလေးဖြစ်ပြီးတော့ မီးဖိုချောင်လောက်တောင်မနိုင်နင်းဘူးလား"

ဟု အကူအညီတောင်းကာမှ ကဲ့ရဲ့သေးသည်။

"နိုင်လို့ပဲ ဦးကိုချက်ကျွေးနေတာပေါ့၊ ဆိတ်သားဆိုတာ တခြားအသားတွေလို ချက်ရတာမဟုတ်ဘူး"

ဒီဒီ ခြေဖျားလေးထောက်၍ သူ့ကျောနောက်ကနေ အသံပါသွားအောင် အော်ပြောပေးလိုက်သည်။

ဟွန်း... သူ့ကျတော့ ဂျာကင်တွေ၊ ကုတ်အင်္ကျီတွေကို သေသေ

www.burmeseclassic.com



သပ်သပ်ဝတ်ပြီး ထွက်လာတယ်ဆိုတာ ဘယ်တော့မှမရှိ၊ ထွက်လာရင်း ဝတ်သည်၊ ညွှန်းကျမှဝတ်သည်။

တစ်ခါတလေ ပန်းပေါ်မှာတင်လာပြီး ကားစက်နှိုးပြီးမှ ဖွတ်သွားတာ ရှိသေးသည်။ ပရမ်းပတာ။

မျက်စောင်းရွယ်ပြီးမှ ထိုးရမယ့်လူမရှိလို့ မီးဖိုခန်းကနေ ခြေဖျား ထောက်၊ လည်ပင်းရှည်ပြီး ချောင်းကြည့်လိုက်သည်။ ပုဂ္ဂိုလ်ထူးက ကား ပေါ် မရောက်သေးဘဲ ညွှန်းအလယ်မှာ ဖုန်းဆက်နေသည်။

"ဟုတ်လား ညနေမှပို့လဲရတာပဲဗျာ၊ ကျွန်တော် ခုပဲအပြင်သွားတော့ မလို့"

"......"

"ရပါတယ်၊ ကျွန်တော့်မိန်းမ အိမ်မှာရှိတာပဲ"

"......"

"ဟာ ဟုတ်လား၊ သြော်.. ဟုတ်သားပဲ ကားလာနေပြီ၊ ရောက်နေ ပြီ ကိုစိုး၊ သင့်ခ်ယူ"

ပြောနေသံတွေကြားသည်မို့ ဒီဒီ မျက်လုံးက အိမ်ရှေ့လမ်းဆီကို ရောက်သွားသည်။ ဒီတစ်ခါ ချောင်းကြည့်တာမဟုတ်ဘဲ မြင်ရအောင် သေချာကြည့်တာဖြစ်၏။

သူမ ဒီကိုရောက်နေတာ ရှစ်ရက်ရှိပြီ၊ တစ်ခါမှ ညွှန်သည်မလာမှု ပေ၊ ကိုယ့်ညွှန်သည်မလာတာက ထားပါတော့၊ သူ့ညွှန်သည်လည်း ဘယ် သူမှမလာ။

သူ့မှာ ဖုန်းတွေဆက်ရင်းနဲ့ပဲ အလုပ်ကိစ္စတွေ၊ လူမှုရေးပြဿနာတွေ အကုန်ပြီးပြည့်စုံနေသလား။ ကြည့်နေရင်း အိမ်ရှေ့မှာ ကားအဖြူလေး တစ်စီး ထိုးရပ်သွားသည်။ တည်မြဲ အရွယ်လောက် လူတစ်ယောက် ဆင်း လာ၏။





"ဟယ်"

လူက ခပ်မည်းမည်း တုတ်တုတ်ခိုင်ခိုင်ပါ။ ဒီဒီ ဟယ်ခနဲဖြစ်သွားတာ က လူကိုမြင်လို့မဟုတ်၊ ထိုသူ ပွေ့ပိုက်ထားသည့် အဖြူနှင့်ရွှေအိုရောင် မွေးစုတ်ဖွားစပ်ကျားလေးနှင့် ခွေးလေးကြောင့်ဖြစ်၏။

"လာဗျာ ခုပဲ ဖုန်းဝင်လာတယ်၊ ကိုစိုးကို ကျွန်တော် အမေလာတကြီး မှာတာမဟုတ်ပါဘူး"

တည်မြဲ က တံခါးဝထိထွက်ကြိုသည်။ ခွေးပိုက်ထားသူက ရယ်မောဝင်လာရင်း ...

"မရဘူးလေ၊ ခင်ဗျားလူက သူ့မှာလဲ အဆင်သင့်ရှိနေတယ်၊ ချက်ချင်းသွားပို့တဲ့၊ ဘာလဲ ဇနီးချောအတွက် လက်ဆောင်လား"

"အဟွန်း"

သူ ဘာမှမပြောဘဲ ခွေးကို ပြောင်းယူလိုက်သည်၊

"တော်တော်လှတာပဲနော်"

"ဟုတ်တယ် ဦး၊ အရမ်းလှတာပဲ"

ကိုယ့်အတွက်လို့ထင်လိုက်တာနှင့် ဘယ်လိုမှ ဟန်မဆောင်နိုင်ဘဲ ဒီ ပြေးထွက်လာမိသည်။ ပြီးတော့ ခွေးလေးကို တည်မြဲ လက်ထဲကနေ ပြောင်းပွေ့လိုက်တော့ တကယ့် တစ်ပွေ့တစ်ပိုက် နွေးနွေးထွေးထွေးကြီး ပါလာ၏။

"ချစ်ဖို့ကောင်းလိုက်တာ၊ ဦး ဒါ ဒီဒီ အတွက်နော်"

"အင်း"

သူက လူကြီးသူကြီးလိုမျက်နှာနှင့် ခေါင်းညိတ်ပြကာ ညွှန်သည်ကို ညွှန်ခံနေ၏။

"ဒီဒီ ညွှန်သည်အတွက် တစ်ခုခု ယူခဲ့ဦး"

လှမ်းပြောလိုက်ပြီး ခဏကြာတော့လည်း မလာ၊ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အောင့်ကြာလည်း မရောက်။

"မဟုတ်တာဗျာ၊ တကူးတကချည့်ခံနေရမယ့်သူတွေမှမဟုတ်တာ၊ မိန်းကလေးက ခွေးလေးကို တော်တော်သဘောကျသွားပုံပဲ၊ သူ အလုပ်ရှုပ်နေမှာပေါ့"

ညှော်သည်က ပြန်ဖို့ရှုတ်ဆက်တော့ ပူထူရှိန်းဖိန်းနေသည်မျက်နှာကြီးနှင့် ဘယ်လိုမှ ပျူပြာစွာပြုံးပြလို့မရဘဲဖြစ်နေ၏။

"ဒီဒီ ဟော့ ..."

"ရှန်.. ဦး ..."

ထူးတာက မီးဖိုထဲကပဲဖြစ်နေသည်။ ဘယ်လောက်ဝေးလို့လဲ၊ ခြေလှမ်းတွေက ကုလားမခြေထောက်နှင့်ထောက်သွားသလို အလှမ်းကျဲ ...

"ငါပြောတာကို မကြားရလောက်အောင် မင်း ဘာတွေလုပ်နေလို့လဲ ဟင်"

"ဟို..."

ဒီဒီ က ခွေးကိုပိုက်လျက် သူ ဝင်သွားမှ စားပွဲခြေထောက်နားကနေ ကမန်းကတန်းထရပ်ကာ ...

"တော်ကိုကို သူနာမည်သိအောင် ပြောပေးနေတာ"

"အဲဒါ မင်းပေးဖို့မလိုဘူး၊ ဒီအရွယ်ကြီးကျမှ သူ့မှာ သူ့စွဲနေတဲ့နာမည် ရှိမှာပေါ့၊ လာပို့တဲ့လူကို မေးပါလား၊ ခွေးပိုက်ပြီး တန်းဝင်သွားလိုက်တာ အိမ်ရှေ့မှာ ငါက ပေါကြီးဖြစ်လို့"

"ဘာဖြစ်လို့လဲ ဦး"

"တော် ..."

ဘာမှလည်းမပြောဘဲ သူပဲ အံတကြိတ်ကြိတ်နှင့် ...

"အိမ်မှာ ညှော်သည်လာရင် အဲဒီလိုပစ်ထားရတယ်လို့ ခင်များ





ဒေါ်လေးက သင်ထားလား"

"ဟင် ..."

ခုကျမှ ဒီဒီ မျက်လုံးလေးပြူး၏။ ဟုတ်သည်၊ ညှော်သည်အတွက် စားသောက်ဖို့ တစ်ခုခု စီစဉ်ပေးရမှာ သူ့တာဝန်။ မျက်ဖုတောင်လေး တဖျတ်ဖျတ်ခတ်လျက် အကြည့်က သူ့ထံရောက်သွားသည်။

ဒီဒီ လာပို့မလားလို့ စောင့်နေခဲ့သည်လား ဒါမှမဟုတ် တစ်ခုခုယူခဲ့ပါလို့များ လှမ်းခိုင်းလိုက်သေးလား၊ သူ ခိုင်းလျက်နှင့် ဒီဒီ မကြားဆိုလျှင် သွားပြီ။

ပခုံးလေးကို ပို၍တွန့်ကျုံ့သွားကာ မျက်လွှာ ဖျတ်ခနဲပြန်ကျ၏။

"တောက်"

တည့်မြဲ ဇာက်ခေါက်၍လှည့်ထွက်လာခဲ့သည်။ ပြဿနာက စပြီ ခွေးဝယ်ပေးမိတာပဲ သူ မှားသွားသလား၊ ခွေးရုပ်ကိုရုပ်ငေးနေတာမြင်တော့ ဟုတ်သည်၊ အိမ်မှာ တစ်ယောက်တည်းပျင်းရှာမှာပဲဟု စာနာစိတ်လေး ဝင်ခဲ့မိတာ။

နောက်ကို တစ်ကိုယ်ကောင်းဆန်ဆန်နေတတ်ဖို့ပဲကျင့်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဟုတ်ကဲ့၊ ဒီဒီ အဆင်ပြေပါတယ် ဖေဖေ"

" . . . . . "

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ"

ဖေဖေနဲ့ဖုန်းပြောပြီးချလိုက်တော့ မကြာခင် ဖုန်းကမြည်လာပြန်သည်။ ဒီဒီ က တော်ကီကို ကြက်သားကွတ်ကီးကျွေးနေရင်း စိတ်မရှည်သလိုလေးဖြစ်လျက် ကောက်ကိုင်လိုက်သည်။

"ဟင် ..."

နံပါတ်ကိုကြည့်လိုက်တော့ ဒို့ ဖုန်း...။

ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွား၏။ ထွက်သွားကတည်းက အစအန ပျောက်အောင်ဖျောက်နေသည့် ဒို...၊

"ဒို... နင် ဘယ်မှာလဲ"

ဖုန်းကိုင်ရင်း ထိုင်နေရာကနေ ထရပ်လိုက်မိသည်။ ရေချိုးခန်းထဲက ထွက်လာသည့် တည်မြဲ၏ခြေလှမ်းတွေလည်း ဒို ဆိုသည့် နာမည်ခေါ်သံကြောင့် နေးကျသွား၏။





"ဟုတ်တယ်၊ ငါ လက်ထပ်ပြီးပြီ၊ နင် ဘာရယ်တာလဲ ဒီရယ် ဟင်၊ နင် သိပ်ရက်စက်တယ် သိလား၊ တကယ်ဆိုရင် နင် ငါ့ကို တစ်ခုခုတော့ တိုင်ပင်ခဲ့ဖို့ကောင်းပါတယ်"

" . . . . . "

"ဘယ်လို... ဘာ..."

"အလုပ်ရှုပ်မခံနဲ့တော့ တော်ပြီ"

"ဟင် ..."

တည်မြဲ က ဖုန်းကို သာသာလေးဆွဲယူသွား၏။ ပြီးတော့ ဖုန်းနံပါတ်ကို ထောင်ကြည့်ပြီးမှ ပိတ်ပစ်လိုက်သည်။ သူ သတိထားမိသလောက်ဆို ညရောက်တိုင်း ဒီဒီ ဖုန်းပြောနေတတ်၏။

"မင်းရဲ့ဖုန်းကို မင်း မကိုင်နဲ့တော့၊ ညနေ ငါ ဖုန်းတစ်လုံး ယူလာမယ်"

"ဟာ ဦးကလဲ ဒီဒီ သူငယ်ချင်းတွေနဲ့ ဘယ်လိုလုပ်ပြောဖို့ရတော့မှာလဲ၊ ဒီဒီ မှာဖုန်းနဲ့ပဲ စကားပြော အပျင်းဖြေရတဲ့ဥစ္စာ"

"အိမ်ရှင်မတစ်ယောက်မှာ ပျင်းဖို့အချိန်ရှိဘူး ဒီဒီ၊ နောက်ဆုံး လုပ်စရာမရှိရင် ကြမ်းကို အထပ်ထပ်အခါခါတိုက်နေလိုက်"

ပြောသွားတာ ရှင့်သည်။ ဖုန်းလည်းပါသွားပြီ ဘယ်သူမှမသိသေးတဲ့ နံပါတ်အသစ်ကြီးနဲ့ ကိုင်ထားတော့ ဘာသွားလုပ်ရမှာလဲ၊ တစ်ယောက်စီ ဆိုယ်က လိုက်ခေါ်ပြီး ငါ့ဖုန်းနံပါတ်ပြောင်းထားပါတယ်လို့ ပြောရမှာလား။

သူငယ်ချင်းတွေဆိုတာကလည်း ဘာမှမဟုတ်သေးပါ။ တကယ်ဆိုယ်က စခေါ်လို့မရတာက ဒို နဲ့ ဖေဖေ့ဖုန်းပဲဖြစ်သည်။ ဖေဖေလည်း အချိန်ပြည့် အလုပ်ရှုပ်နေတတ်သူ၊ ပြီးတော့ ဒေါ်သက်နှင်း ကိုအားနာရတာလည်းရှိသည်။

ဒို့ ကျတော့ စထွက်သွားပြီဆိုကတည်းက ဖုန်းလည်းပိတ်၊ လူလည်း ပျောက်။



www.burmeseclassic.com

www.burmeseclassic.com



"ဦး –"

ကိုယ့်အတွေးနဲ့ကိုယ် ဒီဖုန်းပါသွားလို့မဖြစ်တာကို တွေးမိကာ ဒီဒီ အတင်းပြေးလိုက်ခဲ့၏။

"ဦး ..."

အထဲမှာ တည်မြဲ ဘာလုပ်နေမှန်းမသိ၊ သတိမထားဘဲ ဒီဒီ စွတ်ဝင်သွားသည်။

"ဦးကလဲ ဒီဒီ ဖုန်းကိုပဲ ပြန်ပေးပါ"

"ဟာ... မင်း ဘာဝင်လုပ်တာလဲ ပြန်ထွက်"

ကိုင်ထားသည့်ဘောင်းဘီလည်းလွတ်ကျသွားသည်။ ခါးမှပတ်ထားသည့် တဘက်ကိုလည်း ကမန်းကတန်း ပြန်ဖိထားလိုက်ရပြီး...

"ဖြစ်လိုက်ရင် အသည်းအသန်ပဲ၊ တောက်..."

"အယ်... ဟို..."

ဒီဒီ မျက်နှာလေးက မီးရောင်အောက်မှာ ရဲခနဲဖြစ်သွားသည်။ ပြန်ထွက်ပြေးမလို့ လှည့်လိုက်ပြီးမှ နှစ်ယောက်အိပ်မွေ့ရာကြီးထက်မှာ ဖုန်းကိုမြင်လိုက်သဖြင့် ပြေးကောက်သွားဖို့ စိတ်ကူးက ချက်ချင်းဖြစ်လျက်...

"ဟိတ် အဲဒါ ထားလိုက်"

တည်မြဲကလည်း ဖုန်းကောက်ပြီး ဒီဘက်လှည့်လိုက်သည့် ဒီဒီ လက်ကလေးကို ပြန်ဆွဲထားလိုက်၏။

"မင်း အဲဒီလိုထင်ရာလုပ်ချင်လို့မရဘူး၊ ချလိုက်စမ်း"

"ချမှာပါ၊ တစ်ရက် နှစ်ရက်တော့ ဒီဒီ ကိုင်ပါရစေဦး နော်"

"မကိုင်ရဘူး"

ဒီဒီ က လက်ကိုလွှဲရှောင်သည်၊ သူက ပြန်ဆွဲယူ၏၊ နှစ်ယောက်၏ လက်တွေရှုပ်ကာ ဘာတွေဖြစ်ကုန်မှန်းမသိလိုက်ပေ။

"ဟာ ..."





"အမယ်လေး"

ဒီဒီ မျက်လုံးတွေကို စုံမှိတ်အော်ကာ လက်ဝါးနှစ်ဖက်နဲ့ပါ အုပ်ပစ်လိုက်၏။ တည်မြဲ တစ်ကိုယ်လုံး တုန်လှုပ်မှုထူကာ ရှက်ရှက်နှင့် လက်ရောက်သွားသည်က မီးခလုတ်ဆီကိုဖြစ်သည်။

ချောက်ခနဲမီးပိတ်သံနှင့်အတူ ဒီဒီ ကိုယ်လေး မွေ့ရာထက်သို့ ရောတွေးပါသွားလေသည်။ ဆိုင်လို့လား...၊ ဘယ်သူမပြု မိမိမှုလို့သာ မှတ်လိုက်တော့ ဒီဒီ။

ထိုည ရှစ်နာရီမိနစ်သုံးဆယ်ဖြင့် ဝင်နေသော ဒီ့ ဆီက ဖုန်းနံပါတ်လေးက Missed call ဖြစ်သွားခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ဦးမိုးနှင်း၏အလုပ်ရုံခန်းထဲ ဒေါ်ယဉ်ဆင့် ရောက်သွားခဲ့သည်။ အကြောင်းက ဒီဒီနဲ့ပတ်သက်ပြီး ဘာမှန်းမသိဖြစ်သွားခဲ့သော အိမ်ထောင်ရေးအကြောင်း ပြောချင်၍ဖြစ်၏။

သူငွေနဲ့ညားသွားပြီလို့ ယူဆရမှာလား၊ ငွေကြေးဂုဏ်ဓန မရှိပေမယ့် အရည်အချင်းရှိသည့် လူတစ်ယောက်လို့ပဲ သတ်မှတ်ရမှာလား။

မင်္ဂလာဆောင်သည့်ဆိုတာ့ကလည်း ကိုယ့်ဘက်ကပဲ ဦးဆောင်လုပ်ခဲ့ရသည်၊ တင့်တောင့်တင့်တယ်ဆိုတာ ဘာမှမပါ။ မိဘမဲ့မို့ မိဘ မလာပေမယ့် မွေးချင်း၊ ဆွေမျိုး ဒါမှမဟုတ် အုပ်ထိန်းသူ၊ ဒါမှမဟုတ်သေးလျှင် အုပ်ထိန်းသူကဲ့သို့ သူ့ဘက်က လေးစားရမည့်သူတစ်ယောက်ယောက်၊ ခုတော့ မင်္ဂလာစရိတ် ထုတ်ပေးတယ်ဆိုပြီး အားလုံးက ကိုယ့်ဘက်က ချည်းပဲ ပြီးခဲ့ရသည်။

အကဲခတ်ကြည့်လိုက်တော့ ကလေးကို... မျက်နှာသက်ပုံလည်းမရှိ။ စကားပြောပုံ အသွားအလာက ရိုးသလိုလို၊ တင်းစီးသလိုလို။

ဒါတွေကို ဘယ်လိုမှ တစ်ယောက်တည်းတွေးနေတာ မရလို့ ဒီထိ





လာမေးရတာဖြစ်သည်။ ဦးမိုးနှင်း က လုပ်နေသမျှအလုပ်အားလုံးကို ချထားလိုက်ပြီး သူကိုယ်တိုင်ဝေခွဲမရသောမျက်နှာနှင့် ...

"သူနဲ့ကျွန်တော် စပြီးပတ်သက်ခဲ့တဲ့အချိန်ကနေ လက်ထပ်ပေးဖို့ဖြစ်တဲ့အထိ အားလုံး ရိုးသားပါတယ်"

"ဒါဆို သူက ..."

"အဲဒါ ကျွန်တော်ကိုယ်တိုင် တွေးလို့မရဘူး၊ မင်္ဂလာကိစ္စ စီစဉ်ရတဲ့အကြောင်းကိုလဲ သူနဲ့ကျွန်တော် ဆွေးနွေးခဲ့ပါတယ်၊ တစ်ခုတော့ရှိတာပေါ့ ဒီ နဲ့လက်ထပ်ပေးဖို့ဖြစ်တဲ့ကိစ္စကို ကျွန်တော့်ဘက်က ဆုံးမမနိုင်တဲ့သမီးနဲ့ သူ့ကို စီစဉ်ပေးတယ်ဆိုတဲ့အမြင် သူ့မှာ ဖြစ်သွားတယ်"

"ဒါကတော့ ကိုယ့်ဘက်က ဘယ်လိုရှိရှိ သူနဲ့ ဘာဆိုင်လို့လဲ"

ဒေါ်ယဉ်ဆင့် က တူမဘက်က မခံနိုင်။ ဘယ်တူမ ဘယ်လိုပဲဆိုးဆိုး ဒါ ကိုယ့်ဘက်ကကိစ္စမဟုတ်ဘူးလား၊ ပြီးတော့ ဒီ ရှည်းစားများတယ်ဆိုပေမယ့် ကြွေလွင့်ပျက်စီးနေတဲ့မိန်းကလေးမဟုတ်။

ဦးမိုးနှင်း က ခေါင်းခါယမ်းနေကာ ...

"ယောကျ်ားလေးတွေရဲ့ ... ဘာက များသောအားဖြင့် အဲဒီလိုပဲ။ မြင်နေရတာဆိုရင် မျက်စိအောက်မှာ အဲဒီမိန်းမ အိမ်ယောင် ဘယ်နှစ်ဆက်ပဲပျက်ခဲ့ပျက်ခဲ့၊ ကလေးအမေဖြစ်နေနေ ကျေနပ်ကြည်ဖြူနိုင်တယ်၊ ကိုယ်မသိဘဲ နောက်မှပေါ်လာတဲ့ မသိုးမသန့်တစ်စုံတစ်ရာကို လုံးဝ ခွင့်မလွှတ်ဘူး။ ကိုယ့်ကိုဝန်ခံတာမဟုတ်ဘဲ သူများပြောမှသိလိုက်ရတဲ့အဖြစ်ကို ရှက်တတ်ကြတယ်၊ ပြောရရင်တော့ ယောကျ်ားမာနပေါ့။ သမီးကြီးရဲ့သတင်းတွေက ကောင်းသတင်းမှမရှိတာ မဆန်း တကယ်လဲ ကျွန်တော်များသွားတာပါ၊ သမီး အနေအထိုင်မတတ်တဲ့အကြောင်း အနည်းအကျဉ်းဖြစ်ဖြစ် သူ့ကိုဝန်ခံထားသင့်တယ်"

"ဒါက ဒီ နဲ့ကိစ္စတွေမဟုတ်လား မိုးနှင်း၊ အခု သူ လက်ထပ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ထ အီး ပဲ ခင်းတာတော့ ဒီလိုဖြစ်တတ်တာကိုသိတယ်၊ တည်မြဲ ရဲ့သဘော စိတ်ဓာတ်ကို နားလည်တယ်၊ ဒါနဲ့တောင် ဘာဖြစ်လို့ အငယ်မနဲ့ဆက်ပြီး လက်ထပ်ပေးလိုက်တာလဲ”

ဦးမိုးနှင်း မျက်နှာပေါ် က ယုံကြည်ချက်ဆိုတာတွေ ဖျော့ကျမှေးမှိန်သွားခဲ့၏။ လူတစ်ဦးနဲ့တစ်ဦး ရင်းနှီးတာ၊ ချစ်ခင်တာတွေဟာ ကာလ၊ ဒေသနှင့်ချည်းပဲ လုံးဝ သက်ဆိုင်တာမဟုတ်။

ရေးရေစက်ဆိုတာလည်း အဓိကကျလိမ့်မည်။ ဘာဖြစ်လို့လဲဆိုလျှင် တည်မြဲကို သူ မြင်မြင်ချင်း မိနစ်ပိုင်းလေးလောက်မှာပဲ ရင်းနှီးခင်မင်စိတ်တွေ ဖြစ်ခဲ့၏။

အလစ်သမားလူရွယ်တစ်စုနှင့်ထိုးကြိတ်သတ်ပုတ်နေသော တည်မြဲကို တွေ့တာက ဆောင်းဦးညနေခင်းတစ်ခု၏ အားနည်းသည့်အလင်းရောင်မှိန်ဖျော့ဖျော့အောက်မှာဖြစ်သည်။

ညနေအလွန် ညမဟုတ်သေးသော ညီအစ်ကို မသဲမကွဲအချိန်မှာ ကူညီကြတဲ့လူတွေ ဝိုင်းဝန်းသွားကြတော့ ထိုထဲမှာ ဦးမိုးနှင်း ပါသည်။

အသက်ခပ်ကြီးကြီး၊ ခပ်ငယ်ငယ် လူရွယ်တွေက အရွယ်စုံ လေးယောက်ဖြစ်၏။ ထိုလေးယောက်ထဲမှာ ခေါင်းတစ်လုံးကျော်အောင်ရှည်သော တည်မြဲ ၏မြင့်မြင့်မားမားအရပ်ကြီးက ထင်းနေသည်။ ထို့ပြင် ဆံပင်ရှည်တွေကို ပခုံးနောက်မှာ ဖြစ်သလိုစုစည်းထားလျက် မျက်နှာမှာ မုတ်ဆိတ်ကျင်စွယ်တွေရှိနေသောကြောင့် အများနဲ့တစ်ယောက်ဖြစ်နေတာတောင်မှ သူ့ကို လူကောင်းလိုမြင်ဖို့ ခက်သွားကြ၏။

“ကျွန်တော့်အိတ်ကို ဒီကောင်တွေလုသွားတာ”

လမ်းပေါ်မှာ လူတွေစုရုံးပြေးရောက်သွားတော့ တည်မြဲ တ နောက်ဆုတ်ရပ်လိုက်ပြီး လှည့်ပြောသည်။ လူရွယ်လေးယောက်မျက်နှာက ခက်ထန်စွာနှင့် ...





“မဟုတ်ဘူး အဲဒါ လုလိမ်၊ သူ အလစ်သုတ်လာတဲ့အိတ်က သူ့အဖော်ကို လက်ဆင့်ကမ်းပေးလိုက်လို့ ပါသွားပြီ၊ သူက ခိုးပြီး သူများကို ပြန်ပြောသေးတယ်၊ သူခိုးဂျပိုးရုပ်နဲ့”

“ဟုတ်တယ်၊ ဒီကောင် ခါးပိုက်နှိုက်”

“လမ်းသုံးဆယ်ဘက်က ဆွဲပြေးလာတာ”

တစ်ယောက်တစ်ပေါက် လူငယ်တွေ ဝိုင်းပြောကြတော့ အခြေအနေက လေးယောက်တစ်ယောက်အဖြစ်မှာ သူ့ဘက်ကို မြားဦးလှည့်သွားကြ၏။ ထိုစဉ်မှာ တည်မြဲ အတွက် ပို၍ကံဆိုးသွားသည်။ လှည့်ကင်းရဲကား နှင့် တည့်တည့်တိုးကာ ဘေးလူတွေထောက်ခံချက်အရ ခါးပိုက်နှိုက်သူခိုးအဖြစ် စခန်းကိုပါသွားခဲ့၏။ ဘေးကနေ တိတ်ဆိတ်စွာ ကြည့်နေခဲ့သည့် ဦးမိုးနှင်း၏မျက်လုံးထဲမှာ အံတင်းတင်းကြိတ်၍ လူရွယ်လေးယောက်ကို စိုက်ကြည့်သွားခဲ့သော တည်မြဲ ၏မျက်ဝန်းထဲက စူးရဲငြိမ်သက်နေသော မာန်မာနကိုမြင်လိုက်သည်။ ပြီးတော့ အားလုံးကျောခိုင်းလိုက်ချိန်မှာ စဉ်းလဲစွာပြုံးလိုက်သည့် လူရွယ်တစ်သိုက်ထံမှ မဲ့ပြုံးကိုအမိဖမ်းနိုင်ခဲ့၏။

ထို့ကြောင့် ဘယ်လိုပြဿနာ၊ ဘယ်လိုဇာစ်မြစ်ကို သူ မသိသော်လည်း ထက်ကြပ်မကွာ လိုက်သွားခဲ့သည်။

စခန်းမှာ ဒုက္ခရောက်နေသည့် တည်မြဲအတွက် အာမခံပေး၍ ခေါ်ထုတ်လာခဲ့၏။

“ဦးကို ကျေးဇူးတင်ပါတယ်”

ဟု ပြောဖော်ရပေမယ့် သူ့အဖြစ်ကို သူ မကျေနပ်ဖြစ်နေသည့် တည်မြဲ ၏မျက်နှာက နီရဲတင်းမာလျက်ရှိခဲ့၏။ ပြီးတော့ ထပ်ပြော၏။

“ကျွန်တော့်အိတ်ထဲမှာ ဘဏ်စာရင်းစာအုပ်နဲ့ ချက်လက်မှတ်တွေ ပါသွားတယ်”

“လက်မှတ်အပြည့်အစုံသွင်းပြီးပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ချက်တွေကတော့ ဆုံးပြီ"

"ဘယ်လောက်လောက်လဲ"

"နှစ်ထောင့်ရှစ်ရာ"

ပြောပြီး စုကျုံ့ထားသည့်မျက်ခုံးနှစ်ဖက်နှင့် အံကြိတ်ထားခြင်းကို မျက်နှာမော့လာပြီးမှ ဖြေချလိုက်သည်။

ဦးမိုးနှင်း ကတော့ တအံ့တသြကြည့်နေမိဆဲပါ။ ဂျင်းဘောင်းဘီဖြူဖပ်ဖပ်၊ စပို့ရှပ်အရောင်နုနုပေါ်မှာ ဂျင်းဂျာကင်ကလည်း အရောင်လွင့်နေတော့ တစ်ကိုယ်လုံးမှာ ထည့်ဝါတာ ဘာမှမရှိ။

ဒါပေမယ့် ထူးတန်းနက်မှောင်နေသည့်မျက်ခုံးတန်းများနှင့် စူးရဲသောမျက်ဝန်းတွေကို သူ အထင်မသေးနိုင်ဘဲဖြစ်နေခဲ့သည်။

ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်တချို့နှင့် လူဆိုး၊ လူကြမ်းရုပ်ပေါက်နေသည့် ကြားထဲက တုပြည့်ကျနသည့်နှုတ်ခမ်းများက စကားတွေကို ယုံကြည့်သည်။

"မင်းက ရန်ကုန်ကမဟုတ်ဘူးလား"

ဟု ထပ်မေးမိတော့ တည်မြဲ က ခေါင်းညိတ်ဝန်ခံ၏။

"နယ်ကပါ၊ ကျွန်တော်က ကုန်သည်လုပ်တော့ နေရာတကာ ရောက်နေတာပဲ၊ ဒါပေမယ့် ရန်ကုန်နဲ့တော့ နည်းနည်းစိမ်းတယ်"

ဒါကြောင့်ခံလိုက်ရတာဖြစ်မယ်ဟု စိတ်ထဲမှာ တွေးမိသည်။ အိတ်ဘယ်လိုပါသွားမှန်းမသိပေမယ့် လူလေးယောက်ကို ရှုံးခြေမပြ ရင်ဆိုင်နိုင်သည့် လက်စွမ်းလက်စကလည်း မဆိုး။

တည်မြဲ က တစ်ခွန်းမေးမှ တစ်ခွန်းဖြေသည်။ သူ့ရဲ့လက်ရှိအခြေအနေနှင့် ယှဉ်ပုံမလား၊ ဘာညာတွေးနေတာမရှိ၊ မယုံမှာစိုးလို့ သက်သေဘာညာနှင့် ရှင်းပြတာလည်းမဟုတ်ဘဲ မေးလို့ဖြေသည်၊ ဒါပဲ...။

ဘယ်မြို့ကလဲ၊ ဘယ်ကလဲဆိုတာ သိချင်သော်လည်း ဖြေချပ်ပုံမပေါ်





သည်မို့ မမေးဖြစ်ခဲ့ပါ။ ထိုညမှာပဲ ဦးမိုးနှင်းက သူ့အတွက် အစစ အကူအညီပေးခဲ့သည်။

တည်မြဲ ကလည်း စကားနည်းပေမယ့် သူ့အပေါ် ဦးမိုးနှင်း ယုံကြည်ပေးခဲ့တာကို တစ်ခါတည်းနှင့် ရင်ထဲမှာစွဲနေအောင်မှတ်ထားခဲ့၏။

ထို့ကြောင့် သူနဲ့တည်မြဲ ၏တွေ့ဆုံမှုက ကာလအပိုင်းအခြား မရင့်သန်ပေမယ့် အမြစ်တွယ်ပင်အိုကြီးလို ခိုင်မာမြဲမြံသွားခဲ့လေသည်။ တည်မြဲ ၏ အသက်အရွယ်၊ ပြောဆိုနေထိုင်ပုံအရ ကိုယ့်လုပ်ငန်း ကိုယ့်စီးပွားနှင့် ရိုးသားစွာကြိုးစားနေသူဖြစ်မည်ဟု ဦးမိုးနှင်း ယုံသည်။

မိဘတွေမရှိတော့တာကိုလည်း သိခဲ့ရသည်။ ထိုအခါ တည်မြဲ ဘယ်လောက်ချမ်းသာသလဲ ဆိုတာထက် ဒီလိုယောကျ်ားဟာ ရွှေထက်တန်ဖိုးကြီးသည့်ယောကျ်ားမျိုးဟု ယုံကြည်မှုတွေ အထပ်ထပ်ခိုင်မာနေခဲ့ရင်း အတွေးထဲရောက်လာတာက မလိမ္မာလွန်းသည့်သမီးကြီးအတွက်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ယုံကြည်မှုနဲ့ပါ၊ မင်းနဲ့ငါ လက်တွဲကြတာမဟုတ်ဘဲ ခိုင်မြဲလာကြတာ နှစ်နှစ်လောက်တော့ရှိပြီထင်တယ်၊ ငါကတော့ လူကြီး၊ မင်းက လူငယ်ပေါ့၊ ဒါပေမယ့် ဦးဆောင်နေကြရတဲ့ ရှန်းကန်မှုချင်းတူတယ်၊ အယူအဆ၊ ခံယူချက်တွေလဲ မကွဲဘူး၊ ငါ့မှာ သမီးနှစ်ယောက်အတွက် သင့်တင့်တဲ့အိမ်ထောင်ဖက် ရွေးချယ်ထိမ်းမြားပေးဖို့ အချိန်မရှိသလို မင်းမှာလဲ လိုအပ်နေပေမယ့် ဒီဘက်မှာ အချိန်မပေးနိုင်ဘူးမဟုတ်လား။ ရှေ့မျက်နှာနောက်ထားပြီး ဆွေးနွေးတာပါ၊ ဒီမှာ ငါ့သမီးတစ်ပုံ၊ သမီးအကြီးလေ၊ နာမည်က ဒီဆောင်း ..."

"မင်းနဲ့ သမီးကို လက်ထပ်ပေးချင်တယ်၊ မင်းဘက်မှာ မိဘ မရှိတာကော၊ ဘယ်လိုအခြေအဖြစ် ဘယ်ပမာဏထိ တောင့်တင်းတယ်ဆိုတာတော့ ဘာမှမလိုဘူး၊ မင်းနဲ့ငါ ခင်မင်ခဲ့ကြသလိုပေါ့၊ ယုံကြည်မှုပဲဆိုင်တယ်၊ မိန်းကလေးဆိုတာ လှလေ အန္တရာယ်များလေပဲလေ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်ချရှင်တယ်ကွာ၊ အဲဒီလူကလဲ မင်းပဲဖြစ်နေတယ်၊ ဒါပေမယ့် ငါက ပွင့်လင်းသလို မင်းလဲ အားနာစရာမလိုဘူး။ လက်မခံနိုင်ရင် ငြင်းလို့ရတယ်၊ မင်းနဲ့ငါ ဒါကြောင့် အခင်မင်ပျက်သွားမှာမဟုတ်ဘူး"

ဖြစ်ခဲ့သမျှတွေထဲမှာ ဆုံစည်းခဲ့အကြောင်းတချို့ကို ပြန်ပြောပြလိုက်တော့ ဒေါ်ယဉ်ဆင့် က တိတ်ဆိတ်စွာနားထောင်နေခဲ့သည်။ ပြီးမှ ...

"သူ လက်ခံခဲ့တုန်းက ရိုးသားခဲ့ရဲ့လား။ ဒါမှမဟုတ် မင်း လူကဲခတ်မှားတာလား၊ ဒီတစ်ခုခုမှမဟုတ်ရင်တော့ ..."

"မဆင့် က ဘယ်လိုထင်လို့လဲ"

"မထင်တတ်ပါဘူး။ ဒါပေမယ့် မင်္ဂလာပွဲမှာ သူ့အပြော၊ သူ့အပြုံးတွေက တစ်ခုခု မျိုသိပ်ထားသလိုပဲ၊ သေချာတာက ဒီဒီ ဘယ်လောက်လှနေနေ သူ့မျက်လုံးထဲမှာ တိုးမှာမဟုတ်ဘူး။ ငါ စိုးရိမ်တာ အဲဒါပဲ မိုးနှင်း။ မင်း ဖုန်းဆက်သေးလား"

"ဆက်ပါတယ်၊ သမီးက အဆင်ပြေတယ်လို့ပြောတယ်"

"ငါဆက်တော့ တည်မြဲ နဲ့ပဲတိုးတယ်၊ သူပြောဆိုပုံက မိုက်ရိုင်းတာမဟုတ်ဘဲ မာကျောကျောဖြစ်နေတာ၊ စကားက ပြေပြစ်ပေမယ့် ပျူငှာမှုမရှိဘူး။ သူ ဘယ်လိုလူဆိုတာ သေချာမစုံစမ်းဘဲ ခုလိုဖြစ်သွားပြီးမှ စိတ်ဆင်းရဲပူပင်နေရတာ ကိုယ့်ဘက်က ချို့ယွင်းခဲ့လို့ပဲ မိုးနှင်း"

ဦးမိုးနှင်း ဘာမှမပြောနိုင်။ ယုံကြည်မှုဆိုတာ မှတ်ကျောက်တင်ထားလို့ ရတာမျိုးမှမဟုတ်ဘဲ။ သမီးကို ပုံအပ်တဲ့အထိ သူ ယုံကြည်ခဲ့တာ မမှားဘူးလို့ စိတ်မှာယုံကြည်ဆဲဖြစ်၏။

ဒါပေမယ့် ဘာကြောင့်ယုံကြည်တာလဲဆိုတော့ သူ့မှာ အကြောင်းပြချက်မရှိပေ။

"ငါက မင်းကို အပြစ်တင်ချင်တာမဟုတ်ပါဘူး။ ပထမ ဒီ နဲ့ကိစ္စပျက်သွားတာက ကိုယ်ဘက်ကမှားတာလေ၊ နောက်ထပ် ဒီဒီနဲ့ ထပ်စီစဉ်လိုက်





တော့ မိန်းကလေးရှင်အနေနဲ့ အရှမ်းလိုက်လျောနေသလိုဖြစ်သွားတာကို နှောင်တရမိတာ၊ ကိုယ်မှားတာကို မှားတဲ့အကြောင်း ဝန်ခံလိုက်ရင် ပြီးပြီမဟုတ်လား၊ ထပ်စီစဉ်မိတာက ..."

"ဟုတ်တယ် အဲဒါ ကျွန်တော် လောဘကြီးသွားတာပါ၊ သမီးကြီးအတွက် အိမ်ထောင်ဖက်ကောင်းအဖြစ်ရွေးချယ်လိုက်ပြီး ကျေနပ်နေတုန်း အဆင်မပြေဖြစ်ကုန်တော့ ဒေါသလဲဖြစ်တယ်၊ ကိုယ်ပဲစပြောပြီး ကိုယ့်ဘက်က ပျက်ကွက်ရတာကို မျက်နှာပူတာကော၊ တည်မြဲကို လက်လွှတ်ရမှာစိုးတာတွေကော အားလုံး ရှုပ်ထွေးသွားခဲ့တယ်"

"ဘာဖြစ်လို့ မင်း သူ့ကို ဒီလောက်ယုံကြည်နေတာလဲ၊ ဘာမက်စရာရှိလို့လဲ၊ တို့ အချင်းချင်းမို့ ပွင့်ပွင့်လင်းလင်းမေးပါရစေ၊ သူ ဘယ်လောက်ချမ်းသာနေလို့လဲ"

ဘာမှမဆိုင်တာကိုသိအောင် ဦးမိုးနှင်း ခေါင်းတွင်တွင်ယမ်းလျက်သက်ဝါးလည်းကာပြ၏။

"အဲဒါတွေနဲ့မဆိုင်ဘူး။ သူ့စကား၊ သူ့အမူအရာ၊ ဆုံးဖြတ်ချက်တွေမှာ သူ့ရဲ့တန်ဖိုးရှိနေတာ"

ဦးမိုးနှင်း က အခိုင်အမာ ထပ်ပြောသည်။ ယုံပြီးရင်း ယုံနေတာကိုပဲ ဒေါ်ယဉ်ဆင့် ဘယ်လိုမှနားမလည်နိုင်တာဖြစ်သည်။ သူမစိတ်ထဲမှာတော့ မိန်းမသားပီပီ သင်းက ဘယ်လောက်ချမ်းသာထည်ဝါနေလို့ မာကျောကျောဆက်ဆံနေတာလဲဆိုသည့် မကျေနပ်မှုက မပြေနိုင်။ ကိုယ့်ကလေးဆီ သွားကြည့်ဖို့ကျတော့လည်း ဦးမိုးနှင်း က တားထားသည်။

"ချစ်ကြိုက်ပြီးယူကြတဲ့လူတွေတောင် အဆင်မပြေမှုဆိုတာ ကင်းကြတာမဟုတ်ဘူး။ သူတို့မှာလဲ လိုအပ်ချက်ဆိုတာတွေ ရှိမှာပဲ၊ ကြားတော့ ဟိုဝင်ပါမိ၊ ဒီဝင်ပြောမိဖြစ်ဦးမယ်၊ ထားလိုက်ပါဦး မဆင့်၊ ကျွန်တော်က ယယ်ကျူးငယ်နှာဖော်ပြီး မဆင့်ကို အပြစ်ထောက်တာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အမေ၊ အစ်မဆိုတာ ကိုယ့်သမီး၊ ကိုယ့်ညီမဘက်က မှန်မှန်မှားမှား ရပ်တည်ကာကွယ်ချင်ကြတာပဲ၊ အဲဒါကိုနားလည်လို့ပြောတာပါ"

ကိုယ့်ကို တိုက်ရိုက်ထိတာမှန်ပေမယ့် ဒါလည်းမှန်တာပဲမို့ ဒေါ်ယဉ်ဆင့် လက်ခံခဲ့ရသည်။

ညီမလေး ယဉ်ယဉ်မြင့် နှင့် မိုးနှင်းတို့ အိမ်ထောင်ရေးမှာ သူမ၏ ဒေါသမာနများကြောင့် ပြိုကွဲခဲ့ကြရတာ လက်တွေ့၊ ထို့ပြင် ဤအဖြစ်နဲ့ ပတ်သက်ပြီး မိုးနှင်းက အပြိုးတကြီး မဆက်ဆံခဲ့ပါ။

ယဉ်မြင့် ဆုံးသွားချိန်မှာ သူမနဲ့ပြေလည်စွာ စည်းလုံးခဲ့သည်။ ကလေးတွေအတွက် ထောက်ပံ့ကြည့်ရှုခဲ့သလို ဘာမဆို တိုင်ပင်ဖော်လည်းရခဲ့၏။

ထို့ကြောင့် ဦးမိုးနှင်း ဒီစကားကို တကယ့်နားလည်မှုနဲ့ပြောတာမှန်းကို လက်ခံခဲ့မိခြင်းဖြစ်သည်။

ကိုယ့်ကိုနားလည်ဘာက ကိုယ် သိနေသည်၊ တည်မြဲ ကို နားလည်ပေးနေတာကျတော့ ဒေါ်ယဉ်ဆင့် ဘယ်လိုမှ လက်ခံကြည့်တာ မရ။

သူမ၏စိတ်ထဲမှာ ခံစားမိနေတာက တည်မြဲ ဆိုသည့်လူရှုယ်ဟာ မကျေနပ်သော တစ်ခုခုကို ရင်ထဲမှာ မျိုသိပ်လျက် ဒီဒီလေးကို မလိုလားစွာ လက်ခံသွားခဲ့သည်ဟု…။

ဒေါ်ယဉ်ဆင့်နှင့် ဦးမိုးနှင်းတို့နှစ်ယောက်စလုံး၏ခေါင်းထဲမှာ တည်မြဲ၏အရိပ်က မထင်ရှားကြဘဲရှိကာ ပြောလိုက်၊ တွေးမိသွားလိုက်နှင့် စကားဝိုင်းလည်း စိုပြည်မှုမရှိခဲ့ပေ။ ထိုစဉ် စားပွဲပေါ် ကဖုန်းဝင်လာတော့ ဦးမိုးနှင်းက တစ်ခွန်းနှစ်ခွန်းလောက်ပြောပြီး ပြန်ချထားလိုက်၏။

"မဆင့် စိတ်မပူပါနဲ့၊ မဆင့်ရဲ့တူမဖြစ်သလို ကျွန်တော်ကလဲ အဖေပါ၊ သမီးငယ်ကို ဘာမှမထိခိုက်စေရအောင် ကြိုးစားမှာပါ"

"အဲဒါကို ငါက အကြွင်းမဲ့ ယုံပါတယ်၊ ခုပြောနေတာက တို့ကလေးက သူ့လက်ထဲရောက်နေပြီမဟုတ်လား၊ ဒီအချိန်ထိ သူ့အကြောင်း ဖေ…





…တာ မသိနိုင်တာ တို့ သိပ်အညွှံ့ခံနေရတာကျနေသလားလို့"

"မကျပါဘူး၊ သူနဲ့ကျွန်တော့်ကြားမှာ ဒီလိုခြားနားမှုတွေ ခံမနေဘူး၊ ခု အဆင်မပြေဖြစ်သွားခဲ့တာက တစ်ခုထည်းပဲ"

"ပြောပါဦး ဘာလဲ"

"သမီးကြီးအကြောင်းကို ကျွန်တော်က မပြောခဲ့တဲ့ သူ့ဟာသူသိသွားတဲ့အဖြစ်"

"မိုးနှင်းရယ် ဘယ်မိဘက ငါ့သမီး သိပ်ရည်းစားများတာပဲလို့ ပြောလဲ၊ ပြီးတော့ ရိုင်းရိုင်းပြောရရင် နွားမရှုံ့ ပိတ်ရောင်းတာမျိုးထိ ငါ့တူမ … ဖျက်စီးနေလို့လား၊ ရည်းစားများပေမယ့် သူ့ကိုယ်သူက ကာကွယ် …တာယ်"

ဦးမိုးနှင်း အကြည့်က ဒေါ်ယဉ်ဆင့်မျက်နှာထက်သို့ ဖျတ်ခနဲ ဝေ့လာ… ဒေါ်ယဉ်ဆင့် နားလည်လိုက်၏။ "မဆင့် ကဘယ်လောက်သိလို့" … ဟု မေးလိုက်သည့်အကြည့်…။

ဒါပေမယ့် ကိုယ့်တူမ သူ့သမီးဖြစ်နေသည်။ နှစ်ယောက်ကြားမှ … ဗြာ ပျောက်လျက်ဝေ့လည်လည်ပြန့်ဖြစ်သွားခဲ့ပြီး …

ကျွန်တော် နားလည်တာမျိုး မဆင့် နားလည်မှာမဟုတ်ဘူး၊ တစ်ခု … ထားပါ၊ တည်မြဲ မှာ ယုတ်မာပက်စက်တဲ့စိတ်ဓာတ် မရှိဘူး၊ မဟုတ် … ပ်နေရင်တောင် သူ့ဘက်မှာတော့ အကြောင်းပြချက်ရှိနေမှာပါ၊ … အဲဒါကိုယုံပေးပါ။ နောက်တစ်ခုက သမီးငယ်ဆီကို မဆင့် သွားချင် … သူတို့ရဲ့အိမ်ထောင်ရေးကို ဆိုးသည်၊ ကောင်းသည် ဘာမှမဝေ… အထူးသဖြင့် ငယ်တဲ့လူတွေရှေ့မှာ ဆွေးခြင်းဖို့ပါ"

…ဒေါ်ယဉ်ဆင့် ခေါင်းမညိတ်သေးပေမယ့် ဒါဟာ လက်ခံရမည့်အချက် …တော့ နားလည်လိုက်ပါ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"မသွားရဘူး၊ လုံးဝ မသွားရဘူး၊ ဘယ့်နှယ် စုမှ သေးသေးလေး ရှိသေးတာ မိန်းမပိုးတတ်နေပြီ၊ ငါ ခေါက်ထည့်လိုက်ရ သေဦးမယ်"

စကားသံလေး ဆူညံဆူညံထွက်လာသဖြင့် တစ်ယောက်တည ... လမ်းလျှောက်နေတုန်း ခြေလှမ်းရပ်သွားမိ၏။ ရှာကြည့်လိုက်တော့ ... ထောင့်က ဖွန်ပန်းရုံအောက်မှာ တော်ကီ့ကို မရမက ဆွဲထုတ်၍ ချွေး... ပေါက်လေးကို ဖြစ်သလို ထိုးသိပ်ပိတ်ဆို့နေသော ဒီဒီ ကို မြင်လိုက်... သည်။

ဖွန်ပန်းရုံအောက်ခြေမှာ ရေမြောင်းခွေထားသဖြင့် ခြံအာက်က မြေ... မှာ စိုစိုပွတပွတဖြစ်နေသည်။ ထို့ကြောင့် ဤနေရာမှာ ခြံတိုင်တွေက ... ရှိလျော့ရဲဖြစ်နေသဖြင့် ချွေးတိုးလိုက်တာနှင့် ဝင်ပေါက်တစ်ခု အလွ... တကူဖြစ်သွားနိုင်သည်။

ထိုအပေါက်ကိုပဲ ဒီဒီ က တော်ကီ့ကို တစ်ဖက်ကပွေ့ထားရင်း ... အောင်ပြန်ဖာထေးနေ၏။ ပိုက်ထားသည့်တော်ကီကလည်း ငြိမ်ငြိမ်...



"ငါ ခေါက်မိတော့မယ်နော် ကောင်စုတ်လေး၊ ရည်းစားလိုချင်လို့ သူကြီးကို ကလန်ကဆန်လုပ်လာတာ၊ နင့်ကို ကြိုးနဲ့တုပ်ထားမယ် ဘာ မှတ်လဲ"

အပေါက်ကိုပိတ်ထားပြီးတော့လည်း ချောင်ထဲကနေထွက်မလာဘဲ တော်ကီ့ကို မေးမေးပြီး ထိပ်ပုတ်လိုက်၊ ဆွဲခါလိုက်နှင့် ပြောလို့မပြီးနိုင်။

"ဟိုဘက်ထဲကလူတွေက ခါနေတာပဲ သိလား၊ သူတို့ဟာလေးကို နင်နဲ့ပေးစားမှာမဟုတ်ဘူး၊ ငါမသိအောင်ဝင်သွားတာနဲ့ နင့်ကို ဗိုင်းသမ သိမ့်မယ်"

တော်ကီက နားလည်နေသလို မော့နားထောင်လိုက်၊ ဟိုဘက်ကို လှမ်းမျှော်လိုက် လုပ်နေ၏။ သူ ဘေးကနေ လက်ပိုက်ကြည့်နေတာကို ဒီဒီ က မမြင်။ ပေကျံနေသည့်သူမလက်တစ်ဖက်ကို ဖြန့်ကြည့်ကာ ...

"သွား အိမ်ထဲဝင်နှင့်၊ ဒီမှာ ပေကုန်ပြီ၊ တော်ကြာ ဟိုပုဂ္ဂိုလ်ကြီးက မြင်ရင် ပေတယ် ကျံတယ်နဲ့ ကြီးကျယ်ဦးမယ်"

လွတ်လွတ်လပ်လပ်ကြီးအတင်းတုပ်၍ တော်ကီ့ကို ရေသွတ်သည့် ဘက်ကို တစ်ဖက်နဲ့ထိန်းပြီး တွန်းပို့၏။ သူမကတော့ ပန်းရုံအောက်ကနေ ကုန်းကွထွက်ရမှာမို့ လက်တစ်ဖက်နဲ့ပဲ အနီရောင်ဂါဝန်စလေးကို စုသိမ်း နေသည်။

သုံးမရှည့်သည့်လက်ပေကို ဘေးမှာ ဒီတိုင်းတွဲလောင်းချကာ ခုကျမှ သတိဖြစ်လာသလို ပွစိပွစိပြောသံ ထွက်လာပြီး ...

"ယောက်ျားရကာမှ အဖော်မရှိရတဲ့အထဲ ကောင်စုတ်လေးက ငါ့နား ... နေဘဲ မိန်းမပိုးဖို့ကြိုးစားသေးတယ်၊ ဟွန့်.. ဒီသတ္တဝါလေးကိုတောင် ... နိုင်နင်းဘဲနဲ့ ဟိုဟာကြီးကို ဘယ်လိုလုပ်.. ဟင် ..."

ခါးမတ်မတ်မဆန့်ရသေးခင် မျက်လုံးအောက်မှာ နက်ပြောင်သော ... သိနှပ်တစ်စုံကို မြင်လိုက်သဖြင့် ဒီဒီ မျက်လုံးပြူးသွား၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားသံလေးရပ်သွားကာ ခါးကုန်းကုန်းလေးကနေ ပြန်မတ်မလာ ရဲဘဲ ကုန်းကွပြီးသက်သွားသဖြင့် တည်မြဲ သွားတွေပေါ် အောင်ရယ်သည် ဒါပေမယ့် အသံမထွက်ဘဲ မျက်နှာကို ခပ်တည်တည်ပြင်လိုက်ပြီး

"မတ်မတ်ရပ်လိုက်စမ်းပါ။ ပြီးရင် မင်းစကားကို ဆက်ပြော"

"အဟွန်း"

ဒီဒီ မချိသွားဖြစ်လေးနှင့် ကိုယ်ကိုမတ်လိုက်သည်။

"ဦး.. ဦး ဘယ်တုန်းက ရောက်နေတာလဲဟင်"

မျက်နှာလေးနီမြန်းလျက် ပေသည့်လက်နှင့် လည်ပင်းကိုကုတ် ပြင်လိုက်တော့ တည်မြဲ က လက်ကို ဖတ်ခနဲဆွဲထားလိုက်ကာ...

"ဘာကို မကျေနပ်ဖြစ်နေတာလဲ ပြော"

"မဖြစ်ပါဘူး"

"မလိမ်နဲ့"

"မဖြစ်ပါဘူးဆို"

ဒီဒီ က လက်ကောက်ဝတ်လေးကို မရဲတရဲလေးရုန်း၍ မျက်နှာ တွင်ငံ့သည်။ သူ ပြုံးလိုက်မိရင်း လက်ကိုလွှတ်ပေးလိုက်၏။

"နောက်ကို ကွယ်ရာမှာ အတင်းပြောရင် နားရင်းအုပ်ခံရမယ်"

"ဦးကလဲ ဒီဒီ အတင်းမပြောဘဲနဲ့"

ဒီဒီ က ဤသို့အတွန့်တက်တာလေးလည်းရှိ၏။ ကြောက်သလို သလိုနှင့် ပြောချင်တာကို ပြောဖြစ်အောင်ပြောတတ်သည်။

လက်ပြတ်ဂါဝန်အရှည်ရဲရဲ အသားဖြူဖြူလေးနှင့် ဒီဒီ ပုံစံက ဘို လေးနှင့်လည်း တူနေပြန်သည်။ ခြေဆုံးခေါင်းဆုံး တစ်ချက်ငေးကြည့် သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။

ရင်ထဲမှာ ပြဿနာတစ်ရပ်ကို ထည့်ထားခဲ့သည်။ တွေးမိတိုင်း မ နပ်ခြင်းတွေဖြစ်လာတတ်သည်။ သို့သော် ဒီမိန်းကလေးမျက်နှာကို





လိုက်ရတိုင်း တစ်ဖက်သတ်ဆန်မိနေသလိုကြီး ခံစားမိနေသည်။ ဒီဒီ သည် ဒီနွေပြောသည့်စကား ဒီနေ့မှာပဲ နေမကုန်ခင် ပျောက်သွားတတ်၏။

သူမခေါင်းထဲမှာ အငြိုးအတေးတွေ၊ တုံ့ပြန်ပေးခဲ့ခြင်းတွေလည်း ရှိနေပုံမပေါ်ပေ။ ထို့ပြင် ဒီဆောင်းနဲ့ သူရယ်၊ ဦးမိုးနှင်းတို့မှ ပြင်ဆင်ခဲ့ကြ သည့် ဇယားပျက်ထဲမှာ မဆီမဆိုင် ကြားညပ်ပါခဲ့ရလို့ မရှိ ဘဲ အပြုံးဝေး နေရတာမျိုးလည်း သူမမျက်ဝန်းလေးတွေထဲမှာ မရှိပါ၊ ကာလ ပါလေ...

သူ ဆွဲလိုက်၊ ငေါက်လိုက်တာ ခက်ထန်ရင့်သီးလွန်းသည့်အခါ 'ဒီ လောက်ထိ စိတ်ဆိုးစရာမဟုတ်ဘဲနဲ့'ဟု ခံစားသွားမိသော ဖွဲ့ဖွဲ့သည့် မျက်ဝန်းလေးတွေနှင့်ငေးနေတတ်သေးသည်။

သူ နားလည်ထားခဲ့သော အမြှာညီအစ်မဖြစ်နေမှ တော့ ဘာလုံးမှာ လဲဆိုသည့် ဇွပ်စွဲချက် မှားသွားခဲ့သလား။

ဒီဆောင်း ၏ဆိုးသွမ်းမှုအစုစုသော သတင်းစကားများ နှင့် ဒီနွေ က ဘာမှမဆိုင်သလို မြင်နေရသည့် မတူညီသောသက်သေ ကိုးရှိနေ က အဆက် စပ်မဲ့နေ၏။

သူတစ်ယောက်တည်း အတွေးတွေနဲ့ ရှုးခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဦး"

ဒီဒီ ဖုန်းကိုင်ပြီးဝင်လာတော့ စာအုပ်ကထစ်ဖက်၊ စီးကရက်ရှိုက်ရင်း မွေ့ရာထက်မှာ ခေါင်းအုံးတွေဆင့်၍လှဲနေသည့် တည်မြဲ က လှမ်းကြည့်သည်။

"ဒီဒီ massage ပို့တာ မရဘူး၊ ဘာဖြစ်လို့လဲဟင်"

"မရရင် မပို့နဲ့ပေါ့၊ ဘယ်ကိုပို့မလို့လဲ"

"သူငယ်ချင်းဆီကိုပါ၊ ညညဆို အဲဒီလိုလုပ်ပြီး ဒီဒီ အပျင်းဖြေရတာ၊ အပြန်အလှန်စကြရင်းနဲ့ ပျော်ဖို့ကောင်းတယ်၊ ထပ်ဦး ဦးရဲ့၊ အဲဒါ လာလုပ်ပေးပါ"

"လုပ်မပေးနိုင်ဘူး အိပ်တော့"

"ဦးကလဲ ..."

ဒီဒီ နှုတ်ခမ်းစူသွားသည်။ စာအုပ်နဲ့ကွယ်ထားသည့်အပေါ်ကနေ နည်းနည်းလေးမျက်လွှာပင့်၍ခိုးကြည့်လိုက်တော့ ဖုန်းကိုလျှောက်နှိပ်ရင်း ပါးစပ်ကလည်း ဆီမန်းမန်းနေတာ ပွစိပွစိနှင့်။

ဒီကောင်မလေး စိတ်ဆိုးသွားပြီဆို နှုတ်ခမ်းလေးလုံးနေအောင်ပြောနေတာ ဘာတွေမှန်းမသိ။





"ဟော တွေ့လား၊ သူများကိုပို့တာ ဝင်လာတယ်၊ ဒီဒီ ပြန်ပို့တော့.."

ထပ်ပြောပြီး သူ့ဘေးမှာ တင်ပါးလွှဲလေးဝင်ထိုင်၏။

"ဒီမှာ ဦး၊ ဒီမှာ ခဏလေးကြည့်"

သူ့ကို အတင်းဆွဲထူသည်။ ကိုင်ထားသည့်စာအုပ်ကို ဆိုးဆိုးဆတ်ဆတ် ဆွဲဖယ်ပစ်၏။

"ကျွတ်.. မင်းကွာ"

အဲဒီလောက် တည့်တည့်တင်းတင်းနေတာတောင် ဒီဒီ က ပြောချင်တာ၊ ဖြစ်ချင်တာရှိပြီဆို ရွတ်။ စီးကရက်ကို ခွက်ထဲလှမ်းထည့်ပြီး သူ ထထိုင်လိုက်ရ၏။

ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ မိုးလားကဲလား ကြိမ်းခဲ့တာက သူ၊ တကယ်တမ်းကျတော့ လက်တစ်လုံးခြားလေးပွတ်ကပ်ပြီး အနိုင်ယူနေတာ ဘယ်သူလဲ။

"ဟယ်.. ဦးလုပ်လိုက်တော့ ဘာမှလဲမဟုတ်ဘူးနော်၊ code ထည့်လိုက်တာလားဟင်"

"ဟုတ်တယ်"

"ဟွန်း ဒါလေးများ.."

ဒီဒီ က နှုတ်ခမ်းလေးမဲ့သွားပြီး သူ့ကို စွေစောင်းကြည့်၏။

"ဒီလိုနှိပ်၊ ဒီလိုထည့်လိုက်လို့ပြောရင်ပြီးတာပဲဟာ၊ ဒီက မသိလို့.."

ပြောပြီးမှ ထရပ်လိုက်သည်။ တည်မြဲ အသည်းယားယားနှင့်ပြန်ဆွဲချလိုက်တာ ရင်ခွင်ထဲကို ထွေးခနဲကျလာ၏။

"အာ အရမ်းပဲ ဦးကလဲ"

"ဘာဖြစ်လို့ မဲ့ရွဲ့သွားတာလဲ"

ပြန်ထမ့်ရုန်းပေမယ့် သူ အတင်းဖက်ထားလိုက်သဖြင့် ကိုင်ထားသည့်ဖုန်းတောင် မွေ့ရာပေါ်ပြန်လွတ်ကျသွားသည်။ ဒီဖုန်းကြောင့်ပဲ ဤသို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆင်တူသော အဖြစ်မျိုးရောက်ရတာ နှစ်ခါရှိပြီ။

ဒီဒီ ခုမှတွေးမိကာ 'မှားပါတယ်၊ မှားပါတယ်' ဟု တကယ်ပြောပစ်လိုက်၏။

"ဘာမှားတာလဲ"

"ဦးက ညစ်တာ"

"ဆက်ပြော"

"ဟုတ်တယ်၊ တစ်နေကုန် ဒီဒီ ကို ဆူနေ၊ မာန်နေပြီးတော့ ..."

ပြောရင်းရပ်သွားတော့ သူက မှုံပြုံးနှင့်စိုက်ကြည့်လျက် ...

"ပြောပါ ဆက်ပြော"

"ဒီဒီ မကြိုက်ပါဘူး"

"ဘာကိုလဲ"

"ဒီဒီ ကို လွှတ်"

"မင်းကို မေးချင်နေတာ ကြာပြီ၊ ဖြေစမ်း အဲဒီ မိတ်ကပ်တွေကို နေ့တိုင်းလိမ်းနေတာက ငါ့ကို ရွဲ့တာလား"

"ဟင် မိတ်ကပ် ဟုတ်လား"

သူပြောလိုက်မှ သတိထားမိသွားသလို ဒီဒီ က ပါးနှစ်ဖက်ကို ဖျတ်ခနဲ ပြန်စမ်းကြည့်၏။

"မိတ်ကပ်မဟုတ်ပါဘူး ကရင်မ်ပတ်ဖ်ပါ။ ဒီဒီ ဘယ်တုန်းကမှ မိတ်ကပ်မလိမ်းဘူး"

"နှုတ်ခမ်းနီတွေကကော"

"အဲဒါက ကြိုက်တာ"

"မကြိုက်ရဘူး။ မိတ်ကပ် နှုတ်ခမ်းနီတွေ ငါ မကြိုက်ဘူးလို့ မင်းကို ပြောထားတယ်မဟုတ်လား။ အဲဒါတွေနဲ့ဆိုရင် ဝင်မအိပ်နဲ့ဆိုလို့ မင်း ညတိုင်းလိမ်းနေတာ"





"မဟုတ်ပါဘူး ဦးရယ်၊ ဒီမှာ ကျောက်ပျဉ်တွေ၊ သနပ်ခါးတုံးတွေမှ မရှိတာ"

ပြောနေရင်းမှ သတိရသည်။ ဟိုတစ်ည ဖုန်းလာကြတုန်းက ဒီဒီ ရေချိုးပြီးကတည်းက ဘာမှမလိမ်းဖြစ်လောက်အောင် အာရုံတွေများနေခဲ့၏။

ထိုတစ်ညလုံး ဒီဒီ သူ့ ရင်ခွင်ထဲမှာ၊ နောက်နေ့ကျတော့ သူကလည်း တည်တည်တင်းတင်းကြီးနေသည်။ ဒီလိုပုံစံနှင့် ဒီဒီ ကလည်း အနားမကပ်ချင်တာမို့ ပုံစံမပျက် အပြင်မှာပဲ အိပ်ပစ်လိုက်၏။

ထိုအခါ လက်ထပ်ပြီးစတုန်းကလို သူသပ်သပ်၊ ကိုယ်သပ်သပ်ပဲ ပြန်ဖြစ်ခဲ့သည်။ ပြဿနာက မိတ်ကပ်ရှုလို့တဲ့လား၊ ဒီလောက်ဖြစ်မှန်း ဒီဒီ ခုမှသိ၏။

ငုံ့မိုးစူးစိုက်ကြည့်နေဆဲမျက်နှာကို ဒီဒီ ပြန်မော့ကြည့်ကာ ...

"နှုတ်ခမ်းနီကြိုက်ပေမယ့် ဒီဒီ က အခြောက်တွေပဲသုံးတာ၊ အနံ့လဲ မရှိဘူး မယုံရင် ဦး နမ်းကြည့်"

ဒီဒီ မျက်နှာလေးမော့ပေးလိုက်သည်။ ကိုယ် နမ်းခိုင်းလိုက်တာက တစ်မျိုး သူ နမ်းလိုက်တာက တခြား။

ဒီဒီ တည်မြဲ ရင်ခွင်ထဲမှာ မွှန်းကျပ်သွားခဲ့၏။ ထို့နောက် ပြန်လည်ရုန်းထွက်ခွင့်ရခဲ့သော ညဏ်ရင်ခုန်သံတွေက ဟားတိုက်ရယ်နေကြသည်။

'အဲဒါ နမ်းခိုင်းဦး' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"အံမယ် သူကပဲ ဟိုဟာမစားဘူး ဒီဟာမကြိုက်ဘူးနဲ့ ဟွန်း"

ဒေါသဖြစ်လို့မဟုတ်ဘဲ ခေါင်းကိုပုတ်ပစ်လိုက်ပြီး ချစ်စနိုးနှင့်ဖြစ်သည်။ ပြီးတော့ နံရိုးပေါင်းနဲ့ထမင်းနယ်ပြီး ကျကျနနကျွေး၏။

"ဦး... ဦး ဒီမှာကြည့် တွေ့လား"

အလုပ်လုပ်နေလည်း လှည့်မကြည့်မချင်းခေါ်သည်။ နာရီကြည့်ရင်း ပရိုဂရမ်မှာရှာမရသည့် ကောစ်ကြောင့် စိတ်ရှုပ်ရှုပ်နှင့် သက်ပြင်းမချအား ဖြစ်နေတာလည်း အလိုက်မသိ။

"ဦး ဒီမှာ တော်ကိုကိုကြည့်ပါဦး သိပ်လူလည်ကျတာပဲ၊ ငါးဟင်းနဲ့ကျွေးတာကို မစားဘူး နံရိုးပေါင်းနဲ့ကျွေးတာ ခေါင်းမဖော်ဘူး ဦး ..."

"ဟာ ဘာလဲကွာ"

"ဦးကလဲ မျက်နှာလေးနည်းနည်းစောင်းကြည့်လိုက်ရမှာကို အဖြစ်သည်းလိုက်တာ"

"သည်းရမှာပဲ၊ ဒီမှာ အလုပ်လုပ်နေတာ မျက်လုံးတစ်ချက်မှ ရွှေ့ချိန်မရဘူး"





တည်မြဲ တကာယ်ကို လှည့်မကြည့်ခဲ့ပါ။ လိုချင်တာတွေ့ပြီဆိုသည်နှင့် ပရင့်ထုတ်လိုက်ပြီး ချက်ချင်းထရပ်သည်။ အားလုံးကို ဖိုင်ထဲမှာသေချာ ညှပ်ခဲ့ပြီးမှ အခန်းဆီကို ခြေလှမ်းကျဲများနှင့်လျှောက်သွား၏။

"နင် အဲဒီမှာ စားနေဦး"

တော်ကိုကို ခေါင်းလေးပုတ်ပြောရင်း ဒီဒီ ပြေးထလာခဲ့သည်။ အခန်းထဲဝင်လိုက်တော့ ထင်သည့်အတိုင်း တည်မြဲ က နီညိုရောင်အင်္ကျီကို လှမ်းဖြုတ်နေတာ တွေ့လိုက်၏။

"ဦး"

"ဟာ..."

အင်္ကျီချိတ်မှာ လှမ်းကိုင်ဖြုတ်နေသောကိုယ်က ဒီဒီ နောက်ကနေ သိုင်းဖက်ပစ်လိုက်သဖြင့် ရှေ့ကို ယိုင်ကျသွားသည်။ ဒီဒီ က မလွှတ်သည့် အပြင် ပို၍ကျပ်အောင်ဖက်ထားပြီး ...

"ဦး ဘယ်သွားမလို့လဲ၊ ဒီဒီ လိုက်မယ်"

"လိုက်လို့မရဘူး"

"လိုက်မှာပဲ"

"ဒီဒီ ဖယ်ကွာ"

"ဟင့်အင်း၊ တစ်ခါလေးလေးပဲ၊ အိမ်မှာ တစ်နေကုန်ကပ်ပြီးတော့ အခု အပြင်ထွက်တော့မှာမဟုတ်လား။ ဒီဒီ တစ်ယောက်တည်းပျင်းတယ်"

"ငါရှိတော့ကော မင်းနဲ့ထိုင်ဆော့နေတာမို့လို့လား"

"ထိုင်မဆော့ပေမယ့် ဆူတယ်လေ၊ ဆူမယ့်သူတောင်မရှိတော့ ပိုဆိုးတာပေါ့"

ခါးမှာသိုင်းဖက်ထားသည့် ဒီဒီ့ လက်ကလေးတွေကို ထပ်ဆွဲကိုင်ရင်း ခွာဖို့ကြိုးစားတော့ မရ။ အလုပ်က အချိန်ကိုက်အရောက်သွားရမည့်ကိစ္စဖြစ်နေသဖြင့် ဒီဒီ ကလေးဆန်နေတာကို စိတ်မရှည်ချင်။

www.burmeseclassic.com



"ဒီဒီ ကို ခေါ် လေးဆီမှာဖြစ်ဖြစ် ခဏဝင်ထားခဲ့ပေးလေ၊ ဒီကိုပြောင်းလာပြီးမှ တစ်ခါမှမရောက်သေးဘူး နော်"

"မရဘူး၊ အဲဒီလောက် အချိန်မရလို့ ပြောနေတာကွာ၊ ဖယ်ဆိုဖယ်လိုက်တာမဟုတ်ဘူး"

သူ ခပ်ကြမ်းကြမ်းဆွဲဖယ်ပစ်လိုက်ပြီး လှည့်ထွက်ခဲ့၏။

"ဦး... ဦးနော် ဒီဒီ မကျေနပ်ဘူး သိလား၊ ဦးကို လုံးဝမခေါ်တော့ဘူး"

ဒီဒီ တအားလှမ်းအော်သည်။ အဖျားခတ်အသံလေး တုန်ခါသွားလျက် ရှိုက်သံလေးတွေပါ ရောထွေးပါလာ၏။ ကားပေါ် တက်မလို့ တံခါးဆွဲဖွင့်လိုက်ပြီးမှ သူ နောက်ကိုပြန်လှည့်ကြည့်လိုက်မိသည်။

ဒါပေမယ့် ခြေလှမ်းက နောက်ဆုတ်ဖို့မဟုတ်ဘဲ ကားပေါ် တက်၍မောင်းထွက်လာခဲ့၏။ ကားသံကြားလိုက်မှ ပိုငိုချင်လာသည်။ ဟီးခနဲအော်ငိုပစ်လိုက်မှ ရင်ထဲမှာ ပေါ့သွားသည်။

မီဒီဒီ ... ညည်း ဘာဖြစ်လို့ အဲဒီလူကြီးကိုမှ အပျော့ပေးနေခဲ့တာလဲ၊ ညည်းကို သူက ဘာများ ညာတာထောက်ထားခဲ့တာရှိလို့လဲဟင်။

ကိုယ့်ကိုယ်ကို ပြန်မေးလိုက်၊ မျက်ရည်တွေပြည့်တက်လာတာကို မျက်လုံးမှိတ်ပြီး ဖိညှစ်ပစ်လိုက်နှင့် နောက်ဆုံး မျက်ရည်တွေနည်းပါးခြောက်သွေ့ကာ ရှိုက်သံချည်းပဲ တင်ကျန်ခဲ့သည်အထိ ငိုလို့ကောင်းတုန်း။

သူနဲ့ကျမှ ဒီဒီ ကလေးဆန်ချင်နေသည်။ အရွှံ့မပေးတတ်သူကိုမှ ဆိုးနွဲ့ချင်၏။ ပြန်တွေးကြည့်လျှင် ဒီနေ့ထိ ချိုသာနူးညံ့စွာ ပြောဆိုဆက်ဆံခဲ့တာ မရှိသေးပေ။

ဦးလို့ ခေါ် လိုက်ကြည့် လှည့်လာသည့်မျက်နှာမှာ မျက်ခုံးက နှစ်တွန့်သုံးတွန့် ချိုးထားပြီးသား။ ဘာချက်ချက် စားသည်။ ဟင်း ကြေးမများပေမယ့် ကိုယ့်ကိုသည်းခံနားလည်တာမဟုတ်ဘဲ ဒီဒီ ပင်ပန်းနေတာကို တစ်ချက်မှဂရုမစိုက်တာဖြစ်သည်။ ကိုယ်ပဲပြေးလွှား၊ ကိုယ်ပဲချက်၊ အိမ်မှာခို





မိန်းကလေးမို့လို့ မလုပ်တတ်တာ၊ မချက်တတ်တာမရှိရအောင်ဆိုပြီး ခေါ် လေးက အချက်အပြုတ် အိမ်တွင်းမှုအားလုံးကို စိတ်ပါပါ မပါပါ ဖွတ်ဝင်နိုင်းသည်။ သို့သော် တတ်ထားတာပဲရှိကာ ခေါ် လေးက သူကိုယ်တိုင်ပဲ မီးဖိုချောင်ဝင်တာမို့ ဒီဒီ တို့ ဘာမှမလုပ်ရပေ။

ကြမ်းတိုက်တာ၊ အဝတ်လျှော်တာက ညီအစ်မနှစ်ယောက် အလှည့်နဲ့လုပ်ကြသည်။ ဘာဖြစ်ဖြစ် မလုပ်ဘဲနေလည်း ဟိုလို ဒီလိုနဲ့ ပြီးသွားတာပါပဲ။ ခုကျတော့ အိမ်မှာ ကိုယ်တစ်ယောက်ပဲရှိသည်။

ကြမ်းတွေဖုန်တက်လာလည်း ကိုယ်ပဲရှိသည်၊ မချက်မပြုတ်ဘဲနေလည်း တော်မှာက ကိုယ်။ တစ်အိမ်လုံးအလုပ်တွေ တစ်နေကုန်လုပ်ရှိ သူ အနားရောက်လာတာနှင့် ဆူခံထိတာက ရှိသေးသည်။ ...ကို

ဒါပေမယ့် ပြောရက်ဆိုရက်လိုက်တာလို့လည်းမမြင်၊ စိတ်ဆိုးလည်းမရ။

တည်မြဲ ဆိုသည့်လူကို နှစ်ခါ၊ သုံးခါ ဆုံဖူးလိုက်တာနှင့် ဒီဒီ နှစ်သက်ခဲ့မိတာ ကိုယ့်ကိုယ်ကိုလည်းသိနေသည်။ သူကတော့ ဖေဖေက သူ့ကိုထွလည်ကျလို့ တဲ့။

အချိန်တွေ ဘယ်လိုကုန်သွားမှန်းမသိ။

"တော်ကီ လာဦး"

ဒီဒီ အသံပေးလိုက်တာနှင့် တော်ကီ ပြေးဝင်လာသည်။ ဟိုသခင်တွေ သတ်ထဲမှာကတည်းက တော်ကီက ပါးနပ်လိမ္မာလွန်းသည့်ခွေးကောင်လေးဖြစ်ပေလိမ့်မည်။

"နင့်ကို စကားများများနားလည်အောင်လို့ 'တော်ကီ'လို့ ငါ နာမည်ပေးမယ်၊ မှတ်ထားနော်၊ နင့်နာမည် တော်ကီ"

ခဏခဏပြန်မေးလိုက်၊ ပြောပြလိုက်နှင့် ခေါ် လည်းခေါ်ပြတော့ ...ထိက သူ့နာမည်ကို တော်ကီဟု မှတ်သွားနိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အိမ်မှာ လူတွေအများကြီးမရှိပေမယ့် ဒီဒီ က တစ်ယောက်တည်းမို့ တော်ကီနဲ့ပဲ စကားတွေပြောသည်၊ မဖြေတတ်မှန်းသိလည်း မေးမမေးဘဲနဲ့သေချာပြောပြ၊ သူငယ်ချင်းတစ်ယောက်နှင့် တွေ့ရာလေးပါး ပြောသလို ချက်ပြုတ် လုပ်ကိုင်ရင်းလည်းပြောနေတတ်လွန်းလို့ တော်ကီ့ခမျာလည်း နားမလည်တာတောင် နားရည်ဝနေပေလိမ့်မည်။

တစ်ခါတစ်ခါ ခွေးနဲ့စကားပြောရင်း ရယ်တာတွေ မောတာတွေဖြစ်လို့။ 'ဘာဖြစ်တာလဲ'ဆိုပြီး တည်မြဲ အနားရောက်လာခဲ့တာတွေ ရှိသေးလို့သည်။

"ဦးကို ဘာပြောလို့လဲ၊ ဒီဒီ တော်ကီနဲ့ ပြောနေတာ"

ပြန်ပြောလိုက်လျှင် တည်မြဲ မျက်နှာကြီး နီမြန်းလျက်၊ သူ့ကိုပဲ စောင်းနေနိုင်းသလိုလို။

"မင်းမှာ စကားမပြောရရင် မနေနိုင်တာလဲ ဒုက္ခပဲနော်၊ ပြောစရာမရှိ ခွေးနဲ့ပြောရတယ်"

"ဦးကလဲ တော်ကီ့ကို ခွေးလို့မပြောပါနဲ့"

ဒါကိုတော့ ဒီဒီ မဖြစ်မနေ တားမြစ်၏။ 'ခွေးမို့လို့ခွေးပြောတာ ဘာဖြစ်လဲ'လို့တော့ တည်မြဲ က ပြန်မမေးခဲ့ပါ။ ဒီဒီ တော်ကီ့ကို ဘယ်လောက်ချစ်မှန်းလည်း စိတ်ထဲက ကြိတ်သိနေနိုင်သည်။

ခွေးမှန်းတော့သိတာပေါ့၊ ဒါပေမယ့် တော်ကီက ဒီဒီ့ အဖော်၊ စကားပြောဖော်မဟုတ်သော်လည်း ဒီဒီ ပြောသမျှကို နားထောင်ပေးဖော်ရနေတာမို့ ဒါလည်း သူငယ်ချင်းလို့ ဒီဒီ သတ်မှတ်၏။

ထိုပြင် တော်ကီက အသွေးအရောင်၊ မျက်လုံးမျက်ဖန် အားလုံးက ရှုန်းတောက်လှပနေ၏။ ဖွတ်ဖွားဖွားဖွတ်ဖွတ်ဖြူသည့် အရောင်တွေထဲမှာ အဖြူရိုပ်လေးတွေပဲပါသည့် ရွှေအိုရောင်နုနုရှုန်းရှုန်းအမွေးရှည်လေးတွေနှင့်၊ ထို့ကြောင့် တော်ကီ့ကို ဒီဒီ အချစ်ပိုခဲ့၏။ သူမ ငေးငိုင်တွေးတော့နေ





ဆဲ တော်ကီ အနားကိုရောက်တာနှင့် ဒီဒီ ကောက်ပွေ့လိုက်ပြီး ရင်ခွင်ထဲမှာ ဖက်ထားလိုက်၏။

"နင်ကတော့ ငါ့ကို အရမ်းခင်တာပဲနော်၊ ဘယ်လောက်မှမကြာသေးဘဲနဲ့ ငါပြောသမျှ နားလည်တယ်၊ ငါခိုင်းတာကိုလုပ်တယ်၊ အရမ်းချစ်ဖို့ကောင်းတာပဲ"

စကားတွေပြောရင်း သန့်စင်မွေးပျံ့နေသည့် တော်ကီ့ကိုယ်က အမွေးရှည်ဖားဖားလေးတွေကို ဘရပ်ရှ်ကျဲကျဲလေးနှင့် နူးညံ့ညင်သာစွာ ဖြီးပေးနေမိ၏။

မှန်ထဲမှာ တော်ကီက ဒီဒီ မျက်တောင်ဖျားတွေမှာ စို့စွတ်နေဆဲရှိသည့် မျက်ရည်တွေကိုပဲ ငေးနေသလား၊ မျက်ရည်ကိုမသုတ်ဘဲ မှန်ထဲကိုအသာကြည့်နေတာလားတော့မသိ။

မှန်ထဲကိုမော့ငေး၍ ဘရပ်ရှ်နဲ့ဖြီးပေးနေတာကိုငြိမ်သက်စွာခံနေသည်။

"နင် ထမင်းစားပြီးပြီနော်၊ နေ့ခင်းပဲဆိုပြီး ဘယ်မှလျှောက်မသွားနဲ့၊ ငါ့ခြေရင်းမှာပဲအိပ်၊ ငါ အိပ်ပြီဆိုပြီးတော့လဲ ဟိုဘက်ခြံက ဆတ်ဆလူးလေးကို သွားပိုးမနေနဲ့၊ သိလို့ကတော့ အသေလိုက်ရိုက်မှာ ကြားလား"

ပြောပြီး တော်ကီ့ကို အိပ်ရာပေါ်မှာ ချပေးလိုက်၏။ တော်ကီက ခြေရင်းမှာပဲ လိမ္မာစွာသွားအိပ်လေသည်။ ဒီဒီ့ မျက်နှာလေး ချက်ချင်းပြုံးကျသွားသည်။

တော်ကီ အဲဒီလောက် လိမ္မာတဲ့ကောင်လေးမှန်း သူမ မသိခဲ့ပါ။ ကိုယ့်အပေါ်မှာ ဒီလိုအချိန်တိုတိုအတွင်းလေးနဲ့ ခင်တွယ်သွားမည်လို့လည်းမထင်။

တော်ကီ့ကို ချစ်မြတ်နိုးမိတိုင်း ဒီတစ်ခုအတွက်တော့ ဟိုပုဂ္ဂိုလ်ကြီးကို ကျေးဇူးတင်ပါသည်။ အရုပ်ကို ရပ်ငေးနေတာမြင်ပြီး ချက်ချင်း ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်အောင်ပို့ပေးခဲ့သည်။

အိပ်ရာပေါ်မှာ ပက်လက်လေးလှဲလိုက်ရင်း ဒီဒီ ပြုံးရာကနေ နှုတ်ခမ်းလေးစေ့သွား၏။ ဒါလေးကို သူမ သာယာခဲ့မိတာလား။ တည်မြဲ ဆိုတဲ့လူက မျက်နှာကြီးတည်နေပေမယ့် သူ့ရင်ထဲမှာ စာနာကြင်နာတတ်ခြင်းတွေ ရှိနေမှာပါဟု ယုံကြည်မိတာလည်းရှိမည်။

ထို့ကြောင့် ကိုယ့်ရင်ဘတ်နဲ့ကိုယ် သေချာနေရင်း သူ ဘာပြောပြောနာကျင်ရမှန်းမသိ၊ ဆူတိုင်း အော်တိုင်း ထုတိုင်းမာနေသည့် ငါးဖယ်လေးလိုနေခဲ့၏။

သူကတော့ ဒီဒီ သည်းခံကျေနပ်နေတာကို ဘယ်လိုထင်နေသလဲ။ ကလေးလိုလို၊ ပွေးလိုလိုနဲ့ အကြောင်ကျားမလေး ဆိုတဲ့ မျက်မှောင်ကြုတ်ကြုတ်၊ နှုတ်ခမ်းမဲ့မဲ့နှင့်ကြည့်တာတွေကို သတိရမိ၏။ မျက်ရည်က 'ငါမကုန်သေးဘူး' ဟု ပုန္နေးစွာလက်တို့သတိပေးရင်း မျက်ဝန်းထောင့်ကနေဆံပင်တွေထဲကို လျှော်တိုက်ဆင်းသွားသည်။ ထိုစဉ် အခန်းဝမှာလူရိပ်ပေါ်လာသဖြင့် လှမ်းကြည့်လိုက်တော့ တည်မြဲ။

"ဟာ ခွေးကို ဘာဖြစ်လို့ အိပ်ရာပေါ်တင်ထားတာလဲ၊ ပြောရင်လဲ မကြိုက်ဘူး၊ ဟိတ်ကောင် သွား သွား"

"အို... နေပါစေ"

"မနေရဘူး"

ပြော၍ သူ လက်ရွယ်လိုက်တာနှင့် တော်ကီက လွှားခနဲပြေးဆင်းသွားလေသည်။

ဒီဒီ ငုတ်တုတ်လေးထိုင်လိုက်မိပြီးမှ တော်ကီ ပြေးသွားတာကို ကြည့်ကာ ဆောင့်ခနဲပြန်လှဲလိုက်သည်။

"ထလေ မင်းကို လာခေါ်တာ၊ အခေါ် အိမ် သွားလည်ချင်လို့လား"

ဒီဒီ ခေါင်းလေးထောင်လာသည်။ တည်မြဲ က ပြတင်းပေါက်နားမှာ



သွားရပ်ကာ စီးကရက်မီးညှိရင်း ဒီဒီ့ ကိုပြန်ကြည့်၏။ ဒီဒီ က စူပုပ်ပုပ်မျက်နှာလေးနှင့် ထထိုင်ပြန်သည်။

"ဦးပဲ အချိန်မရဘူးဆို"

"မရဘူး၊ ဒါပေမယ့် ငါ မိုးချုပ်လောက်မှ ပြန်ရောက်မှာ၊ မင်း ငိုလိုက်၊ ဆိမ်န်းမန်းလိုက်လုပ်နေမှာကိုသိလို့ ပြန်လှည့်လာတာ"

ဒီဒီ မျက်နှာလေးက လန်းဆန်းမလာပါ။ ကလေးလို ချက်ချင်းငိုချက်ချင်းရယ်တတ်သည့်မျက်နှာလေးက ပို၍မှုန်ကုပ်ကုပ်ဖြစ်သွားကာတည်မြဲ က စီးကရက်ရှိုက်ဖွာရင်း စိုက်ကြည့်နေ၏။

"ဦး သွားပါ။ ဒီဒီ အိမ်မှာပဲနေတော့မယ်"

ပြောပြီး ဒီဒီ အိပ်ရာထဲ ပြန်လှဲလေသည်။

"ဒါက ဘာဖြစ်သွားတာလဲ"

တည်မြဲ ခုတင်ဘေးကိုရောက်လာသည်။ ခေါင်းအုံးပေါ်မှာ သေချာခေါင်းမချရသေးဘဲ သူ ပြန်ဆွဲထူလိုက်သဖြင့် ကြွခနဲ ပြန်ပါသွား၏။

"စိတ်ကောက်တာတွေချော့ဖို့ ငါ သိပ်စိတ်ရှည်တာမဟုတ်ဘူး ဒီဒီ၊ အပိုတွေလုပ်မနေနဲ့ သွားမှာလား၊ မသွားဘူးလား"

"မသွားပါဘူးဆို"

"ပြီးရော"

ပြောပြီး ပြန်တွန်းပစ်လိုက်သဖြင့် ဒီဒီ အိပ်ရာထဲကို ပုံခနဲပြန်ကျသွားသည်။ ဝမ်းနည်းစိတ်က မီးပုံထဲ ပစ်ချခံရသော ဖယောင်းလုံးကဲ့သို့ တရွေ့ပျော်ဆင်းသွားကာ ...

"ဦး သိပ်ရက်စက်တာပဲ သိလား"

ခေါင်းအုံးထက်မှာ မျက်နှာမှောက်ချလိုက်ပြီး ငိုချလိုက်မိသည်။ တည်မြဲ ဖါခြေလှမ်းတွေ တံခါးဆီမရောက်ခင် ရပ်တန့်သွားခဲ့၏။ မကြာ[illegible]နေပြီးမှ နောက်ပြန်လှည့်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသည့်ဂျာကင်ကို ချွတ်ပစ်လိုက်ပြီး မှန်တင်ခုံရှေ့က ကုလားထိုင်ကျောမှီပေါ်မှာ တင်ထားလိုက်သည်။ ထို့နောက် ဒီဒီ့ ဘေးမှာဝင်ထိုင်လိုက်၍ …

"ဒီဒီ"

ဒီဒီ့ ပခုံးလေးနှစ်ဖက်ကို အသာလေး ဆွဲမှုလိုက်၏။ စောစောကတည်းက ငိုထားမှန်းသိသာနေသည့်မျက်နှာလေးက နီရဲမို့အစ်နေရှာသည်။

"ဆောရီးကွာ၊ မင်းကို ငါ နားလည်တယ်၊ ဒါပေမယ့် တစ်ခါတစ်ခါ ဆက်ထုံးရှိနေတဲ့ရင်ထဲမှာ စူးရှုးအောင့်အောင့် ထဖြစ်သွားတတ်တာကို ထိန်းလို့မရဘူး"

သူ ဘာပြောမှန်း သိလိုက်သလိုရှိပေမယ့် ဒီဒီ ကုန်စင်အောင် နားမလည်ပါ။ ဒါပေမယ့် နူးညံ့သည့် သူ့ထံမှ 'ဆောရီး'ဆိုသော တောင်းပန်သံတစ်ချက်နှင့်ပဲ သူမ မျက်ရည်တိတ်သွားခဲ့၏။

သူ ဖွဖွဖက်ထားသည့်ရင်ခွင်ထဲကိုတိုးဝင်ရင်း မျက်ရည်သုတ်ပေးတာကိုလည်း ကျေနပ်နေမိပြန်သည်။

"ငါ အတ္တကြီးသွားတယ်ထင်တယ်"

ပြော၍ တည်မြဲ က ဒီဒီ့ မျက်နှာလေးကို လက်ဝါးနှစ်ဖက်ထဲမှာ မော့ယူလိုက်၏။

"တကယ်တော့ မင်းက ဖြူစင်ပါတယ်၊ မင်းကို နားလည်ပေးချင်တဲ့စိတ်က ရှိခဲ့ပေမယ့် ငါ့ရင်ထဲမှာ ဖြူဖြူစင်စင် ပြန်တုံ့ပြန်လို့မရဘူးဖြစ်နေတယ်၊ အဲဒီတော့ မင်းနဲ့ငါ့ကြားမှာ ဒီလို အဖုအထစ်တွေတော့ ရှိနေနိုင်သေးတယ်၊ မင်းနဲ့ငါ ပြေလည်ဖို့ကြိုးစားကြတာပေါ့"

"ဦးက…ဦးက ဒီဒီ့ ကို မချစ်ဘူးလားဟင်"

ဒါကို သိချင်လာသည့် ရင်ထဲမှာ ဘယ်လိုမှ မျိုသိပ်မရတော့လို့ပါ။





သူ့မျက်ခုံးတွေ တွန့်ခနဲဖြစ်သွားပြီး ဒီဒီ့ ကို အကြာကြီးစိုက်ကြည့်နေ၏။ ပြီးမှ …

"မင်းကကော ငါ့ကို ချစ်ခဲ့လို့လား"

"ဟင့်အင်း မချစ်ခဲ့ဘူး။ ဒါပေမယ့် အခု ချစ်တယ်"

သူ့မျက်နှာ အရောင်တစ်မျိုးပြောင်းသွားကာ မျက်ဝန်းတွေ ဖျတ်ခနဲ ရွှန်းသွား၏။

"ဒီဒီ ဦးကိုချစ်တယ်"

ဒီဒီ ထပ်ပြောပြီး သူ့ကို ပြန်ဖက်ထားလိုက်မိသည်။ အတော်ကြာသည်အထိ တုံ့ပြန်ပွေ့ဖိုက်မလာခဲ့ပါ။ ထို့နောက် ဒီဒီ ဖက်ထားသည့် ပခုံးလေးပေါ်ကနေ တင်းခနဲဆွဲဖက်ကာ အိပ်ရာထက်မှာ ညင်သာစွာလှဲလိုက်သည်။

ခေါင်းအုံးပေါ်မှာမဟုတ်ဘဲ အိပ်ရာကို ကန့်လန့်ဖြတ် ဖြစ်သလိုလှဲပစ်လိုက်တာဖြစ်သည်။ ထိုအခါ ဒီဒီ က သူ့ရင်ဘတ်ပေါ်မှာ မှောက်လျက်လေးပါသွားခဲ့၏။ သူသည် ဒီဒီ့ ဆံပင်တွေကို ဆွဲဖွဆော့ရင်း …

"မင်း ကလေးဆန်နေတာပဲ၊ အထီးကျန်ဖြစ်နေတဲ့သူ အဖော်မင်တာမျိုး …"

"ဟင့်အင်း"

ဒီဒီ ခေါင်းခါသည်။ ကလေးမှမဟုတ်တာ၊ ကလေးဆန်စရာလား။ ချစ်နေပါပြီလို့ ဖွင့်ပြောလိုက်ကာမှ ပယ်ချပစ်တာကို ရှက်လည်းရှက်မိသည်၊ ပြီးတော့ ဝမ်းနည်း၏။

"ဒီဒီ့ ကို ဦး မချစ်နိုင်တာမဟုတ်လား၊ မချစ်နဲ့ပေါ့၊ ဘာဖြစ်လို့ ဒီဒီ ချစ်နေတာကို ကလေးဆန်တယ်လို့ ပြောတာလဲ"

ပြောရင်း ဒီဒီ သူ့ရင်ဘတ်အပေါ်ကနေ ရုန်းထသည်။ သူက အတင်းပြန်ဆွဲထိထား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါပြောတာက ..."

"မပြောနဲ့တော့ မသိဘူး။ ဦးကိုလဲ ဒီဒီ ဘာမှမပြောခဲ့ဖူးလို့ မှတ်လိုက်"

"ဒီဒီ ဘယ်လိုဖြစ်နေတာလဲ"

ထိန်းချုပ်ရခက်လာသဖြင့် တည်မြဲ က တစ်ဖက်ကိုခွဲလှိမ့်ပစ်လိုက်သည်။ ဒီဒီ သူ့ရင်ခွင်အောက် ရောက်သွားသည်။ ဒီတော့မှ မျက်ရည်တွေကို သုတ်ပေးလိုက်ရင်း ...

"ကလေးလို့ပြောတာ မကြိုက်ရင် အဲဒီလို ခဏခဏ မငိုနဲ့"

"ငိုတာကတော့ ဒေါ်လေးဆူလဲ ငိုတာပဲ၊ ဒီ လူလည်ကျသွားတိုင်းလဲ ငိုရတာပဲ၊ ဦး အစကတည်းက လူကြီးဆန်တဲ့မိန်းမကို ရှာပါလား၊ မငိုတတ်တဲ့မိန်းမကို ရွေးပါလား။ ဒီဒီ ကတော့ ချစ်တယ်လို့ပြောရုံပြီး သူ့ကျေး သူများကို မချစ်ဘဲနဲ့"

"ဘာပဲဖြစ်ဖြစ် စကားအရမ်းတတ်တဲ့ မင်းနှုတ်ခမ်းတွေကတော့ ချစ်ဖို့ကောင်းပါတယ်"

"ဦးနော်"

သူ့မျက်နှာ ရှေ့တိုးလာတော့ ဒီဒီ ရှောင်ပစ်လိုက်သည်။ သို့သော် နောက်ထပ် ငြင်းပယ်နိုင်စွမ်းမဲ့လောက်အောင် သူ့အနမ်းတွေက ထူးခြား သောနွေးထွေးနူးညံ့ခြင်းများနှင့် ကျရောက်လာခဲ့၏။ ရင်ခုန်သံတွေရယ် သူ့ရင်ခွင်ရယ်မှလွဲ၍ ကျန်တာအားလုံးက ပန်းနုရောင်လွင်ပြင်ကြီးထဲ မျောလွင့်သွားခဲ့သည်။

ချစ်ပါသည်ဟု မတုံ့ပြန်ခဲ့သော ဒီယောက်ျားကိုမှ သူမ နောက်ထပ် မိုက်မဲစွာ ...။





## အခန်း (၂၄)

"ဟော တည်မြဲ လာ ထိုင်လေ"

"မထိုင်တော့ဘူး ဒေါ်လေး။ ဒီဒီကော"

"ရှိတယ်၊ မင်းလာခေါ်တော့မှာဆိုပြီး ခုနကပဲ ရေချိုးနေတာ"

ဒေါ်ယဉ်ဆင့်က တစ်မျိုးပြောင်းလာသည့်ကားကို ဖျတ်ခနဲငေးကြည့်သည်။ တစ်ခါတလေ တက္ကသိုလ်နဲ့သွားလာနေတာ တွေ့ရတတ်ပြီး တစ်ခါ တစ်ခါကျတော့ ကိုယ်ပိုင်ကားတွေဖြစ်လာကာ အဖြူဖြစ်လိုက်၊ အနက် ဖြစ်လိုက်၊ သူပိုင်တာ မပိုင်တာတော့ မသိပါ။

"ဒီဒီ ညည်းယောက်ျားက ကိုယ်ပိုင်ကားကော ရှိရဲ့လား။ ကြည့်ရတာ သူများကားတွေ ယူယူမောင်းလာသလိုပဲ"

ဟု တည်မြဲနဲ့ အပြင်မှာမြင်တွေ့လိုက်ပြီး စိတ်ထဲမှာ နိုးလိုးခုလုဖြစ် တိုင်း ဖုန်းဆက်မေးခဲ့ဖူးသည်။

"ညည်းယောက်ျား ဒီနေ့ ဦးဝိစာရလမ်းဘက်ကို ချိုးသွားတာ မေ့အနှံ အဖြင့်ဆုံးမာစီးဒီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ် ယဉ်ဆင့်လည်း ဒီလောက်တော့ ကြားဖူးနားဝရှိပါသည်။ ကိုယ်က မြင်လို့ သိလို့ ပြောပြီး မေးလိုက်တာတောင် ဒီဒီ တို့က ဘာမှဂရုတစိုက်မရှိ။

"ဘယ်သိမလဲ ဒေါ်လေးရယ်၊ သူများကားတွေ ဂှားစီးနေတော့လဲ သူ မရှက်လို့စီးတာ စီးပါစေပေါ့၊ ကိုယ်ပိုင်ကား ရှိရှိ မရှိရှိ ဒီဒီ က ယောက်ျား မတော်ချင်လို့လဲရတော့မှာမဟုတ်ဘူး၊ ထားလိုက်ပါ အဲဒါတွေ"တဲ့။

ကိုယ်ကပဲ ဒီယောက်ျား ကားမစီးနိုင်ရင် ညည်း ပြန်ခဲ့တော့လို့ ပြောမိသလိုလို၊ ဒါကြောင့် နောက်ထပ် ဘာမှလည်းမပြောဖြစ်တော့ပါ။ ဘာကားတွေပဲစီးနေနေမြင်ရင် မြင်တယ်လို့ မှတ်၊ ဒါပဲ။

"ဟဲလို ဦးအောင်ဝင်း ပြော"

"......"

"ဦးကာမတ်လား၊ ကျွန်တော်ပြောမယ်လေ၊ ဘယ်အချိန် ချိန်းလိုက်သလဲ"

"......"

"ဟာ ဒီလိုဘယ်ရမလဲ၊ သူ့ ပြင်ချင်တိုင်းပြင်လို့မရဘူး"

"......"

"အဲဒီ လေးဆယ် လက်မခံလိုက်နဲ့နော်၊ ဒီညနေ သုံးနာရီ ကျွန်တော်လာမယ်"

သူ ဖုန်းချလိုက်တော့ ဒီဒီ လည်းထွက်လာနေပြီဖြစ်၏။

"သွားမယ် ဒေါ်လေး၊ ကျွန်တော်တို့ ပြန်တော့မယ်"

"အို... ဒီမှာ ကော်ဖီဖျော်လာခဲ့ပြီ၊ သောက်သွားပါဦး၊ တစ်ခါတလေလာတာကို"

"အချိန်မရတော့လို့၊ သွားရအောင်"

တောင်းပန်သလိုလို၊ ဂရုမစိုက်သလိုလိုပုံစံနှင့် သူ ရှေ့ကနေ ဦးဆောင်





ထွက်တော့ ဒီဒီ ဒေါ်လေးကို အားနာသွားမိသည်။ ဟိုမှာ ကော်ဖီပန်းကန်ကိုင်လျက်နှင့် ...

"ဒေါ်လေး ဟို ဒီဒီ နောက်တစ်ခါကျမှ ..."

"မြန်မြန်တက်ကွာ၊ ဒီမှာ ချိန်းထားတာရှိလို့"

တည်မြဲ က ဒီဒီ လက်ကလေးကို ဆွဲပစ်တင်လိုက်ပြီး သူပဲ ကားတံခါးဖွင့်ရင်း တွန်းတင်လိုက်သည်။ ကားထွက်လာတဲ့အထိ ဒီဒီ နောက်ပြန်လှည့်ကြည့်မိတုန်း။

"ဦးကလဲ အမြဲတမ်းအရေးကြီးနေတာပဲ"

ဟု နှုတ်ခမ်းလေးစူလိုက်ရင်း ပြောမိသည်။ တည်မြဲ ကကားမောင်းရင်း လှည့်ကြည့်၏။

"ဒီထက်ကိုပိုသေးတယ်၊ မင်း မသိဘူးလား၊ မိန်းမယူထားလို့ မိန်းမအတွက် အချိန်တွေ မနည်းဖဲ့ထုတ်နေရတာ၊ တစ်ယောက်တည်း ဒီမှာ အသက်ရှူဖို့တောင်မေ့ထားချင်တယ်"

ဒီဒီ မျက်ခုံးလေးနှစ်ဖက်ပင့်သွားကာ သူ့မျက်နှာကို လှည့်ကြည့်မိသည်။ ရုပ်အင်္ကျီလက်တို အပြာရောင်ႏှင့် ဘောင်းဘီနက်ပြာဝတ်ထားသည့် သူ့ပုံစံက အလုပ်ရှုပ်နေနေ၊ ထိုင်နေနေ ဒီပုံစံပါပဲ။

မျက်မှောင် အချိန်မရွေး ကုတ်ချထားကာ နှုတ်ခမ်းအစုံက ဘယ်အချိန်ကြည့်ကြည့် တင်းတင်းစေ့နေသည်။

ထူသည့်ဆံပင်တွေကလည်း မတိုမရှည်ပေမယ့် တော်တော်ရှည်နေသလိုမျိုး အမြဲတမ်း ခပ်ပွပွ။

ဒီဒီ သူ့ကို ဖျတ်ခနဲကြည့်လိုက်မိသော ပထမဆုံးမြင်လွှာမှာကတည်းက စွဲထင်သွားသည့် နှစ်သက်ခြင်းဟာ သူချောလို့မဟုတ်ပေ၊ သူ့မျက်နှာမှာ ရဲရင့်ပြတ်သားခြင်းတွေရှိနေသည်။ လျော့ရဲရဲ ပြုံတုံတုံ ညို့ငင်ဖွဲ့ဆောင်တတ်သည့် အကြည့်မျိုးလည်း မျက်ဝန်းတွေထဲမှာ မရှိ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလူရဲ့ဘေးမှာ ရှိနေခွင့်ရလျှင် အားလုံး ပြည့်စုံလုံခြုံနိုင်သည်ဟု ယုံကြည်စိတ်တို့ အလိုအလျောက်ဖြစ်လောက်အောင် သူ့ရဲ့သဏ္ဍာန်က ထူးခြားနေ၍ဖြစ်၏။

ဒီဒီ သူ့ကိုငေးနေဆဲမှာ ဖုန်းဝင်လာပြန်သည်။ သူက ထုတ်ကြည့်ပြီးမှ ကိုင်၏။

"ဦးအောင်ဝင်း ဘာလဲ"

"......"

"ခင်ဗျား တော်တော်ထူပါလား ဦးအောင်ဝင်း၊ မိန်းမလို မိန်းမရ နဲ့ မဲ့နေနဲ့၊ တောက်..."

ဖုန်းကို နှစ်ယောက်ကြားမှာပစ်ချကာ သူ ကားကို ဝေါခနဲပြန်ဝိုက်၏။ ဘယ်သွားမှာလဲဟု ဒီဒီ မမေးရဲတော့ပါ။ ကားက စောစောကထက် ပို ကြမ်း၏။

ကားမောင်းနေတာနှင့်မတူဘဲ စိတ်မရှည်စွာ ခုန်ပျံကျော်လွှားနေသလို ကားတွေကြားထဲမှာ ဝေ့ဝိုက်ဖြတ်တက်ပစ်၏။ သိပ်မကြာခင်မှာ အဝေးပြေးဝင်းကြီးထဲသို့ ကားလေး ကွေ့ဝင်လာခဲ့၏။

ကားဂိတ်အသီးသီးကို ပတ်ကွေ့ဖြတ်သန်းလာခဲ့ပြီး ကိုဒေါင်တွေပိတ်လျက်တန်းစီနေသော ထိပ်ဆုံးအဆောက်အအုံရှေ့မှာ သိမ့်ခနဲ ထိုးရပ်သွားသည်။

ထိုရှေ့မှာ အနီရောင်ဆလွန်းကားလေးတစ်စီးနှင့်တုသားအမျိုးသားကြီးနှစ်ယောက်က တစ်ခြမ်းဖွင့်ထားသည့်ဂိုဒေါင်ရှေ့မှာ ရပ်နေကြသည်။

ရုပ်အကျီအဖြူလက်ရှည်၊ ခုန်းခွဲရောင်ပုဆိုးနှင့် အရပ်မပုပု၊ အသက်လေးဆယ်လောက်လူကြီးတစ်ယောက်က သူ ကားပေါ်ကဆင်းလိုက်မှ အထဲကနေထွက်လာသည်။

ဘာတွေဖြစ်နေကြမှန်းမသိသောကြောင့် ဒီဒီ က ကားထဲမှာ နေခဲ့ရ





မလား၊ ဆင်းလိုက်သွားရမလား ဘာလုပ်ရမှန်းလည်းမသိ၊ သို့သော် မဆိုင်သလိုကြီးထိုင်နေခဲ့တာကျတော့လည်း မကောင်းဘူးဟု တွေးမိကာ ကားပေါ်က ဆင်းလိုက်သည်။

ရှေ့နည်းနည်းတိုးလိုက်တာနှင့် အသံတွေကို အတိုင်းသားကြားလိုက်ရ၏။

"ဒီဝင်းတစ်ခုလုံးကို ကျွန်တော် သုံးနှစ်ချုပ်ထားတယ်၊ အခု တစ်နှစ်တောင်မပြည့်သေးဘူး၊ အဲဒီတော့ ဘယ်အခန်း၊ ဘယ်နေရာဖြစ်ဖြစ် ကျွန်တော် ခွင့်မပြုဘဲ ခင်ဗျားတို့ ဘာမှလုပ်ခွင့်မရှိဘူး"

"ခက်တော့တာပဲ တည်မြဲရာ၊ ငါတို့ အမြဲလုပ်ခဲ့တဲ့အလုပ်တွေပါကွာ၊ မင်းက မနေ့တစ်နေ့ကမှ နယ်ကဖြတ်ဝင်လာတဲ့သူ၊ ဘာပဲဖြစ်ဖြစ် အရင်လူနဲ့ နောက်လူဟာ မင်းပြောသလောက်ကြီး ပြတ်တောက်ကင်းဝေးသွားလို့မရပါဘူး"

"ရတယ်၊ ကျွန်တော်ကတော့ ရတယ်။ ဘုရားတောင် အမှီရှိမပွင့်တာဆိုတဲ့စကားကို ကျွန်တော် လက်ခံပေမယ့် ဒါ ဘုရားပွင့်ဖို့ကိစ္စ မဟုတ်ဘူး၊ ကျွန်တော့်အတွက် အမှီလဲမလိုဘူး။ လုပ်ဖူးသည်ဖြစ်စေ၊ မလုပ်ဖူးသည်ဖြစ်စေ ကျွမ်းကျင်လို့၊ မကျွမ်းကျင်လို့ ရင်းနှီးသမျှအားလုံး မြောင်းထဲရောက်ကုန်လဲ သုံးနှစ်စာ ဆုံးရှုံးသွားတာကို သုံးလနဲ့ ကျွန်တော် ပြန်ရအောင်ရှာနိုင်တယ်"

"ဒီလိုပဲကွ၊ လုပ်တိုင်းဖြစ်နေတဲ့သူတွေ ပြောကြတာပဲ"

ကုလားကြီးက ပခုံးတွန့်သွားအောင် မဲ့ရယ်ပြီး ပြန်ရိုသည်၊ တည်မြဲက ခပ်နွဲ့နွဲ့ ခါးထောက်လျက် ထိုလူကြီးကိုပဲကြည့်ကာ ...

"ဦးကာမတ် ကိုယ်လုပ်နိုင်တာကို လုပ်နိုင်တယ်လို့ ပြောရဲတဲ့သူကို ကြွားဝါနေတာလို့ မဲ့ရွဲ့ ကဲ့ရဲ့ကြတာ ဘယ်သူတွေလဲ"

ဦးကာမတ်က မဲ့ပြုံးကိုမသိမ်းဘဲ ပြန်လှည့်ကြည့်၏။ တည်မြဲ က



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြုံးပြုံးနှင့် ...

"အဲဒီလိုမလုပ်နိုင်တဲ့ အစွမ်းအစမဲ့တဲ့သူတွေပါ၊ အပိုတွေပြောမနေပါနဲ့၊ ကျွန်တော်လဲ ဝါသနာမပါဘူး"

ပြောနေရင်းမှ ဦးအောင်ဝင်းဘက်ကို လှမ်းကြည့်လိုက်ပြီး ...

"ဦးအောင်ဝင်း သူ့ငွေ ဒီမှာစွန့်ထားတာရှိသလား"

"မရှိပါဘူး၊ သူ့ငွေးက ဒီဘက်ရိုးကို ဆက်မငှားဘူးလို့ ကျုပ်လဲ ပြောနေတာပါ၊ သူတို့က ဖွတ်ပြောနေလို့ ..."

ဦးအောင်ဝင်း စကားမဆုံးခင် တည်မြဲ က ဦးကာမတ်တို့ကို မျက်နှာလွှဲရမ်လိုက်၏။ ကိုဒေါင်တွေဘက်ကို လှည့်လိုက်ပြီးမှ ...

"သူတို့ပစ္စည်းတွေအားလုံး သယ်ထုတ်ပြီးအောင် ခင်ဗျား စောင့်နေလိုက်"

"ဟုတ်ပါပြီ"

"ပြီးရင် တံခါးအားလုံး သော့ခတ်ထားလိုက်တော့"

"စိတ်ချပါ"

သူ ဒီဘက်ပြန်လှည့်လာကာ ဒီဒီနားရောက်တော့ လက်ဖျားလေးကို ဆုပ်ကိုင်လိုက်သည်။ ကားဆီရောက်လာတော့ သူပဲ တံခါးဖွင့်ပေးပြီး ဒီဒီ ဝင်ထိုင်ပြီးမှ ဟိုဘက်ကို ပတ်လျှောက်သွား၏။ အဝေးပြေးကားဝင်းထဲက ထွက်လာတဲ့အထိ လူရော၊ ကားရော ဒေါသမကင်းသေးဘူးထင်သည်။

မျက်နှာတင်းတင်းနှင့် ကားက အရှိန်မမှန်။

ဒီအနေအထားမှာ စကားသွားမှားလို့ မဖြစ်သောကြောင့် အလွန်အမင်း သိချင်နေတာကို အိမ်ပြန်ရောက်မှပဲ မေးရတော့သည်။

"ဦး ဟိုတစ်ခါ ဖုန်းတွေဆက်နေတုန်းကကျတော့ ရေကြောင်းပြတွေကော၊ သောင်တင်မှာတွေကော၊ ပြီးတော့ မြခြောက် မြရှစ် ရှိတဲ့ ကားတွေလဲ ပါကာ အခု ဒီအလုပ်က ဘာလဲ ဦး၊ ဦးက ဘာအလုပ်တွေလုပ်နေတာ





လဲဟင်၊ ဒီဒီ အများကြီးကြားနေရလို့ မေးတာပါ"

"သံပရာရည် သွားဖျော်ခဲ့ကွာ"

ဒီဒီမေးတာကို မဖြေဘဲ သူက ပြန်ခိုင်းနေပြန်သည်။ သံပရာရည်ဖျော်ပြီး သူ့ရှေ့မှာထိုင်လိုက်တော့လည်း တော်ကီကပြေးလာကာ သူမ ခြေထောက်နားမှာ ခေါင်းတစ်ချက်ငုံ့ပြီး မော့ကြည့်သဖြင့် ...

"တော်ကီ ဘာလဲ"

ဟု ငုံ့မေးလိုက်မိသည်။ တော်ကီက ချက်ချင်း နောက်ပြန်လှည့်ပြေးသဖြင့် ထလိုက်လာခဲ့ရသည်။

အပြင်မှာ ဟိုဘက်ခြံစပ်ကို တော်ကီက လည်ပင်းရှည်ကြည့်၏။ ဒီဒီ ကြည့်လိုက်တော့ ဟိုဘက်ခြံက ခွေးဖြူစုတ်ဖွားဖွားလေးက ဒီဘက်ခြံထဲ အစပ်ထိ ကူးလာနေတာဖြစ်သည်။

"ဪ ..."

ဒီဒီ သဘောကျသွားသဖြင့် ခါးလေးထောက်ရယ်သည်။ ဒီခွေးမလေးနဲ့ သွားမချစ်ရဘူးလို့ သေချာမှာထားသဖြင့် တော်ကီက လိမ္မာပြနေတာပါ။

"ဟွန်း.. ဖိုးတော်ကီ ကောင်လည်လေး ကိုယ့်ခြံထဲကို ကျူးကျော်ဝင်လာရင် ဒီတိုင်းကြည့်နေလို့ရသလား၊ နှင် နှင်လွှတ်ရမှာလေ"

တော်ကီက နေရာမှ တုတ်တုတ်မျှမလှုပ်ပေ။ ဒါကိုလည်း ဒီဒီ က ရယ်သည်။ စကားမပြောတတ်ပေမယ့် တော်ကီ ဘာဖြစ်နေမှန်းသိနေတာက ထူးဆန်းစွာပဲဖြစ်သည်။

ဒီဒီ တော်ကီ့ဘေးမှာ ထိုင်ချလိုက်ကာ ...

"ကဲ ကောင်မလေးနဲ့ အရမ်းကိုနှုတ်ဆက်ချင်နေတာမဟုတ်လား၊ သွား ဟိုဘက်ခြံထဲထိတော့ ကျူးကျော်မသွားရဘူးနော်"

သခင့်စကားကို တော်ကီကလည်း တော်တော်နားလည်နေပုံဖြစ်၏။ ငြိမ်သက်နေခြင်းက ချက်ချင်း လှုပ်လှုပ်ရွရွထဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ပြောတာကို သေချာနားမှတ်သွား၊ သူများစည်းထဲကိုဝင်မိပြီဆိုရင် ကိုယ်ပဲလွန်မှာနော်၊ နင့်ကြောင့် ငါ မျက်နှာငယ်ရပြီဆိုရင်တော့ သေပြီသာမှတ်၊ သွား"

တင်ပါးလေးရိုက်ပေးလိုက်တော့ တော်ကီ ပြေးထွက်သွား၏။ ဒီဒီ နေရာမှထရပ်လိုက်လျှင် သူ့မဘေးမှာ အရိပ်တစ်ခု။

"ဦး"

တည်မြဲ က လက်တစ်လုံးလောက်ပဲကျန်နေသည့် သံပရာရည်ဖန်ခွက်ကို ကိုင်လျက် နှုတ်ခမ်းသားများမှာ ပြုံးယောင်သမ်းနေသည်။ ဒီဒီ ကို မျက်ခုံးနှစ်ဖက်တွန့်လျက်နှင့် ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"တော်တော်တူတယ်"

"ဟင်.. ဘာနဲ့တူတာလဲ"

"ခွေးအမေနဲ့"

"ဟာ ဦးကလဲ..."

ဒီဒီ က နဖူးထက်မှာဝဲကျနေသည့်ဆံပင်လေးတွေကို ခါထုတ်ပစ်လိုက်ပြီး ရယ်သည်။ ပြီးတော့ တည်မြဲ ကိုင်ထားသည့်ဖန်ခွက်ကို ပြောင်းယူလိုက်ပြီး တစ်ဖက်ကနေ တည်မြဲ ၏ခါးကို ဖက်ထားလိုက်သည်။

"ဦး စိတ်ကြည်သွားပြီလား"

"ကြည်ပေမယ့် ဖျစ်ညှစ်ဆွဲယမ်းပစ်ချင်နေတယ်"

"လာပြန်ပြီ၊ ဒီဒီ ကိုလား"

"ဟုတ်တယ်"

"ဒီဒီ ဘာလုပ်မိလို့လဲ"

"အသည်းယားလို့"

ပြောပြီး တည်မြဲ က ဒီဒီခေါင်းလေးကို ကလေးခေါင်းပွတ်သလို လက်ဝါးနဲ့ဖိအုပ်၍ ဆွဲခါပစ်လိုက်သည်။





"မင်းကိုယ်မင်း ဆယ့်သုံးနှစ်သမီးလေးမှတ်နေသလား၊ နေပုံထိုင်ပုံက"

ဒီဒီ က နူးညံ့ရှင်သန်နေသည့် သူ့မျက်နှာကိုမော့ငေးရင်း မေးတာကို စိတ်မဝင်စားပါ။

"ဦး"

"ဘာလဲ"

"ဦးက ဘာစီးပွားရေးလုပ်တာလဲဟင်"

"ခင်ဗျား ဝရမ်းပြေးမယားဖြစ်မှာစိုးလို့လား"

ဒီဒီ က ဖက်ထားသည့် သူ့မလက်ကိုတော့ မလွှတ်ဘဲ ခေါင်းပေါ်မှာ တင်ထားသည့် တည်မြဲ လက်ကို ဖယ်ချလိုက်သည်။ ပြီးတော့ ခေါင်းလဲခါ၍ ...

"မစိုးပါဘူး၊ ဝရမ်းပြေးမယားပဲဖြစ်ဖြစ်၊ ဓားပြမိန်းမဖြစ်ဖြစ် ဦး သွားလေရာ ဒီဒီ လိုက်ရရင် ပြီးတာပဲ"

တည်မြဲ က ဒီဒီ မျက်နှာလေးကို ငုံ့ကြည့်သည်။ ပြီးတော့ ခါးမှာဖက်ထားသည့် လက်ဖဝါးလေးကို ထပ်အုပ်ကိုင်လိုက်ကာ ...

"ရေကြောင်း၊ ကုန်းကြောင်း အားလုံး လုပ်တယ်၊ အဝေးပြေးဝင်းကို ကန်ထရိုက်ယူလိုက်တာကတော့ မကြာသေးပါဘူး"

"ဟင်..."

ဒီဒီ တအံ့တသြဖြစ်သွား၏။ တည်မြဲ ၏မျက်နှာကိုလည်း ပို၍စူးစိုက်ကြည့်မိကာ ...

"ရေကြောင်း၊ ကုန်းကြောင်း ဆိုတာက ဘာတွေလဲဟင်"

"မော်တော်တွေပါ၊ ကိုယ့်ကုန်ပစ္စည်းကို ကိုယ့်မော်တော်နဲ့သယ်တာလေ"

"မော်တော်တွေဆိုတော့ ဘယ်နှစ်စီးတောင်လဲ၊ ဟို မြစ်ကြောက်တို့



www.burmeseclassic.com

www.burmeseclassic.com



မြို့ရှစ်တို့ဆိုတာ အဲဒီမော်တော်တွေလား"

"အင်း... အားလုံး ဆယ်စီးရှိတယ်"

သေချာမသိပေမယ့် ဒီဒီ အုံသြမှုက ပိုကဲလာတာဘော့ သေချာ၏။

"ဦး မော်တော်ဆိုတာ စက်လှေလားဟင်"

ဒါလေးတောင်မသိဘူးလားဆိုသည့် အကြည့် ဖျတ်ခနဲရောက်လာသည်။ စိတ်မရှည်တာမျိုးမဟုတ်ပါ၊ မသိနားမလည်သော ကလေးတစ်ယောက်ကို ချစ်စနိုးကြည့်တာမျိုးဖြစ်၏။

"စက်လှေထက် အများကြီးကြီးတာပေါ့ကွ၊ သင်္ဘောလို နှစ်ထပ်မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီလောက်နီးပါးကြီးတယ်၊ သင်္ဘောရော မြင်ဖူးလား"

သူ ရွှံ့မေးတာကို ဒီဒီ က ဝမ်းသာအားရခေါင်းညိတ်၏။

"တတ်ပုံတွေ၊ စာအုပ်တွေထဲမှာ မြင်ဖူးတာပေါ့၊ တကယ်ပါ ခုချိန်ထိ ဒီဒီ မြစ်ကမ်းနားတောင် တစ်ခါမှ မသွားဖူးဘူး၊ ဒီ က သူငယ်ချင်းတွေနဲ့ ခဏခဏသွားတယ်၊ ဒီဒီ က သူ့လို သူငယ်ချင်းလဲ အများကြီးမရှိဘူး။ ရှိတဲ့သူငယ်ချင်းကလဲ နည်းနည်းဆင်းရဲလို့ ဘယ်မှမသွားနိုင်ဘူး။ ကိုယ်နဲ့ မခင်တဲ့အုပ်စုတွေနဲ့လဲ မသွားချင်တော့ မလိုက်ဖြစ်ဖူးပေါ့"

ပြောနေရင်း တစ်စုံတစ်ခုကို သတိရသွားဟန်နှင့် တည်မြဲ ရှေ့ကနေ ပိတ်ရပ်လိုက်ပြီး ရင်ဘတ်ပေါ်မှာ လက်ဖဝါးနှစ်ဖက် တင်ထားကာ ...

"ဦးကတော့ အဲဒီမော်တော်တွေနဲ့ မြစ်ရေတွေပေါ်မှာ ခဏခဏ စီးဖူးတာပေါ့ ဟုတ်လား"

"စီးတဲ့အခါလဲ စီးတာပေါ့၊ ဒါပေမယ့် ရေထဲမှာ သွားလာရတာ လောက် ပျင်းရိငြီးငွေ့ဖို့ကောင်းတာမရှိဘူး၊ အဲဒါကြောင့် လိုအပ်ရင် ကမ်းတပ်နေတုန်း သွားလိုက်တယ် ဖုန်းနဲ့ပဲခိုင်းတဲ့အခါ ခိုင်းတာပေါ့"

"ဒါဆို ကားတွေ ဆိုတာကရော"





"အဝေးပြေးနဲ့ ကုန်တင်ကားတွေရှိတယ်၊ ဘယ်နှစ်စီးဆိုတာရော ပြောရဦးမလား"

ဒီဒီ သူ့မျက်နှာထက်က ရယ်မြူးရိပ်တွေဖြစ်နေတာကို ဆုပ်ဖမ်းထားချင်သည်။ နူးညံ့ချိုသာသောစကားတွေဆိုရင်း ရှင်းပြပေးနေတာကို ကျေနပ်မိသည်။ ပြီးတော့ သူ ဘယ်လိုလူဆိုတာ ဖေဖေတို့တောင် သေချာသိကြတာမဟုတ်ပေ။

တည်မြဲ ဆိုတဲ့လူ ဒီလောက်ထိချမ်းသာနေတာကို သိလိုက်ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်သွားတာမျိုးမဟုတ်ဘူးဆိုတာ ဒီဒီ ကိုယ့်ကိုယ်ကို သေချာနေသည်။ အားလုံးကို ဂရုမစိုက်ဗွာ ပါးစပ်ပိတ်နေခဲ့ပြီးမှ ကိုယ့်ကို ပြောပြနေသည့်အဖြစ်ကြောင့် ရင်တစ်ခုလုံးမှာ နှင်းရည်သကြားခဲလေး မျိုချလိုက်ရသလိုဖြစ်နေ၏။

ဝမ်းသာလျှင် ဟန်မဆောင်တတ်သည့် ဒီဒီ မျက်နှာလေးက သွားတန်းကလေးတွေပေါ်သည်အထိ အသံတိတ်ရယ်နေခဲ့လျက် ...

"ချမ်းသာတယ်ဆိုတာက လူတိုင်း ဂုဏ်ယူပြောချင်ကြတာပဲ၊ ဦး က ဘာဖြစ်လို့ ဒါတွေကို လူသိမခံခဲ့တာလဲဟင်"

ရင်ထဲရှိတာကို ချက်ချင်းပဲဖွင့်မေးလိုက်မိ၏။ သူက အိမ်ဘက်ကို ပြန်လှည့်သွားပြီးမှ အိမ်ပေါ်မတက်ဘဲ ခေါင်းရင်းဘက်ကိုကွေ့လျှောက်သွားကာ ...

"များများမှည့်လေ ယင်အုံလေပဲ၊ ငါက ယင်အုံစာကို မကြိုက်လို့"

"ဘယ်လို ..."

"မှည့်တော့ မွှေးတယ်၊ ဒီအနံ့ကြောင့် အချိုကြိုက်တဲ့ယင်တွေ လာတာပေါ့၊ အဟွန်း... ငါ ဘာကောင်မှမဟုတ်ဘူးဆိုတဲ့အသိနဲ့ပဲ သူ့သမီးနဲ့ နေရာချပေးချင်လို့ မင်းအဖေ ပြောလာတာ၊ အဲဒါကြောင့်လဲ ငါက လက်ခံခဲ့တယ်၊ ဒီအဖြစ်အပျက်ဟာ သူနဲ့ငါကြား အလွန်ရိုးပြီး ထူးဆန်းခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တည်မြဲ က ခြေလှမ်းရပ်ပစ်လိုက်ပြီး လက်ပိုက်ရပ်လိုက်၏။

ခြံက သိပ်မကျယ်ပါ။ ထို့ပြင် ခြေရင်း ခေါင်းရင်း နှစ်ဖက်က အိမ်ရှေ့ အိမ်နောက်ထက် ပိုကျယ်သည်။ ဒီကြားထဲမှာ စည်းရိုးပင်တန်းများနှင့် ရွက်လှပန်းအိုးကြီးတွေ စီတန်းချထားသောကြောင့် သန့်ရှင်းလှပနေပေမယ့် နှစ်ယောက်အတူသွားသာရုံပဲရှိ၏။

သူ ရပ်လိုက်တော့ ဒီဒီ က သူ့လက်မောင်းတစ်ဖက်ကို ဖက်ထားရင်း ဆက်ပြောမှာကို နားထောင်နေလိုက်၏။

“ငါ့ကို သူ တကယ်ယုံယုံကြည်ကြည်ခင်မင်ခဲ့တာကို ငါ ပြန်ပြီးယုံတယ်၊ ပြီးတော့ ဒီဘက်မှာ ငါ့ညီ မဆုံးခင်က ရှုပ်ထွေးသွားခဲ့တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကလဲ ရှင်းရခက်နေလို့ မင်းအဖေပြောတဲ့ မင်္ဂလာကိစ္စကို ငါ လက်ခံခဲ့တယ်”

“ဦးမှာ ညီ ရှိသေးတယ်ပေါ့”

“ငါ့ထက် ကိုးနှစ်ငယ်တယ်၊ သူ ဆယ့်ကိုးနှစ်မှာ ရေနစ်ပြီးဆုံးသွားတာ”

“သနားပါတယ်”

“တကယ်တော့ တည်မြဲ က ကားလုပ်ငန်း၊ နေမြဲ က ရေကြောင်းပေါ့။ မော်တော်တွေရော ကားတွေမှာရော မြဲတစ်၊ မြဲနှစ် အဲဒီလိုပဲ နံပါတ်စဉ်နဲ့ ထားခဲ့တာ။ ညီအစ်ကိုနှစ်ယောက်အတွက် အဖေက ထူထောင်ပေးခဲ့တာလေ၊ နယ်မှာနေပေမယ့် ကိုယ့်နယ်၊ ကိုယ့်ဒေသလေးမှာပဲ မျက်စိကျဉ်းနားကျဉ်းဖြစ်မှာစိုးလို့ဆိုပြီး ခြေဆန့်လက်ဆန့်ဖြစ်အောင် ဒီလုပ်ငန်းတွေ ထူထောင်တာ”

သားငယ်ကတော့ ပညာမစုံသေးတာကော၊ စိတ်ဝင်စားပုံမရှိသေးတာကော အားလုံးကို ဖခင်ဖြစ်သူက နားလည်နေသဖြင့် ဘာလုပ်လုပ် ဘာမှာမှာ အကြီးကောင် လိုက်ခဲ့စမ်း၊ လိုက်သွားစမ်း စသဖြင့် တည်မြဲ





ကိုပဲ တွဲခေါ်သည်။

ဦးဆောင်နိုင်းရင် တစ်ချိန်မှာ ညီလေးကိုလည်း လက်တွဲခေါ်ဖို့ တဖွဖွ မှာ၏။ ထို့ကြောင့် ကားလုပ်ငန်းကော ရေကြောင်းမှာရော တည်မြဲ မသိတာ မရှိ၊ မပါလို့ မရ။

အဖေ ဆုံးတော့ တည်မြဲ နှစ်ဆယ့်နှစ်နှစ်ပဲရှိသေးသည်။ အစကတည်းက မိခင်မဲ့ခဲ့တာမို့ ဖခင်ပါ ဆုံးသွားတော့ ဦးမဆောင်နိုင်သေးပေမယ့်လည်း ဦးဆောင်ခဲ့ရသည်။

“ဦးတို့မှာ ဒီဒီ တို့လို ဦးလေးတို့၊ အဒေါ်တို့ အုပ်ထိန်းမယ့်သူ မရှိဘူးလားဟင်”

ဒီဒီ ဝင်မေးလိုက်တော့ သူက ခေါင်းခါသည်။ လက်ပိုက်ဖြေလိုက်ပြီး ဆားမှာရှိသည့် ခရမ်းပြာရောင်ရွက်လှအုပ်ဖားကို လက်တစ်ဖက်နှင့် မထိတထိ လွှဲရိုက်သည်။

လက်ပြန်ရိုက်ချက်ကြောင့် ဒီဘက်တစ်ခြမ်းလုံးက ရွက်ဖားလေးတွေ ဖျောခနဲ နွံ့ခါသွားကြ၏။

“ဂိုတော့ ဘာလုပ်ရမှာလဲ၊ ငါက ကိုယ်ကလွဲတဲ့ တခြားတစ်ယောက်ကို မယုံဘူး၊ အဲ... အဲဒီလိုမဟုတ်ဘူးထင်တယ်၊ အထင်မကြီးတာ။ မိဘနှစ်ပါးဆိုတာက သားသမီးတိုင်းရဲ့ အရိပ်လေ၊ ပြီးတော့ ရှင်သန်လာခွင့်ရခဲ့တဲ့ဘဝကို မိဘက ပေးလို့ရကြတာ၊ မိဘကလွဲပြီး တခြားအရိပ်ကို မလိုချင်ဘူး”

သူ ထပ်ရှင်းမှ ဒီဒီ ပို၍နားမလည်ဖြစ်သွားသည်။ ဒါပေမယ့် အစကတည်းက ထူးခြားတဲ့ သူ့ပုံစံ အယူအဆကို သတိထားမိခဲ့တာပါ။ ဒါတွေ ဒီလိုရှိခဲ့လို့ပဲ ဖြစ်မည်။

“ငါက သိသိဝိတာကိုကြိုက်တယ်၊ သူများရဲ့ မျက်လုံးတွေကို ဖတ်နိုင်အောင်ကြိုးစားပေမယ့် ကိုယ့်မျက်လုံးကို လျှို့ဝှက်ထားနိုင်မှ အရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းလိုထင်တာမျိုးပေါ့၊ အထူးတလည် လျှို့ဝှက်ကောင်းကျစ်နေတာမျိုးမဟုတ်ပေမယ့် ကိုယ် ခြေလှမ်းမပြင်ရသေးဘဲ သူများ ကြိုသိနေရင် ဘာလုပ်တော့မလဲ"

"ဒါပေမယ့် ဖေဖေ ပြောဖူးတယ်၊ တစ်ဦးတစ်ယောက်ခေါင်းနဲ့ မပြီးနိုင်တဲ့အလုပ်တွေ အများကြီးရှိတယ်တဲ့"

ဒီဒီ ကို စေ့စေ့ကြည့်ပြီး သူက သွားတွေပေါ်အောင် ပြုံးလိုက်၏။ အမြဲတမ်း ရင့်ရော်သလိုဖြစ်နေခဲ့သည့်မျက်နှာက နုသစ်ရွှန်းမွေ့သွားသည်။

"မှုလတန်းဖတ်စာထဲက သင်ခန်းစာတွေလား"

"အဲဒါ မှားလို့လားဟင်"

"မမှားပါဘူး။ ဒါပေမယ့် အများကြီးပါမှရမယ့်အလုပ်မျိုးကို မလုပ်ဘူး ကိုယ်သိ၊ ကိုယ်တတ်တာကိုပဲ လုပ်မယ်၊ မဖြစ်နိုင်ဘူးလား"

ဒီဒီ တစ်လုံးမှ ပြန်မဖြေနိုင်၊ သူပဲ ဆက်ပြောသွား၏။

"ဥပမာ ဖက်စပ်လုပ်ငန်းတွေ၊ ကုမ္ပဏီထူထောင်တာတွေ ..."

"အင်း ဒီဒီ နားလည်ပြီ"

ခေါင်းညိတ်လိုက်မှ သူ ကျေနပ်သွား၏။ ဘောင်းဘီအိတ်နှစ်ဖက်ထဲမှာ လက်တွေထည့်လိုက်ပြီး ဒီဒီ ကိုငုံ့ကြည့်ကာ ...

"ကိုယ်ပိုင်တဲ့ ကားတွေ၊ ယာဉ်တွေမှာ၊ ပြီးတော့ နယ်ကကုန်လှောင်ရုံတွေမှာ လုပ်ပေါင်းမြောက်မြားစွာ ရှိတယ်၊ သူတို့ပါမှ ဖြစ်မှာလေ၊ ဒါပေမယ့် ငါက တိုင်ပင်တာမဟုတ်ဘူး၊ ခိုင်းထားတာ"

"သိပြီ"

"ဒါဆိုရင် ငါပြောချင်နေတာကို ပြန်ဆက်မယ်"

"ပြောလေ"

"မင်းရဲ့အဖေနဲ့ ဒီဆောင်း"





ဒီဒီ မျက်နှာလေး ပျက်သွားရှာသည်။ ပြောတာ မကြိုက်လို့မဟုတ်ပါ၊ ဒီစကားတွေ စလိုက်တာနှင့် သူ့မျက်နှာထက်က နူးညံ့ရယ်မြူးရိပ်တွေ ပျောက်ကွယ်သွားမှာကိုစိုး၍ ဖြစ်သည်။ သို့သော် တည်ငြိမ် ၏မျက်လုံးတွေက သူမမျက်နှာလေးကိုပဲ ငေးငေးစိုက်စိုက်ကြည့်လျက် ...

"မင်းအဖေကို ဖခင်တစ်ယောက်ရဲ့မေတ္တာနဲ့ ငါ နားလည်ပေးဖို့ ကြိုးစားကြည့်တယ်၊ ဒါပေမယ့် မရခဲ့ဘူး။ ဒီဆောင်း နဲ့သာ တကယ်လို့ လက်ထပ်ဖြစ်သွားခဲ့ရင် မင်းအဖေရယ်၊ ငါရယ်၊ မင်းအစ်မရယ် သုံးယောက်စလုံး ကံကောင်းကြမှာမဟုတ်ဘူး၊ သူက သူ့သမီးအတွက် အုပ်ထိန်းနိုင်မယ့်သူလို့ ယူဆခဲ့ပေမယ့် ငါက တန်ရာတန်ကြေးအတိုင်း ပြန်ပေးဖို့ လက်နက်ပြင်ပြီးသားလေ"

ဒီဒီ မျက်နှာလေးငုံ့သွားသည်။

"လက်ထပ်ပြီးတာနဲ့ ထားပစ်ခဲ့ဖို့ ဆုံးဖြတ်ပြီးသား။ လူယုတ်မာဖြစ်ဖို့ အတွက် ငါ ရဲရဲဝံ့ဝံ့ပြင်ဆင်ထားခဲ့တယ်၊ မင်းအဖေကို ငါက သိပ်ပြီးရင်းနှီးခဲ့တော့ နာကျင်သွားတဲ့စိတ်ကို ဘယ်လိုဖြေဆေးထိုးလို့မှ မပြေဘူး"

"ဦးက ရန်ကုန်ကိုရောက်လာကတည်းက ဒီ ကို ..."

"ဟုတ်တယ်"

ဒီဒီ ဆုံးအောင်မမေးလိုက်ရဘဲ သူက 'ဟုတ်တယ်'ဆိုတာကို ပြတ်ပြတ်တောက်တောက်ပြောပစ်လိုက်သည်။

"ဒါပေမယ့် မင်းအစ်မ ကံကောင်းသွားပါတယ်၊ သူ့လမ်းကြောင်းနဲ့ သူ လွတ်ထွက်သွားတယ်"

"ဦး ဒီဒီ ကိုလက်ထပ်ခဲ့တဲ့အထိ အဲဒီအမုန်းတွေနဲ့လားဟင်"

မော့ကြည့်ရင်းမေးတော့ သူက မဖြေပါ။

"အဲဒါကြောင့် ဒီဒီ ကို ..."

"ဆက်ပြော၊ မင်းကို ငါ ဘယ်လိုနှိပ်စက်ခဲ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်ပါ။ မညာမတာပြောပစ်ခဲ့တာတွေရှိပေမယ့် မိုက်ရိုင်းခဲ့တာတော့ မရှိပေ။ ဂရုမစိုက်စွာနေခဲ့သော်လည်း ဥပေက္ခာ ဆိုတာမျိုးလည်း မဟုတ်။

ဒါပေမယ့် ဒီဒီ ကို သူ ထားခဲ့မှာလား၊ ခေါ်သွားမှာလား၊ ဒါကတော့ မသေချာသောမနက်ဖြန်ထဲမှာပဲရှိလိမ့်မည်။ ကိုယ့်အဖြစ်ကိုတွေးမိပြီး ဒီဒီ မျက်ဝန်းမှာ မျက်ရည်ကြည်တွေ အိခနဲဝေ့တက်လာ၏။ ကမ္ဘာကယာ မျက်လွှာချပစ်လိုက်သော်လည်း သူ မြင်မှာပါ။

"ပြောလေ ဒီဒီ"

"ဟင့်အင်း"

ထပ်မေးတော့ မျက်ရည်က ပေါက်ခနဲကြွေပါပြီ။ သူ ဒီဒီ ပခုံးလေးနှစ်ဖက်ကို သူ့ဘက်ပါသွားအောင်ဆွဲယူလိုက်၏။ ပြီးတော့ ငိုနေသည့် မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်နေလျက် ...

"မုန်းတယ်လို့ ငါ ပြောမိသလား"

ဒီဒီ နှုတ်ခမ်းလေးတစ်ချက် ကိုက်သည်။

"ဒီ ကိုလဲ ဦးက မုန်းလို့မှမဟုတ်တာ၊ ဖေဖေ့ကို မခံချင်ပြီး လက်တုံ့ပြန်ချင်တာမဟုတ်လား"

"ကိုယ့်လက်နဲ့ကိုင်ထားမိတာက အကောင်းမဟုတ်ဘဲ ပုပ်နေတယ်ဆိုရင် မင်း အိတ်ထဲကောက်ထည့်မလား"

"ဒီ က အဲဒီလောက်ထိ ..."

"ငါ ဒီ့ အကြောင်းကို ပြောချင်တာမဟုတ်ဘူး"

သူ့မျက်နှာက တင်းသွားသည်။ ဒီဒီ မျက်နှာကို စူးစိုက်ကြည့်နေသည့် မျက်ဝန်းတွေမှာ စူးရဲနေတာက ဒေါသငွေ့မပါ။

"ငါပြောချင်တာက ပြီးခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ငါပြောခဲ့ဖူးတဲ့ အပြိုးတွေ၊ တုံ့ပြန်ဖို့တွေကြောင့် မင်းရင်ထဲမှာ ငါ ဘာပြောပြော ဘယ်လို





နေနေ မင်းကို တုံ့ပြန်နေတာလို့ ထင်နေတာတွေကို ဖျောက်ပစ်လိုက်ဖို့"

"ဟင် ..."

"ဟုတ်တယ်၊ ငါက ဒီနွေ ကိုလက်ထပ်ခဲ့တာပဲ၊ ဒီအဖြစ်အတွက် တခြားသယ်ဓာတတွေကို ရင်ဘတ်ထဲမှာထည့်ထားတာ အနံ့ပျာယ်မဲ့နေတယ်လို့ ခံစားမိလာတယ်၊ ပြီးတော့ ..."

သူ ဆက်မပြောဘဲ ဒီဒီ ပခုံးသားလေးမှာ ဖိဆုပ်ထားသည့် သူ့လက်တစ်ဖက်ကို ဖြေချလိုက်၏။ ထိုလက်သည် သူ့နဖူးသူပွတ်သပ်ပစ်လိုက်ပြီးမှ ပခုံးမှာ ပြန်ရောက်ကာ ...

"မင်းနဲ့ငါ့ရဲ့ အိမ်ထောင်ရေးဟာ ဘယ်တုန်းကမှ ပယောဂမရှိခဲ့ဖူးတဲ့ အိမ်ထောင်ရေးလို ရိုးရိုးလေးပဲ ဆက်သွားချင်တယ်"

"ဒီဒီ စိတ်ထဲမှာ ဘယ်တုန်းကမှ ဦးပြောတဲ့ကိစ္စတွေကို အကျယ်တဝင့် မထည့်ခဲ့ပါဘူး၊ ဟို ... တစ်ခုပဲ ..."

"ဘာလဲ"

"အဲဒီကိစ္စတွေကြောင့် ဦး ဒီဒီ ကို ဘယ်တော့မှချစ်လာမှာမဟုတ်ဘူးလို့တွေးပြီး ဝမ်းနည်းတာ"

ပြောပြီးတော့ ဦး ဘယ်လိုပြောလာမလဲ ဆိုသည့် မျှော်လင့်ချက်လေးနှင့် ဦးမျက်နှာကို ဒီဒီ မော့ငေးနေမိသည်။ သူကတော့ ခပ်သဲ့သဲ့အပြုံးနှင့် မျက်တောင်များတို့ကို စိုက်ချပစ်လိုက်ပြီး ပခုံးမှာကိုင်ထားသည့်လက်တွေကို လွှတ်သည်။

"ဦး"

ဒီဒီ ခေါ်တော့ တည်မြဲ က မထူးဘဲ မျက်လွှာပင့်ကြည့်သည်။

"ဦးက ဒီဒီ ကို မချစ်ဘူးလားဟင်"

"မင်းကို ငါ ပြန်မေးမယ်၊ အချစ်ကို မင်း ဘယ်လောက်ခံစားတတ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီ ရုတ်တရက် တိတ်ကျသွား၏။ ပြီးမှ …

"ဒီဒီ က ဦးကိုချစ်တယ်"

"အဲဒါကို ငါ ခံစားလို့မရဘူး"

"ဟင် …"

"ဟုတ်တယ်၊ အချစ်က အဲဒီလောက်မလွယ်ဘူးလို့ ငါထင်တယ်၊ ပြီးတော့ အချစ်ကို ရေငတ်သလို တောင်းလို့မရဘူး"

"မဟုတ်ဘူး၊ ဒီဒီ ဦးကိုတကယ်ချစ်တာ၊ လွယ်တာ ခက်တာ ဒီဒီ မသိပေမယ့် ဦးကိုချစ်တယ်၊ ဒါပေမယ့် …"

ပြောနေရင်း ဒီဒီ့အသံလေး တိမ်ဝင်သွားသည်။ မျက်ရည်က ဝေခြင်း ပြည့်ခြင်းတို့ကို မြန်ဆန်စွာ ဖြတ်သန်းလျက် မျက်ဝန်းအိမ်မှာ တသော သော သွန်ကျလာ၏။

ယောက်ျားတစ်ယောက်ရှေ့မှာ အချစ်ကိုပေးပါလို့ ခယတောင်းဆိုရင်း ဒီလိုမျက်ရည်ကျမပြရဘူးဆိုတာလည်း ဒီဒီ မေ့နေခဲ့သည်။ သုတ်ပစ်ရင်း မနိုင်မနင်းပြိုကျနေဆဲဖြစ်သည့် မျက်ရည်တွေကို နောက်ဆုံးမှာ အရှုံးပေးလိုက်ရပြီး မျက်နှာမှောသည်။

"ဦး ပြောလိုက်တာကို ဒီဒီ အရမ်းခံစားရတယ်၊ နောက် ဘယ်တော့မှ အဲဒီလို ထပ်မပြောတော့ဘူး။ တကယ်မှတ်ထားပါ့မယ်၊ ဘယ်တော့မှလဲ မမေးတော့ဘူး"

ရှက်ရွံ့ဝမ်းနည်းခြင်းသည် လူကို သေးငယ်ကြုံလှီသွားစေရာ၊ ဒီဒီ သူ့ဘေးမှပြေးထွက်သွားတော့မလို နောက်ပြန်လှည့်သည်။

"ဘယ်ကိုလဲ"

တည်မြဲ က ဒီဒီ့ လက်မောင်းလေးတစ်ဖက်ကို ဖမ်းဆွဲထားလိုက်၏။

"ကလေးလုပ်မယ်ဆိုလဲ ကလေးလိုပဲနေလေ၊ ဘာတွေလျှောက်တွေးနေလဲ"





"ကလေး ဟုတ်လား၊ ကလေးလို့ပဲမြင်ရင် ဦး ဘာဖြစ်လို့ လက်ထပ်ထားလဲ"

"အဲဒါတော့မသိဘူး၊ မင်းက 'ဦး' လို့ခေါ် လိုက်တော့ မင်းကို ကလေး ပေါက်စလေးလို့ပဲ မြင်လို့ရတယ်၊ အဲဒါ အမှန်အတိုင်း"

ဒီဒီ ရှက်သွားမိသည်။ သူက ကိုယ့်ကို လှူရာသွင်းခဲ့တာမှမဟုတ်ဘဲ၊ သူကတော့ နှုတ်ခမ်းမဖွင့်ဘဲ မေးဖျားတစ်ချက်လှုပ်၍ပြုံးသည်။

"မင်းမှာ လောဘ၊ မောဟ နည်းတာလေးကို ငါ သဘောကျခဲ့တာ"

ဒီဒီ ဝမ်းမြောက်ဝမ်းသာ ဖြစ်မသွားပါ။ သူ့စကားတွေက မြှောက်တင် လိုက်၊ ပြန်ဆွဲချလိုက်။

"ငါ့ရဲ့ စိတ်တွေ၊ ရည်ရွယ်ချက်တွေအားလုံးကို ပြန့်ခေါက်လိုက်တာလဲ မင်းကြောင့်ပဲ၊ အဲဒီတော့ မင်းကို ငါ ဒီတိုင်းလေးပဲရှိစေချင်တယ်၊ နောက် ထပ် ဘာအတွက်မှ လောဘတွေ မတက်နဲ့တော့၊ ရမလား"

"ဟင့်အင်း"

နားထဲမှာ ခါးသွားမိသည်။ လင်နဲ့မယားဖြစ်နေကြပြီ့ဥစ္စာ သူ့အချစ် ကိုလိုချင်တာ လောဘကြီးတာလို့ ပြောနိုင်သလား။ သူ ဒီဒီ့ ပခုံးလေးကို ရင်ခွင်ထဲဆွဲယူသည်။

ခါတိုင်းလို သူ့ခါးကို ပြန်ဖက်ထားလိုက်ဖို့ စိတ်တို့က ငြင်းဆန်နေ သည်။ ဒီဒီ သူ့လက်တွေကို ဖယ်ချပစ်မိ၏။ ရုန်းမှန်းသိတော့ သူက အကြမ်းပရမ်းဆွဲချုပ်သည်။

"ဦးနော် ဒီမှာ ငိုချင်နေတာ"

"မငိုရဘူး"

"ငိုမှာပဲ၊ ဟင့်အင်း"

ဟင့်အင်းဆိုနေရင်း ဒီဒီ ရုန်းနေတာတွေ ရပ်တန့်သွားခဲ့သည်။ လည် တိုင်နုနုမှစ၍ မျက်နှာလေးတစ်ပြင်လုံးကို သူ နမ်းသည်။ ရှင်တွေလှိုက်ခါ



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်လျက် ပြိုလဲမတတ်ဖြစ်သွားခဲ့ခြင်းသည် ဒီရင်ခွင်မှာပဲ မှီနွဲ့ဖက်တွယ်ထားခြင်းကိုဖြစ်စေ၏။

တည်မြဲ က ဒီဒီ မျက်နှာလေးမှာ သူ့ပါးပြင်နှင့်ဖိကပ်ပွတ်တိုက်ရင်း 'ဟွန့်'ခနဲရယ်သံသဲ့သဲ့နှင့် ခါးလေးကို တင်းခနဲဖက်သည်။

"အိမ်ထဲကိုပြန်ရောက်ရင် ပုခက်ချိတ်မယ်၊ မင်းကို လွှဲသိပ်ပြီးချော့မို့"

"ဟင်..."

ဒီဒီ ဆတ်ခနဲဖြစ်သွား၏။ ဒါကို မကြိုက်ပါဘူးဆိုမှ ဒါပဲ ထပ်ပြောရယ်သည်။ သူက မဲရယ်စဖူး အသံထွက်အောင်ရယ်၏။ ပြီးတော့ ဒီဒီ မေးဖျားလေးကို မနာအောင် ကိုက်ပစ်လိုက်ကာ ...

"လုံး၀ ချစ်လို့မရသေးဘူး၊ ဒါပေမယ့် နမ်းနေချင်တယ်"

ဟု တိုးတိုးလေး ကပ်ပြော၏။

ဒီဒီ ခေါင်းခါပစ်လိုက်ပေမယ့် ဘာမှပြောလို့မရလိုက်ဘဲ ဖြစ်သွားသည်။ အချစ်မရှိတာတွေပဲ သူ ပြောရက်နေတာတောင် သူ့ကိုဆို ဘာဖြစ်လို့ ကြည်ဖြူလိုက်လျောချင်နေတာလဲ။

သူ့အသံကိုကြားရင်၊ သူ့ဘေးမှာနေရရင်၊ သူ ပြုံးလိုက်တာကိုမြင်လိုက်ရရင် ဘာနဲ့မှမလဲနိုင်အောင် ကြည်နူးကျေနပ်သွားခဲ့တာ အချစ်မဟုတ်ဘူးလား။ အချစ်မှာ ဘာကန့်သတ်ချက်မှမရှိဘူးဆိုရင် အချစ်အတွက် အကြောင်းပြချက်မရှိဘူးဆိုတာမှန်ရင် ...

ဒီဒီ ချစ်တာကျတော့ 'လွယ်လွယ်ခံစားတတ်တာလို့' ဘာဖြစ်လို့ စွပ်စွဲတာလဲ။ ဒီတစ်ခါ သူ့အနမ်းများက ခါးသက်နေလေသည်။

သူ့ကို တကယ်ချစ်နေမိပါသည်ဆိုတာ ဒီဒီ မှာ အကြောင်းပြချက်မရှိပါ။ ထို့ကြောင့် ...





## အခန်း (၂၅)

ပစ္စည်းအားလုံး၀ယ်ပြီးကာမှ သတိရတော့ ဆိုင်ရှေ့ကိုရောက်လို့ မျက်စိအောက်မှာမြင်မှပဲဖြစ်သည်။

"ဦး ခဏ"

"ဘာ၀ယ်ဦးမလို့လဲ"

"ဒီထဲ ခဏ၀င်ချင်လို့"

တည်မြဲ က မိန်းမ၀တ်တွေချည်းရောင်းသည့်ဆိုင်ထဲ ကို တစ်ချက်ကြည့်ပြီး ဒီဒီ့ လက်ထဲကအိတ်တွေကို လှမ်းယူလိုက်သည်။

"မြန်မြန်လုပ်၊ အလုပ်ကိစ္စချိန်းထားတာရှိသေးတယ်"

"ရပါတယ်၊ ဦးမှာလဲ ဆွဲထားရတာတွေ အများကြီးပဲဟာ"

"ပေးပါဆိုကွာ၊ မြန်မြန်သွား၀ယ်"

ဒီဒီ ဆိုင်ထဲ၀င်သွားသည်နှင့် မိန်းကလေးတွေက ဒီဒီ ကို လည်းကြို့သည်။ တည်မြဲ ကိုလည်းလှမ်းကြည့်ကြ၏။ အတွင်းထဲထိမ၀င်ရသေးခင် ဒီဒီ ဟိုကိုင်ဒီကိုင်နှင့် ပြန်လှည့်လာသည်။

ဘာမှပါမလာတာကိုကြည့်ပြီး တည်မြဲ က မျက်မှောင်ကြုတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လာတာလဲ"

"ဘောင်းဘီဝယ်မလို့ ဦးရဲ့၊ ဟို ..."

ဒီဒီ က အပြစ်မကင်းသည့်အပြုံးလေးနှင့် ဆလင်းဘက်ခ်ကို မလိုအပ်ဘဲ ပခုံးပေါ် ထပ်ဆွဲတင်လိုက်သည်။ ပြီးမှ လည်ပင်းလေးပွတ်လျက် ...

"ဟိုလေ တင်ဆိုက်ဒ် ဘယ်လောက်ရှိမှန်းမသိလို့၊ အဟွန်း အဲဒါကို ဝယ်တိုင်းပြန်ကြည့်ရတယ်၊ မှတ်ကိုမမှတ်မိဘူး"

"သုံးဆယ့်ခြောက်နေမှာပေါ့၊ ကိုယ့်ဆိုက်ဒ်ကိုတောင် မမှတ်မိဘူးလား"

"ဟယ် ဟုတ်တယ်"

ဒီဒီ 'ဟယ်'ခနဲထပြောလိုက်သဖြင့် ဆိုင်ရှေ့မှာပဲရှိသေးတာမို့ အထဲက ကောင်မလေးတွေလည်း လှမ်းကြည့်ကြသည်။

"ဟုတ်တယ်၊ ခုမှ မှတ်မိတာ"

"ဟိတ်"

အော်ကြီးဟစ်ကျယ်ထပြောပြီးမှ နောက်ပြန်လှည့်သဖြင့် လက်မောင်းကို ဖိဆွဲထားလိုက်ရသည်။

"ဘာဖြစ်လို့လဲ ဦးရဲ့"

"ခင်ဗျားပါးစပ်လေးကိုပိတ်ပြီး ငြိမ်ငြိမ်လိုက်ခဲ့"

ဒီဒီ ငြိမ်ငြိမ်လေးတော့လိုက်ခဲ့ပါသည်။ ဒါပေမယ့် ဟိုဘက်နားလွန်တာနှင့် ပါးစပ်ကို ကြာကြာပိတ်မထားနိုင်။

"ဦးကလဲ ဦးလဲ ခဏခဏအားတာမဟုတ်ဘဲနဲ့ ဒီဒီ လဲတစ်ယောက်တည်းထွက်ရတာမဟုတ်ဘူး။ ဘာဖြစ်လို့လဲ"

တည့်မြဲ ဒီလောက်ထိနားမလည်သည့်မိန်းကလေးကို စိတ်ကလည်း မရှည်၊ ဒေါသဖြစ်လို့လည်းမရဘဲ တင်းနေရင်းပြုံးချင်ချင်ဖြစ်သွားသည့် မျက်နှာက အနီရောင်မပြယ်။





"ဘာဖြစ်လို့လဲ ဟုတ်လား။ ခင်ဗျားဆိုက်ဒ်ကို ကျွန်တော်က ပြောလိုက်မှ ပြန်ပြေးဝယ်တော့ ဒီမျက်နှာကြီး ဘယ်သွားထားရမလဲ"

"ဟင် ..."

'အဲဒီလိုလား'ဟု မသိနားမလည်စွာ တိတ်ကျသွားသည့်မျက်နှာလေးမှာ နှုတ်ခမ်းလေးပင် ပြန်မစေ့ခဲပေ။

"မိန်းမဆိုးလေး... ခင်ဗျား နားရင်းအုပ်ခံရတော့မယ်"

သူ ပြုံးမိရင်း ဒီဒီ့ နဖူးလေးကို ထုပစ်လိုက်သည်။ ဒီတော့မှ ဒီဒီ က ရယ်ပြီး သူမကိုယ်တိုင်လည်း ရှက်သွား၏။

နှစ်ယောက်သား စပ်ကြိတ်ကြိတ်ရယ်ရင်း ကားပေါ်ရောက်တော့ စက်နှိုးနေရင်း သူက ပြန်စောင်းကြည့်ကာ ...

"ခါးဆိုက်ဒ်၊ ရင်ဆိုက်ဒ် ပြောရဦးမလား"

"ဦးကလဲ ..."

"အိမ်ရောက်ရင် မှတ်မိအောင် သေချာပြောထားမယ်၊ နောက်တစ်ခါ လူကြားထဲမှာ မမေးရအောင်"

"ကြည့်ပါလား"

သူ့လက်မောင်းကိုဖက်ထားလိုက်ပြီး မျက်နှာလေးစောင်းတင်လိုက်တော့ မှန်ထဲကနေ ဒီဒီ့ မျက်နှာလေးကို ငေးခနဲကြည့်မိ၏။

ဒီနေ့ ဒီဒီ ဆိုတဲ့ကောင်လေး ပိုးစိုးပက်စက် လှနေသည်။ အဖြူနဲ့ အနီရောင်ရဲရဲ ဂျင်းတွက်စကတ်အရှည်နှင့် ခါးတွန့် လည်ဟိုက်ဖြစ်သော အနီရောင်လက်ပြတ်အင်္ကျီနဲ့ထင်းနေ၏။

ဖြူနုဝင်းအိနေသည့်အသားရောင်လေးမှာ နီမြန်းနေသည့်ပါးပြင်လေး နှစ်ဖက်က ဆေးလူးထားတာမဟုတ်မှန်း သူ သိသည်။ ဘာဖြစ်လို့ပဲ ဆိုတော့ နှုတ်ခမ်းနီ မိတ်ကပ် မကြိုက်သည့် သူ့အတွက် ဒီမျက်နှာ ပတ်ဝိုတစ်ချိုးချိုးမှလွဲလျှင် ဘာမှမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနီကျတော့ 'ဆိုးပါရစေ'ဟု ခဏခဏ ပူဆာသည်။

"နှုတ်ခမ်းရောင်ဖျော့ဖျော့ကြီး ဒီဒီ မငေ ပ ဟ်လို့ပါ ဦးရယ်၊ အနီရဲတာတွေ၊ စိုတာတွေ လုံးဝ မဆိုးပါဘူး"

လို့ ကတိတွေပေးနေတော့ သူ ခွင့်ပြုခဲ့ရသည်။ နကျတော့လည်း အကျီရောင်နှင့်အပြိုင် နီမြန်းစုတွေးနေသည့် နှုတ်ခမ်းလေးကို သူ မကြာခဏ ငေးနေမိပြီဖြစ်၏။

အိမ်ပြန်ရောက်ကြတော့ ဖိနပ်ဘူးတွေကပဲ သုံးဘူး။ တခြားအထုပ်တွေ၊ အိတ်တွေလည်း ပါသေးသည်။ ဝယ်စမ်း ဆိုပြီး ပို့ပေးလိုက်တော့ မနက်ဆယ်နာရီကတည်းက ပလာဇာမှာ ပတ်နေခဲ့တာ နှစ်နာရီထိုးခါနီးမှ အိမ်ပြန်ရောက်၏။

ခြံတံခါးဝမှာကတည်းက တံခါးတစ်ဖက်ကနေ တော်ကီ ခုန်ပေါက်နေသည်။ တံခါးပွင့်သွားသည်နှင့် ဒီဒီ ခြေထောက်ကို တိုးတိုက်နမ်းရင်း ပျာယာခတ်နေ၏။

"အမယ်လေး မနက်ကမှ ငါ ထားခဲ့တာပါ တော်ကီရယ်၊ ခရီးဝေးက ပြန်လာတာကျနေတာပဲ"

ဟု ပြောကာ တော်ကီကိုသွားပွေ့ပြီးမှ ကားပေါ်ပြန်တက်သည်။

ခြံထဲကိုကားမောင်းဝင်လာရင်း တော်ကီကို ပွေ့ပိုက်၍ စကားတွေ ပြောလာသည့် ဒီဒီ ကို သူ ငဲ့ကြည့်နေမိကာ ကားရပ်လိုက်တော့ ...

"ကဲ မင်းကောင်ကို လွှတ်ပေးလိုက်တော့၊ အောက်ကိုရောက်အောင် မြန်မြန်ဆင်း"

ဟု စိတ်မရှည်သံနှင့်ပြောသည်။ ထို့နောက် သူပဲ အထုပ်တွေ၊ အိတ်တွေကို ဆွဲချပေးကာ ...

"ဖိနပ်က စလစ်ပါတွေစီးတာမဟုတ်လား၊ ဒေါက်ချွန်ကြီးတွေ ဘာလုပ်ဖို့လဲ"





မေးလိုက်တော့ ဒီဒီ က မျက်နှာလေးပင့်ကြည့်၏။ အပေါ်ဆုံးက ဖိနပ်ဘူးကိုဖွင့်ကာ အထဲက မီးခိုးရောင်ပွင့်ဒေါက်နှင့်ဖိနပ်တစ်ဖက်ကို ထုတ်ယူကြည့်လိုက်ပြီး ...

"ဟုတ်တယ်၊ အစက မစီးဘူး။ စီးလဲမစီးတ ဘူး။ ဒါပေမယ့် ခု စီးတော့မယ်၊ ဘာဖြစ်လို့လဲ သိလား"

ပစ္စည်းတွေ အိမ်ပေါ်ပို့ပေးပြီး ပြန်ထွက်ဖို့ပြင်ပ် သည့် တည်မြဲလက်ကို ဒီဒီ ကလှမ်းဆွဲလိုက်သည်။ ပြီးတော့ ဖိနပ်ကို တစ်ဖက်က ကိုင်လျက်နှင့် ထရပ်လိုက်ကာ ...

"ဦးက အရပ်အမြင့်ကြီးနဲ့ ဒီဒီ က ပုနေလို့လေ၊ ပြီးတော့ ဒီဒီ ကိုလဲ အရပ်ပုပုလေးဆိုပြီး ကလေး ကလေးနဲ့ ဟွန်း"

တည်မြဲ နှုတ်ခမ်းတွေပြုံးသွားသည်။ ဒီဒီ ဆွဲထားသည့်လက်ကလေးကို ခါချပစ်လိုက်ပြီး ...

"ကောင်းတယ်၊ နောက်ထပ် ခြောက်လက်မဒေါက် ယ်ဝယ်စီး၊ ခွေးလဲ၊ ဝက်လဲ လဲအောင်"

"ဦး"

အလုပ်က အရေးကြီးနေသဖြင့် ပြောနေရင်း တည်မြဲ က ကားဆီကို ပြန်သွား၏။ ဒီဒီ က ဖိနပ်ကို ဆိုဖာပေါ် ပစ်ချခဲ့ပြီး နောက်က ပြေးလိုက်သည်။

ကားထဲဝင်တော့မည့် သူ့လက်ကို အမိအရ ပြန်ဆွဲထားလိုက်ပြီး...

"ဦး"

"ဘာလဲ"

"ဦးက ဒီဒီ ဝတ်တဲ့အတိုင်းတွေ၊ ဖိနပ်စီးတာတွေ အားလုံး ဘာဖြစ်လို့ သိနေတာလဲဟင်"

တည်မြဲ က ဒီဒီ့ မျက်နှာလေးကို မချိုမချဉ်အကြည့်နှင့် စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ချစ်သလား' လို့မမေးတော့ဘူးဆိုပြီး မေးချင်နေသည့်မျက်ဝန်းလေးတွေကို ထပ်မံ၍ မသိကျိုးကျွံပြု လိုက်၏။ ဆွဲထားသည့်လက်ကလေးကို ဒုတိယအကြိမ် ဖယ်ချပစ်လိုက်ရင်း ...

"မင်းယောက်ျားမို့လို့ပေါ့"

ဒီဒီ နှုတ်ခမ်းလေးစူကျန်ခဲ့တာကို မှန်ထဲကနေ လှမ်းကြည့်ရင်း သူ ပြုံးလိုက်မိသည်။

မင်းဟာ သိပ်ချစ်စရာကောင်းတဲ့ကလေးပါပဲ ဒီဒီ။





## အခန်း (၂၆)

"ဟင်.."

ခေါ်လေးကို အိမ်ရှေ့မှာမတွေ့သဖြင့် နောက်ဖေးဘက်ကို ဝင်လာခဲ့စဉ် ထမင်းစားခန်းထဲကထွက်လာသည့် ဒီ ကိုမြင်လိုက်ရ၏။

ဒီဒီ ပါးစပ်အဟောင်းသားနှင့် နေရာမှာတင် တုံ့ခနဲရပ်သွားလေသည်။ ဒီ ဆိုတာ သိလိုက်ပေမယ့် တော်တော်ပြောင်းလဲသွားသည့်ပုံစံက နှစ်မခြားသေးဘဲနှင့် မယုံနိုင်လောက်အောင်ပင်။

"ဒီ နင်.. နင် ပြန်ရောက်နေတယ်"

"ဟုတ်တယ်၊ ဘာဖြစ်တာလဲ၊ သရဲခြောက်ခံရတာကျနေတာပဲ"

ဒီ အကြည့်တွေက အမြဲတမ်းမြင်ဖူးနေကျအတိုင်း မသန့်စင်ပါ။ မထိတထိအပြုံးနှင့် မိုးပြာရောင်အပျော့သားနဲ့လွှင်နေသော ဒီဒီ တစ်ကိုယ်လုံးကို စုန်ချည်ဆန်ချည်ကြည့်၏။

"နင်ကတော့ တော်တော်အေးချမ်းနေပုံပဲ၊ အိမ်ထောင်သည်ဖြစ်သွားမှ ပိုလှလာတယ်"

"အေးချမ်းတာပေါ့၊ မိဘစကားနားထောင်ပြီး လူလိုသူလို နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်း၏ခန်းဆီးစက လွှန့်ခနဲရုပ်ဖယ်သွားကာ ဒေါ်ယဉ်ဆင့်၏ ဒေါသမျက်နှာက ဆက်တိုက်ထွက်ပေါ်လာသည်။

"ဒီဒီ ကို ညည်း ဘာမှ ခနဲ့ခနဲ့တွေပြောမနေနဲ့ ယူစရာရှိတာယူပြီး ပြန်တော့၊ ညည်းကို လက်ခံကူညီနေတာ မိုးနှင်း သိရင် ငါက ရှင်းရခက်ဦးမယ်"

"ဘယ်လို ..."

ဒီ က ဒေါ်ယဉ်ဆင့်ဘက်ကို ဆတ်ခနဲလှည့်သည်။ အိမ်ရှေ့လည်း မဟုတ်၊ အခန်းထဲလည်းမဟုတ်ဘဲ ခေါင်းရင်းဘက်သုံးခန်းတွဲနှင့် ထမင်းစားခန်းကြားမှာမို့ သုံးယောက် တွေ့ကြုံရပ်လိုက်မိတာကလည်း နီးနီးကပ်ကပ်လေးဖြစ်နေသည်။

"ဒေါ်လေးကလဲ အခု ဖေဖေ့ကိုကြောက်သွားပြီလား၊ အံ့သြစရာပဲ အဟား"

"မီဒီ ညည်းပါးစပ်ကို ပိတ်ထားစမ်း"

ရယ်ပစ်လိုက်ပုံက လက်ညှိုးထိုး၍ အော်ဟစ်ဆဲနေတာထက် အဆပေါင်းများစွာ ခံရခက်စေ၏။ ဒီကလည်း ဝမ်းသာအားရလွန်းလို့ ရယ်နေတာမဟုတ်ပေ။

သူမ မှားသွားခဲ့တာကို သိသည်၊ ဒါပေမယ့် မှားတာကိုလက်မခံချင်၊ သူများလက်ညှိုးထိုးတာကိုလည်း မကြိုက်၊ အထူးသဖြင့် သူမလို ဘယ်တုန်းကမှ မဟုတ်ခဲ့သော မီဒီ က အခု သူမထက် များစွာအေးချမ်းနေသည့် အဖြစ်ကို မခံချင်။

တကယ်တကယ်ကျတော့ ရည်းစားတွေထားတတ်နေပြီး မချစ်တတ်သည့်အဖြစ်ဟာ မာနနှင့် ရောမွှေလိုက်တော့ မနှစ်သက်သည့် ယောကျ်ားကို ဘယ်လိုမှ လက်မတွဲနိုင်သည့်အဖြေပဲ ထွက်သည်။ ဖေဖေက ကိုယ့်ကိုကျမှ ပွေရှုပ်တာကိုခေါင်းစဉ်တပ်ပြီး အသက်ကြီးကြီး၊ စည်း





စိမ်ဥစ္စာလည်း အသင့်အတင့်ဆိုသည့်လူကြီးတစ်ယောက်နဲ့ ပေးစားဖို့ ဆုံးဖြတ်သည်။

အလှအပအလွန်ကြိုက်တာဟာ သူမပဲဖြစ်သည်။ ပြီးတော့ ချမ်းသာချင်သည်။ မိတွေးကြည့်ဖြူမှ စားရမည့် ဖေဖေ့စည်းစိမ်တွေကို မျှော်လင့်ငေးမောနေရမယ့်အစား ခမ်းနားတင့်တယ်တဲ့ယောကျ်ားကိုပဲ လိုချင်၏။

ထို့ပြင် ကိုယ် လက်ထပ်တဲ့ယောကျ်ားဟာ ချောမောခန့်ညားရမည်။ ခုတော့ ...

ကိုယ့်မာနကို တမင်တကာ ချိုးဖဲ့ပြလိုက်သလို ဖေဖေက စီမံချက်တစ်ရပ်နှင့် သူမဘဝကို ချုပ်ကိုင်ဖို့ ပြင်ဆင်လိုက်တာပဲဖြစ်၏။ ထို့ကြောင့် သူမ ရှန်းထွက်ခဲ့တာဖြစ်သည်။

ဒါပေမယ့် ရှန်းထွက်လိုက်လို့ ဟိုတစ်ဖက်မှလွတ်မြောက်သွားသော်လည်း သူမ၏ အဆောင်အယောင်မဲ့သော တစ်ကောင်ကြွက်ဘဝက မလှပခဲ့ပေ။

အမြဲတမ်း ကိုယ်ပဲ အထက်စီးကနေ အနိုင်ယူလက်ပြခဲ့သည့် ဇာတ်လမ်းဟောင်းတွေထဲက တစ်ယောက်နှင့် ပြန်ဆုံခဲ့၏။ ဟိုတုန်းကလိုပဲ မျှော်လင့်ခြင်းတွေနဲ့ပါ။

သို့သော် ...

"မင်းက အကိုင်းလွှတ်နေတဲ့ မျောက်ကလေးပါ ဒီ၊ ပြုံကွဲနေတဲ့ မင်းမိဘရဲ့ အိမ်ထောင်ရေး၊ မင်းရဲ့ စရိုက်၊ ဒါတွေအားလုံးရဲ့ ဂယက်ကြောင့် မာမီတို့က မင်းကို တို့စပြီးကြိုးစားကတည်းက မကြည်ဖြူကြဘူး၊ ကြိမ်းမောင်းတားဆီးခဲ့ကြတယ်၊ အဲဒါတွေရော မင်းရဲ့ပေါ်ပြူလာဖြစ်ခြင်းတွေရော အားလုံးကို ငါ မတတ်နိုင်လို့ နောက်ဆုတ်ပေးခဲ့တာ။ အခု မင်းရဲ့ တစ်ခါတုန်းကတဲ့ကြွေးသိုလ်ကို မေ့ထားလိုက်စမ်းပါ၊ သတင်းစာထဲကလဲ အမွှေပြတ်ကြော်ငြာ တို့ တွေ့ပြီးပြီ၊ မင်း ပြေးဝင်ခိုနားရမယ့်ရင်ခွင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှာရှိလို့လဲ”

စကားလုံးတွေက ကြောသည်။ မေသော်တို့အိမ်ပေါ် ထိလာပြီး ကျကျနနပြောချသွား၏။ ပြီးတော့ ရွှေစွန်ညိုဝဲသလို လာလိုက်တာ အခေါက်ခေါက်အခါခါ။

မမြင်ချင်မတွေ့ချင်လို့ တခြားထွက်သွားရအောင်ကလည်း ဒီ မှာ ငွေမရှိတော့ပေ။ ထို့ပြင် မေသော့် အိမ်မှာထက် ပို၍ လွတ်လပ်အေးချမ်းတာလည်း နောက်ထပ် မရှိနိုင်ပါ။

တစ်ခါကတော့ မေသော်ကိုယ်တိုင် လှမ်းမိုးနိုင်ကို ထွက်ပြောခဲ့သေးသည်။

“နင့်မာမီကလဲ တအားမာနကြီးတဲ့ လှမ်းမိုးရယ်၊ ဒီ ကလဲ မိဘနဲ့ စိတ်အခန့်မသင့်လို့ ငါ့ဆီမှာ လာခိုနေတာ၊ နင် မနှောင့်ယှက်ပါနဲ့၊ ဒီ က နင့်တို့လောက်မချမ်းသာပါဘူး၊ နင့်မာမီတို့ပါလာရင် အဲဒီပြဿနာတွေ ပိုရှုပ်ကုန်မှာ သိလား၊ ဒီ့ ကိုသနားပါဟယ်”

“ဟား ဟား ဟား”

အိမ်ထဲကနေကြားနေရတာက လှမ်းမိုးနိုင်၏ ဟားတိုက်ရယ်သံ။

“ဒီ့ ကိုသနားစရာကောင်းတယ်လို့ နင် ပြောလိုက်တာလား မေသော်၊ ဟား ဟား ရယ်ရတယ်၊ သူဌေးကြီးဦးမိုးနှင်းရဲ့ တစ်ဦးတည်းသောသမီး ဆိုပြီး အမြွာညီမတစ်ယောက်လုံးကို ဖျောက်ထားခဲ့တာတွေ၊ ဒေါ်ယဉ် ဆင့် ဆိုတဲ့ ဒေါ်လေးလက်ထဲမှာပဲ မိထွေးရဲ့မကြည်ဖြူစွာစားပြီး ကြီးပြင်းခဲ့တဲ့အဖြစ်တွေ၊ ဒါတွေက စပြီး သူ လိမ်ခဲ့တာ၊ ခုချိန်ထိ လိမ်နေတုန်း။ ဘာလဲ နင်က မသိတာလား၊ နင်ပါ ရောလိမ်နေတာလား”

“သိတယ်၊ သူ့ဘဝကို ငါတို့ သိပြီးသားပဲ၊ သိလို့ အခု ပြောနေတာ ပေါ့၊ နင်တို့ အလိမ်ခံခဲ့ကြတုန်းက နားရွက်ဆွဲလဲခံ၊ ခေါင်းခေါက်လဲခံ၊ ခုကျမှ ဘာတွေလာပြောနေတာလဲ”





“အခုက သူ့အလှည့်လေ၊ ငါက နားရွက်မဆွဲပါဘူး၊ ခေါင်းလဲမခေါက်ဘူး၊ ငါ့အချစ်ကို လက်ခံပေးမယ်ဆိုရင် ကျေနပ်သွားမှာ၊ ဒီမှာ မေသော် ပေါ်ဒီမြို့မှာ နင့်အိမ်ထက်အများကြီးသာတဲ့အိမ် ငါ့မှာရှိတယ်၊ ဒီထက် အများကြီးသာအောင် ငါ ထားနိုင်ပါတယ်၊ သူလဲ အဲဒီလိုပျော်ရမယ်ဆိုရင် ကျေနပ်မှာပါ၊ ပြောကြည့်လိုက် လိုက်မလားလို့”

အခန်းထဲမှာ ဒီ အသက်ရှူရပ်တော့မတတ် အံကြိတ်ထားရသည်။ စိတ်ရှိတဲ့အတိုင်း ထွက်ပြီး ဝုန်းဒိုင်းကြဲပစ်ချင်ပေမယ့် ဒါဟာ ကိုယ့်ဒေသ မဟုတ်။

ပြီးတော့ နာကြည်းချက်တွေကိုပွေ့ပိုက်လာသည့် လှမ်းမိုးနိုင်ကလဲ ခေါင်းငုံ့လှည့်ပြန်သွားဖို့မမြင်ပေ။ သူမ ဒီထက်ပိုပြီး အရှက်တကွဲဖြစ်ရမည်။ မေသော် ပြန်ဝင်လာတော့ ဒီ မငိုစဖူး ရှိုက်ကြီးတငင် ငိုချလိုက်မိ၏။ မေသော်လည်း ခေါင်းတခါခါနှင့် ...

“ငါလဲ မပြောတတ်တော့ဘူး ဒီရယ်၊ ဒီကောင့်ပုံစံက နင့်ကို တမင် တကာ ကလဲ့စားချေချင်လို့ အပန်းတကြီးလိုက်လာတဲ့ပုံ၊ ပြီးတော့ နင်နဲ့ ဒီဒီ့ အကြောင်းကို သူ အထွတ်ဆီကနေအားလုံးကြားခဲ့တာတဲ့၊ အထွတ် က ဒီဒီ့ ကိုစွဲလမ်းပြီး တကောက်ကောက်လိုက်ခဲ့သေးတယ်ဆို”

မေသော့်ကို လှမ်းမိုးနိုင်က ထိုကိစ္စတွေအားလုံး ပြောပြသွားသည်။ ထို့ကြောင့် ဖုံးဖိထားခဲ့သမျှကို ဒီ ဝန်ခံခဲ့ရ၏။

“နင်ကလဲ တကယ်လိမ်တာပဲ ဒီရယ်၊ ငါတို့လို သူငယ်ချင်းအရင်းကြီး တွေကိုတောင် ဒါတွေကို ဖုံးထားခဲ့တယ်နော်၊ အထွတ်နဲ့နင် ဘာဖြစ်သွား တာလဲလို့ ငါတို့မေးတုန်းက နင် ဘာမှမပြောဘူး”

မေသော်ကိုယ်တိုင်ကလည်း အညာခံခဲ့ရသည့်အဖြစ်အတွက် ရင်နာ သံတွေထွက်လာ၏။

“ငါ သေချာမပြောခဲ့တာပါ၊ မညာပါဘူး”လို့လည်း ခေါင်းခါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူး ဒီရယ်၊ ဘာမှမသိတော့ ငါတို့က ထင်ကြေးတွေအမျိုးမျိုးနဲ့နေခဲ့ရတာလေ၊ အဲဒါကို နင်မှမဖြေရှင်းတာ၊ နေ့ရက်တယ် တကယ်ပဲ၊ ငါတို့ကတော့ ဘယ်အချိန်ဖြစ်ဖြစ် နင့်ဘက်က နေခဲ့ကြတာ"တဲ့။

ချစ်သူတွေထားပြီး အမြှာညီအစ်မရှိတာကို ဖုံးဖိလို့ရနေသမျှ နှစ်ကိုယ်ခွဲ၍ နှစ်ယောက်ပြိုင်တူချိန်းခဲ့တာတွေလည်း ဒီ ပျော်ခဲ့သည်။ သူမ တွန်းထိုးလွှတ်သမျှ ဒူးတုန်ခြေတုန်နှင့်သွားရရှာသည့် ဒီဒီ ကိုကြည့်ကာ ပြန်ပြောသမျှနားထောင်ပြီး ရယ်ရသည်။ ရှုပ်ရှုပ်ထွေးထွေး အကြောင်းကြောင်းတွေဖြစ်ကုန်ကြပြီး သူမ ဖြီးဖြန်း နှစ်သိမ့်သမျှ ခေါင်းညိတ်နေကြသည့် ပုရိသတို့အားလုံးကို ညံ့ပါ့၊ ဖျင်းပါ့ ဆိုသည့် ပြက်ရယ်ပြုခြင်းဖြင့် မဲ့ရွဲ့ကြည့်ခဲ့ဖူးသည်။

ဒါတွေဟာ သံသရာတစ်ပတ်လည်ခြင်းလား။ မေသော်၏စိတ်ပျက်ခြင်းက ဒီ ကိုပါ စွန့်ခွာချင်တာလားတော့မသိပါ။

"ငါလဲ ဒီမှာ နောက်ထပ် အကြာကြီးနေလို့မရတော့ဘူး ဒီ၊ အန်တီလေးရဲ့မိတ်ဆွေတစ်ယောက် ဒီမှာ လာနေတော့မှာ၊ နင် ဘယ်လိုလုပ်မလဲ"

ဟု မေးလာခဲ့၏။ အားလုံးအပေါ်မှာ အမြဲတမ်း အနိုင်ရခဲ့ရင်း နောက်ထပ်လည်း ရှုံးဖို့မရှိဟု ယုံကြည်ခဲ့သော သူမအတွက် မဟူရာညမှာ မီးအိမ်ထမ်း၍လျှောက်နေခဲ့သလိုပင်။ လမ်းမဆုံးသေးဘဲ မီးငြိမ်းသွားခဲ့ခြင်းဖြစ်သည်။

ဒုက္ခ၏အမြီးကိုဆွဲလွဲရန်စခဲ့မိပြီမှန်း နားလည်ခဲ့သည့်အချိန်က လူကိုအသိမဲ့လောက်အောင် ချောက်ချားသွားစေခဲ့သည်။

ဘယ်လိုမှမထင်မှတ်သောလူတွေက သူမကို စွန့်လွှတ် စွန့်ခွာနေခဲ့၏။ သားသမီးနဲ့မိဘပဲ ပြတ်တောက်တယ်ဆိုတာ မရှိနိုင်ဟု သူမ တွက်ခဲ့သည်။ ဒါပေမယ့် ဖေဖေက ဒီနေ့ထိ သူမ ဘာဖြစ်နေသည်ကို နားမစွင့်



သလို အိမ်ကိုလာရင် လုံးဝ လက်မခံရဟု ဒေါ်လေးကို တားမြစ်ထားခဲ့သည်။

အမြဲတမ်း ဆုံးမကြိမ်းမောင်းရင်းနဲ့ တစ်သက်လုံး ပြုစု ဖာထေးလာခဲ့သော ဒေါ်လေးကိုယ်တိုင်ကလည်း ဒီ ကို မကြည်ဖြူခဲ့ပေ။ ဒေါ်လေး၏ မျက်လုံးထဲမှာ ဖေဖေ တားမြစ်ထားခြင်းနှင့်မသက်ဆိုင်သော အထင်သေးစိတ်ပျက်ခြင်းတွေကို ဒီ မြင်နေရသည်။

အပုပ်ကောင်တစ်ကောင် သောင်တင်နေတာကို ဝါးကျထိုးချရင်း နှာခေါင်းရှုံ့နေသည့်လူနှင့် တူနေ၏။

ရင်ထဲမှာ ပြီးခဲ့တာတွေကော၊ ဖြစ်နေတာတွေအားလုံး စုပေါင်းကာ ဒီ အံကြိတ်သည်။ မျက်လုံးအဝိုင်းသားနှင့်ကြည့်နေသည့် ဒီဒီ ကို စူးစူးကြည့်ပြီးမှ ဒေါ်လေးထံ မျက်လုံးပြန်ရောက်၏။

"ဒီ သိပြီ၊ ဒေါ်လေးကလဲ အသက်ကြီးမှမိုနိချင်လာတော့ ဖေဖေ့စိတ်တိုင်းကျ စွမ်းဆောင်ပေးချင်တယ်၊ ဖေဖေကလဲ ငါ့သမီးနှစ်ယောက်အတွက်လို့ အသုံးကောင်းဟာစ်ထားတာတွေရှိတော့ နှစ်ယောက်စာလဲ မပေးချင်ဘူးလေ၊ အဲဒါကြောင့် ဒီ ကို အကြောင်းပြကောင်းအောင်နဲ့ ကန်ထုတ်လိုက်တာ"

"မိဒီ ညည်း စကားပြောတာတွေ တစ်လုံးမှတန်းဖိုးမရှိဘူးနော်၊ ခွေးရူးတစ်ကောင်လို ဘာဖြစ်လို့ တိုးတိုက်မိသမျှ လျှောက်ကိုက်နေတာလဲ၊ သွားပါ၊ ပြန်ပါတော့အေ"

"ဒီ က ဘယ်ကိုပြန်ရမှာလဲ၊ ဒေါ်လေးတို့ပေးစားတဲ့အဘိုးကြီးကို မယူတာနဲ့ ဒီ ကို တစ်သက်လုံး စွန့်ပစ်ချင်တာ သဘာဝကျသလား၊ မိဘပေးစားတာကိုမယူဘဲ မင်္ဂလာဆောင်နေကာမှ ချစ်သူနဲ့လိုက်ပြေးကြတဲ့ သားသမီးတွေကော မရှိလို့လား"

"အေးလေ၊ ညည်းကော ဘာထူးလို့လဲ၊ နိုးရာလိုက်တာမဟုတ်ဆ

www.burmeseclassic.com

www.burmeseclassic.com



မယ့် သွားလေရာမှာ အပုပ်နံ့တထောင်းထောင်းထွက်နေတာပဲ၊ ညည်းရဲ့ သတင်းတွေ ညည်းအဖေ မကြားဘူးမှတ်လို့လား မိဒီ"

"ဟုတ်လား၊ ပြောဦး ဘာတွေလဲ"

ဒေါ်ယဉ်ဆင့် မျက်နှာကြီးညိုမှောင်သွားသည်။ လက်သီးကိုကျစ်ကျစ် အောင်ဆုပ်ပစ်လိုက်ရင်း ...

"အရှက်မရှိ မမေးနဲ့၊ ပြည်မှာ ညည်း ဘယ်လိုနေထိုင်သလဲ ညည်း ကိုယ်ညည်း သိမှာပေါ့၊ တကယ်တော့ ဖအေဖြစ်တဲ့သူက သမီးကို ကောင်း စားစေချင်လို့ စီစဉ်ခဲ့တာ၊ ညည်းကြောင့် ဒီဒီ တို့သားအဖ ဘယ်လောက် မျက်နှာငယ်ကြရသလဲ သိရဲ့လား"

"ဒေါ်လေး.. ဒေါ်လေးရယ် တော်ပါတော့၊ တစ်ယောက်ယောက် ကြားသွားပါ့မယ်၊ အခန်းထဲဝင်ပြီး အေးအေးဆေးဆေးပြောရအောင် နော်"

ဒီဒီ က ဒေါ်ယဉ်ဆင့်လက်ကို နှစ်ဖက်စလုံးဆုပ်ဆွဲပွတ်ကိုင်၍ ထမင်း စားခန်းထဲပြန်ဝင်ဖို့ တွန်းပို့သည်။ ဒေါ်ယဉ်ဆင့်က လက်ကို ပြန်ဆွဲရုန်း၍

"မဖြစ်ဘူး၊ ဒီကောင်မလေးကို ငါ လက်ခံလို့ လုံးဝကိုမဖြစ်တော့ ညည်း လိုချင်တဲ့ငွေ ငါ ပေးပြီးပြီ မိဒီ၊ ညည်း သွားပါအေ၊ နောက်ကျ ညည်းအဖေကို ညည်း သွားတောင်းပန်၊ သားအဖချင်းရှင်းကြ၊ ဒီမိန်း အထိန်းအသိမ်းမတတ်လို့ဆိုတဲ့ အပြစ်မကင်းတဲ့ သိမ်ငယ်မှုမျိုး ငါ ကာ ခံစားပါရစေ"

သူတောင်းစားနှင်သလို နှင်ချခံလိုက်ရသဖြင့် ဒီ မျက်လုံးတွေ ရဲရဲဖြစ်သွား၏။

"ဒီ က ဘယ်ကိုပြန်ရမှာလဲ ဒေါ်လေး၊ သူ့မှာ တခြားအိမ်မှသွား မရှိတဲ့ဟာ"

ဒီဒီ တကယ့်စေတနာနဲ့ ဝင်ပြောမိတာပါ။ ဆံပင်ရှည်ကြီးတွေ ဖြ



ထားပေမယ့် အရင်လို ရောင်စဉ်တွေလဲမဖြာ၊ တောက်ပတာလည်း မရှိ တော့ပေ။

စိတ်ပင်ပန်းနေတာလား၊ လူပင်ပန်းတာလား အမှန်မသိပေမယ့် မျက်နှာပြင်မှာ အဆီပြန်ကာ နီတီတီ ညစ်တစ်တစ်ဖြစ်နေသည်။

ဆံဖျားမှခြေဖျားအထိ တစ်ရောင်တည်းလိုက်ဖက်စွာဝတ်ဆင်တတ် သော ဒီ ကိုယ်မှာ ခုတော့ မှိန်တာ၊ ဖျော့တာတွေရောထွေးလျက် အားလုံး က ပြောင်းလဲနေပြီဖြစ်လေသည်။

ဝင်လာကတည်းက သတိထားမိနေသဖြင့် ဒီ ကို ဒီဒီ သနားမိသည်။ စိတ်ရင်းအမှန်နဲ့ ပြောလိုက်တာပဲဖြစ်သည်။ သို့သော် ...

"မိဒီဒီ.. နှင့်ပါးစပ်ကိုပိတ်ပြီး အေးဆေးရပ်ကြည့်နေလိုက်၊ ငါက နှင့် သနားရမယ့် သတ္တဝါတစ်ကောင်မဟုတ်ဘူး၊ ဟိုဘက်ကလိုလို၊ ဒီဘက် လိုလိုနဲ့ ဖွဲ့ဖို့စိတ်ကူးရင် ပါးကွဲသွားမယ်နော်"

"ကြည့်စမ်းကွယ်၊ မိုက်ရိုင်းလိုက်တာ"

ညီအစ်မနှစ်ယောက်ကိုကြည့်၍ ဒေါ်ယဉ်ဆင့် ရင်ဘတ်ဖိမိသည်။

"ဒီလိုပြောလို့ရအောင် နင်က အဘိုးကြီးကိုယူပြီး အိုးတစ်လုံး ဖျာ တစ်ချပ်နဲ့ကျေနပ်နေတဲ့မိန်းမ၊ ငါလိုမိန်းမက မရဘူး"

"ဘာ.. အိုးတစ်လုံး ဖျာတစ်ချပ် ဟုတ်လား"

ဒီတစ်ခါ ဒေါ်ယဉ်ဆင့် အားပါးတရ ရယ်ရမည့်အလှည့်ပါ။ ဒါပေမယ့် ဒီမိန်းကလေးကို နှလုံးနာသွားမိတာ ရယ်ချင်စိတ်ကိုပင်ပျောက်စေခဲ့သည်။

"သနားစရာပဲ မိဒီ၊ အေးလေ ညည်းလိုမိန်းမနဲ့မတန်လို့ ဒီလိုနဲ့ လွဲသွားတာဖြစ်မှာပါ၊ ဟိုကလဲ မိန်းမကောင်းနဲ့ပဲဆုံစည်းရမယ့်သူဆိုတော့ သူ့ကိုယ်သူ ဘာမဟုတ်တဲ့လူတစ်ယောက်လို ရောက်လာတာကိုး"

ဘာတွေပြောလိုက်မှန်း ဒီ က ရုတ်တရက် နားမလည်။ အားလုံး တည်းမြဲ ကိုယ်တိုင် ပြောပြပြီးတာလည်း သိပ်မကြာသေးပါ။ ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



တားလုပ်နန်းအားလုံး၏အခြေစိုက်လုပ်ငန်းကို ရန်ကုန်မှာပြောင်းတော့မှာမို့ ဖြစ်၏။ ထို့ပြင် ...

ဒီဒီ ကို ရေကြောင်းခရီးသွားဖူးအောင် ခရီးရှည် အလည်အပတ်ခေါ်သွားမှာမို့ လုပ်ငန်းကိစ္စကိုကော ခရီးသွားမည့်အကြောင်းကိုပါ အသိပေးသွားတာဖြစ်သည်။

မျက်နှာစုံညီပြောခဲ့တာမို့ ဦးမိုးနှင်းကိုယ်တိုင် တအံ့တသြဖြစ်နေခဲ့တာ ဖုံးဖိမနိုင်။ ထို့ကြောင့် တည်မြဲ ရှေ့မှာပဲ ဝန်ခံခဲ့သေးသည်။

"မင်းဟာ အဲဒီလိုလူမှန်းသိခဲ့ရင် ငါ့သမီးထိုးအပ်ပေးဖို့ထိ ငါ့ပါးစပ်က ထွက်မှာမဟုတ်ဘူး၊ ငါ မင်းကိုယုံကြည်ခဲ့တာ ဒါတွေမပါဘူးဆိုတာတော့ မင်း ယုံပါ"

အပြန်အလှန် နားလည်မှုတွေ ထပ်ရခဲ့ကြသည်။ တည်မြဲ ၏မျက်နှာမှာလည်း မဲ့ပြုံးတွေ၊ စူးရဲခြင်းတွေ ဘာမှမရှိတော့ပါ။

"နှစ်ဖက်စလုံး နားလည်မှုလွဲခဲ့ကြတယ်လို့ပဲ ချေဖျက်ပစ်လိုက်ပါ၊ ကျွန်တော်တို့ အရင်အတိုင်းပဲ ပြန်ဖြစ်ချင်တယ်" တဲ့။

ခုတော့ အားလုံး အေးချမ်းသွားကာမှ ဒေါ်ယဉ်ဆင့်က တစ်လုံးချင်းအားရပါးရပြောနေ၏။ ဒီ့ မျက်ဝန်းတွေ စူးရဲသွားလိုက်၊ ကျဉ်းမြောင်းသွားလိုက်နှင့် အမျိုးမျိုး ပြောင်းလဲနေတာကို ဒီဒီ ငေးကြည့်ရင်း ပင့်သက်ရှိုက်မိ၏။

ဒီ မဲ့ရွဲ့ပြောဖူးသော စကားတစ်ခွန်းကို သတိရမိ၍ဖြစ်သည်။

"အသက်ကြီးကြီးဟာကို လက်ထပ်နိုင်းတယ်ဆိုရင်လဲ ကျိုက်ကျိုတက်ချမ်းသာနေလို့ဆိုရင် တော်သေးတယ်၊ ခုတော့ အသင့်အတင့်တဲ့၊ ငါတို့ဘဝမှာ ဘာအားကိုးရှိတော့လို့လဲ"

ဒီဒီ က ချောမောပြည့်စုံခြင်းကို အလိုရှိသော်လည်း ပြည့်စုံမှုကို လိုလားတာက ပိုပါသည်။



ဒေါ်ယဉ်ဆင့်ကတော့ ဒီ့ ရင်ထဲမှာ ဘာတွေဘောင်ဘင်ခတ်သွားသလဲ ဆိုတာကို သေချာဂရုစိုက်မနေဘဲ ပြောလို့ကောင်းတုန်း။

"ချမ်းသာလိုက်တာမှ ဘယ်လောက်ချမ်းသာလဲဆိုတာတောင် မခန့်မှန်းနိုင်ဘူး။ မိန်းမကိုလဲ ချစ်လိုက်တာမှ တုန်လို့"

'မဟုတ်ဘဲနဲ့'ဆိုသည့် အကြည့်လေးတွေ ဒေါ်ယဉ်ဆင့်ထံ ရောက်သွားခဲ့သည်။ ဒီဒီအကြည့်ကို 'မဟုတ်လို့လား'ဟု ပြန်မေးသောမျက်ဝန်းများနှင့် ဒေါ်ယဉ်ဆင့်က တစ်ချက်ပြန်ကြည့်ကာ ဒီ ဘက်ပြန်လှည့်၏။

"ဒီလိုပဲ မိဒီ၊ ကံကြမ္မာကိုက လူဆိုးလူကောင်း သူ့အလိုလို ခွဲခြားခွဲထုတ်သွားတာ၊ မိဘကို စုံကန်နိုင်တဲ့အင်အားရှိတယ်လို့ ကိုယ့်ကိုယ်ကိုယုံပြီး ညည်း ထွက်သွားတာမဟုတ်လား၊ အဲဒီတော့ ကိုယ့်လမ်းကိုယ်ပဲဆက်လျှောက်၊ အစကတည်းက ဒီလမ်းကိုလျှောက်ရင် တစ်သက်လုံး အပြတ်လို့ ညည်းအဖေက ပြောခဲ့တာပဲ"

"ပြောမှာပေါ့၊ မာနကြီးမှန်းသိတာကိုး၊ ဒီကောင်မကော ..ူးတိုက်တိုင်းကိုက်မှန်းသိလို့ ဝိုင်းကဲ့ကြတာ"

"မိဒီ ..."

ဒေါ်ယဉ်ဆင့် လက်ကို အားရှိပါးရှိ လွှဲမြောက်လိုက်၏။ ထိုစဉ် ...

"ဒီဒီ"

"ဟော ဦး...ဦး လာပြီ"

ဒေါ်ယဉ်ဆင့်လက်က ပြန်ကျမလာတော့ဘဲ လေထဲမှာ ရပ်တန့်သွားသည်။ ဒီဒီ က မြှောက်လျှက်သားနှင့်ရပ်တန့်သွားသည့် ဒေါ်ယဉ်ဆင့်လက်ကိုလည်း ပြန်ဆွဲချသည်။ အိမ်ရှေ့ကိုလည်း ပြေးထွက်သွား၏။

ဒေါ်ယဉ်ဆင့် လက်သီးဆုပ်နှစ်ဖက်ကို တင်ပါးသေးမှာ ဆန့်ကာပ်ထားလိုက်ပြီး သက်ပြင်းတစ်ရှိုက်ကြီးသွင်း၏။ ပြီးတော့ ...

"ညည်း အထဲဝင်နေ"

www.burmeseclassic.com



ဟု သွားကြိတ်သံနှင့်ပြောကာ ကိုယ်ကိုပြေပြစ်အောင်ပြုပြင်လိုက်ပြီးမှ အပြင်ကို လိုက်ထွက်သွား၏။

"ဒေါ်လေး မရှိဘူးလား"

"ရှိတယ် တည်မြဲ"

မေးသံကော ဖြေသံတွေကော ဒီ နားထဲကိုဝင်လာ၏။ ဟိုတုန်းက ဒီ နာမည်ကို ဖေဖေ ပြောခဲ့သလား၊ မပြောခဲ့ဘူးလား မသိတော့ပါ။ တည်မြဲ ဆိုသည့် နာမည်ကြောင့် ဒီ ပို၍ စိတ်ဝင်စားသွားမိသည်။ ထို့ပြင် ကြားလိုက်ရသည့်အသံက လူကြီးသံမဟုတ်၊ ညြှရှသော ကရုဏာသံမျိုးဖြစ်ကာ လွှမ်းမိုးနိုင်သည့်ဆွဲအားလည်း ပါနေသည်။

ဒီ ရှေ့ကိုတိုးသွားကာ ဧည့်ခန်းကို ချောင်းကြည့်နိုင်သည့်နေရာထိ အကွယ်မှာ နေရာယူလိုက်သည်။

"ဘယ်နေ့သွား ဖြစ်မှာလဲကွယ်"

"အစကတော့ ဒီရက်ပိုင်းသွားဖို့ပဲ၊ ဒါပေမယ့် ရာသီက သိပ်မကောင်းသေးတော့ လှိုင်းမြူးတော့ မသွားဖူးတဲ့လူဆိုရင် မူးမှာ၊ နောက်ပြီး မြစ်ကြောင်းထဲမှာ လေစိမ်းတိုးတာ ကြောက်ဖို့ကောင်းတယ်၊ သူ ခံနိုင်မှာမဟုတ်ဘူး"

"ဦးကလဲ အင်းလျားမှာလှေစီးတာတောင် မမူးဘဲနဲ့"

"ဟဲ့ အင်းလျားနဲ့မြစ်နဲ့ ဘာဆိုင်လို့လဲ၊ ဒီကောင်မလေး"

ဒေါ်ယဉ်ဆင့်က ဒေါသမပါသည့် စိတ်မရှည်သံကို ရယ်သံဟာဟာနှင့်ပြော၏။ တစ်ယောက်သောသူက ချစ်စနိုးနှင့် ဒီဒီ ကိုငုံကြည့်စဉ်…

"ဟင် … သူပဲ"

ကွယ်ရာကနေ ချောင်းကြည့်လိုက်မိစဉ် ဒီ နှလုံးခုန်သံသည် ဒိုင်းခနဲ တိုက်ဆောင့်၍ နောက်ထပ် လုံးဝ မလှုပ်ရှားတော့ဘဲ ရပ်တန့်သွားသည်နှယ်…၊





တိုက်ဆိုင်တာက သူမ စွဲလမ်းခဲ့ဖူးသော ဂျာကင်အနက်၊ ဘောင်းဘီရှည်အနက်နှင့် နီရဲသောရုပ်အင်္ကျီ၏ကော်လံကိုလည်း မစိုမပို မြင်နေရသည်။

ထို့ပြင် အရထဲနံနက်ခင်း မှောင်ရိပ်မကုန်သေးသည့်အချိန် ရထားပေါ်က မီးအလင်းရောင် ဝင်းခနဲ လက်ခနဲအဖြတ်မှာ မြင်လိုက်ရသည့် မျက်နှာထက် ပိုချောသည်။

ဒီဆံပင်ပုံ ဒီမျက်ဝန်းတွေကို မကြာခဏ သတိရနေမိတာ ဒီယောက်ျားတစ်ယောက်ကိုပဲဖြစ်သည်။

"ကျွန်တော်တို့ သွားတော့မယ် ဒေါ်လေး၊ ဦးနဲ့ချိန်းထားတာရှိလို့ပါ"

"ဪ အေး အေး၊ သွားလေ"

"ဦး … ဖေဖေ့ဆီကို ဒီဒီ လိုက်လို့ရမှာလားဟင်"

"လိုက်လို့မရဘူး၊ အလုပ်ကိစ္စရှိလို့ သွားမှာ"

"ဒါဆို ဒီမှာပဲ ဒီဒီ နေခဲ့မယ်လေ"

တည်မြဲ မျက်နှာကို ဒီ ချောင်းကြည့်မိပြန်သည်။ ဒီဒီ နေခဲ့မှာကို ကသိကအောက်ဖြစ်သွားသည့်မျက်နှာက မျက်ခုံးနှစ်ဖက် တွန့်ကုတ်လျက် …

"မင်းကို အိမ်မှာပဲနေခဲ့စေချင်လို့ လာခေါ်တာပေါ့ကွ၊ အခု အိမ်တစ်ခေါက်ပြန်ပို့ရဦးမှာ၊ ငါက အလုပ်ရှုပ်ခံပြီး အပိုလုပ်နေပါ့မလား"

ဒီဒီ နှုတ်ခမ်းလေးစူသွားပုံက ဂျစ်တိုက်ချင်တာနှင့်မတူဘဲ လူကြီးကမောင်းမဲလိုက်သဖြင့် ငိုမဲ့မဲ့လေးဖြစ်သွားသည့် ကလေးလိုပင်၊ ဒီ အသည်းယားသွားသည်။

သူ့ကျတော့ သွားလာနေပြီး ကိုယ့်ကိုတော့ အိမ်ထဲပစ်ထည့်ထားခဲ့လို့ရမလား၊ သူရှိနေတဲ့အချိန် ကိုယ်ရှိနေရင်ပြီးတာပဲ။

ဒီနေရာမှာ ကိုယ်သာဆို ပက်ခနဲပြန်ပြောပစ်လိုက်မှာဖြစ်သည့် စကားလုံးတွေက လည်ချောင်းထဲမှာ ယားတက်လာ၏။ ဒီလူ့ပုံစံက



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ပွကျပြီး အနိုင်ယူနေသည့်ပုံမျိုး။

သို့သော် ဒီ ကြည့်နေဆဲမှာပင် မျက်မှောင်ကြုတ်ထားသည့် သူ့မျက်ခုံးနှစ်ဖက် ပြေကျသွား၏။

"မိန်းမဆိုတာ ယောကျ်ားတစ်လှမ်းထွက်တာနဲ့ နောက်က လိုက်ထွက်လို့မရဘူး၊ မင်း အိမ်ရှင်မ မဟုတ်ဘူးလား"

"ဟုတ်တယ် ဒီဒီ၊ သမီးက အပျိုလေးမှမဟုတ်တော့တာ၊ ဒေါ်လေးဆီကို အချိန်မရွေး လာလည်လို့ရတာပဲ"

လည်ချင်လို့မဟုတ်ပါဘူး၊ အထဲမှာ ဒီ ရှိနေလို့ စကားပြောချင်သေးတာ။ ဒီဒီ့ ထံမှ အသံတိတ်မျက်ဝန်းလေးက အိမ်ထဲကို တစ်ချက်ဝေ့၏။

"ကဲ ထကွာ"

တည်မြဲ ကပြောပြီး ဒီဒီ့ လက်ကလေးကိုဆွဲ၍ ထရပ်လိုက်သည်။ ပြီးတော့ ဒေါ်ယဉ်ဆင့်ကိုကြည့်၍ ...

"ကျွန်တော် အပြန်နောက်ကျမလားမသိဘူး ဒေါ်လေး၊ ဒေါ်လေးအားရင် ဒီဒီ့ ဆီ ခဏလောက်သွားနေပေးပါလား"

"သြော်... အေး သွားလိုက်မယ်၊ သွားလိုက်မယ်၊ သမီး ပြန်နှင့်၊ ဒေါ်လေး နောက်ကလိုက်ခဲ့မယ်"

ပျာယာခတ်နေလိုက်တာ။ အထဲကနေ ကြားနေ၊ မြင်နေရသည့် ဒီအသည်းယားနေသည်။ သူ့ မိန်းမကိုတော့ ထုပ်ပိုးသိမ်းထားမည်၊ ဒီကလူက သွားပြီး ပျော်တော်ဆက်ရမယ်တဲ့လား။

ဒီဒီ့ ကို ဒီလူ သည်းသည်းလှုပ်နေတာလည်း သိသာသည်။ ခပ်ကြောကြောဆက်ဆံနေတာလည်း ပေါ်လွင်၏။ ဒါကို ဘာဖြစ်လို့ တူဝရီး နှစ်ယောက်စလုံး ပျပ်ဝပ်ရိုကျိုးနေတာလဲ။





အခန်း (၂၇)

"ဒီအချိန်ကျမှ ဘာလုပ်မလို့လဲ"

"ရေချိုးချင်လို့"

"မချိုးရဘူး၊ အကျီပြန်ဝတ်"

သူ့ကျတော့ ချိုးပြီးတော့၊ ဒီဒီ ပွစိပွစိပြောရင်း ချိုးခွင့်မရတော့သည့် ကိုယ့်အဖြစ်ကိုလည်းသိကာ ရုပ်အကျီပွပွကြီးကို ပြန်ဆွဲဝတ်လိုက်ရသည်။

ညဘက် အလုပ်စားပွဲမှထလာတိုင်း ရေချိုးပြီးမှ အိပ်ခန်းထဲဝင်တတ်သည့် သူကတော့ ဘယ်အချိန်၊ ဘယ်နှနာရီဖြစ်ဖြစ် ကြောက်ရမည့်လူမရှိ၊ ဝင်းမှုန်နေသည့် သူ့ မျက်နှာကို ဒီဒီ မှုန်ကုပ်ကုပ်လေးလှမ်းကြည့်ပြီး ကိုယ်အိပ်ရမည့်ဘက်မှာ ငုတ်တုတ်လေး သွားထိုင်သည်။

အိပ်ရာထဲမှာ ပက်လက်လှန်ပြီး စီးကရက်သောက်ပြီးမှ တည်မြဲက အိပ်သည်။ ဟိုဘက်မှာ ဒီဒီ ဝင်ထိုင်လိုက်တာကို မျက်လွှာစင်းနှင့်ကြည့်နေပြီး ...

"မင်းမှာ ညဝတ်အကျီ မရှိလို့လား"

"ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့မဝတ်တာလဲ၊ ဒီလောက်ထူထူလေးလေးကြီးတွေနဲ့"

ဒီဒီ က ကိုယ့်အင်္ကျီကို ပြန်ငုံ့ကြည့်ကာ အင်္ကျီကြယ်သီးလေးတွေကို ဘာရယ်မဟုတ်ဘဲ ပွတ်သပ်ကိုင်တွယ်ကြည့်လိုက်မိရင်း ...

"အန်တီနှင်းထည့်ပေးထားတဲ့ ညဝတ်အင်္ကျီတွေက ပါးပါး ပျော့ပျော့လေးတွေ၊ ဒီဒီ မဝတ်ရဲပါဘူး"

"အိပ်ရာထဲမှာ ဘယ်သူမြင်မှာမို့လို့လဲ"

"ဦးမြင်မှာပေါ့"

ဒီဒီ က ဆံပင်လေးတွေလွင့်တက်သွားသည်အထိ သူ့ဘက်ကို ဆတ်ခနဲလှည့်၍ မေးဆတ်ပြောသည်။ တည်မြဲ စီးကရက်မီးခိုးတွေကို ညင်သာစွာ မှုတ်ထုတ်ရင်း ပြုံးလိုက်၏။ ရေမချိုးခိုင်းလို့ စူပွပွလေးဖြစ်နေသည့် နှုတ်ခမ်းလေးကို သူမြင်မှာစိုးလို့ ဒီဘက်မလှည့်။

"အဲဒါ ဘာဖြစ်နေတာလဲ၊ ဒီဘက်လှည့်လိုက်"

"ဘာမှမဖြစ်ဘူး အိပ်မလို့"

ပြောပြီး သူ့ကို ကျောပေးလျက်တိုင်း လှဲအိပ်လိုက်သည်။ လှဲလိုက်ရင်းမှ ...

"ဦးက ဒီဒီ ကို ချစ်လို့ချုပ်ချယ်တာနဲ့လဲတူတယ်၊ အရှုံးပေးမှန်းသိလို့ အနိုင်ကျင့်နေတဲ့ပုံလဲပေါက်တယ်"

"ပြော ... မင်းက ဘယ်လိုထင်သလဲ"

သူ ထပ်မေးလိုက်တော့ ဒီဒီ့ကိုယ်လေး ကြွခနဲမြောက်တက်သွားပြီး ဒီဘက်ကိုလှည့်လိုက်တာ မွေ့ရာပင် သိမ့်ခနဲတုန်သွားသည်။

"ဒီဒီ မသိဘူး။ ဒါပေမယ့် ချစ်လို့ဆိုရင် ဦး ဘယ်လောက်ပဲအနိုင်ယူယူ ကျေနပ်တာပေါ့"

"ချစ်သလားလို့ ထပ်မေးတာလား"

"ဟင့်အင်း"





ဒီဒီ နှုတ်ခမ်းလေးပိတ်ပစ်လိုက်ပြီး ခေါင်းခါသည်။ မျက်လုံးတွေကိုပါ မှိတ်ပစ်လိုက်ကာ ...

"မမေးပါဘူး"

သူ စီးကရက်ကို ခွက်ထဲလှမ်းထည့်လိုက်သည်။ ပြီးတော့ ဒီဒီ့မျက်နှာရှေ့မှာ တံတောင်နှစ်ဖက်ထောက်လျက်နှင့် မှောက်လိုက်ရင်း ...

"ဟုတ်တယ်၊ မင်းကို နိုင်မှန်းသိလို့ အနိုင်ကျင့်ကောင်းကောင်းနဲ့ ကျင့်နေတာ၊ ဘာဖြစ်ချင်လဲ"

ဒီဒီ့မျက်ဝန်းလေးတွေ ဖျတ်ခနဲပွင့်လာသည်၊ သူက စူးစိုက်ကြည့်၏။ ဒီဒီ မျက်လုံးကိုပြန်မှိတ်ပစ်၍ ...

"ဦးကို မချစ်တော့ဘူး"

"ရင်ထဲမှာ အဲဒီအတိုင်း ဟုတ်လို့လား၊ ကြည့်မယ်"

"ဟာ.. ဟင့်အင်း၊ ဦးနော် ..."

ဒီဒီ ရင်ဘတ်လေးမှာ လက်ဝါးလေးကပ်၍ ဟိုဘက်ကိုလှိမ့်ထွက်၏။ တည်မြဲ ခါးကနေသိမ်းဖက်ထားလိုက်သဖြင့် ရင်ခွင်အောက်မှာပဲ အိခနဲ ပစ်ကျလာသည်။

မီးရောင်အောက်မှာ ဝင်းနှစ် နုထွေးနေသည့် မျက်နှာလေးကို သူ စီးမိုး၍ငေးကြည့်သည်။ ပြီးတော့ မေ့မေ့မူးမူးနမ်းမိသည်။ နှုတ်ခမ်းလေးကို ဦးတည်လိုက်တိုင်း အမြဲတမ်းရှက်နေတတ်သည့် ဒီဒီ က သူ့မျက်နှာကို လက်ဖဝါးလေးနှင့်ကာထားပြီး ရှောင်သည်။

"ဒီမှာ မျက်လုံးလေး ဘာလေး ဖွင့်ကြည့်နော်၊ ခင်ဗျားယောကျ်ား"

"ဘာဆိုင်လို့လဲ ဦးက..."

"ဆိုင်တာပေါ့ မင်းရဲ့ အသက် ခန္ဓာ အားလုံးကို ပိုင်ဆိုင်ထားတဲ့ကောင်"

"မဟုတ်ဘဲနဲ့"

"ဘာမဟုတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မိန်းမကို ယောကျာ်းက သတ်ပစ်ရင် ဘာဖြစ်လို့ ထောင်ကျလဲ"

"တွေ့လား၊ ပြောရင်မကြိုက်ဘူး"

တည်မြဲ က ဒီဒီ နှုတ်ခမ်းလေးကို ခပ်ဖွဖွလိမ်ပစ်လိုက်ပြီး နဖူးကိုလည်း ထုသည်။

"အသက်ကိုပိုင်တယ်ဆိုတာက သတ်ပစ်ခွင့်ရတာကို ပြောတာမဟုတ်ဘူး။ မိန်းမရဲ့တစ်ဘဝလုံးကို ယောကျာ်းက တာဝန်ယူလိုက်ရတာကိုပြောတာ"

"ဒါဆို ဦးကိုကျတော့ ဒီဒီ က မပိုင်ရဘူးပေါ့"

သူ အသံမထွက်သော်လည်း သွားတွေပေါ်အောင်ရယ်သည်။

"ဘာကိုပိုင်ချင်သေးလို့လဲ"

"မဟုတ်ဘူးလေ၊ ဘာဖြစ်ဖြစ် မျှမျှတတပေါ့"

"အမှန်း"

သူ ဒီဒီ ကိုယ်လုံးကို တင်းတင်းကျစ်ကျစ်ဖက်ထားလိုက်မိ၏။ ပြီးတော့ မျက်နှာလေးကို နီးကပ်စွာငုံ့မိုးကြည့်ရင်း ...

"မင်းကို ငါ အားလုံးပုံပေးခဲ့တာပါ၊ မင်း မသိလို့ ..."

"ဟင် ..."

"အဲဒါကြောင့် မျှတပါတယ်၊ လင်မယားဆိုတာ နေရာတကာ မျှတ်ရဘူး"

ပြောပြီး သူ မျက်ဝန်းတွေရွှေလျှားသွားသဖြင့် ဒီဒီ အလန့်တကြားရှန်းမိ၏။

"ဦးနော်"

"မင်းရဲ့ရင်ညွန့်ဘေးမှာ ရှားရင့်ရောင်မှဲ့ကလေးရှိတာလဲ သိတယ်"

"အို ..."





"ထပ်ပြောရဦးမလား"

"ဟင့်အင်း မပြောနဲ့"

သူ့ထံမှ ခပ်သဲ့သဲ့ရယ်သံကြောင့် ပို၍ရှက်သည်။ ရင်ခုန်သံတွေလည်း ပြောင်းဆန်လာခဲ့၏။ ဒီရင်ခွင်မှာ ဒီဒီ မွေမူးခဲ့သည်၊ သာယာခဲ့သည်၊ သူကတော့ ချစ်တယ်လို့ ဘယ်တော့မှ မဆိုခဲ့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"အန်တီကပြောတယ်၊ မင်းအဖေကိုယ်တိုင်က လုံးဝနားမထောင်ဘူးလို့ပြောတာ၊ ထပ်လဲမဆက်နဲ့တော့ ဒီ၊ မင်းရဲ့ဖုန်းကို အန်တီ ကိုင်ပေးနေတာတောင် မင်းအဖေ ဒေါပွနေတယ်၊ နောက်တစ်နည်းရှိတာက မင်းအန်တီ့ကို တစ်မျိုးတစ်မည်ထင်နေတယ်ဆိုရင် မင်းအဖေရဲ့ရုံးခန်းကိုသွားလိုက်လေ၊ တွေ့ခွင့်ရချင်ရမှာပေါ့"

နားထဲမှာ တစ်လုံးမကျန် ပြန်ကြားနေသည်။ ခြေလှမ်းတို့က လမ်းဘေးဖုန်းရုံလေးနားက ခွာခဲ့သော်လည်း ဒေါ်သက်နှင်း၏စကားသံတွေက ပျောက်မသွားဘဲရှိ၏။ ဖေဖေ့ဆီကို သူမ သွားမတွေ့ရဲပါ။

ဒေါ်သက်နှင်း ပြောတာ တကယ်ဖြစ်နိုင်သည့်ဘက်မှာပဲ ရှိနေခဲ့သည်။ မိထွေးမို့ မိထွေးပီသတယ်ဆိုတာ ထားလိုက်လို့ရသည်၊ ဖေဖေကတော့ ရက်စက်လွန်းပါ၏။

ဒီ လုပ်ခဲ့တဲ့အပြစ်က ဘယ်လောက်ကြီးနေလို့လဲ။ လူကြီးတွေ ပေးစားတဲ့ယောက်ျားကို မလိုချင်လို့ အိမ်ကထွက်သွားတယ်ဆိုတာ သူမကျူးကျူးလွန်ဖူးခဲ့တာလား။ ဒီလိုအဖြစ်မျိုးတွေမရှိခဲ့လို့လား။





ခုတော့ သူမမှာ ဒုက္ခတွေ ပင်လယ်ဝေနေခဲ့ပြီ။ ကိုယ့်ဖုန်းကိုလည်း မေသော့်အကူအညီနှင့် သူများထံမှာ အငှားပေးထားခဲ့ရသည်။ ကိုယ်ပေါ်မှာပါလာသမျှ လက်ဝတ်လက်စားလေးတွေလည်း ကုန်ပြီဖြစ်၏။

အခြေအနေ ပိုဆိုးစေသည်က ဟိုတုန်းကတည်းက ရွှေငွေရတနာထက် ဖန်စီတွေကိုပဲဝတ်တတ်သည့် သူမမှာ လက်ဝတ်ရတနာလည်း သိပ်မပါပေ။ ထို့ပြင် ...

ဟိုတစ်နေ့က အိမ်ကို ခိုးချောင်ခိုးဝှက် သွားခဲ့သည်။ ဒေါ်လေးက ခါးခါးသီးသီး။

"ညည်း ပြန်ပါတော့အေ၊ လိုချင်တာယူသွား၊ မြန်မြန်သွားပါ၊ ညည်းအဖေသိရင် ငါ နောက်ထပ် အသုံးမကျဖြစ်ရဦးမယ်" တဲ့။

တွန်းချတော့မတတ် ခါးခါးသီးသီးဖြစ်နေသည့်အတွက် မာနကခံနေ၏။ ဘာအကူအညီမှ မယူခဲ့တော့ဘဲ ဒီတိုင်းပြန်ထွက်လာခဲ့သည်။ ဒါက နောက်ထပ်မှားယွင်းမှုဖြစ်၏။

မာနက ဆုံးဖြတ်လိုက်တာ မှန်ပေမယ့် မိန်းမသားဆိုသည့် လမ်းပေါ်လိမ့်နေဖို့ မသင့်တော်သည့်အဖြစ်က အကျည်းတန်စွာ မဲ့ရွဲ့နေကြသည်။

လက်မောင်းလေးကိုပင့်၍ နာရီငုံ့ကြည့်လိုက်မိသည်။ ညနေ ငါးနာရီကျော်နေပြီဖြစ်သည်။ လှမ်းနေသည့်ခြေလှမ်းတွေက ရန်ကုန်မြို့ကို သူစိမ်းပြင်ပြင်ဖြစ်နေ၏။ ဘယ်ကိုကြည့်ကြည့် မရင်းနှီး၊ ဘယ်မြင်ကွင်းဖြစ်ဖြစ် မလှပေ။

လူမသိ၊ သူမသိ လောင်မြိုက်နေသည့် ရင်ထဲက ပရိဒေဝမီးတွေကြောင့် ဒီ ဟိုတုန်းကလို လှပကြွရွအောင် ဖလှယ်ဖို့လည်း သတိမရတော့ပါ။

ဘယ်သူ့ကိုမှ သူမ ဖွင့်မပြောနိုင်၊ ပြောလို့လည်းမဖြစ်သော ပြဿနာတစ်ခုကို သူမ ကျူးလွန်ခဲ့မိသည်။ ထိုပြစ်မှုဟာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဒီ"

"အမယ်လေး"

လက်မောင်းကိုလာဆွဲသည့်လက်က နွေးနွေးနုနုလေးပါ။ သို့သော် ဒီ တုန်ခနဲဖြစ်ကာ လက်ကို ဆောင့်ရုန်းပစ်လိုက်သည်။ ဘေးကို နှစ်လှမ်း လောက်တိုးပစ်လိုက်ပြီး လာခေါ်သူကို ပြန်ကြည့်မိ၏။

"ဒွ် ..."

ကျောင်းတုန်းက သူငယ်ချင်း သွန်းရွှေရည်၊ ဒီ တို့ကတော့ သွန်း လို့ပဲ ခေါ်တာပါ။ သွန်းက ပြုံးနေသည့်မျက်နှာလေးကနေ အံ့သြခြင်းသို့ ပြောင်းလဲလျက် ဒီ ကိုလက်ညှိုးလေးထိုးကာ ...

"နင်က ဒီ မဟုတ်လားဟင်"

ဟု ထပ်မေးပုံက သူမ လူမှားသွားလို့လားဟု ပြန်ပြီး ဇဝေဇဝါဖြစ် သွားပုံမျိုး၊ ပြီးတော့ ဒီ ဆံပင်ရှည်တွေကို သေချာပြန်ကြည့်၍ ...

"ဒီ... ဒီ ဟုတ်တယ်မဟုတ်လား"

တစ်ခွန်းမှမပြောဘဲ မျက်လုံးပြူးနှင့်ကြည့်နေပြီးမှ ဒီ သတိဝင်လာ သည်။ ခေါင်းညိတ်၍ သွန်းရဲ့လက်ဖဝါးလေးကို ဖိဆုပ်ကိုင်လိုက်မိသည်။

"ဟုတ်တယ် ငါပါ သွန်းရယ်၊ ငါလေ အရမ်းစိတ်ညစ်နေလို့၊ စိတ်နဲ့ လူ တခြားစီဖြစ်နေတာ"

"သြော်... ဖြစ်ရလေ ဒီ ရယ်၊ ဘာလ နင် အိမ်ထောင်ရေးအဆင်မပြေ ဘူးလား"

"ဘာ ..."

"ပြူးပြူးပျာပျာနဲ့ ဒီ ရယ်၊ လာ ဟိုဆိုင်မှာ ခဏထိုင်ရအောင်"

သွန်း က ဒီ့ လက်ကိုပြန်ကိုင်ကာ အနီးဆုံးမှာရှိသည့် အအေးဆိုင် လေးထဲကို ဦးဆောင်ဝင်သည်။

"လာ ဟိုမှာထိုင်မယ်"





သွန်း က ရှေ့ဆုံးကထောင့်စားပွဲကို ခြေလှမ်း၏။ ဒီ က သွန်းလက်ကို လှမ်းဆွဲ၍ နောက်ဆုံးကထောင့်စားပွဲကို သွားသည်။ သွန်းက သူမနဲ့အတူ ပါလာပေမယ့် ဘာကိုမှ သတိထားမိပုံမရှိဘဲ အမှတ်တမဲ့ပဲဖြစ်၏။

"နင် ဘယ်လိုဖြစ်တာလဲ ဒီ၊ တစ်နှစ်တောင်မပြည့်သေးဘူးထင်တယ်၊ အရမ်းကိုပြောင်းလဲသွားတာပဲ"

ဒီ့ နှုတ်ခမ်းမှာ နာကျင်၍ မာန်မချသည့် မဲ့ပြုံးလေး ဖျတ်ခနဲထင်သွား၏။ ကြာရှည်ပြုံးလို့လည်းမရပါ။ ရင်ထဲမှာ ရှိန်းရှိန်းထနေသည့်သောက ဟာ မျက်နှာကို ညှိုးလျှရင့်ရော်စေသည်သာဖြစ်လျက် ...

"ဘာညဲ စုတ်စုတ်ပြတ်ပြတ်လေးဖြစ်သွားလို့လား"

"မဟုတ်ပါဘူး၊ နင် အသားတွေညိုသွားတာ၊ ပြောပါဦး ဘယ်သူနဲ့ လက်ထပ်လိုက်တာလဲ၊ ခုချိန်ထိ နင့်အဖေနဲ့ အဆင်မပြေသေးဘူးလား"

ဒီ့ မျက်နှာလေး တင်းမာသွားသည်။ သွန်း ဘာမှမသိဘဲ အပိုင်အနိုင် မေးနေတာတွေဟာ တစ်ခုခုကို တလွဲကြားထားတာပဲဖြစ်၏။ သွန်းကို မဟုတ်ပေမယ့် ဒေါသက ထောင်းထောင်းထလာခဲ့သည်။

"နေပါဦး၊ ငါ ယောကျ်ားရသွားတာလို့ ဘယ်သူပြောတာလဲ"

"ဟာဝ် ..."

သွန်းက ဒီ့ ကို အထူးတဆန်း ပြန်ကြည့်သည်။ မျက်လုံးများက ဒီ့ တစ်ကိုယ်လုံးကို တစ်ချက်နှစ်ချက် ရစ်ပတ်ဆွဲငင်သွားပြီးမှ ...

"ဒီတိုင်းပဲ ငါကြားတာ ဒီရဲ့၊ နင် ယောကျ်ားနဲ့လိုက်ပြေးသွားတာ မဟုတ်ဘူးလား၊ အတာနဲ့ ပြီးခဲ့တဲ့ သုံးလလောက်ကလဲ ဆုံသေးတယ်၊ သူတို့လဲ ဒီလိုကြားတယ်တဲ့၊ တစ်နှစ်တည်း နှစ်မင်္ဂလာဖြစ်သွားလို့ နင့် အဖေ နင့်ကို စိတ်ဆိုးတာတဲ့၊ ပြီးတော့ ဒီဒီ က မိဘပေးစားတာကိုယူပြီး နင်က ထင်ရာရှောက်သွားလို့ အမွေပြတ်ကြေညာထားတယ်တဲ့"

"မိဘနဲ့သားသမီးပဲဟာ မပေးချင်ရင် မလိမ္မာတဲ့ပုဒ်မ တပ်ပိုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရတာထဲ၊ နင်တို့ကို ငါ အစကတည်းကပြောဖူးသားပဲ၊ ဖေဖေက ငါ့ကို ဖယ်ထုတ်ချင်နေတာ၊ ငါ ယောကျ်ားနောက်လိုက်သွားပြီလို့ သတင်းတွေဖြစ်နေတာလဲ သူတို့လင်မယားပဲ"

ဒီ က အတပ်ပြောနေသည်။ ပြောလည်းပြောနိုင်သည်။ ဒေါ်လေးဆီကိုသွားတော့လည်း ဒေါ်လေးက သူမကို အိမ်ထောင်ကျနေပြီလို့ပဲ တွက်ထားတာဖြစ်၏။

"ပြန်ပါတော့အေ၊ ကိုယ်လျှောက်တဲ့လမ်းကို ဆုံးအောင်လျှောက်ပါတော့"ဟုပဲ တွင်တွင်ပြောခဲ့သည်။

"ဒီက ဘယ်ကိုပြန်ရမှာလဲ"

လို့ ပြန်မေးတော့ ဒေါ်သတွေကြီးကာ..

"ညည်းနေတဲ့နေရာကိုပြန်ပေါ့၊ မိဘထက်သာတယ်ထင်လို့ စွံကန်ထွက်သွားပြီးမှ ခုမှ နေစရာတွေ၊ စားစရာတွေ လာမညည်းနဲ့ ကိုယ့်ဘာကိုယ်ကျောင်း၊ ကိုယ့်တာဝန် ကိုယ်ယူပေါ့"တဲ့။

ဒီ နိုးရာလိုက်သွားတာမဟုတ်ဘူးလို့ ဘယ်လိုရှင်းပြလို့မှမရ။

"မိဒီနော် အိမ်ထောင်ပြုတယ်ဆိုတာ မိဘပေးစားတာပဲဖြစ်ဖြစ် နိုးရာပဲလိုက်လိုက် အိမ်ထောင်ပြုတာ အတူတူပဲ၊ ထမင်းရည်ပူလျှာလွှဲလုပ်လို့မရဘူး"

ပြန်ပြီး ဆုံးမစကားပြောလိုက်သေးသည်။ သူမ အဖြစ်က ဘူးသီး လည်လှီးတာကို ဆိတ်လည်လှီးပါသည်ဟု အထင်မှားပြီး အဖမ်းခံရသည့် ကံဆိုးသူလိုပင်။ ဒါပေမယ့် ဟိုအဖြစ်မှာက အမှန်တရားပေါ်ပြီး အေးချမ်းသွားသေးသည်။ သူမကျတော့ ကံကြမ္မာလက်မည်းကြီးက ဒုက္ခကို အထုပ်နှင့်အထည်နှင့် ပစ်ချပေးခဲ့၏။

ကိုယ်က တစ်ကိုယ်ရေတစ်ကာယ ထွက်သွားတာပေမယ့် ဟိုမှာ လွှမ်းမိုးနိုင် ဝင်ထွက်ချုပ်ကိုင်နေပုံကြောင့် ဘယ်လိုမှရှင်းမရသောအခြေ





အနေမျိုးတွေ ဖြစ်လာခဲ့သည်။ ဒါတွေဟာ ကိုယ်ပြုခဲ့တဲ့ အမှုတွေပါ။

သို့သော် ...

"မဟုတ်ပါဘူး၊ ငါ ဖတ်လိုက်တာက ဒဂုံပန်းခြံထောင့်မှာပါ"

"ဗန္ဓုလပန်းခြံပါဆိုမှ ခင်ဗျားကလဲ"

ယောကျ်ားသံနှစ်သံ ထွက်ပေါ်လာသည်။ ကျောနောက်မှာ သိပ်မကွာသည့်မို့ ခပ်ကျယ်ကျယ်ပြောနေကြသည့်အသံတွေကို အတိုင်းသားကြားနေရ၏။

"မင်းက ဂျာနယ်ဖတ်ရလို့လား"

"မဖတ်ရပေမယ့် ကျွန်တော် သေချာသိပါတယ်၊ ကောင်လေးက သူ့ဒွေးပဲ၊ ခပ်ငယ်ငယ်ပဲတဲ့၊ သတ်သွားတာက မိန်းကလေးဆိုတာ သေချာတယ်"

"မှန်းသမ်းမနေပါနဲ့ကွာ၊ ဂျာနယ်ဖတ်ထားတဲ့ငါ ပြောတာကိုပဲ ဆက်နားထောင်၊ ကားပေါ်မှာ မိန်းကလေးနားဆွဲတစ်ဖက် ကျန်ခဲ့တယ်၊ ကောင်လေးရဲ့ရင်အုံကိုထိုးသွားတဲ့ဓားကလဲ မိန်းကလေးတွေ အိတ်ဆောင်ထားတတ်တဲ့ အော်တိုမစ်တစ်မောင်းပြန်ဓားလေး၊ နေရာက ဒဂုံပန်းခြံပဲ"

ဒီ နဲ့ သွန်း တို့နှစ်ယောက်သား နားစွင့်ထားမိကြသည်။ ဒီ့ မျက်နှာသည် စောစောက အရင့်ရောင်တွေ ဖြတ်ပြေးနေခဲ့ပြီး ခုကျတော့ ဖြူဖပ်ဖြူရော်လေးဖြစ်လျက်၊ ရှေ့ရောက်နေပြီဖြစ်သည့် အအေးပုလင်းကို ဖျစ်ညှစ်ချေဝစ်တော့မတတ် ဖိဆုပ်ထားလိုက်၏။

"ပုံစံကြည့်ရတာ မိန်းကလေးကို ကောင်လေးက ဗလက္ကာယပြုဖို့ကြံတာဖြစ်မယ်။ အပြစ်တော့ သိပ်မကြီးလောက်ပါဘူး၊ ဒါက ခုခံကာကွယ်ပိုင်ခွင့်ပဲ"

"ကာကွယ်ပိုင်ခွင့်က မှန်ပါတယ်၊ ဒါပေမယ့် ကောင်လေးကားပေါ်မှာဖြစ်တာလေ၊ လူသတ်တာက သတ်တာပါပဲ၊ အကြောင်းအရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှုစ်ရှုပ် ဘယ်သူပဲလွှန်နေနေ သတ်တဲ့လူမှာ အပြစ်ရှိသွားပြီ ထွက်ပြေးလဲ လွတ်မှာမဟုတ်ဘူး"

ဒီ နမူးလေးကို ဆံပင်သပ်သလိုလိုနှင့် ဖိပွတ်လိုက်၏။ လက်ဖဝါးထဲမှာချွေးတွေစိုသွားသည်။ ရင်တွေတလှပ်လှပ်တုန်လာတာကို ထိန်းချုပ်မရနိုင်ဖြစ်ကာ နေရာမှ ထရပ်လိုက်မိ၏။

"ငါ ပြန်တော့မယ်ဟာ"

"ဟင် ဘယ်လိုဖြစ်တာလဲ၊ အအေးလဲ တစ်ငုံမှမသောက်ရသေးဘူး"

"မသောက်တော့ဘူးဟာ၊ ငါ့မှာ တခြားအရေးကြီးတာတွေရှိသေးလို့"

နှုတ်ဆက်ပြီးထွက်ခဲ့ပေမယ့် သွန်းက ပိုက်ဆံရှင်းခဲ့ပြီး သူမပါ ထွက်လိုက်လာ၏။

"ဒီ ရယ် ဘာထဖြစ်တာလဲ၊ နင် အိမ်ထောင်ကျ မကျ ငါ့ကိုပြောနိုင်ဦး။ ခုကော ဘယ်မှာနေတာလဲ၊ အိမ်မှာနေတာမဟုတ်ဘူးဆိုလဲ ငါ့အိမ်ကို လိုက်ခဲ့ပါလား။ ကြာကြာနေလို့လဲရတယ်၊ ခဏအလည်ဆိုလဲ စကားပြောရတာပေါ့ဟာ"

"နေပါစေ"

ဒီ လေသံက မာသွား၏။ 'ငါ့အိမ်လိုက်ခဲ့ပါလား' ဆိုသည့်စကားသံမျိုးကို နားထဲမှာရော ရင်ထဲမှာပါ ခါးသွားခဲ့သည်။ ဘယ်သူဖြစ်ဖြစ် ခဏတာ သာယာချင်ကြတာပါ။

တကယ်ဒုက္ခရောက်လို့ ကူညီပါ၊ လက်ကမ်းပါဖြစ်လာတော့ လက်ကမ်းမယ့်သူ ဘယ်သူရှိလို့လဲ၊ တော်ပါပြီ။

နောက်ထပ် ဘယ်သူ့ထံမှာ စေတနာအရင်းခံရှိနေမလဲဆိုတာလည်း မသိချင်တော့ပါ။ ဟိုတုန်းကနဲ့ အခု ဆိုနဲ့ရေလို ပြောင်းလဲသွားခဲ့သော 'မေသော်' မျက်နှာကို ဘယ်တော့မှ မေ့လို့ရမှာမဟုတ်သလို တစ်ယောက်ယောက်ကို အားကိုးချင်စိတ်တွေ နောက်ထပ် ရှိလာမှာလည်း မဟုတ်





တော့ပါ။

မိဘအုပ်ထိန်းသူတို့၏အရိပ်ကို စွန့်ခွာထွက်ခဲ့မိသည့် မာန်မာနများကို 'နောင်တရပါပြီ' လို့ မအော်သရွေ့ ကံကြမ္မာက ဘယ်ထိ ဒဏ်ခတ်နှိပ်စက်ဦးမည်မသိနိုင်။

နှုတ်မှ ထုတ်ဟမည်သိုးသိုးသေးသည့်တိုင် လမ်းပေါ်မှလိမ့်နေရသည့် အဖြစ်ကိုတော့ ဒီ ကြေကွဲနာကျင်လာခဲ့ပါပြီ။ ထို့ပြင် သူမမှာ လူမသိနိုင်သော ပြစ်မှုကြီးတစ်ခုနှင့် ...

"ဒီ"

ခေါ်ပြန်ပြီ နောက်တစ်ယောက်။ ဒီတစ်ခါတော့ နောက်က ဘေးက မဟုတ်ဘဲ ဒီ ရှေ့တည့်တည့်မှာ ပိတ်ရပ်လိုက်ပြီးခေါ်ခြင်းဖြစ်၏။ မေသော့် မျက်နှာက ခင်မင်မှုတွေ ပျောက်ဆုံးနေပေမယ့် အထင်မြင်သေးနှိမ့်ချတာမျိုးတွေလည်း မရှိ။

"နင် ရန်ကုန်ကိုပြန်လာတာ ဘာဖြစ်လို့ ငါ့ကိုမပြောတာလဲ ဒီ"

"နင့်ကိုပြောထားသားပဲ၊ နင့်အိမ်မှာ ကြာကြာမနေတော့ဘူးလို့"

ဒီ ကမျက်နှာလွှဲထားလျက်နှင့်ပြော၏။ ခုပဲ သူမအကြောင်းကိုတွေး၍ နာကျင်နေတုန်း။

"ငါ နင့်အပေါ် ဝတ္တရားကျေခဲ့တယ် ဒီ၊ နင် ဒုက္ခရောက်လာတာကို ငါ မားမားမတ်မတ်ရပ်ပြီး ကူညီခဲ့တာပါ၊ အများကြီးပံ့ပိုးခဲ့ရပြီးမှ ငါ့ကို နင် ရန်သူလိုသဘောထားပြီး ခုလိုလုပ်သွားတာ တကယ်လွန်တယ်"

ဒီ ဆတ်ခနဲပြန်လှည့်လာ၏။ မေသော့် မျက်နှာလည်း တင်းနေပါသည်။ ရှေ့ မလှက်ဖောင်းဘေးမှာရပ်ထားသော နီညိုရောင်ကားလေးဆီ တို့ ဒီ ကလှမ်းကြည့်၍ ...

"လွှန်တယ်ဝဲထားလိုက်တော့ မေသော်၊ ငါ့လိုမိန်းမက စိတ်ကူတယ် မှန်းသွားတယ်ဆိုလဲ နင့်အတွက် ဒုက္ခတောင်အေးပါသေးတယ်၊ အပြောချင်

www.burmeseclassic.com



ထို့ ဒါတို့ လိုက်ရှာနေတာလား"

ထွက်ခွာမလို့ ခြေလှမ်းပြင်လိုက်ရင်း ဒီ က စကားစဖြတ်လိုခြင်းကို ဖြသည်။ မေသော် က သူမရှေ့ကနေ တစ်ဖဝါးမှမခွာဘဲ ရပ်နေကာ ...

"ငါက အိမ်ကလူတွေနဲ့အတိုက်အခံလုပ်ပြီး ငါ့နေရာမှာ နင့်ကိုထားခဲ့တာ၊ နင့်ကျတော့ အခု ပြန်မှာယ်၊ သွားမယ် ဘာမှမပြောဘဲ အိမ်ကို ဒီတိုင်း ထားခဲ့တယ်"

"ဒါတော့ မပြောနဲ့ မေသော်၊ ငါ့ကိုထားခဲ့တာလား။ နင့်အန်တီရဲ့ ညှို့သည်တွေနဲ့ ထားပစ်ခဲ့တာလား"

မေသော်က ငြိမ်နေ၏။

"ငါမှာ ယောက်ျားမျက်နှာစိမ်းတွေနဲ့ တစ်ယောက်တည်းနေခဲ့ရတာ"

"ဒါကတော့ နေတတ်ရင် ရပါတယ်ဟာ၊ နင်က ငါ့လူဖြစ်သလို ဟို ညှို့သည်တွေကလဲ အန်တီတို့ထားတဲ့လူတွေပဲ၊ ဒီအိမ်က ငါ နေပေမယ့် အန်တီလေးတို့ ပိုင်တာ"

"နင် ငါ့ကိုထားခဲ့တာရော နေခဲ့ပါဆိုပြီး ထားခဲ့တာလား။ မနေနိုင်ရင် သွား ဆိုတာမျိုးလား"

"အဲဒီမှာပဲ နင် ငါ့ကို စာနာတတ်ရင် ရတယ် ဒီ၊ နင့်ကို အဲဒီမှာလက်ခံထားလို့ ငါ ဘယ်လောက်ရင်ဆိုင်နေခဲ့ရလဲ နင် သိလား၊ နင့်ကို လုံး၀ ပြောမထွက်လို့ ငါ စိတ်ညစ်ခံနေခဲ့တာ၊ မပြောရက်လို့ မပြောတာကို နင်က အကောင်းဘက်ကမမြင်ဘူး။ ဦးတိုးဇော် ဆိုတဲ့လူကြီး ထိကပါး ရိကပါး လုပ်နေတယ်ဆိုတာ ငါလဲသိတာပဲ၊ မိန်းကလေးနဲ့ယောက်ျားလေး ဟိုလိုဒီလိုမျက်လုံးနဲ့ကြည့်တာ ဘာဆန်းလို့လဲ၊ အထူးသဖြင့် နင့်ကို ငါ့ သူငယ်ချင်းဆိုတာပဲ သိကြတာ၊ ဒီလောက် ရက်ရှည်လများ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲလို့ တွေးတဲ့သူက တွေးမိမှာပေါ့"

ဒီ က စူးစိုက်ကြည့်၍ နှုတ်ခမ်းကို မဲ့ထား၏။ မေသော်ကလည်း





ပြန်စိုက်ကြည့်ကာ ...

"နင့်ကို ငါက ချိုးနှိမ်ချင်လို့ ဒီလိုပြောတာမဟုတ်ဘူး၊ အခြေအနေကို နားလည်စေချင်တာ၊ ဒီလိုဒဏ်တွေကို နည်းနည်းမှမခံနိုင်ရင် မိဘအုပ်ထိန်း သူအောက်ကနေ ရုန်းထွက်လာတာ နင် မှားတာပဲ"

"နင် ဘာပြောချင်တာလဲ မေသော်"

"ဘာမှမပြောချင်ပါဘူး၊ နင့်မျက်လုံးထဲမှာ ငါ့ကို ဘယ်လိုမြင်သွား တယ်ဆိုတာ သိချင်လို့ လာကြည့်တာ၊ မျက်လုံးထဲကို ဖတ်ဖရာမလိုတော့ ပါဘူး၊ နင့်စကားသေသံတွေကို ငါ နားလည်သွားပြီ၊ ရပါတယ်၊ နင်က တစ်အူတုံဆင်းအတူနေခဲ့တဲ့ ညီအစ်မချင်းကိုတောင် ရင်နဲ့ရင်းပြီး ချစ်ခဲ့ဖူး တာမှမဟုတ်တာ၊ တစ်သက်လုံးကောင်းခဲ့တဲ့ မိဘအုပ်ထိန်းသူကိုလဲ အကောင်းမမြင်ဘူး။ ငါ့လိုလူမျိုးကို အထင်လွဲစော်ကားတာ နည်းပါသေး တယ်"

ဒီ့ မျက်လုံးတွေမှာ အရောင်တွေလက်လာသည်။ နှုတ်ခမ်းသားလေး တွေက တင်းတင်းစေ့လျက် လက်သီးတွေဆုပ်ထားရင်း ကြည့်နေ၏။ ဒီနေရာဟာ လူမြင်ကွင်း၊ လမ်းပေါ်မှာသာ မဟုတ်ခဲ့လျှင် ...

"စိတ်ဆိုးလိုက်ပါ၊ ငါက နင် စိတ်ချမ်းသာမယ့်စကားတွေ ပြောဖို့ လိုက်ရှာနေတာမှမဟုတ်ဘဲ၊ တစ်ခုတော့ရှိတယ် ဒီ၊ လွှမ်းမိုးနိုင် နင့်နောက် ကို တကောက်ကောက်လိုက်နေတဲ့ပြဿနာက သေးသေးကွေးကွေး မဟုတ်ဘူး။ သူ့ကြောင့်ပဲ နင် အခု နာမည်ပျက်ခဲ့ရသလို ငါလဲ နင့် သူငယ် ချင်းဖြစ်ခွင့်မရတော့တာ၊ သူ့ကြောင့်ပဲ ရှေ့လျှောက် နင် သတိထားပေါ့ ဟာ၊ ငါ သွားမယ်"

မေသော် ကားအနီလေးပေါ် ပြန်ရောက်သွားသည်နှင့် ဒီ့ မျက်ဝန်းမှာ မျက်ရည်ဝေ့၏။

လွှမ်းမိုးနိုင်၏နာမည် ကြားလိုက်တာနှင့် ဖွေးဖွေးနီ...သော သွေး



www.burmeseclassic.com

www.burmeseclassic.com



ထွတ်ကြီးနှင့် ရာဇအောင် ၏မျက်နှာကြီးကို ကွက်ခနဲမြင်သည်။

"တို့ပြောတာကို မင်း နားလည်ပါတယ် ဒီ၊ အဲဒီတော့ မင်းဘက်က ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ စဉ်းစားပေါ့။ ဟိုတုန်းကလို အရှုံးအရှုံး ကိုး ကွယ်ချင်တာမျိုးမဟုတ်တော့ပေမယ့် မင်းကို ငါ ခုချိန်ထိ ရင်ခုန်တုန်းပဲ"

"တောက်"

ရင်ထဲမှာပဲတက်ခေါက်သံက ကျယ်လောင်စွာမြည်ဟီးသွားသည်။ ဟိုတုန်းက ကိုယ်ကြည့်ခဲ့သည့်မျက်လုံးတွေလိုပဲ ကိုယ့်ကို ပြန်ကြည့်ခဲ့သည်။ ဒါပေမယ့် မျက်လုံးတွေမှာ တပ်မက်သောအကြည့်ရိုင်းတွေ၊ အဓိပ္ပာယ် မြင်သေးသည့်မဲ့ပြုံးတွေနှင့် အများကြီးပိုပါသေးသည်။

"မင်းဆုံးဖြတ်တာကို တို့ စောင့်နေမယ်"

ပြောပြီးတော့ တိုက်ခန်းနံပါတ်တစ်ခုပါသည့် လိပ်စာကတ်လေး ပေး သွားခဲ့၏။ စောင့်နေမယ်ဆိုတာက အချိန် သုံးရက်ပဲဖြစ်သည်။ ထိုပြဿနာ ကြောင့် ဒီ ဘယ်လိုမှ ထိုင်နေလို့မရတော့ဘဲ လမ်းပေါ်မှာပဲ လိမ့်နေခဲ့ရ သည်။

ဘာကိုမြင်မြင် စားသောက်ချင်စိတ်မဖြစ်၊ စားဖြစ်တော့လည်း မျိုချ လို့မရ၊ မကောင်းမှုတစ်ခုကို ကျူးလွန်လိုက်တာနှင့် နောက်က မကောင်း ခြင်းများစွာက လက်ယပ်ခေါ်ဖို့ မလိုပါလား။

ခြေလှမ်းတွေက ဦးတည်ချက်မဲ့နေခဲ့သည်။ ရင်ထဲမှာ မှုလောင်နေ တာကလည်း မနေ့ တစ်နေ့ကလို ငွေမရှိလို့မဟုတ်၊ နေစရာမရှိလို့လည်း မဟုတ်ပေ။ လက်ရှိ ရင်ဆိုင်နေရသည့် အကျပ်အတည်းတစ်ခုမှ လွတ် မြောက်လိုခြင်းသာဖြစ်လေသည်။

ဒါဆို ဘာလုပ်ရမလဲ။





## အခန်း (၂၉)

"ဟင် ... ဒီဒီ"

ဒီဒီ ကိုမြင်လိုက်တာနှင့် ဒေါ် ယဉ်ဆင့်မျက်လုံးက ကားရပ်သည့်နေရာ ဆီသို့ ရောက်သွား၏။

"ကားမပါဘူးလား။ တစ်ယောက်တည်းလား"

မေးခွန်းနှစ်ခု ဆက်တိုက်ထွက်ကျလာသည်။ ပြီးတော့ မျက်နှာလေး ချောင်ကျနေသည့် ဒီဒီ ကို စိုးရိမ်မကင်းစွာကြည့်၏။

"ဘာဖြစ်လို့လဲ ဒီဒီ၊ တည်မြဲက ဆူလိုက်လို့လား"

ရန်ဖြစ်လာသလားလို့ မမေးဖြစ်တာက ဒီဒီ့ အနေနှင့် တည်မြဲနှင့် ဘယ်တော့မှ ခွန်းကြီးခွန်းငယ် ဖြစ်မှာမဟုတ်တာကို သေချာသိနေ၍ ဖြစ် သည်။

ဒီဒီ ကခေါင်းခါပြလိုက်ပြီး ဆိုဖာပေါ်မှာ အိခနဲပစ်ထိုင်၏။

"ဟဲ့ မေးတာကို တစ်ခွန်းမှလဲ မဖြေပါလား။ ဒီအချိန်ကြီး မလာစဖူး နဲ့"

"ဒေါ်လေးကလဲ ဖြေတာကိုမှမစောင့်ဘဲ၊ ဒီမှာ ညစ်လာရတဲ့အထဲ"

"အဲဒီ ညစ်တာကိုက ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်ဆင့် စကားတစ်ပိုင်းတစ်စနှင့်ရပ်သွားသည်။ 'ညစ်'တာတွေ 'သစ်'တာတွေ ဒီဒီ အစက မပြောတတ်ပါ။

"သမီး ဒီဒီ ဆွဲကြိုးနဲ့ဟာမ်းချိန်းကော"

တည်မြဲ လုပ်ပေးထားသည်ဆိုပြီး တကူးတက လာကြွားထားတာမို့ ဒေါ်ယဉ်ဆင့်ကလည်း သေချာကြည့်ထားတာပါ။ ဆွဲကြိုးက စိန်လော့ကက်လေးနဲ့ဖြစ်ကာ ဟာမ်းချိန်းက သော့ချိတ်ထိပ်လေးတွေမှာလည်း စိန်ပွင့်လေးနှစ်ပွင့် ပါသေးသည်။

"ဒေါ်လေး တွေ့လား၊ အဲဒါ ဦး ဝယ်လာပေးတာ၊ ဟာမ်းချိန်းကိုတော့ ဒီနိုင်းနဲ့ သေချာအပ်ထားတာတဲ့၊ မင်္ဂလာဆောင်တဲ့နေ့ကတော့ မပေးဘူးနော်၊ အထိမ်းအမှတ်ပစ္စည်းလေးဆိုရင် ပိုအဓိပ္ပာယ်ရှိသွားမှာ"

ဟု ညည်းညူသံလေးနှင့်ပြောတော့ သူမကပဲ နှစ်သိမ့်စကားပြောလိုက်ရသည်။

"သမီးကို အစက စိတ်သိပ်မဝင်စားခဲ့ဘဲ နောက်မှ ချစ်လာလို့ပေါ့"

ပြောပြလိုက်မှ မျက်လုံးလေးတွေ လက်ခနဲဖြစ်သွားကာ ဝမ်းသာအားရ ...

"ဟယ် အဲဒါဖြစ်နိုင်တယ် သိလား၊ ဦး အခုတစ်လော မျက်နှာကြီး တင်းမနေတော့တာ သေချာတယ်"

တည်မြဲ ကို သူမ ချစ်နေကြောင်းတွေ၊ တည်မြဲ က ဒီ ကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်ဖြစ်နေတာတွေ၊ အားလုံးကို ပြောပြပြီးတော့လည်း စိတ်ညစ်ရှာခဲ့သေးသည်။

"ဒီဒီ မေးနေတာဖြေစမ်း၊ လက်ဝတ်လက်စားတွေရော"

"ပျောက်မှာစိုးလို့ သိမ်းထားတာပါ၊ ဒေါ်လေး ဘာချက်လဲဟင်"

"စကားလမ်းကြောင်းလွှဲမနေနဲ့ ခုမှ ဆယ့်တစ်နာရီတောင် မထိုးသေးဘူး၊ လင်မယား ဘာဖြစ်လာသလဲ ပြောစမ်း"





"မဖြစ်ပါဘူးဆိုမှ၊ ကိုကိုက ဒီဒီ ကို သိပ်ချစ်တာ"

"ဘာ ..."

ဒေါ်ယဉ်ဆင့် မျက်မှောင်ကြုတ်သွား၏။

"ဦးကနေ ကိုကို ဖြစ်သွားပြီလား"

ဒီဒီ မျက်နှာလေးငုံ၍ ရှက်ကိုးရှက်ကန်းပုံလေးနှင့် ...

"ခေါ်ကြည့်တာပါ၊ ဦးလို့ခေါ်တာကို ကိုကိုက သိပ်မကြိုက်ဘူး ဒေါ်လေးရဲ့၊ အဲဒါ အကျင့်ဖြစ်အောင်လို့ ..."

ဒေါ်ယဉ်ဆင့်က ဒီဒီ ကို စူးစိုက်ကြည့်ပြီး သက်ပြင်းချသည်။ ပြီးမှ ချက်ပြုတ်လက်စတွေရှိသေးသည့် မီးဖိုဆောင်ဘက်ကို ခြေဦးပြန်လှည့်၍...

"ဘာမှမကျက်သေးဘူး၊ အားလုံး ချက်လက်စတန်းလန်းချည်းပဲ၊ ထမင်းစားပြီးမှ ပြန်မှာလား၊ တည်မြဲ လာခေါ်မှာလား"

"ထမင်းစားပြီးမှ ပြန်ဖို့တော့မဟုတ်ဘူး၊ ဒါပေမယ့် အခုစားလို့ရရင်တော့စားချင်တာပေါ့၊ ကိုကိုမသိအောင် ထွက်ခဲ့တာဆိုတော့ ပြန်ရမှာ"

"ဖြစ်ရလေအေ၊ ကျုပ်ဆီကိုလာတာများ ယောကျ်ားမသိအောင်လာလောက်စရာ ဒီမှာ ဘာရှိလို့လဲ၊ ပျင်းရင်လဲ ခေါ်လိုက်ပါဘား၊ ကျုပ်က တစ်ကိုယ်ရေတစ်ကာယသမား၊ ဘယ်သွားသွား ဘယ်အချိန်ပြန်ပြန် ပြဿနာမရှိဘူး၊ နောက် အဲဒီလိုမလုပ်နဲ့ တည်မြဲ က ညည်းကို ချစ်နေတာ ရှိချင်ရှိမယ်၊ သည်းခံတတ်တဲ့ယောကျ်ားမျိုး မဟုတ်တာတော့ သေချာတယ်"

"မခံနေပေါ့ ဂရုစိုက်လို့"

"ဘယ်လို"

နောက်ကိုလှည့်ဝင်သွားပြီးမှ ဒေါ်ယဉ်ဆင့် သမင်လည်ပြန်ကြည့်သည်။ ဒီဒီ က လက်ဝါးလေးကာ၍ရယ်ပြလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း ပြောကြည့်တာပါ။ ရှေ့မှာ မပြောရဲလို့"

"ပြောမနေနဲ့ အကျင့်ပါတယ်"

ဒေါ်ယဉ်ဆင့်က မျက်စောင်းထိုးတာမဟုတ်ဘဲ ခပ်စောင်းစောင်းကြည့်နေပြီးမှ နောက်ဖေးဝင်သွား၏။ ဒီဒီ က နေရာမှထဖို့ ဟန်ပြင်လိုက်စဉ် ဒေါ်ယဉ်ဆင့်အသံ ထွက်ပေါ်လာသည်။

"ညည်း စားလို့ရအောင် ဒေါ်လေး လုပ်လိုက်မယ်၊ စားပြီးရင် ပြန်တော့ ကြားလား"

"ဟုတ်"

ထိုစဉ် စင်လေးပေါ်မှ တယ်လီဖုန်းသံက ကျယ်လောင်စွာထမြည်လာ၏။ ဒီဒီ အူယားဖားယား ထသွားကိုင်လိုက်သည်။

"ဟဲလို"

"......"

"ဟုတ်တယ် ငါပဲ၊ ဘာပြောမလို့လဲ ပြော"

"......"

"မလာနဲ့ ဒေါ်လေးကို ငါ ကိစ္စတစ်ခုရှိလို့ လာမေးတာ၊ အရေးကြီးတယ်၊ လူလဲမလာနဲ့ ဖုန်းလဲ ထပ်မဆက်နဲ့ ဒါပဲ"

ဒီဒီ ဖုန်းကို ဂွပ်ခနဲချပစ်လိုက်မိသည်။

"ဘယ်သူလဲ"

ဒေါ်ယဉ်ဆင့်က လက်နှီးနှစ်ခု ကိုင်လျက်နှင့် ထွက်ကြည့်မေး၏။

"ဒီ သူငယ်ချင်းတွေ ဒီ့ အကြောင်း ဟိုမေး၊ ဒီမေး လုပ်နေလို့ အရမ်းစိတ်ပျက်ဖို့ကောင်းတာပဲ"

ဒေါ်ယဉ်ဆင့် နည်းနည်းတော့အံ့ဩမိ၏။ ဒီ အကြောင်းပြောဖြစ်တိုင်း ဒီဒီ့ မျက်နှာမှာ စိတ်မကောင်းခြင်းတွေ၊ တမ်းတသံတွေပဲ ဖြစ်နေတတ်သည်။ ခုကျမှ စိတ်ပျက်သည်ဆိုတော့ ဆန်းပါသည်။





ဒီဒီ က ခပ်တည်တည်လေးနေလိုက်ပြီးမှ ဒေါ်ယဉ်ဆင့် ကွယ်သွားသည်နှင့် ဖုန်းဘေးကစာအုပ်ကို ကပျာကယာပြေးလှန်သည်။ ဒီစာအုပ်ထဲမှာ ဖုန်းနံပါတ်တွေအားလုံးရှိသည်။

သူမ လိုချင်သည့် ဖုန်းနံပါတ်က ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

ဘေးမှာ နိုင်ငံခြားကားကိုယ်စားလှယ်တွေရှိနေသည်။ ဟိုတုန်းက ဂျီအမ်စီလိုကားကြီးတွေ စီတန်းရပ်ထားသည့်ဘေးမှာ အားလုံး မတ်တတ်တွေပဲ သူတို့ ရှိနေကြတာဖြစ်၏။

ဒီကားကြီးတွေကို အဲယားကွန်းကားကြီးတွေ လဲပစ်ဖို့အတွက် ဆွေးနွေးနေကြရင်း သူတို့ကလည်း ကားတွေဆီမှာပဲ အာရုံရောက်နေကြသည်။ တည်မြဲ ၏အိတ်ထဲက ဖုန်းခေါ်သံမြည်လာသည်။

ထုတ်ကြည့်လိုက်တော့ ဒီဒီ ခေါ်နေတာဖြစ်သည်။ ထို့ကြောင့် ခေါ်သံပျောက်သွားအောင် ဖုန်းကိုဖွင့်ထားလိုက်ပြီးမှ ပြန်ထည့်ထားလိုက်၏။

ပြောနေသည့်စကား မပြတ်သေး။ ဖုန်းက တုန်ခါနေသဖြင့် 'ကိုင်လိုက်ပါလား'ဟု ထိုးဆိတ်သတိပေးနေသလိုပင်။

"ခဏဗျာ"

သူ့ စကားဝိုင်းထဲက ထွက်လာခဲ့ရသည်။ မရမချင်း ခေါ်နေသည့် ဒီဒီ့ ကို ဒေါသဖြစ်တာမဟုတ်ဘဲ စိတ်မရှည်စွာဖြင့် ...

"ဒီဒီ ဘာလဲကွာ၊ ဒီမှာ အလုပ်ကိစ္စတွေပြောနေကြတာ"





"ခေါ်ကြည့်တာပေါ့၊ ဘာဖြစ်လို့လဲ"

"ခေါ်ကြည့်တာမရရင် ပြန်ချထားလိုက်ပေါ့ကွ၊ ကွတ်"

"ဦးက ဒေါသထွက်နေတာလားဟင်၊ ဒီဒီ ဦးအတွက် ညစာဟင်းတွေ စုံနေအောင်ချက်ထားတာ၊ ဟင်းတွေကျက်သွားတော့ ဦးကို သတိရလို့ ဆက်တာပါ"

"အင်း ဟုတ်ပြီ၊ စောစောပြန်ခဲ့မယ်၊ ကိုယ် အော်လိုက်တာ ဆောရီးကွာ၊ ဒါပဲနော်"

သူ့အပေါ် ဆိုးနွဲ့ချင်တာလေးကို အော်ငေါက်လိုက်မိသဖြင့် စိတ်မကောင်းဖြစ်သွားမိသည်။ ဒီနေ့ စောစောပြန်ဖြစ်ဖို့လည်း ပို၍သေချာသွား၏။

ဒီဒီ ကတော့ ဖုန်းကို အသာပြန်ချကာ တည်မြဲ စိတ်တိုနေသည့်အသံကိုပဲ ထပ်ကာထပ်ကာ ကြားနေမိသည်။

ဟုတ်သည်။ သူမ ဒီလိုမလုပ်သင့်ပေ၊ တည်မြဲ က စကားကုန်ပြောထားပြီးသား။

"တော်ရုံကိစ္စနဲ့ ဖုန်းလှမ်းမဆက်နဲ့နော်၊ လုပ်ငန်းဆိုတာ အပြိုင်အဆိုင်တွေရှိတယ်၊ သူ့ ထက်ငါ လုယက်ပြောဆိုရတာတွေကော၊ အဲဒီအချိန်မှာ ဖုန်းဝင်လာရင် အဲဒီဖုန်းကို ထကန်ပစ်ချင်တာ" တဲ့။

ဒီလောက်လေးပြောသွားတာပဲ တော်သေးသည်။ ပျော်ရွှင်တက်ကြွနေသည့်စိတ်လေးတွေ ပျောက်ကွယ်သွားခဲ့ရကာ ဦး ပြန်လာရင် ဒေါသတွေနဲ့များ ပြန်လာမလားဟု တွေးပူမိသေးသည်။

ထိုစဉ် အနားကမခွာရသေးဘဲ ဖုန်း နောက်ထပ်မြည်လာသဖြင့် ဒီဒီ ဖြန့်ကိုင်လိုက်ရ၏။

ကြည့်လိုက်တော့ သူမ မသိသောဖုန်းနံပါတ်တစ်ခုဖြစ်နေသည်။ ဒီ ဖုန်းနံပါတ်ကို လူစိမ်းတွေ သိပ်မသိပါ။ ဦး ဝယ်ပေးထားတာ မကြာသေး



www.burmeseclassic.com

www.burmeseclassic.com



ပေ။

သို့သော် ကိုယ့်ကိုမသိပေမယ့် အရင်ပိုင်ရှင်ထံသို့ လာသည့်ဖုန်းတွေလည်း ဖြစ်နိုင်သဖြင့် နားထောင်လိုက်၏။

"ဘဲလို ပြောပါ"

"ဒီဒီ"

"ဟင် ဘယ်သူလဲ၊ ဒီ လား"

"ဟုတ်တယ်၊ ငါ အရမ်းဒုက္ခရောက်နေလို့ နင် ခဏလေးထွက်ခဲ့စမ်းပါ"

"ထွက်ခဲ့ရမယ်၊ ဘယ်ကိုလဲ"

"ကမ်းနားလမ်းက ခြံ(...)ကို"

"အဲဒါ ဝေးသလား ဒီ၊ ဦး ပြန်လာတော့မှာ"

"ခဏလေးပါ ဒီဒီရယ်၊ ငါ ဒီလောက်ဒုက္ခရောက်နေတာတောင် နင်က စိမ်းကားလှချေလား၊ ငါ့ကို အမွှေဖြတ်ထားတဲ့သမီးပဲဆိုပြီး ..."

"ဒီ မဟုတ်တာတွေ လျှောက်မပြောပါနဲ့"

"မဟုတ်ရင် နင် အခုချက်ချင်း လာခဲ့ပါ၊ ဘယ်သူတစ်ယောက်ကိုမှ ငါ့ဆီကိုလာတဲ့အကြောင်း နင် ပြောမလာခဲ့နဲ့"

ဖုန်းကိုင်ထားလျက်နှင့် ဒီဒီ ဘယ်လိုဆုံးဖြတ်ရမှန်းမသိဖြစ်သွားမိသည်။ နေရာတကာ မရောက်ဖူးတာက များသဖြင့် ဒီ ပြောသည့်နေရာက နီးသလား ဝေးသလား မသိပေ။

ဒါပေမယ့် ရန်ကုန်ထဲမှာပဲမို့ ကိစ္စမရှိနိုင်ဟု တွက်ကာ...

"နင် ပိုက်ဆံတွေဘာတွေ လိုလို့လား ဒီ၊ ငါ တစ်ခါတည်းယူလာခဲ့မလို့ မေးတာပါ၊ အများကြီးတော့ မရှိဘူး"

"မလိုဘူး၊ အဲဒါတွေ နင်နဲ့တွေ့မှပဲ ငါပြောမယ်၊ အခုလောလောဆယ် လူပဲလာရင် ရပြီ"





ဒီဒီ ဖုန်းချလိုက်ပြီးတာနှင့် ကမန်းကတန်း အဝတ်အစားလဲပြီး ဆလင်းဘက်ခ်လေးကောက်ယူ၍ ထွက်လာခဲ့သည်။ သူ မသိဘဲ ဘယ်မှ မသွားရ ဟူသောအမိန့်နှင့် ဒီဒီ့ အတွက် ကားထားမပေးခဲ့ပေ။

ထို့ကြောင့် အိမ်မှာ ကားလည်းမရှိ ဒရိုင်ဘာ ဘာညာ ဂေါ ပိုလည်းမရှိပေ၊ တံခါးဝကျမှ ခြံစောင့်ကြီးကို ပြောခဲ့လိုက်သည်။

"ဒီဒီ အရေးတကြီးဝယ်စရာပစ္စည်းလေးရှိလို့၊ ဦး အရင်ပြန်ရောက်လာရင် ပြောပေးနော်"

ဒီလောက်တော့ မှားသွားခဲ့မှုဖြစ်မည်။ တွေ့သည့်ကားကိုတားလိုက်ပြီး ဒီ ပြောသည့်လိပ်စာနှင့်ခြံကိုရောက်သွားတော့ ညနေ သုံးနာရီခွဲတော့မည်ဖြစ်၏။

ခြံဆိုတာထက် ဂိုဒေါင်တွေဆိုလျှင် ပိုမှန်လိမ့်မည်။ ဂိုဒေါင်တွေ တစ်တန်းကြီးရှိနေသည့်ထဲမှာ အစွန်အဖျားကျသော ဂိုဒေါင်တစ်လုံးက တံခါးပွင့်နေ၏။

ထိုထဲကနေ ဒီ ထွက်လာသဖြင့် ဒီဒီ အံ့သြသွားမိသည်။ ပြီးတော့ ရင်ထဲမှာလည်း နင့်သွား၏။ ဒီ ထိုမျှအထိ အဖြစ်ဆိုးနေသလား။

"လာလေဟာ"

ဒီဒီ့ ခြေလှမ်းတွေ နှေးဆုတ်နေတာကို စိတ်မရှည်သည့်လေသံနှင့် ဒီ က အထဲကိုပြန်ဝင်သွား၏။ အပြင်ကြည့်တော့ ဂိုဒေါင်ပုံစံပေမယ့် ဒီထဲမှာတော့ လူနေတာဖြစ်နိုင်သည်။

ရှေ့ပိုင်းမှာ ဧည့်ခန်းပုံစံမျိုး ဆက်တီခုံချခင်းလျက် နောက်က အိပ်ရာတို့ ရှိတတ်စင်လို ကန့်လန့်ကာပါးလေးတစ်ခုနှင့် ခြားထား၏။

"အဲဒီမှာ ထိုင်"

ဒီ က ပြောပေမယ့် သူမ ရုတ်တရက် မထိုင်ဖြစ်ဘဲ ဆံပင်ရှည်တွေ ရှိုးတော့သည့်ဒီကို ခုကျမှ သတိထားမိသွားပြီး သေချာကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဒီ နင့်ဆံပင်တွေကော”

“မရှိတော့လို့ နင် မမြင်တာပေါ့၊ အပိုတွေမေးမနေစမ်းပါနဲ့၊ ထိုင်ဆို ထိုင်လိုက်”

ဒီဒီ့ မျက်နှာမှာ သူမ ရောက်လာသည့်အတွက် ဝမ်းသာသွားခြင်း၊ ရင်ဖွင့်တိုင်ပင်ခြင်း စသော လှုပ်ရှားတက်ကြွမှုတို့ ရှိမနေခဲ့ပေ၊ မျက်မှောင်ကြုတ်ထားလျက်နှင့် သူ့ပဲ အရင်ထိုင်နေလိုက်ပြီး ဆံပင်တွေကို ခဏခဏ ဖွပစ်သည်။

ရှေ့မှာ ထိုင်လိုက်သည့် ဒီဒီ့ ကို မှုန်ကုပ်ကုပ်စိုက်ကြည့်၍ ...

“နင် ခုလို လှုပ်ကြွရှနေတာ ငါ့ကို ကျေးဇူးမတင်ဘူးလား”

“ဟင် ...”

“အဲဒါ ငါ့ကြောင့်လေ၊ တည်မြဲ ဆိုတဲ့လူကို ငါ မလိုချင်လို့ နင် ရတာ မဟုတ်လား၊ နင်ကတော့ ကြက်ကန်းဆန်အိုးတိုးတဲ့ကိန်း ဆိုက်သွားတယ် ငါကတော့ လူပါးပုလင်းကွဲရှ ဆိုတာလိုပေါ့”

သူမဘာသာပြောပြီး နှုတ်ခမ်းကို တွန့်မဲ့ပစ်သည်။ သေချာကျနစွာ ပုံသွင်းထားသည့်ဆံပင်တွေက နေသားကျနေပါလျက်နှင့် လက်တစ်ဖက်နှင့် ထိုးဖွလိုက်၊ ပြန်ဖိလိုက်။

“ငါ တကယ် လုံးဝကို မထင်ခဲ့ဘူး၊ စေတနာ စေတနာနဲ့ ဟစ်ကြွေးနေကြတဲ့လူတွေအားလုံးက ငါ့ကို မစင်ပုံတစ်ပုံလိုပဲ၊ ငါက ဘာတွေလုပ်ခဲ့လို့လဲ၊ ငါ ဘယ်လောက်မိုက်မဲခဲ့လို့လဲ”

“ဒီရယ် အဲဒါတွေပြောချင်တာများ နင် ငါ့ဆီလာခဲ့လို့ရတာပဲဥစ္စာ ဒေါ်လေးနဲ့ဖေဖေကို ငါ လုံးဝ မပြောဘဲနေလို့ရတယ်၊ ပြီးတော့ ငါ နင့်ကို ကူညီနိုင်ပါတယ်”

“မလိုပါဘူး၊ နင် အခု စံစားနေရတာတွေက တကယ်တော့ ငါ့နေရာပဲ ကိုယ်က ပေးသနားထားလို့ ပြောင်ရောင်နေတဲ့လူဆီက ငါက လက်ခံ





ဖြန့်စရာလား”

ဒီဒီ့မျက်နှာလေး နီမြန်းသွား၏။ ဒီ့ စကားလုံးတွေက စိမ်းကားရင့်သီးလွန်းတာကို ခံစားမိလာသည်နှင့်အညီ ရင်ထဲကခံစားချက်တွေကို ခန့်မှန်းလိုက်မိ၏။

ဒါဆို ကိုယ့်ကို လှမ်းခေါ်တဲ့ကိစ္စဟာ အားကိုးတကြီး အကူအညီတောင်းချင်တာမျိုးမဖြစ်နိုင်တော့ဘူး။

“ဘာဖြစ်လို့ ဒါကိုပဲ ထည့်ထည့်ပြောနေတာလဲ ဒီ၊ လူကြားလို့လဲ မကောင်းဘူး၊ ဦးကိုငါက လက်ထပ်ပါရစေလို့ နင့်ဆီမှာ တောင်းခဲ့တာ မဟုတ်သလို နင်ကလဲ ငါ့ကို ခံစားပါစေ၊ စံစားပါစေ ဆိုပြီး ပေးခဲ့တာ မဟုတ်ဘူး၊ ဒီအဖြစ်တွေထဲမှာ နင်နဲ့ငါ နှစ်ယောက်စလုံး ဘယ်သူမှ တမင်တကာ ဖန်တီးခဲ့တာမပါဘူး၊ နင် ရှောင်ထွက်သွားလို့ ဒီမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်ကျန်ခဲ့တဲ့ မင်္ဂလာပွဲအတွက် ဖေဖေတို့ အရှက်မရအောင် ငါ ခေါင်းငုံ့ဝင်ပေးခဲ့တာ၊ အဲဒါလဲ ဦးတည်မြဲ ဆိုတဲ့လူဟာ ဘယ်လိုရုပ်ရည်၊ ဘယ်လိုအကျင့်စရိုက်ပဲရှိရှိ ငါ့ကုသိုလ်ပဲလို့ စိတ်တုံးတုံးချပြီးဆုံးဖြတ်ခဲ့တာပါ”

“တော်ပါတော့ ဒီဒီရာ၊ နင်က အခု ဘာလုပ်လုပ် ဘာပြောပြော မှာနိုင်နေပြီကို။ ဟုတ်ပါတယ်၊ နင်က သမီးအလိမ္မာ၊ ငါက သမီးမိုက်ပေါ့၊ ခုလဲ ငါ့ကိုသနားမယ့်လူတောင်မရှိဘူး”

“နင်က အဲဒါတွေမကျေနပ်လို့ ငါ့ကိုခေါ်ပြီး ရန်တွေ့တာလား ဒီ”

ဒီ က ဟွန့်ခနဲမဲ့လိုက်ပြီးမှ ခေါင်းခါပြ၏။ ပြီးတော့ အစကတည်းက ဖိတ်တပ်ပြီးချထားသည့် အချိုရည်ဘူးတစ်ဘူးကို ဒီဒီ ရှေ့ထိ တွန်းပို့၍...

“ရော့.. သောက်လိုက်ဦး”

သူမကလည်း တစ်ဘူးသောက်သည်။

“သောက်လေ၊ ဘာကြည့်နေတာလဲ၊ အချိုရည်ဘူးက ငါသည့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေလို့လား။ ငါက ငွေမရှိ နေစရာမရှိဆိုတော့ ဒီဘူးမျိုးပဲသောက်နိုင် တာ။ ရပါတယ်၊ မျိုချလို့မရဘူးဆိုရင် မသောက်နဲ့ပေါ့"

သောက်ချင်စိတ်မရှိလို့ သောက်ဖို့ စိတ်မကူးခဲ့ပေမယ့် ဒီ့ စကားလုံးတွေကြောင့် ယူသောက်လိုက်ရသည်။ နည်းနည်းပါးပါးသောက်ပြီး ပြန်ချလိုက်ချင်စိတ်လည်းဖြစ်မိ၏။ သို့သော် 'ဝတ္တရားကျေလေးမျိုချလိုက်တာလား'လို့ ထပ်မေးလာဖွယ်ရှိတာမို့ တစ်ဝက်သာသာကုန်အောင် သောက်လိုက်၏။

"နင် တခြားကိစ္စတစ်ခုခု ပြောဖို့ရှိသေးလားဟင်၊ ငါ အပြန်နောက်ကျမှာစိုးလို့ပါ"

"ရှိတယ်၊ အဲဒါသောက်ပြီး ခဏအမောဖြေပါဦး၊ ငါ့ပြဿနာကို ဖွင့်ပြောဖို့အတွက် တော်တော်အားယူရဦးမှာ"

ဒီဒီ စိတ်ပျက်သွားမိသည်။ ညီအစ်မဆိုသည့်တွယ်တာမှုနှင့် ပြေးလာခဲ့မိတာ မှားသွားပြီလားဟုလည်း တွေးလိုက်မိ၏။ ဒီ့ မျက်နှာကိုကြည့်နေရင်း သူမ၏အပြုံးတွေ၊ အကြည့်တွေဟာ ကိုယ့်ကို ဒုက္ခပေးဖို့ လျှို့ဝှက်မျိုသိပ်ထားရသော နာကြည်းမှုတွေဟု ခံစားမိလာ၏။

ဒါ ဖြစ်နိုင်သလား။ ဒီဒီ က သူ့ကို ဒုက္ခပေးခဲ့တာမှမဟုတ်ဘဲ။ ခေါင်းထဲမှာ ကောင်းခြင်း၊ မကောင်းခြင်းတွေ ယှဉ်တွဲတွန်းထိုးနေကြရင်း မူးနောက်ရီဝေလာ၏။

"အား မူးလိုက်တာ"

ခေါင်းထဲမှာ ရိပ်ခနဲဖြစ်သွား၏။ နားထင်ကို လက်နဲ့ဖိထောက်ထားရင်း မျက်လုံးတွေကို မှိတ်လိုက်တော့ ပြန်မဖွင့်ချင်တော့ပေ။

"ဒီ... ဒီရယ် ငါ မူးလိုက်တာ၊ ဒုက္ခပါပဲ၊ ငါ ဘယ်လိုလုပ်ပြန်ရမလဲ၊ ငါ့ကို... ငါ့ကို ဦး ... ဦး စိတ်ဆိုး..."

ပြောနေရင်း အာလေးလျှာလေးကြီးဖြစ်လာသည်။ မိုက်ခနဲ၊ ပြာခနဲ



နှင့်ခေါင်းက ဖက်ကျိုးသွားသလို ရှေ့နောက် ယိမ်းထိုးနေ၏။

"ဟွန်း... နင် ဘယ်တော့မှ မပြန်ရတော့ဘူး ဒီဒီ၊ စိတ်တော့မကောင်းပါဘူး"

ဒီ့အသံဖျားမှတိုးတိတ်သံကို ဒီဒီ ကြားတစ်ချက်၊ မကြားတစ်ချက် ဖြစ်နေ၏။ ငါ ဘာဖြစ်သွားတာလဲဟု တွေးမိတာမရှိဘဲ 'ဦး ဆူတော့မှာပဲ' ဆိုသည့် စိုးရိမ်စိတ်ကြောင့် သတိမလစ်အောင် ထိန်းနေမိ၏။

ထိုစဉ် ဒီ အနားရောက်လာသည်။ ကိုယ်ပေါ်က ဆွဲကြိုးနှင့် ဟမ်းချိန်းတွေ၊ လက်စွပ်တွေကို ချွတ်ယူနေတာလည်းသိ၏။

ပြီးတော့ မညာမတာ ဆွဲလွဲတွန်းထိုးတာကိုခံနေရပေမယ့် ဘာလုပ်နေမှန်းလည်းမသိတော့ပါ။ လက်ဝတ်ရတနာတွေကို ချွတ်ယူနေမှန်း သိတော့ ပစ္စည်းကို နှမြောခြင်းထက် ဒီ ဤသို့ပြုမူနေသည်ကို စိတ်မကောင်းလည်းဖြစ်မိသည်။

"ဒီ... ဒီရယ် ဘာဖြစ်လို့ အဲ...ဒီ...လုပ်ရတာလဲ၊ လိုချင်ရင် ငါ... ငါ ပေးပါ့မယ်၊ မကောင်းပါဘူးဟာ"

ဒီဒီ့ခေါင်းထဲမှာ တစီစီလေတိုးသံတွေလား၊ ဘာသံတွေမှန်းမသိပါ။ လူက မဟာန်နိုင်သည့်တိုင် သတိလစ်မသွားအောင် မရဲက ထိန်းချုပ်နေတာမို့ ကိုယ့်အသားကို လာကိုင်လိုက်တော့လည်း သိနေပြန်သည်။

"ဒီ...ဒီလားဟင်၊ ငါ့ကို ပြန်ပို့ပေးပါဟယ် နော်၊ ငါ့ကို မတွေ့ရင် ဦး စိတ်ဆိုးမှာ၊ ဦးက သူမရှိတဲ့အချိန်မှာ အပြင်ထွက်သွားတာ မကြိုက်ဘူး၊ ငါ တောင်းပန်ပါတယ် ဒီရယ်၊ ပြန်ပို့ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဝုတ် ဝုတ်"

"ဟိတ်ကောင်ကြီး ဘာဖြစ်တာလဲ၊ ကိုယ့်သခင်ကို ပြန်ဟောင်ရ သလား"

ခြံစောင့်ကြီးက တံခါးဖွင့်ပေးရင်း ရွှေဝါရောင်မွေးစုတ်ဖွားနှင့်ခွေးလေး ကိုလည်း လှည့်ပြောသည်။

ခွေးလေးက ဒီ ကိုပြန်ကြည့်၍ နောက်ပြန်ဆုတ်သွားရင်း ချာခနဲ ပြန်ဝင်ပြေးလေသည်။

"ကိုကို ပြန်ရောက်ပြီလား အဘ"

"ဟေ"

ခြံစောင့်ကြီးက မျက်ခုံးထူထူကြီးတွေ ပင့်တက်ကြည့်ရင်း ပြီးတော့ မှ ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ်ကာ ...

"ကိုကိုလို့ပြောင်းသွားတော့ အမှတ်တမဲ့ဖြစ်သွားတယ်၊ အဟဲ ဟဲ သမီးရဲ့ဦး၊ အဲ... ကိုကို ပြန်မရောက်သေးဘူးကွယ့်"

ဒီ ကိုယ့်ပါးစပ်ကိုယ်ပဲ ဖြတ်ရိုက်ပစ်လိုက်ချင်မိသည်။ ဘာဖြစ်လို့





ကိုကိုချည်းပဲခေါ်မိနေရတာလဲ။ မိဒီဒီ ကောင်စုတ်လေးကရော တည်မြဲ ကို ဘာဖြစ်လို့ 'ဦး' လို့ ခေါ်နေတာလဲ။

တည်မြဲ ကို ဦးလို့ခေါ်ရလောက်အောင် သူမက ဘယ်လောက်နုငယ် နေလို့လဲ။ တွေးမိရင်း မျက်လုံးထဲမှာ ဖြောင့်စင်းသည့် အရပ်အမောင်းနှင့် ချောမောခန့်ညားသောရုပ်သွင်ကို မြင်ယောင်လာသည်။ ရင်ထဲမှာ ဒိန်းခနဲ တော့ ဆောင့်ခုန်သွား၏။ ဒီဒီ့နေရာမှာ ကိုယ် ဝင်လိုက်ပြီဆိုတော့ သူက ကိုယ့်ယောကျာ်းပေါ့။

ဟန်မဆောင်တတ်သည့်ရင်ခုန်သံတွေက မရပ်မနားလိုက်ခုန်လာခဲ့ သည်။ ချစ်ဖူးခဲ့သမျှရည်းစားတွေကိုလည်း လက်မခံချင်၊ ရိုင်ကွက်နင်းပြီး အကျပ်ကိုင်နေသည့် လွှမ်းမိုးနိုင်ကိုလည်း ပုံမအပ်နိုင်ပါ။ ဒါပေမယ့် ...

တည်မြဲ၏ ရင်ခွင်ထဲမှာ သူမဟာ ဒီဒီအဖြစ်နှင့် မကြာခင်မှာ ...

"ဘာကြည့်နေတာလဲ၊ ငါ့ကို ထပ်ဟောင်ကြည့်စမ်း၊ သွား"

"ဒုတ်"

"ဝူး"

အိမ်ထဲဝင်လာကာမှ နောက်ကနေ ကုပ်ချောင်းချောင်းလိုက်ကြည့်နေ သော ခွေးစုတ်ဖွားလေးကို ဒေါသဖြစ်ဖြစ်နှင့် တွေ့ကရာနဲ့ ကောက်ပေါက် ပစ်လိုက်မိ၏။

ခွေးလေးက ဝူးခနဲဟောင်ရင်း ပြေးသွား၏။ ခွေးတွေက သခင်ရဲ့ ကိုယ်နံ့ကို နှစ်ဘယ်လောက်ကြာကြာ မှတ်မိနေသည်တဲ့။

ဒီခွေးနဲ့ သူမ ဖြစ်ပါမလားဟု တွေးမိလာသည်။ လူတစ်ယောက်လုံး တောင် သတ်ပစ်ရဲခဲ့သည်။ ဒီခွေးလောက်ကျမှ လက်တွန့်နေလျှင် ကိုယ်ပဲ ဘဝပျက်ရမှာဖြစ်၏။

ဒီ က ဆုံးဖြတ်ချက်ကို ချက်ချင်း အကောင်အထည်ဖော်သည်။ နံရံ ဘက်ရှိ ကော့စ်စင်မြင့်ကြီးပေါ်က မြားနတ်မောင်ရုပ်လေးဆီ မျက်လုံးက



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား၏။

မြားနတ်မောင်ရုပ်မှာ ချိန်ထားသည့်မြားတံက ဖိတ်ဖိတ်လက်နေသဖြင့် သွားကိုင်ကြည့်လိုက်တော့ သံမဏိမြားလေးဖြစ်နေသည်။ ထို့ကြောင့် ဝမ်းသာအားရ ဖြုတ်ယူလိုက်၏။

ဒီခွေးကိုချော့ခေါ်ပြီး တစ်ခါတည်း လက်စတုံးလုပ်ပစ်မှ ...၊

မြန့်မြန်ဆန်ဆန် အကောင်အထည်ဖော်ဖို့ ဒီဘက်လှည့်လိုက်လျှင်...

"ဟင် ..."

ခဲပုပ်ရောင် ပါဂျရိုးကားတစ်စီး အိမ်ရှေ့မှာ ထိုးရပ်လာသဖြင့် လူကတုန်ခနဲဖြစ်သွား၏။ မိုးပြာရောင်ရှပ်အင်္ကျီခံ့ချော့ နီပြာရောင်ရင့်ရင့် ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီကိုဝတ်ထားသည့် တည်မြဲ။

ဓာတ်ပုံထဲမှာနှင့် ဘာမှမဆိုင်ပါ။ သူ့ပဲဆိုတာ သိသာစေတာက ရိတ်သင်ထားသည့်နှုတ်ခမ်းမွေးနှင့် ပါးမြိုင်းမွေးရာတွေမှာ စိမ်းညို့ညို့နှင့်ထင်နေခြင်းကြောင့်ဖြစ်သည်။

ထို့ပြင် တပ်ထားသည့်မျက်မှန်က ကျောက်စိမ်းရောင်ရင့်ရင့်ဖြစ်ကာ ရွှေအိုရောင်လည်းတောက်နေ၏။

ကုတ်အင်္ကျီနှင့် မျက်နှာပြင်မှာ စိမ်းညို့နေသောသူ့ပုံစံက နူးညံ့မှုတစ်ခုမှမရှိ။

ပုံစံက ကြမ်းသည်။ ဥပမိရုပ်ကိုက မြန်မာဆန်တာ ဘာမှမပါပေ ဒါပေမယ့် ကြည့်လို့ကောင်းနေသည်။ ချောတဲ့ယောကျ်ားတွေနှင့် ဘယ်လိုမှ နှိုင်းယှဉ်မရနိုင်သော ဆွဲညှို့နိုင်စွမ်းတွေရှိနေ၏။

"ဟိုတ် ဘာကြည့်နေတာလဲ"

ဒီ ကြောင်ငေးနေတာကို မျက်မှန်ချွတ်လိုက်ရင်း သူ မေးလိုက်မှ သတိဝင်လာသည်။

"သြော်.. ကို.. အဲ ဦးက ချောလို့ကြည့်နေတာ"





"ဟုတ်လား။ ငါက မင်းစိတ်ကောက်နေမယ်ထင်နေတာ၊ ဆောရီးကွာ၊ စောစောပြန်လာမလို့ဘဲ၊ ကိစ္စက မပြတ်ဘူး"

"အဟွန်း ရပါတယ်"

မျက်မှန်ကို အင်္ကျီထဲပြန်ထည့်ပြီး ဧည့်ခန်းမှာ... ကော့ ဒီ အနားသွားပြီး အင်္ကျီချွတ်တာကို ကူရမလား၊ ဒီတိုင်းရပ်ကြည့်နေရမလား၊ ခဏတော့ တွေဝေနေမိသည်။

ဒါပေမယ့် ဒီဒီ က ကလေးပုံစံ အမြဲတမ်းပေါက်နေတာ မို့ သူစိမ်းပြင်ပြင် ဘေးက ရပ်ကြည့်နေမှာမဟုတ်ဘူးဟု တွက်လိုက်မိ၏။ ထို့ကြောင့် အနားတိုးသွားပြီး သူ့ကုတ်အင်္ကျီ ကို ချွတ်ယူထားလိုက်၏။

"ဦး ရေအရင်ချိုးမလား၊ ထမင်းအရင်စားမှာလား"

"မင်း ဘာတွေချက်ထားတာလဲ"

"ဟင်.. ဟို.."

ဒီ ဘာဖြေရမှန်းမသိ၊ ခွေးကိုသတ်ဖို့စိတ်စောနေတာနှင့် ပါးဖိုကဲ ဝင်ပြီး လှန်လှောကြည့်ထားသင့်တာကို မေ့နေခဲ့၏။

"ဒီဒီ"

"ဟင် ရှင်"

တည်မြဲ က ဒီ့ မေးဖျားလေးကို လက်ဝါးနှင့်ပင့်ကိုင်လိုက်ပြီး စိုက်ကြည့်၏။

"မင်း ဘယ်သွားထားလဲ"

ရုတ်တရက်ကြီးပုပ်သိုးသွားသည့်မျက်နှာက ဘာကြောင့် အလိုမကျ ဖြစ်သွားမှန်းမသိပါ။ နေရာတကာ ပြောရဲဆိုရဲခဲ့ပေမယ့် သူ့ရှေ့ကျမှ ဒီ နှုတ်မှာ စကားတွေ ဆွံ့အနေခဲ့ကြသည်။

"ဘာ.. ဘာဖြစ်လို့လဲဟင်"

"မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနဲ့ မင်း ဘယ်သွားတာလဲ သို့ မေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာ”

“အဲဒါ ဟို ...”

ဒီ ထစ်ငေါ့နေလေ သူ့မျက်ခုံးထူထူတွေကစုကျုံ့လာလေဖြစ်၏။ သူ ဤသို့ စူးစူးရဲရဲ ဖြစ်လာခြင်းကြောင့် ဒီ ပို၍ ဆွံ့အကုန်ကာ ...

“ဟို... လိမ်းကြည့်တာပါ ဦးကလဲ၊ မလှဘူးလားဟင်”

“မဟုတ်ဘူး”

သူ လက်မခံနိုင်ပါ။ ဒီပုံစံဟာ ဖြီးလိမ်းပြင်ဆင်ထားစပုံစံမျိုး မဟုတ်၊ သွားလာပင်ပန်းထားသဖြင့် ပျက်ပြယ်စပြုနေသော အဆီပြန်နေသည့် မျက်နှာမျိုး။

“မင်း ဘာဖြစ်လို့လိမ်းတာလဲ၊ လိမ်းတာကို ငါ မကြိုက်ဆုံးဘဲ၊ ပြော ဘယ်သွားလဲ”

“မလိမ်ပါဘူး ဦးရယ်၊ ပြင်ထားတာက အစောကြီးကတည်းကဉစ္စာ ချက်ပြုတ်လုပ်ကိုင်နေတော့ ချွေးထွက်ကုန်တာပေါ့။ ကဲပါ ရေသွားချိုးလိုက်ပါ၊ ဒီဒီ ထမင်းပြင်လိုက်မယ်”

ပြောပြီး ချာခနဲလှည့်ထွက်သွားသဖြင့် တည်မြဲ မကျေမနပ်ကျန်ခဲ့ရသည်။ ထိုစဉ် သူ့ခြေထောက်ကြားထဲ တိုးတိုက်ဝင်လာသည့် တော်ကီကို ငုံ့ကြည့်လိုက်မိ၏။

“တော်ကီ”

ခေါ်လိုက်တော့ တော်ကီက မော့ကြည့်သည်။ တစ်ပြိုင်တည်းမှာပင် မီးဖိုခန်းဘက်က တစ်ခုခု လွတ်ကျသည့်အသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် တော်ကီ လည်ပင်းရှည်သွားပြီး လှမ်းကြည့်၏။

“ဘာကြည့်နေတာလဲ၊ မင်းသခင်မကို သွားကြည့်လေ”

သူ ခြေထောက်နှင့်တို့ပြီး တွန်းပေးလိုက်ပေမယ့် တော်ကီက ခြေကန်ထား၏။ ခါတိုင်းဆို သူ့နားကို လာချိန်မရှိပါ။ အမြဲတမ်း ဒီဒီ့ဘေးမှာ





ပဲ တော်ကီ ရှိနေတတ်ကာ ဒီဒီ အလုပ်အားနေလျှင်လည်း ရင်ခွင်ထဲမှာ ပိုက်ထားပြီး စကားတွေ တတွတ်တွတ်ပြောနေတတ်သည်။

နည်းနည်းတော့ထူးဆန်းနေပါသည်။ ဒါမှမဟုတ် ဒီဒီ မိတ်ကပ်တွေ လိမ်းထားသဖြင့် ကိုယ်နံ့ပြောင်းသွားလို့ ဒီကောင် မကပ်တာလား။

တည်မြဲ ၏မျက်ခုံးထူထူနှစ်ဖက်က တွန့်ချိုးနေလျက်မှ ပြေကျမသွားခဲ့ဘဲရှိကာ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဦး... ဦးလားဟင်၊ ဒီဒီ ကိုမဆူနဲ့နော်၊ ဒီဒီလေ ခဏလေးဆိုပြီး ထွက်သွားခဲ့တာပါ၊ ဒီနဲ့ ခဏလေးစကားပြောမယ်ဆိုပြီး ဒီ ခေါ် လို့သွားမိတာ၊ ဒီဒီ ကို စိတ်မဆိုးနဲ့နော်"

"ဟင် ..."

လွှမ်းမိုးနိုင် ဆတ်ခနဲဖြစ်သွား၏။ စားပွဲခုံမှာ မှောက်လျက်သားလေး လူးလွန့်နေသည့် သူမကို မွေ့ရာပေါ် ထိ သူကိုယ်တိုင် ပွေ့ယူလာခဲ့သည်။

ဒီတစ်ယောက် သူ့အတွက် မကျေမနပ် ပေးဆပ်ရမှာမို့ တမင်တကာ ယစ်ထွေနေအောင် စားသောက်ထားဟာလို့ပဲ ထင်ခဲ့၏။

ထို့ကြောင့် ဖုန်းဆက်ခေါ် လိုက်ကတည်းက မသနားတတ်အောင် သူ စိတ်တင်းလာခဲ့သည်။ ဒီ ဆိုသည့် မိန်းကလေးကို စွဲလမ်းခဲ့ဖူးသော ကြောင့် သူမနှင့်ပတ်သက်လာတိုင်း သူ့သွေးတွေ ပွက်ပွက်ဆူခဲ့မြဲ ဖြစ်၏။

ရှုံးကော်ပဲဖြစ်ဖြစ်၊ အချစ်ဖြစ်ဖြစ် သူ့အပြုအမူဟာ အောက်တန်းကျ သည်ဖြစ်စေ၊ မကျသည်ဖြစ်စေ ဒီ့ အလှမှာ ယစ်မူးချင်သည်။

သူမ၏ စရိုက်မကောင်းမှုကြောင့် မိဘတွေလည်း လက်ခံမှာမဟုတ် သူကိုယ်တိုင်လည်း စိတ်နာခဲ့ပြီးဖြစ်သည်။





ထို့ကြောင့် သူ့ရင်ခွင်ကို သူမအတွက် ထာဝရ မပေးနိုင်ပါ။

"ငါက ဟိုတုန်းကလွှမ်းမိုးနိုင် မဟုတ်သလို မင်းလဲ အဲဒီအချိန်က ဒီနဲ့ အများကြီးကွာသွားပြီပဲ၊ မင်း ငါ့ကို နားလည်မှာပါ"

စိတ်ထဲမှာ ကိုယ့်ဘာသာ ကြိတ်မှိတ် နှစ်သိမ့်ရင်း ဖုန်းရတာနှင့် ချက်ချင်းထွက်လာခဲ့တာဖြစ်သည်။ ဒီရောက်တော့ သူမက မူးမိုက်ဇက်ကျိုး နေပြီ။

ဘာဖြစ်ဖြစ် သူ့အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ အခွင့် အရေးကိုတော့ လက်လွှတ်မခံနိုင်ပါ။ ဒီ့ ကိုပွေ့ယူပြီး အိပ်ရာထဲရောက် တာမှ ...

"ဒီ နင် ငါ့ကို ပြန်ပို့ပေးပါဟယ်၊ ဦး စိတ်ဆိုးမှာ ငါ ကြောက်တယ်"

ဒီ ဟု သူထင်ခဲ့သည့် သူမ၏နှုတ်ဖျားမှ ကယောင်ကတမ်းစကားတွေ ကြောင့် မျက်လုံးပြူးသွားမိသည်။

အိပ်ရာထက်ကနေ ကမျာကယာဆင်းလိုက်ပြီးသားဖြစ်ကာ ကာလာ ရောင်စုံ လုံးဝ ရှိမနေဘဲ နမွတ်လှပနေသည့် မျက်နှာလေးကို သေချာ ငြိကြည့်မိသည်။

လူသတ်ဝရမ်းပြေးဘဝကိုရောက်နေတာတောင်မှ မိတ်ကပ်လိမ်းဖို့ အတွက် ဝတ္တရားမပျက်ခဲ့သော ဒီ့ မျက်နှာနှင့် အကွာကြီးကွာနေတာကို ကြည့်လေ ကွဲပြားလာလေဖြစ်လာ၏။

"ဒီရယ် ငါ့ကိုသနားပါ၊ ငါ ပြန်ပါရစေ"

ဒီ ဘာတွေလုပ်ပစ်ခဲ့တာလဲ၊ လွှမ်းမိုးနိုင် အံကိုတင်းခနဲကြိတ်သည်။ ဒီလောက်မအပါ။ ဒီ သူ့ကို တစ်ပတ်ရိုက်သွားပြီမှန်း ချက်ချင်း သိလိုက်

ဒီဒီ ကို လွဲချလိုက်လို့ ပြီးသွားရောလား။

မျက်လုံးထဲမှာ အဖြစ်အပျက်တစ်ခုကို ကွက်ခနဲမြင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညတဲ့ မှောင်မိုက်နေသည်။ ကားက အနက်ရောင်မို့ ပန်းခြံထောင့် အလင်းရောင်ဝေးသည့်နေရာလေးမှာဆိုတော့ သေချာကြည့်တာမဟုတ်လျှင် မြင်ရဖို့မလွယ်ပါ။

သူကတော့ ဒီ နောက်ကိုပဲ ခြေရာခံပြီး တကောက်ကောက်လိုက်နေတာမို့ ဒီကားနဲ့ သူမ ပါသွားတာမှန်း သိနေတာဖြစ်သည်။

ညမှောင်မှောင်မှာ ကားကြုံစီးရဲသည့် သူမ၏အကျင့်စရိုက်ကို မျက်ဝါးထင်ထင် မြင်လိုက်ရသဖြင့် စိတ်ထဲမှာ အထင်မြင်သေးခြင်းအပြင် ရွံရှာခြင်းပါ ဖြစ်ခဲ့၏။

ဒါပေမယ့် ကိုယ်ကပါ သူမကို မဟေသီတင်မြှောက်ဖို့မှမဟုတ်ဘဲ။

ဒီ ပါသွားသည့်ကားနောက်ကိုပဲ မျက်ခြည်မပြတ်ရုံလေး လိုက်ခဲ့သည်။ ကားက ဒီနားကျမှ တံ့ခနဲထိုးရပ်သွား၏။ သူ့ ရှေ့ကိုကျော်တက်လိုက်ရမလား၊ နောက်ကနေပဲ အသာစောင့်ကြည့်နေရမလား စဉ်းစားနေဆဲနှင့် ထိုကားနောက်မှာပဲ ရပ်လိုက်မိပြီးဖြစ်သွားသည်။

သို့သော် မဆိုင်သလို ဘယ်လိုမှနေမရတော့ဘဲ သဝန်တိုစိတ်က စက္ကန့်နဲ့အမျှ ကြီးထွားလာခဲ့၏။ ကားကို ရှေ့တိုးရပ်လိုက်ပြီး သူ ကားပေါ်ကဆင်းသည်။ တိတ်ဆိတ်စွာ ငြိမ်သက်နေသော ကားမည်းကြီးအောက်ပြောင်ပြောင်ပဲ လျှောက်သွားခဲ့မိ၏။ မှန်တွေ အလုံတင်ထားသည့် ကားထဲကို ဘာမှမမြင်ရပေ။

"ဒီ ..."

အောက်တန်းကျတယ်ပြောလည်း မတတ်နိုင်ပါ။ ဒီလိုအခြေအနေမျိုးကိုတော့ သူ ဘယ်လိုမှ ကြည်ဖြူလို့မရနိုင်။

"ဟိတ်"

ကားမှန်ကို လက်ခုံနဲ့ ခပ်ပြင်းပြင်းခေါက်လိုက်၏။ ညဦးနက်နက်လယ်မဘေးမှာ ဒီမိန်းမ ဒါလောက်ထိ သိက္ခာမဲ့ရသလား၊ ကိုယ့်ဒေါသနဲ့ကိုယ်





တံခါးကို နောက်ထပ်ပုတ်ဖို့ လက်ပြင်လိုက်တုန်းမှာ တံခါးက ပွင့်သွား၏။

"လွှမ်းမိုး"

ကားထဲကနေ ဒီ ထိတ်ထိတ်ပျာပျာလေးဆင်းလာသည်။ မှောင်ရိပ်ကျသည်ဆိုပေမယ့် ဒီကိုယ်တိုင် သူ့ မျက်နှာရှေ့မှာ လက်ဖဝါးလေးတွေ ထောင်ပြသဖြင့် နီရဲနေသော သွေးတို့ကို မည်းညစ်ညစ်ကြီး မြင်လိုက်ရ၏။

"လွှမ်းမိုး...၊ ဒါ...ဒါ့ကို သူ စော်ကားဖို့ကြံတာ၊ အဲဒါကြောင့် ဒါ သတ်လိုက်မိတာ"

"ဘာ ..."

ဘယ်လိုမှမျှော်လင့်မထားခဲ့သဖြင့် သူ ခေါင်းနားပန်းကြီးသွားသည်။

"ဒီ ပြန်ရမှာဝေးလို့ သူ လိုက်ပို့မယ်ဆိုတာကို လက်ခံခဲ့တာ၊ သူက ယုတ်မာတာပါ၊ ဒီ ကိုကာယ်ပါဦး"

"အထဲက ဘယ်သူလဲ"

"ရာဇအောင်"

"ရာဇအောင်"

သံယောင်လိုက်ရွတ်ရင်း ရာဇအောင်ကို သူ သိ မသိ စဉ်းစားကြည့်မိ၏။ စဉ်းစားလို့မရပါ။ ဒါပေမယ့် ဒီ စွန့်ပစ်ခဲ့သော ဒိတ်လွန်စားစရာတစ်ခုဖြစ်မည့်မှန်းတော့ သိလိုက်သည်။

အစားဖြစ်ဖြစ်၊ ဆေးဖြစ်ဖြစ် ဒိတ်လွန်သွားလျှင် အဆိပ်ဖြစ်သည်ပဲ။ သူ ကြာကြာတွေဝေမနေတော့ဘဲ ဒီ လက်ကိုဆုပ်ကိုင်ပြီး ကိုယ့်ကားဆီပြန်ပြေးခဲ့သည်။

ဒီနေရာကနေ မြန်မြန်သွားနိုင်မှဖြစ်မည်။

"မင်း ဟိုကားပေါ်မှာ လက်ကိုင်အိတ်တွေ ဘာတွေ ကျန်ခဲ့သေးလား"

"ဟင့်အင်း ဒီဆလင်းဘက်ခ်ပဲ လွယ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီ က သူမပခုံးမှာပါလာသည့်အိတ်လေးကို ရှေ့တိုးပြပြီး သွေးစွန်းနေသည့်လက်တို့ကို လက်ဝါးချင်းဆုပ်ချေတုန့်ယင်နေ၏။

"လွှမ်းမိုးရယ် ဒီ တောင်းပန်ပါတယ်၊ အဲဒီကိစ္စကို ဘယ်သူ့မှ မပြောပါနဲ့နော်၊ ဒီ အဖမ်းမခံရဲဘူး၊ သူ ယုတ်မာလို့ ခုလိုတွေဖြစ်ကုန်တာပါ၊ ယုံပါ"

"မင်းက ဘာဖြစ်လို့ ကားကြုံလိုက်စီးတာလဲ ဒီ၊ ဒါမျိုးမလုပ်သင့်ဘူးဆိုတာ မင်း မသိဘူးလား"

"သိတယ်၊ ဒါပေမယ့် ဒီ အိမ်ကထွက်ပြေးနေတာ ရှင် သိသားနဲ့ ဒီ အချိန်ကြီးမှာ လိုင်းကားတွေလဲ မရှိတော့ဘူး၊ ကားလဲမငှားနိုင်ဘူးလေ ပြီးတော့ သူ...သူ ဒီလောက်ရဲတင်းလိမ့်မယ်လို့လဲမထင်ဘူး"

"ဟွန်း"

သူ့နှုတ်ခမ်းမှာ လှောင်ပြုံးတစ်ခုထင်သွား၏။

"သူက ရဲတာမဟုတ်ပါဘူး၊ မင်းက မဆင်ခြင်တာ၊ အခြေအနေ အချိန်အခါဆိုတာ လူ့စိတ်ကိုပြောင်းလဲစေတယ်၊ အထူးသဖြင့် မင်း ခါးပစ်ခဲ့လို့ မချိတရိရုပ်ကျန်ခဲ့တဲ့ ယောကျ်ားတစ်ယောက်က ညအချိန်မတော် သူ့ဘေးမှာ မင်းရောက်လာတာကို အလှကြည့်နေရမှာတဲ့လား"

ကားမောင်းရင်းကနေ ဒီ ကို သူ ငဲ့ကြည့်လိုက်သည်။ သူပြောသည့် ဆိုလိုရင်းကို ဒီ ကလည်း နားလည်သည်ထင်၏။ မျက်လုံးလေးတွေ စူးစူးရဲရဲဖြစ်လျက် ပြန်ကြည့်နေ၏။

"ဟုတ်တယ် ဒီ၊ တို့လဲ ယောကျ်ားပဲ၊ ဒါပေမယ့် တစ်ခုတော့ ထူး သေးတယ်၊ တို့က အဲဒီလိုတော့ အစမ္မ မကြံပါဘူး၊ မင်းကိုယ်တိုင် ကြည်ဖြူ စေချင်တာ"

"ဘာ... ဘာပြောလိုက်တယ် လွှမ်းမိုး"

"ဒီအခြေအနေဖြစ်နေတာတောင် မင်း နားမလည်သေးဘူးလား ဒါ မဟုတ်ရင် နားမလည်ချင်ယောင်ဆောင်နေတာလား"





"ဘာပဲဖြစ်ဖြစ် ပိုရှင်းသွားအောင် ထပ်ပြောစမ်းပါ"

"အင်း ဒါဆိုလဲ ပြောမယ်လေ၊ မင်းနားလည်နေပါတယ် ဒီရာ၊ တို့လိုချင်တာက မင်း ဘယ်လိုတုံ့ပြန်ပေးမှာလဲဆိုတာပဲ၊ မင်း ပြဿနာကို တို့ မေ့လိုက်မယ်၊ မင်း တို့အတွက် ဘာပြန်ပေးမလဲ"

"လွှမ်းမိုးနိုင် ရှင်က ပိုပြီးအောက်တန်းကျနေပါလား"

"မတတ်နိုင်ဘူး၊ အခြေအနေ အချိန်အခါကို အသုံးချတတ်တာ တို့ကတော့ ကိုယ့်ကိုယ်ကို လူတော်လို့ပဲထင်တယ်၊ မင်း ဆုံးဖြတ်လေ၊ သုံးရက်အတွင်းမှာ တို့ကို ဆက်သွယ်လိုက်၊ လွန်သွားရင်တော့ မင်းနဲ့တို့ အပေးအယူ မဖြစ်တော့ဘူးလို့ သတ်မှတ်လိုက်မယ်၊ ရော့...ဒီလိပ်စာအတိုင်း မင်း လာလိုက်"

အဖြစ်က ဒါပဲဖြစ်သည်။ လူးလွန့်နေဆဲဖြစ်သော ဒီဒီ ကို ငုံ့ကြည့်နေရင်း အားလုံးကို ပြန်စဉ်းစားမိသည်။ သူ တွက်ခဲ့သော ဖြစ်နိုင်ချေတွေထဲမှာ ဒီနဲ့ဒီဒီ ခုလိုလွဲသွားနိုင်တာမျိုး မပါခဲ့ပေ။

ဒီလောက်ထိ ကြံစည်နိုင်လိမ့်မည်ဟု သူ မထင်၊ နောက်ဆုံး ဒီဟာမာနကို ဘယ်လိုမှ ခေါင်းမချနိုင်ဘဲ စခန်းမှာ သူမကိုယ်တိုင် ဖြောင့်ချက်ပေး အဖမ်းခံလိုက်တာမျိုး ဖြစ်ကောင်းဖြစ်သွားနိုင်သည်၊ ဒါမှမဟုတ် သူ့ကို လိုက်လျောမှာပဲဟု...။ ခုတော့ ...

"ဦး... ဦးရေ... ဒီဒီ ကို လာခေါ်ပါ၊ ဒီဒီ ကို ဒီ ပြန်မပို့တော့ဘူး၊ ဦး လာခေါ် လှည့်ပါ"

ဒီဒီ အသံလေး ထွက်လာပြန်သည်။ သူ နောက်ကို ထပ်ဆုတ်လိုက်မိ ၏။ တော်ပါသေးသည်၊ ဘာမှ လွှမ်းလွှမ်းကျူကျူမဖြစ်ခဲ့သို့ ဒီဒီ ကို သူ အစက မြင်ဖူးခဲ့ပါ၊ ဒါပေမယ့် အထွတ် ကတော့ ပြောဖူး၏။

"ဒီဒီ ကိုမြင်လိုက်ရင် ဒီ ကို နောက်တစ်ခါ ထပ်ကြည့်ချင်စရာမှ မဟုတ်ဘူး၊ အဲဒါ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီက ရုပ်ဆိုးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီဒီ က ချစ်စရာကောင်းတယ်၊ လှတာ၊ ချောတာနဲ့ သတ်မှတ်တာ မဟုတ်ဘဲ အဲဒီလိုခံစားချက်မှာ အဖြေက ချက်ချင်းထွက်တာပဲ”တဲ့။

အထွတ် က ဒီဒီ ကို မရမက ဖွဲ့နပဲနှင့် ချဉ်းကပ်မှာဖြစ်ကြောင်း ပြောခဲ့တာလည်း ရှိသည်။ ဒါပေမယ့် ဒီနဲ့ စီစဉ်ခဲ့သည့် မင်္ဂလာပွဲကို ဒီဒီ ရုတ်တရက်ကြီး လက်ခံလိုက်ရသဖြင့် အားလုံး လွဲကုန်၏။

ဖိတ်စာတွေမှာ ‘ဒီ’ဖြစ်ပြီးမှ ‘ဒီဒီ’ပြန်ပြောင်းလိုက်ရတဲ့အဖြစ်ထိ လူတော်တော်များများ သိထားခဲ့သည်။ ထို့ပြင် ဒီ ယောကျ်ားနောက် လိုက်ပြေးသွားသလိုလိုသတင်းတွေဖြစ်လာခဲ့တာ သူ့ကြောင်းမှန်းသိသည်။

သီလို့ တမင်တကာ သူ နှောင့်ယှက်ခဲ့တာဖြစ်သည်။ အားလုံး၏ သံသယတွေ ပိုမိုနိုင်မာလာလေ သူ့အတွက် ကောင်းလေ။

တကယ်တမ်းကျတော့ ဒီ ကို သူ မနိုင်ပါလား။ လူစားထိုး၍ တစ်ပတ်ရိုက်သွားသည့်အဖြစ်အတွက် ဒီဒီသာ ဘာမှမပြောနိုင်ဘဲ ပျော့ခွေမေ့မြောနေခဲ့လျှင်၊ သူလည်း ဘာမှမသိခဲ့လျှင် ...

“တောက်”

ဒီ ညစ်ပတ်လို့ သူ ယုတ်မာဖို့ခွန်အားတွေ မွေးခဲ့ပေမယ့် အတွင်းစိတ်ဓာတ်ခံမှာ သူဟာ မိကောင်းဖခင်သားသမီးဖြစ်သည်။

မတော်တဆ ဒီဒီကိုများ မှားယွင်းခဲ့မိလျှင် တွေးမိပြီး ရင်တွေပူလည်ချောင်းတွေခြောက် ဖြစ်လာ၏။

“ဒီဒီ”

ရှေ့နည်းနည်းပြန်တိုးကာ ဒီဒီ ပခုံးလေးကို ပုတ်ခေါ်လိုက်၏။

“ဟင် ဦး… ဦးလား။ ဒီဒီ ကို လာခေါ်တာလားဟင်”

“ဟုတ်တယ်၊ မင်းကို ဒီကို ဘယ်သူခေါ်လာတာလဲ”

“မသိဘူး၊ အို… သိတယ်၊ ဒီ လေ… ဒီ ခေါ်တာ၊ ဓာလေးပါဆိုပြီးတော့… အင်း”





စကားတွေပြောလိုက်၊ ရှုံ့မဲ့ညည်းနေလိုက်နှင့် ဒီဒီမျက်နှာလေးကို ကြည့်ပြီး သူ စိတ်မကောင်းဖြစ်သွားသည်။

“ပြီးတော့ ဦး… ဦးပေးထားတဲ့ ဆွဲကြိုးလေး… ဆွဲကြိုးလေး…ကို ဒီ… ဒီ ယူသွားပြီ အား… မူးလိုက်တာ၊ မျက်လုံးတွေလဲ မမြင်ရတော့ဘူး”

ဒီဒီ လူးလွန့်ရင်း လက်ကလေးကမ်းပေးနေ၏။ သူ ဖမ်းဆုပ်ထားလိုက်တော့ ထထိုင်ဖို့ ကုန်းရုန်းကြိုးစားနေပြန်သည်။ ဆွဲကြိုးယူသွားပြီဆိုသည့်စကားကို ကြားလိုက်သဖြင့် သူ နောက်ထပ် တွေးမိလိုက်တာက ဒီ ဘယ်ကိုသွားနိုင်သလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

ရေချိုးသံကြားပြီးတော်တော်ကြာတော့ ဒီဒီ ပြန်ထွက်လာ၏။ သနပ်ခါးရေကျဲလေးလိမ်းထားကာ အဖြူရောင်ဂါဝန်လက်ပြတ်လေးကို ဝတ်လာသည်။

နှာခေါင်းထဲမှာ ရေမွှေးနံ့ ထောင်းခနဲဝင်လာသဖြင့် တည်မြဲ က လှည့်ကြည့်၏။ မှန်တင်ခုံပေါ်မှာ ရေမွှေးတွေ နှစ်မျိုးသုံးမျိုး ဝယ်တင်ထားတာပဲရှိသည်၊ ဒီဒီ ဘယ်တုန်းကမှ ရေမွှေး မဆွတ်ခဲ့ပေ။

မျက်လုံးက မော်နီတာပေါ်ကို ပြန်ရောက်သွားသည်။ သို့သော် ကီးဘုတ်ပေါ်မှာ ပြန်တင်လိုက်သည့်လက်တို့က မလှုပ်ရှားဖြစ်ဘဲ ရပ်တန့်နေခဲ့၏။

ဒီဒီ ကိုယ်ပေါ်က ညဝတ်အင်္ကျီလေးဆီ မျက်လုံးက ပြန်ရောက်သွားပြန်သည်။ ပခုံးကနေ ခြေသလုံးတစ်ဝက်ထိ ဒီဂါဝန်လေးက အပေါ်မှအောက်ထိ နှိပ်စေ့လေးတွေ တပ်ထားတာဖြစ်၏။





ပြီးတော့ ပါးပါးပျော့ပျော့လေးရယ်။ ညဝတ်အင်္ကျီဝတ်ခိုင်းတိုင်း အင်ကြတမ်းခေါင်းခါတတ်သည့် ဒီဒီ က ဒီညကျမှ ထူးဆန်းနေသည်။

နောက်တစ်ခုက သူ အလုပ်လုပ်နေလျှင် ဘေးမှာ ခုံဆွဲလာထိုင်ကာ တော်ကီကိုဖြစ်ဖြစ် ပွေ့ထားပြီး စကားတွေများတတ်သော..၊

တစ်ခါတလေ အလုပ်လုပ်လို့မရအောင် နောက်ကနေ ခါးကိုဖက်ထားတတ်သော သူမက ခုကျတော့ ခပ်လှမ်းလှမ်းက ဒရင်းဘက်ခ်ပေါ်မှာ စာအုပ်တစ်အုပ်နှင့် ထိုင်နေ၏။ သူ လှမ်းကြည့်လိုက်တိုင်း သူမက လည်း လှမ်းကြည့်သည်။

တော်ကီကလည်း သူ့ခြေရင်းနားမှမခွာပေ။ တစ်ညနေလုံး ဒီဒီ အပေါ်မှာ သူ ဘာဖြစ်လို့ စိတ်တိုင်းမကျဖြစ်နေမှန်းမသိ။

"ဦး ဒီဒီ အိပ်တော့မယ်"

သူ လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ သူမ ဝင်သွားတော့ တော်ကီက သူ့ဘေးမှာ ကျန်နေခဲ့၏။ သူ ငုံ့ကြည့်မိရင်း စိတ်တွေကို အလုပ်ထဲမှာ ဘယ်လိုမှ နှစ်ထားလို့မရတော့ဘဲဖြစ်လာ၏။

သူမက အတင်းဖက်၊ အတင်းပြောနှင့် သာလိကာမလေးလိုဖြစ်နေတုန်းက 'စကားများလိုက်တာကွာ၊ သွားအိပ်တော့'လို့ သူကိုယ်တိုင် နှင်ထုတ်ခဲ့ဖူးသည်။

ဒီလိုပုံစံ တိတ်ဆိတ်စွာနေပြန်တော့လည်း စိတ်ထဲမှာ ဘာလိုနေမှန်းမသိ။ တည်မြဲ အလုပ်လက်စတွေကို ဒီတိုင်းထားခဲ့ပြီး အခန်းထဲဝင်လိုက်သွားခဲ့၏။

ဒီဒီ က မှန်တင်ခုံရှေ့မှာရပ်လျက် မိတ်ကပ်ဘူးတစ်ဘူးကို ဖွင့်ရှုနေကြည့်နေသည်။

"ဘာလုပ်မလို့လဲ၊ ဒီတစ်ခါ မိတ်ကပ်လိမ်းရင် အကြောင်းပြကောင်းကောင်းရှိလဲ မင်းကို ငါ ခွင့်လွှတ်မှာမဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကြားမှ ကပျာကယာ ပြန်ချလိုက်ပြီး ဒီဘက်လှည့်သည်။

"ဦး... ဦး အလုပ်ပြီးသွားပြီလား"

"မပြီးပေမယ့် ပြီးလိုက်တာပဲကောင်းတယ်၊ ငါ့စိတ်တွေ မင်းဆီမှာပဲ ရောက်နေလို့ ဘာမှ လုပ်လို့မရဘူး"

တည်မြဲ က ဒီဒီ ကိုယ်လေးကို သိမ်းဖက်လိုက်သည်။

"ဘာဖြစ်လို့ ဒီနေ့ကျမှ ဣန္ဒြေကြီးနေတာလဲ ဒီဒီ၊ မင်းရဲ့အမူအရာလေးတွေ ပျောက်ဆုံးနေတာ ကိုယ့်ရင်ဘတ်ထဲမှာ ဟာင်းလောင်းပွင့်နေသလိုပဲ"

သူ ဒီဒီ တစ်ကိုယ်လုံးကို တင်းကျပ်စွာဖက်၍ မြတ်နိုးစွာနမ်းမိသည်။ ဒီဒီ သည် မျက်ဝန်းလေးတွေမှိတ်ထားလျက် မျက်နှာလေးလည်း မော့ထားပေး၏။ သူ့လည်ပင်းကိုပါ ယှက်သိုင်းဖက်လာခဲ့သည်။

နားသယ်စပ်ဆံစလေးတွေကိုနမ်းနေရင်း တည်မြဲ ၏ မေးစင်းသော မျက်လုံးတွေ ဖျတ်ခနဲပွင့်သွား၏။ ပြီးတော့ ရွှေလည်တိုင်မော့မော့လေးနှင့် မျက်ဝန်းလေးတွေမှိတ်ထားသည့် မျက်နှာလေးကို စူးစိုက်ပြန်ကြည့်သည်။

ထို့နောက် ...

"အို..."

သူ ဒီဒီကိုယ်လေးကို ဇွတ်ခနဲပွေ့ယူလိုက်၏။ မွေ့ရာနူးနူးထက်မှာ သူမ ကိုယ်ကို ပစ်ချလိုက်ပြီး ညဝတ်အင်္ကျီ၏ ရင်ဘတ်နှစ်ခြမ်းကို ဆောင့်ဆွဲပစ်လိုက်သည်။

"အို... ဦး ဘာလုပ်တာလဲ"

"ကြည့်တာလေ၊ မင်း ဒီဒီ မဟုတ်တာကို သေချာသိချင်လို့"

"ဟင် ..."

"ထလိုက်တော့ ဒီဆောင်း၊ ငါက ဖွဲချက်တင်ပြီးရင် အပယ်ခံဝင်တာကို လက်မခံတတ်ဘူး၊ ပြော မင်းတို့ညီအစ်မ ဘာလုပ်ကြတာလဲ"





"ဦး ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီ နဲ့ ဘယ်တုန်းကမှ အဆက်အသွယ် မရှိခဲ့ဘဲနဲ့"

"ဟိတ်... မင်း အဲဒီပေါ်မှာ ဆက်ထိုင်မနေနဲ့တော့၊ ဆင်းခဲ့စမ်း"

ဒီ့ မျက်နှာ ရဲခနဲဖြစ်သွား၏။ ဒီယောကျ်ားကို သူမ အရိပ်ကလေး မြင်ဖူးကတည်းက သဘောကျခဲ့သည်။ ခုလည်း အားလုံး အဆင်ပြေသွားမည့်အဖြစ်ပင်။ ဒီယောကျ်ားထံမှာ ကြည်ဖြူစွာအပ်နှင်းဖို့လည်း ဆုံးဖြတ်ထားခဲ့၏။

ဒီဒီ့ကို ကြံစည်လိုက်ပြီးသော လှည့်ကွက်ကို သူမ ပြန်၍ အကျုပ်ကိုင်မည်။ သူမနှင့် မှားယွင်းသွားခဲ့ပြီဆိုလျှင် တည်မြဲ ဆိုသော ယောကျ်ားထံမှ သူမလိုချင်တာ ရနိုင်၏။ ထို့ကြောင့် မှားယွင်းကြဖို့ကိုပဲ သူမ ရည်ရွယ်ခဲ့တာဖြစ်၏။

သို့သော် ...

"မင်းကိုနမ်းလိုက်ကတည်းက ငါ သေချာသိလိုက်တယ်၊ ဒီဒီ က နှုတ်ခမ်းကိုမပေးဘူး၊ လည်ပင်းကို မဖက်ဘူး၊ ဒီဒီ က ချစ်ဖို့ကောင်းသလောက် မင်းပေးတာတွေက ရမ္မက်ဆန်လွန်းတယ်၊ ပြီးတော့ ဘယ်ဘက်ရင်အုံပေါ်မှာ မှဲ့လေးတစ်လုံးတပ်ထားဖို့ မင်း သတိမရဘူး ထင်တယ်"

ဒီ က စူးစူးဝါးဝါးမော့ကြည့်ရင်း မွေ့ရာပေါ်ကနေ ခပ်ဖြည်းဖြည်း ထရပ်၏။ သူနှင့်မျက်နှာချင်းဆိုင်ပြီးသားဖြစ်သွားသည်။

"ဒါပေမယ့် ငါက ညံ့ပါသေးတယ်၊ သူ့ခွေးလေးကတောင် သခင်မဟုတ်မှန်း အစောကြီးကတည်းက သိတယ်၊ ငါက မသိခဲ့ဘူး"

"သိပ်ကြီးကျယ်မနေနဲ့ ဦးတည်မြဲ ဘာပဲဖြစ်ဖြစ် ဒါက လူမှန်နေတုန်း ပါ အစကတည်းက ရှင် လက်ထပ်တာ ဒီ့ ကို..."

"ဘယ်သူပြောတာလဲ၊ မင်းကို လက်ထပ်ပေါင်းသင်းဖို့မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပြောသလဲ မင်းဖြေ"

"အပွန်း"

ဒီ က အပေါ်မှာ နောက်ဆုံးကျန်သည့်နှိပ်ကြယ်သီးကို ပြန်တပ်လိုက်ရင်း မဲ့ရယ်၏။

"ဘာပဲဖြစ်ဖြစ် အခု ဆယ့်တစ်နာရီခွဲနေပြီ၊ ရှင် ဒီ ကို ဘယ်လိုခါချလို့မှမရတော့ဘူး"

"တိတ်စမ်း"

သူ ရှေ့ကို ဖျတ်ခနဲတိုးလိုက်သည်။ ဒီ ပန်းနှစ်ဖက်ကို ကိုင်မလိုဖြစ်ပြီးမှ လက်ပြန်ချကာ..

"ဒီဒီ ဘယ်မှာလဲ"

"ဘယ်သိမလဲ၊ အစကတည်းက ဒီ ပြန်ရောက်လာရင် သူ ဖယ်ပေးပါမယ်လို့ ကတိရှိထားတော့ မနေရဲလို့ ဖယ်သွားပေးတာ"

"မင်း ..."

မိန်းကလေးတန်မဲ့ ကျကျနနကြီးပြောနေတာကို နားထဲမှာခါးသွားသည်။ လက်တစ်ဖက်က ဆုံးဖြတ်တာကိုမစောင့်ဘဲ ဒထိခတ်ဖို့ တာဝန်ကျေသွားတာ ရိုပ်ခနဲဖြစ်၏။

"အား ..."

ဒီ မှန်တင်ခုံပေါ် နောက်ပြန်လန်ကျသွား၏။

"မင်း ပြန်ပြောစမ်း၊ ဒီဒီ ဘယ်မှာလဲ"

"သေပြီ"

"ဘာ ..."

ဒီက မျက်နှာထက်ကို ဖွာလန်ကြဲပြိုဆင်းလာသည့် ဆံပင်တွေအားလုံး လွင့်တက်သွားအောင် ခါထုတ်ပစ်လိုက်၏။ တရိပ်ရိပ် ပြာဝေနေ ဆဲခေါင်းကို ပြန်ရှုတ္ထမတ်နိုင်အောင်ကြိုးစားပြီး ဒီဘက်ပြန်လှည့်သည်။





"အားလုံး နေရာတကျပြန်ဖြစ်တာပဲ ဦးတည်မြဲ အဲဒါကို ရှင် ပြဿနာ ရှာဦးမယ်ဆိုရင် ဒီကလဲ စဉ်းစားထားပြီးသား၊ ဘာလုပ်မှာလဲဆိုတာ သိချင်ရင် ရှင် ထပ်ရိုက်ကြည့်လေ"

"ဘာကွ၊ မင်း စဉ်းစားထားတယ် ဟုတ်လား၊ ကောင်းတယ်၊ ငါကလဲ လက်တွေ့စမ်းချင်တာ"

တည်မြဲ က ဒီ လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲလိုက်ပြီး လက်တစ်ဖက်ကို အားရှိပါးရှိ လွှဲသည်။ ထိုစဉ် ဖုန်းခေါ်သံက ညဥ့်ယံကို ထွင်းဖောက်ရှဝင်လာ၏။

"တောက်"

သူ လက်ပြန်ချလိုက်ပြီး တက်ခေါက်သည်။ ဒီ လက်မောင်းကို ဆောင့်တွန်းလွှတ်လိုက်ကာ..

"လျှော့မတွက်နဲ့ ဒီဆောင်း၊ ရမ္မက်နဲ့မြားတိုင်း သွေးဆူတတ်တဲ့ ယောက်ျားထဲမှာ ငါ မပါဘူး၊ ဒီဆောင်း ဆိုတဲ့နာမည်ကို ကြားကတည်းက မင်းကို ငါ ရွံတာ၊ မင်းအဖေနဲ့ ငါ ဘယ်လောက်ထိ ပဋိပက္ခဖြစ်ခဲ့ကြသလဲ မင်း မသိလိုက်ဘူးလား၊ မရှက်တတ်ရင် မင်း စုံစမ်းကြည့်လိုက်၊ အမြွာညီအစ်မဖြစ်တိုင်း ပုံမှားရိုက်လို့မရဘူး။ ဒြပ်ရှိ ဒြပ်မဲ့ အရာအားလုံးမှာလဲ အမျိုးအစားကွဲပြားနေတာတွေရှိတယ်၊ တန်ဖိုးဆိုတာ အဲဒီမှာဖြစ်လာတာပဲ၊ မင်းကိုယ်မင်း ပြန်ဆန်းစစ်"

သူ ချာခနဲပြန်လှည့်သည်။ ဖုန်းနားရောက်တော့ ပေါ်နေသည့်နံပါတ်ကို ငုံ့ကြည့်လိုက်၏။ ခေါ်ယဉ်ဆင့် ခေါ်နေတာဖြစ်သည်။

"မကိုင်နဲ့"

ဒီ အရှုံးမပေးလို့ ပြောလာသည်။ မှန်သည်၊ မှားသည် ဘာမှ မစဉ်းစားမိတော့ဘဲ တယ်လီဖုန်းကို ဆတ်ခနဲ ဆွဲဖြတ်ပစ်လိုက်၏။ သူ့စိတ်ထဲမှာ လွှမ်းမိုးနိုင် သို့မဟုတ် ဒီဒီနဲ့ပတ်သက်သည့် တစ်စုံတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ချက်မှာ တပ်အပ်သိနေခဲ့သည်။

ညတွင်းချင်း ပြဿနာမဖြစ်ခဲ့ဖူးဆိုလျှင် တည်မြဲ နှင့်ပတ်သက်ပြီး သူမဘက်က လုပ်ပိုင်ခွင့်တွေ ရလာမှာဖြစ်၏။ ထို့ကြောင့် ...

"မင်း ဘာလုပ်တာလဲ"

"မပြောရဘူး၊ ကျွန်မ ဒီလောက် ဒုက္ခတွေများခဲ့ရတာ နောက်ထပ်ပြီး နေရာချင်းလဲမပေးနိုင်ဘူး"

အစက အမှတ်တမဲ့ပါ။ ဒီ ပြောလိုက်မှ ဒီဒီ အတွက် ပို၍ပူလောင်သွားမိ၏။ ဒေါ်ယဉ်ဆင့်က ဒီဒီ သတင်းပေးမလို့လား။ ဒါမှမဟုတ် ဒီဒီ အဲဒီမှာလား။

သူမဘက်မှာ ထောင့်မဖေ့သေး၍သာ ဒီ ခုလောက်ထိပျာယာခတ်နေတာဖြစ်နိုင်သည်။ ထို့ကြောင့် အကြိုရှုတ်ထားခဲ့သော နိုတ်စင်ကို ပြန်လှည့်သွားခဲ့၏။

အိတ်ထဲကဟမ်းဖုန်းကို ထုတ်ယူလိုက်တော့ ဒီ ပြေးလွှားလာပြန်၏။

"ဖယ်စမ်း"

"ဟင့်အင်း မပြောရဘူး"

"ဟာကွာ"

"အား ..."

ဒီ သတိလက်လွှတ်ခံလိုက်ရသဖြင့် ဖုန်းခနဲလဲကျသွား၏။

"ဟဲလို... ဒေါ်လေး ခုနက ဖုန်းခေါ်တယ်မဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်၊ ခေါ်မရလို့ ခုပဲ မိုးနှင်းသီကိုဆက်ပြီးတာ"

"ဘာကိစ္စရှိလို့လဲ"

"မင်းမိန်းမ ပျောက်နေတယ်မဟုတ်လား"

"မဟုတ်ဘူး၊ ရှိပါတယ်"

သူ တမင်ပြောကြည့်လိုက်တာဖြစ်သည်။ ဒေါ်ယဉ်ဆင့် ချက်ချင်း





ရင်ဘတ်စည်တီးဖြစ်သွားခဲ့၏။

"အမယ်လေး အဲဒါ ဒီဆောင်းပါပဲ၊ ကြည့်စမ်း၊ ဟိုသူငယ် လာပြောတာမှန်ပြီပေါ့၊ သားရယ် မိဒီ ပျောက်မွှေနေတာ သိရဲ့လား၊ သူ့ လူသတ်မှုကျူးလွန်ထားပြီး ဒီဒီ ကိုချောက်တွန်းထားခဲ့တယ်တဲ့"

"ဒီဒီ အခု ဘယ်မှာလဲ ဒေါ်လေး"

"ရှင် လူပါး၀ချင်ဦး၊ ကဲ..."

ဖုန်းပြောနေသည့်သူကို ဒီ က နောက်ကနေ ပုလင်းနဲ့ပြေးရိုက်၏။ ရှေ့မှာ အာရုံရောက်နေသဖြင့် ရှောင်လိုက်ပေမယ့် ပခုံးကိုထိသွားသည်။

"တောက်"

ဖုန်းထဲမှာ ဒေါ်ယဉ်ဆင့်က လိပ်စာပြောပြနေသဖြင့် လက်တစ်ဖက်က မအားဘဲ ဖြစ်နေ၏။

"ဟာ ... အ..."

ဒီ က နောက်တစ်ခါ ပြေးဝင်လာတော့ ပုလင်း မဟုတ်တော့ဘဲ တတ်ကြေးနဲ့ဖြစ်သည်။ လက်တစ်ဖက်နဲ့ ပုတ်ထုတ်ပစ်လိုက်သော်လည်း လက်ကောက်ဝတ်မှာ ရှုးခနဲဖြစ်သွား၏။

ဒေါ်သက ငယ်ထိပ်ထိ ထိုးတက်သွားလေသည်။ ဖုန်းကို ပြန်ချလိုက်ပြီး လက်ပြန်ရိုက်ချက်က ဒီ မျက်နှာလေး လည်ထွက်သွားစေ၏။

ဒီတစ်ခါ သူမ ပြန်ထမလာခဲ့တော့ပေ။ သူ့ ကုတ်အကျီလည်း မယူအားတော့ဘဲ ဖုန်းကို ဘောင်းဘီအိတ်ထဲပဲထည့်ကာ အခန်းတံခါးအားလုံးကို အပြင်ကနေ ပိတ်ထားလိုက်၏။ နေခဲ့ဦး ဒီဆောင်း...။

"မင်းနဲ့တန်တဲ့နေရာကို နောက်တော့မှ ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

ရောက်သွားကြတော့လည်း ဦးမိုးနှင်းတို့လင်မယားရော တည်မြဲရော ရှေ့နောက် ကားနှစ်စီး ထပ်လျှက်ရပ်ဖြစ်ကြ၏။ ဖုန်းဆက်သည်ဆိုသော လူရွယ်က ဂိုဒေါင်တံခါးဝမှာ ရပ်စောင့်လျှက်ရှိကာ ...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒီ လုပ်ခဲ့တဲ့ပြစ်မှုကို ဖုံးကွယ်ဖို့ကြိုးစားခဲ့ရင်း သူနဲ့ကျွန်တော် ပြန်ဆက်ဖြစ်ခဲ့ကြတာ၊ ဒီပြဿနာထဲကို သူ ဒီဒီ ကို ဆွဲသွင်းလိုက်တာတော့ တကယ် လုံးဝ မသိခဲ့တာ အမှန်ပါ၊ ကျွန်တော် သူများသားမယားကို ကျူးလွန်စော်ကားရလောက်အောင် မယုတ်မာပါဘူး၊ အဲဒါကို ယုံပါ"

အပြစ်ကိုလည်း ဝန်ခံသည်၊ တောင်းပန်တာလည်းရှိ၏၊ သူ နားထောင်မနေအားပါ။

"ဘယ်မှာလဲ ဒီဒီ"

ဟု မေး၍ ဘယ်သူမှလည်းမဖြေဘဲ အထဲကို ပြေးဝင်ခဲ့မိ၏။



"ဒီဒီ ..."

မွေ့ရာထက်မှာ ဒီဒီ သည် ကြက်သွေးရောင်လက်ရှည်ဆွယ်တာပါးလေးနှင့် ဘောင်းဘီရှည်အနက် ပွပွလေးကို ဝတ်ထား၏။ မီးရောင်မှိန်မှိန်အောက်မှာ ပုံပုံကွေးကွေးလေးအိပ်ပျော်နေတာ ကလေးငယ်လေးတစ်ယောက်လို အပြစ်ကင်းစင်နေ၏။ မြတ်နိုးဖွယ် ဖြူစင်ပုံလေးလည်းပေါ်ခွင်ကာ သူ ဒီဒီ ကို ပွေ့ယူလိုက်၏။

"ဒီဒီ"

ဒီဒီ လုံးဝ မလှုပ်ပေ။

"ဒီဒီ ... ဒီဒီ ထစမ်း"

"သူ နိုးမှာမဟုတ်ဘူး၊ ဒီ အိပ်ဆေးတွေခတ်ပြီး ဒီမှာ လာထားသည့်ထားတာ"

သူ့နောက်မှာ လွှမ်းမိုးနှင့် ဦးမိုးနှင်းတို့ အားလုံး ရောက်လာကြသည်။

"သမီး.. ငါ့သမီးလေး အိပ်ပျော်နေတာ ရိုးရဲ့လား၊ အိပ်ဆေးတွေလွန်သွားရင် ဒုက္ခဖြစ်မယ်"

"ဟုတ်တယ်"

"ကျွန်တော် သူ့ကို ဆေးခန်းခေါ်သွားလိုက်မယ်"

တည်မြဲ ယောက်ယက်ခတ်နေ၏။ ဒီဒီ့ ကိုကားပေါ် တင်ခဲ့ပြီး အသိဆရာဝန်တစ်ယောက်ထံသို့ ကားကို ဦးတည်ခဲ့သည်။

သူ့ပခုံးပေါ်သို့ တအိအိခွေခေါက်လာခဲ့သော ဒီဒီ ခေါင်းလေးကို ပခုံးမှာ နေရာကျအောင် တင်ထားလိုက်၏။ ပြီးတော့ ခဏခဏ လှည့်ကြည့်နေမိသည်။

မင်း ဘာမှမဖြစ်ရဘူး ဒီဒီ၊ ငါ့ဘဝမှာ မင်းရှိမှ .....

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဘယ်လိုလဲ ပျော်လား"

"အင်း"

ဒီဒီ ဆတ်ခနဲ ခေါင်းညိတ်ပြီး မြစ်ရေပြင်ကိုပဲ ငေးနေကာ ...

"မြစ်ထဲမှာ ဒီလိုသွားလာနေရတာ စိတ်ပျက်စရာကြီးလို့ ဘာဖြစ်လို့ ပြောတာလဲဟင်၊ ဒီဒီ အရမ်းပျော်တာပဲ"

"ဟိုတုန်းက ပြောခဲ့တာလေ၊ အခု မဟုတ်တော့ဘူး"

"ဟင် တကယ်"

"အင်း"

တည်မြဲက ပဲ့ပိုင်းအစွန်းမှာ ကပ်ရပ်နေသည်။ ဒီဒီ ကိုယ်လေးကို နောက်ပြန်ပါလာအောင် ဆွဲယူလိုက်ပြီး ရင်ခွင်ထဲမှာထည့်ပိုက်၏။

"အဲဒီလို အစွန်းအဖျားမှာ ငေးမောရပ်မနေရဘူး၊ အောက်က သောင်နဲ့ တစ်ခါတစ်ခါငြိပြီး မော်တော်က တုန်ခါသွားတတ်တယ်၊ လူကို ခါချသလိုမျိုး မင်း ပြုတ်ကျသွားမှာစိုးလို့"

ဖက်ထားရင်းကနေ ရှင်းပြနေသေးသည်။ ဆည်းဆာ၏လိမ္မော်ရောင်



ကမ္ဘာလာအောက်မှာ အဝါနုနုအပွင့်သေးလေးတွေပါသော ဘောင်းဘီရှည် ပွပွ၊ အကျႌဖားလျား ...လေးနှင့် ဒီဒီ ရုပ်သွင်လေးကို သူ ကြည့်၍လို့မဝ။

ဒီကောင်မလေးကို တစ်ညနေခင်း တစ်ညကလေး ဆုံးရှုံးလိုက်ရတာ တောင် သူ့မှာ ကမ္ဘာပျက်မတတ်ဖြစ်သွားခဲ့သည်။ ထို့ပြင် အိပ်ဆေးတွေ လွန်ကျွံနေသဖြင့် သေလုမျောပါးဖြစ်သွားခဲ့သည်မို့ သူ့မှာ အရူးကြီး တစ်ယောက်လိုပင်။

ခုတော့ ဒီ လည်း သူပြုခဲ့သည့်အပြစ်အတွက် ပေးဆပ်ရတော့မည် ဖြစ်ကာ လောကဓမ္မတာက တရားသဖြင့် စီရင်သွားလိမ့်မည်။

ဒီဒီ ကို သူ လူကြီးဂိုက်စတိုင်လ်နှင့် တည်တည်ခံ့ခံ့ကြီး ဟန်ဆောင် ချစ်နေဖို့လည်း စိတ်မကူးရဲတော့ပေ။

သူ့အပေါ် အထင်မြင်လွဲ၍ဖြစ်စေ၊ တစ်ပါးသူ မွှေနှောက်၍ဖြစ်စေ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီဒီ ကို ဆုံးရှုံးလိုက်ရမှာ စိုးသည်။

ထို့ကြောင့် သူမနှင့်ရင်းနှီးတွယ်တာမှုတွေ ရယူဖို့ အချိန်သပ်သပ် ထုတ်နုတ်ခဲ့ရခြင်းဖြင့် မော်တော်ပေါ်မှာ အချိန်တွေဖြုန်းခဲ့တာ သုံးရက် ရှိပြီ။

"ဒီဒီ"

"ဟင် ပြောလေ ဦး"

"အဲဒီလိုနေ့တာကြီးကို မပြင်တော့ဘူးလား"

"ပြင်ရမယ်"

ဒီဒီ့က သူ့ဘက်ကို မျက်နှာချင်းဆိုင်လှည့်ဖို့ ခါးမှာ သိုင်းဖက်ထား သည့်လက်ကို တွင်တွင်ဖယ်ချသည်။ သူကလည်း ဖွတ်တိုးဖက်၏။ ပြီး တော့ သူမ၏ပါးပြင်နုနုလေးမှာ ပါးချင်းထပ်ကပ်ထားလိုက်သည်။

"ကိုယ်တို့ ဘလေးယူရအောင်ကွာ၊ မင်းက ငယ်သေးပေမယ့် ကိုယ့် အသက်က လွန်နေပြီ"

ရွှေသမင်စာပေ

www.burmeseclassic.com



"ဘာဖြစ်လဲ ဦးရဲ့၊ ဦး အသက်ဘယ်လောက်ကြီးကြီး၊ ဘယ်လိုပုံမြ ဖြစ် ဒီဒီ က ချစ်တာပဲ"

"ပြောင်းလဲနေတတ်တဲ့ သဘောတရားတွေထဲမှာ လူ့စိတ်က ထိပ်ဆုံးကပဲ၊ အဲဒီ စိတ်နောက်ကို အချစ်လဲပါသွားတတ်တယ်၊ လူကိုယ်‌ေမယ့် အခြေအနေ အချိန်အခါဆိုတာ ရှိသေးတယ်၊ ဘာဖြစ်လို့လဲ၊ မင်း မလိုချင်ဘူးလား"

"မဟုတ်ပါဘူး ဦးရယ်၊ ဒီဒီ လဲ ဦးရင်သွေးလေးကို လွယ်ချင်ပါတယ် မရှိသေးလို့ဥစ္စာ"

"ဟုတ်တယ် စောပါသေးတယ်၊ ဒါပေမယ့် ကိုယ်လိုချင်ပြီ မင်း သိ ကိုကလေးဆန်ပြီး ချစ်ဖို့ကောင်းတယ် ဒီဒီ၊ မင်းကို ကိုယ် စိတ်မချဘူး ချစ်တယ်လို့ တတွတ်တွတ် မင်းပြောနေတဲ့ကြားကပဲ စိုးရိမ်နေတာ၊ မင်း နဲ့ကိုယ့်အတွက် ချည်နှောင်ထားစရာ ကလေးရှိမှဖြစ်မယ်"

"ဘယ်လို...၊ ဦးက ဒီဒီ ကိုချစ်ဖို့ကောင်းတယ် ဟုတ်လား"

ဒီဒီ အလန့်တကြားပုံလေးဖြစ်သွားကာ သူ့လက်တွေကိုဖယ်ချပြီး မျက်နှာချင်းဆိုင်လှည့်လိုက်၏။

"ဦး ပြန်ပြောလေ၊ ဒီဒီ ကို ချစ်သလားလို့"

"ပြောမိလို့လား"

သူ့မျက်နှာ မချိုမချဉ်ဖြစ်သွားတာကို သေချာလိုက်ကြည့် အကဲခတ် နေသည့် ဒီဒီ ပါးလေးတစ်ဖက်ကို ဖိညှစ်လိမ်ပစ်လိုက်မိသည်။

"အား... ဦးကလဲ အရမ်းပဲ"

"ဟုတ်တယ်၊ ဒီထက်နာနာလေး ထပ်လိမ်ဖို့ရှိသေးတယ်၊ မင်း လှည့် ပြုံးပြုံးပြံပြံနဲ့ အမြဲတမ်းကြည့်နေပြီး ဘာမှလဲမတွေ့ဘူး"

"ဟင်... ဘာတွေ့ရမှာလဲ"

"မင်းကိုချစ်နေတဲ့အချစ်တွေ..."





ဒီဒီ စကားမပြောနိုင်တော့ဘဲဖြစ်သွားသည်။ မြဲမြံပြင်းရှ တိုးတိုက်လာသည့် ရေငွေ့နွေးနွေးက ပူတာရော အေးတာရော နှစ်မျိုးစလုံး ပါလာသည်။

ဒီဒီ မျက်နှာလေးမှာလည်း မျက်ရည်တွေ ဝေ့လည်လျက် နှုတ်ခမ်းလေးတွေက ပြုံးနေသည်။

"ဒါဆို ဒီဒီ က ဦးရဲ့အချစ်တွေကို ဟိုတုန်းကတည်းက ရနေခဲ့တာ လားဟင်"

"ဟုတ်တယ်၊ မင်းကို ကာစိမ့်စိမ့်မြတ်နိုးလာရင်း ချစ်ခဲ့တာ၊ ချစ်တယ် လို့ဖွင့်ပြောလိုက်ရင် ပျောက်သွားမလားလို့ စိုးရိမ်မိတဲ့အထိ ကျိုးနွံကိုသိုသိပ် ပြီးချစ်တာ။ မင်းရော ကိုယ့်ကို အဲဒီလိုချစ်ခဲ့တာမဟုတ်ဘူးလား ဒီဒီ၊ ကိုယ် အဲဒီလို သိုသိုသိပ်သိပ် မြတ်မြတ်နိုးနိုး ချစ်တတ်လို့ ခဏခဏ ချစ်တာတွေ ပြောနေတဲ့မင်းကို စိုးရိမ်မိတာ၊ မင်း ကိုယ့်ကို အားကိုးတွယ်တာတဲ့စိတ် မျိုးနဲ့ ချစ်တယ်လို့ထင်နေတာဆိုရင် ..."

"ဦးရယ်"

ဒီဒီ သူ့ကျောပြင်ကျယ်ကိုသိုင်းဖက်ကာ ရင်ခွင်ထဲမှာ ပါးလေးကပ် ထားမိ၏။

"ဒီဒီ ဦးကို သိပ်ချစ်တယ်၊ ဟိုတစ်ခါ ဒီဒီ အချင်ကို ပြက်ရယ်ပြုရက် တယ်လို့ ခံစားမိခဲ့တဲ့နောက်ပိုင်းမှာ ဦးကို ထပ်မမေးဘဲ မျိုသိပ်နေခဲ့ပေ မယ့် တွေးမိတိုင်း ဒီဒီ ငိုရတယ် သိလား"

"ဘာဖြစ်လို့လဲ"

"ဦးရဲ့အချစ်ကို ဒီ မရနိုင်တော့ဘူးလားလို့ တွေးနေမိလို့ပေါ့၊ ဦးရဲ့ မျက်လုံးထဲကစာကို မဖတ်တတ်ပေမယ့် ဒီဒီ ဘဝမှာ ချစ်တာရော လက် ထပ်ခဲ့တာရော ဦးတစ်ယောက်တည်းပါ"

"ဟုတ်လား၊ ဒါဆိုရင် ကိုယ်က ဘယ်နှစ်ယောက်လောက်ရှိခဲ့သလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့တဲ့ကြည့်လိုက်ဦးမယ်"

"ဘာ... ဦးနော် ပေါက်ကရတွေ"

"တကယ်ပြောတာ၊ မင်းက ဘယ်နှစ်ယောက်မြောက်ဖြစ်နိုင်မလဲ ဆိုတော့ ..."

"မဟုတ်ဘဲနဲ့ သွား"

မယုံသလိုပြောနေပြီး ဒီဒီ မျက်ခမ်းစပ်လေးတွေ နီရဲလာ၏။ မျက်ဝန်းထဲမှလည်း မျက်ရည်ရောင်တွေ ပြိုးပြက်လာသည်။ တည်မြဲ ကျအသံထွက်အောင်ရယ်လျက် ဒီဒီ မေးဖျားလေးကို မော့ယူလိုက်သည်။

"စမှန်းသိသားနဲ့ကွာ၊ အဲဒါကြောင့် မင်းကို ကလေးဆန်တယ်လို့ပြောတာ"

"ဟွန့်အင်း အဲဒီလိုပြောတာလဲ မကြိုက်ပါဘူး"

"ဘယ်လိုပြောတာလဲ"

"ဒီဒီကို ကလေး ကလေးနဲ့"

"ဒါဆိုရင် ကိုယ့်ကို သားလေး၊ ဒါမှမဟုတ် သမီးလေးတစ်ယောက်မွေးပေး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ ကလေးအမေဖြစ်သွားပြီဆိုမှ အိမ်ထောင်ရှင်မ ပီသမှာပေါ့"

"မဆိုင်ဘဲနဲ့"

ဒီဒီ သူ့ရင်ဘတ်ကိုထုပစ်လိုက်ပြီး ရယ်မိသည်။

"ဒါဆို ကိုကိုလို့ခေါ်"

"လာပြန်ပြီ"

ဒီဒီ နှုတ်ခမ်းလေးတွန့်ပြီး မော့ကြည့်တော့ တည်မြဲ က နှုတ်ခမ်းလေးကို ဖျတ်ခနဲငုံနမ်းသည်။

ရွှေသမင်စာပေ



"ဟာ ဦးကလဲ ဟိုမှာ လူတွေနဲ့"

"ဘာဖြစ်လဲ"

"ရှက်စရာကြီး၊ ဖယ်ပါ"

"မရဘူး၊ မင်းဆီက တစ်ခုခုကိုရမှဖြစ်မယ်၊ အခုရမှဖြစ်မယ်"

"ဟင်... ဘာတစ်ခုခုလဲ"

"ကလေးမွေးပေးမလား၊ ကိုကိုလို့ခေါ်မလား"

"ကလေးက ခုမွေးလို့မှမရတာ"

"ဒါဆို ကိုကိုလို့ခေါ်"

"သွား၊ သူ့ကျတော့ မကြီးမငယ်နဲ့ ကလေးလို ဂျီကျတတ်တယ်"

"ကျတော့ ဘာဖြစ်လဲ၊ မိုက်တဲ့ကောင်ထွက်ခဲ့ ကျန်တဲ့ကောင်နဲ့ ချမယ်"

"ဟယ် ကြည့်"

ဒီဒီ ခိုးခိုးခစ်ခစ်လေးရယ်သည်။ သူ အသည်းယားသွားသည်နှင့် ဒီဒီ့ကိုယ်လေးကို စက်ခန်းအကွယ်မှာ ဖျတ်ခနဲဆွဲယူလိုက်ပြီး ...

ကိုကိုလို့ခေါ်နိုင်းဖို့ မေ့သွားသည်။ လှိုင်းပုတ်သည့်လှေပေါ်မှာ ဒီဒီ့ကို သူ့ရင်ခွင်ထဲမှာ ပွေ့ပိုက်၍ အနမ်းများနှင့် ချော့သိပ်ခဲ့သည်။

ကိုကိုဆိုတဲ့ကောင် သူဖြစ်ဖို့ နောက်များမှပဲ ...

# လရောင်ကျူးရင့်

ဝေယန်အကြံပြုစာများကို
ရွှေသမင်စာပေ
အမှတ်(၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com